www.burmeseclassic.com

# လွှန်တူးသမား၏အဖွင့်အပိတ်တံခါး
## နှင့် အခြားဝတ္ထုတိုများ

ကိုရိုးကွန်



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

BURMESE CLASSIC

ဤစာအုပ်တွင် ပါရှိသော ဝတ္ထုတို ၁၁ ပုဒ်လုံးသည် စိန်လွန်တူးဝန်ထမ်းများ၏ အကြောင်းသာ ဖြစ်သည်။ စိန်လွန်တူးခြင်း လုပ်ငန်းမှာ လူသိ အလွန် နည်း သော လုပ် ငန်း မို့ လူအများကြားဖူးနားဝရှိစေရန် ရည်ရွယ်ပါသည်။ လွန်တူးပုံတူးနည်းများကို ရေးသားနေလျှင် ပျင်းရိစရာဖြစ်မည်စိုးသောကြောင့် ဝန်ထမ်းများ၏ဘဝကိုသာ အလေးကဲ၍ ဖော်ပြပါသည်။ သို့သော် လွန်တူးလုပ်ငန်း အကြောင်းကိုလည်း အလျဉ်းသင့်သလိုထည့်သွင်းရေးသားသည်။ သုတထက် ရသကို အလေးကဲသော်လည်း သုတကိုပါ ရစေလိုသော စေတနာကြောင့် အချို့ဝတ္ထုတိုများ အနည်းငယ်ရှည်သည်။

"အဖွင့်တံခါး"၊ "စိန်လွန်တူးသမားနှင့် စိန်နှလုံးသားပိုင်ရှင်"၊ "အပိတ်တံခါး" ဟူသော ဝတ္ထုတိုသုံးပုဒ်၏ အမည်ကို စုစည်း၍ "စိန်လွန်တူးသမား၏ အဖွင့်အပိတ်တံခါးနှင့်အခြားဝတ္ထုတိုများ"ဟု အမည်ပေးပါသည်။

ဤစာမူဖြင့် ကွယ်လွန်သူ ဖခင်အား ရှိခိုး ကန်တော့ပါသည်။

ကိုရိုးကွန့်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၃ |
| ၁။ | အဖွင့်တံခါး | ၇ |
| ၂။ | တက္ကသိုလ်သူ | ၂၆ |
| ၃။ | ထင့်စင်ကားရား စာမနား | ၄၈ |
| ၄။ | ဟိုတောင်တစ်ကျွေ့ မောင်ပွေ့လို့ခေါ်မယ် | ၆၆ |
| ၅။ | အဝေးက ပို့မေတ္တာ | ၈၉ |
| ၆။ | များများတွေးဖို့ များများချစ်ရှိ | ၁၁၁ |
| ၇။ | မိုးတစ်ည | ၁၃၂ |
| ၈။ | ကျေးဇူးယှဉ်ပြိုင် မဆပ်နိုင်ခဲ့ | ၁၅၁ |
| ၉။ | စိန်လွှန်တူးသမားနှင့် စိန်နှလုံးသားပိုင်ရှင် | ၁၇၀ |
| ၁၀။ | မနောကြည်ကြည်တင့် | ၂၀၅ |
| ၁၁။ | အပိတ်တံခါး | ၂၂၁ |


www.burmeseclassic.com

www.burmeseclassic.com

# ၁။ အဖွင့်တံခါး

"ရှိး....ရှီး၊ ရှီး....ရှီး...."

အဆက်မပြတ်မှုတ်နေသော ခရာသံကြောင့် မောင်မိုးမတ်သည် ဖြတ်ခနဲ လန့်နိုးသည်။ အလေ့အကျင့် ဖြစ်နေပြီမို့ နိုးလျှင်နိုးချင်း လူးလဲထသည်။ ပြေကျနေသော ပုဆိုးကို ပြင်ဝတ်သည်။ တိတ်ဆိတ်မှောင်မည်းနေသော အခဆောင်တွင် ဟိုမှသည်မှ မီးရောင်များ လင်းလက်လာသည်။

မောင်မိုးမတ်သည် ခြင်ထောင်ကြိုးကို ဖြုတ်၍ ခေါက်သည်။ မောင်မိုးမတ်၏ ညာဘက်တွင်အိပ်သော ကိုဟန်ပိုလည်း ခြင်ထောင်ခေါက်နေပြီ။ ဘယ်ဘက်တွင်အိပ်သော နီချိုးတစ်ယောက်မှာမူ အိပ်ဆဲ။

"ဟေ့ကောင် နီချိုး၊ ထလေကွာ"

မောင်မိုးမတ်သည် နီချိုးကို လှုပ်နှိုးသည်။

"မင်းလက်ပုပ်ကြီးနဲ့ လာမတို့နဲ့။ ခရာသံကြားကြားချင်း ငါနိုးတယ်။ မထချင်သေးလို့ နှပ်နေတာ"

မနိုးသေးဘူးထင်သဖြင့် စေတနာရှေ့ထား နှိုးနေသော မောင်မိုးမတ်သည် နီချိုးကို မြင်ပြင်း ကတ်သွားသည်။ အသာအယာလှုပ်နှိုးနေရာမှ ခပ်ကြမ်းကြမ်းတွန်းလိုက်သည်။ နီချိုးသည် မနှပ်သာတော့ပြီ။ ပျင်းကြောဆန့်ထုတ်ပြီးသော် ထထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com


တပ်စုမှူးတာဝန်ကျသော ကိုပိုးထိုးသည် အဆောင်ထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ မထသေးသူများကို လိုက်နှိုးသည်။ အများစုသည် နိုးကြပြီ။ ချောင်းဆိုးသံ၊ လက်ချိုးသံ၊ ခါးချိုးသံ၊ ရှဲခနဲ မီးခြစ် ခြစ်သံ၊ အိပ်ရာခေါက်သံတို့ဖြင့် ပတ္တမြားဆောင် တစ်ခုလုံးသည် တစ်မုဟုတ်ချင်း သက်ဝင်လှုပ်ရှားလာသည်။ တစ်ဘက်နံဘေးရှိ နီလာဆောင်တွင်လည်း ထို့အတူပင် ဖြစ်၏။

"အဝတ်အစားလဲပြီးယင် မြန်မြန်ထွက်ကြဟေ့...."

နီလာဆောင်မှ တပ်စုမှူးတာဝန်ကျ ကိုပေါ်လွင်၏အော်ဟစ်သံသည် ပတ္တမြားအဆောင် အထိ ပေါက်ရောက်လာသည်။

တစ်ခဏအတွင်းမှာပင် အဆောင်နှစ်ဆောင်ရှေ့၌ လွန်တူးကျောင်းသားများသည် တန်းစီပြီး အသင့်ဖြစ်နေကြ၏။ စွပ်ကျယ်အင်္ကျီအဖြူ၊ ဘောင်းဘီတိုအဖြူ၊ အဝတ်ဖိနပ်အဖြူတို့ကြောင့် မြေဖြူခဲတွေထောင်ထားသလို ညီညာလှပသည်။ စွပ်ကျယ်အင်္ကျီတွင် စိန်လွန်တူးသင်တန်း အမှတ်စဉ် (၃)၊ ၁၉၇၃ – ဟု တံဆိပ်ရိုက်နှိပ်ထားသည်။

အမှတ်စဉ် (၁) နှင့် (၂) ကို မုံရွာကြေးနီရှာဖွေရေး စီမံကိန်း လက်ပတောင်းစခန်းတွင် သင်တန်း ဖွင့်ခဲ့သည်။ မောင်မိုးမတ်တို့ အမှတ်စဉ်မှစ၍ သင်တန်းကို ရန်ကုန်တွင် ပို့ချသည်။

"အလင်းရောင် မမြင်ရသေးဘူးကွာ။ အခုမှ ငါးနာရီ လောက်ပဲ ရှိဦးမယ်။ အိပ်မက် မက်ကောင်းတုန်း ထလာရတာ သိပ်နာတာပဲ အိပ်မက်ထဲမှာ ငါက...."

တိုးတိုး တိုးတိုးနှင့် တွတ်ထိုးနေသော အသံမှာ နီချိုး

www.burmeseclassic.com

www.burmeseclassic.com


ပါးစပ်မှထွက်လာကြောင်း ကိုမိုးထိုးသိသည်။ သင်တန်းမှူးကြားလျှင် ဒဏ်ပေးခံနေရဦးမည်။ ကိုယ့်လူကိုယ်ထိန်းမှဖြစ်မည်မို့ "မင်းပါးစပ်ပိတ်ထားစမ်း နီချိုး"ဟု ခပ်အုပ်အုပ်အသံဖြင့် ဟန့်တားသည်။

တန်းစီ၊ လူစစ်ပြီးသော် လူတန်းရှည်သည် အဆောင်ရှေ့မှ ပြေးထွက်လာသည်။ ဖိနပ်နှင့် မြေကြီးထိတွေ့သံ တစ်ဖြောင်းဖြောင်းသည် ညီညာစွာ ထွက်ပေါ်နေသည်။

"အမှတ်စဉ်၊ အမှတ်စဉ်၊ အမှတ်စဉ်၊ ဆို...."

"တစ်၊ နှစ်၊ သုံး၊ လေး။ တစ်၊ နှစ်၊ သုံး၊ လေး။ တစ်၊ နှစ်၊ သုံး၊ လေး။ တစ်၊ နှစ်၊ သုံး၊ လေး...."

"ဘာ ကျောင်းသားလဲ"

"လွန်တူးကျောင်းသား"

"ဘာ စိတ်ဓာတ်လဲ"

"သံမဏိ စိတ်ဓာတ်"

"ဘာ လုပ်ဖို့လဲ"

"လုပ်အားပေးဖို့"

"ဘယ်သူ့ အတွက်လဲ"

"ပြည်သူ့အတွက်ပဲ"

အတိုင်အဖောက်ညီညီ ဟစ်ဆိုသံသည် အမှောင်တံခါးကို ဖွင့်၍ မိုးယံသို့တိုင် ထိုးတက်သွားသည်။

× × × ×

"သားတို့ရှုပ်ရည်၊ သီတာမည်သား၊ ရေကြည်အိမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်" ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com


အတိုင်း မျက်စိအောက်က အပျောက်မခံချင်ကြပေ။ မိဘနှစ်ပါးလုံးသည် မောင်မိုးမတ်ကို ချစ်ကြသည်။ အမေ့အချစ်သည် လက်ငင်းအခြေအနေကို ကြည့်သည်။ အဖေ့ အချစ်သည် ရေရှည်ကိုကြည့်သည်။

မိဘ မျက်စိအောက်တွင် အလုပ်လုပ်ခြင်းကို အမေက သဘောတူကြည်ဖြူသည်။

သို့သော် လွန်တူးသင်တန်း တက်ရမည်။ သင်တန်းပြီးလျှင် တာဝန်ကျရာဒေသသို့ သွားရမည်။ တာဝန်ကျရာဒေသ အားလုံးသည်လည်း တောတောင်တွေချည်းပဲ ဖြစ်သည်ဟု ကြားသိရသောအခါ အမေသည် သဘောမကျတော့ပေ။ စီစဉ်ပေးသော ခင်ပွန်းသည်ကိုကန့်ကွက်သည်။ လိုက်နာမည့်သားတော်မောင်ကို ဖျောင်းဖျသည်။

"မြမြရယ်....၊ အသက်တွေလဲကြီးပါပြီ။ တရားနဲ့ဖြေပေါ့ကွာ။ မင့်သားကို မင့်မျက်စိအောက်မှာ တစ်သက်လုံး ထိုင်ခိုင်းထားလို့ ရမလား။ မင့်သားကလဲ မိန်းမ မယူဘဲ မိဘနဲ့ အမြဲနေနိုင်မှာလား။ ငါတို့မင်းတို့ မရှိတော့တဲ့အချိန်မှာ မင့်သားက အလုပ်အကိုင်မရှိဘဲ အိမ်ထောင်ကျသွားယင် ဘယ်လိုလုပ်မလဲ။ ငါသေလို့ ငါ့ရှဲလုံခြုံရေးမှူးရာထူးကို သားက အလိုအလျောက် ဆက်ခံလို့မရဘူးကွ။ အလုပ်မရှိတော့ ဘယ်သူ ဒုက္ခရောက်မလဲ။ မင်းနဲ့ ငါချစ်တဲ့သားလေးပဲ ဒုက္ခရောက်မှာမဟုတ်လား။ သည်တော့ ရတုန်းရခိုက်မှာ လုပ်စေချင်တယ်။ အလုပ်တစ်ခုရဖို့ မလွယ်ဘူးမြမြ။ မင့်သားက ဆယ်တန်းတောင် မအောင်တော့ ပိုပြီး မလွယ်သေးဘူး...."

အဖေက အကြိမ်ကြိမ် တရားဟောသောကြောင့် အမေက ခွင့်လွှတ် လိုက် သော် လည်း စိတ် မ ချမ်း သာ ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးမတ် သိသည်။ မြောက်ဥက္ကလာပတွင် သင်တန်းတက်စဉ်က အမေသည် အပတ်တိုင်းလာသည်။ ငှက်ပျောဖီးအစ ငါးပိကြော်အဆုံး စားစရာများ ယူဆောင်လာသည်။

လက်တွေ့သင်တန်းဆင်းဖို့ ရန်ကုန်မြေမှ ခွာသောအခါ အမေသည် မျက်ရည်စက်လက်ဖြင့် ကျန်ခဲ့သည်။

"ဒေါက်"

လက်ထဲမှ ဘောပင်လွတ်ကျသွားသောကြောင့် အမေ့ထံရောက်သွားသောစိတ်အာရုံတို့ ပြန်ဝင်လာသည်။ နားထောင်ဟန်ဆောင်ပြီး အောက်သို့ငုံ့ထားသောခေါင်းကို ပြန်ထောင်သည်။ သင်တန်းနည်းပြချုပ်၏ အမှာစကားကို မိသမျှနေရာမှဖြတ်၍ နားစိုက်သည်။

"ရဲဘော်တို့ရဲ့ သင်တန်းကာလ ခြောက်လရှိတဲ့အနက် စာတွေ့သုံးလကို ရန်ကုန်မှာပို့ချပြီးပါပြီ။ အခုသည်ဒေသမှာ ရဲဘော်တို့ဟာ လက်တွေ့လုပ်ဆောင်ရင်း ပညာယူကြရပါမယ်။ လွှန်တူးပညာက စာတွေ့သိရုံလောက်နဲ့ မလုံလောက်ဘူးဆိုတာ ရဲဘော်တို့လဲ သိပြီးဖြစ်ပါတယ်။ ဒါကြောင့် လက်တွေ့လုပ်အားပေးရင်း နောင်တော်ဝန်ထမ်းကြီးများရဲ့ လုပ်နည်းလုပ်ဟန်များကို လေ့လာကြပါ။ သတိမမူယင် ထိခိုက်ဒဏ်ရာရလွယ်တဲ့ လုပ်ငန်းဖြစ်တာမို့ ပေါ့ပေါ့ဆဆ မလုပ်ကြပါနဲ့။ သင်တန်းဆရာများရဲ့ စကားကို နားထောင်ပါလို့ မှာကြားပါရစေ"

ထို့နောက် လွှန်တူး ကျောင်း သား များ ကို စီမံကိန်းတာဝန်ခံ အရာရှိဖြစ်သော ဘူမိဗေဒအရာထမ်း အဆင့် (၁) ဦးရာဝနှင့်မိတ်ဆက်ပေးသည်။ ဦးရာဝသည် ညိုသော အသား၊ ရှည်သောအရပ်နှင့် ပြုံးချိုသော မျက်နှာထားတို့ ရှိသည်။

www.burmeseclassic.com



"ရဲဘော်တို့ကို ကြိုဆိုပါတယ်ဗျာ။ နိုင်ငံအတွက် တွင်းထွက်သယံဇာတ ပစ္စည်းတွေကို အတူလက်တွဲ ရှာဖွေရမယ့် ရဲဘော်တို့နဲ့ တွေ့ဆုံစဉ်မှာ စကားနည်းနည်း ပြောပါရစေ။ ကျွန်တော်တို့ဌာန ဘ မ ရ ဆိုတဲ့ အမည်နဲ့အညီ မြန်မာနိုင်ငံရဲ့ ဘူမိဗေဒဆိုင်ရာ အချက်အလက်တွေကို လေ့လာဖို့ရယ်၊ ဓာတ်သတ္တု တွေ ရှာဖွေဖော်ထုတ်ပေးဖို့ရယ် ကျွန်တော်တို့မှာ တာဝန် ရှိ ပါ တယ်။ ရှာ ဖွေ ဖော် ထုတ် တဲ့ အဆင့်မှာတော့ ရဲဘော်တို့နဲ့လက်တွဲပြီး လုပ်ကိုင်ရတာဟာ နောက်ဆုံးအဆင့်ပါပဲ။ ပထမဆုံး လုပ်ကိုင်ရတာကတော့ ကျွန်တော်တို့ တိုင်းပြည်မှာ ဘာသတ္တုတွေလိုသလဲ၊ ဘယ်သတ္တုရှာမလဲဆိုတာ စဉ်းစားလေ့လာရပါတယ်"

ဦးရာဝသည် စကားကိုခေတ္တဖြတ်ပြီး သင်တန်းသားများကို ခြုံငုံကြည့်သည်။ အားလုံးသည် စိတ်ပါဝင်စားစွာ နားစွင့်နေသောကြောင့် ဆက်ပြောသည်။

"ဥပမာအားဖြင့် ဖော့စဖိတ်ပေါ့ဗျာ။ ရွှေပေါ့ဗျာ။ ဖော့စဖိတ်ဆိုယင် ဖော့စဖိတ်ဟာ ဘယ်လိုမြေမျိုးမှာ ရှိနိုင်မယ်ဆိုတာ ထောက်လှမ်းရတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ဒေသတွေကို ဘူမိဗေဒဝန်ထမ်းများလွှတ်ပြီး လေ့လာခိုင်းရပါတယ်။ မဖြစ်နိုင်တဲ့ဒေသကိုပယ်ပြီး ဖြစ်နိုင်တဲ့ဒေသအတွက် အစီရင်ခံစာများရေးတယ်။ အဲသည့်ဒေသကို နောက်ထပ် အသေးစိတ်ရှာဖွေရေးတွေ ဝင်ခိုင်းတယ်။ ဘူမိဗေဒပညာရှင်တွေ ဘူမိဓာတုပညာရှင်တွေ၊ ဘူမိရူပ ပညာရှင်တွေ ပါသွားပြီပေါ့ဗျာ။ သူတို့တွေ တွေ့ရှိတဲ့အချက်ပေါ် မူတည်ပြီး လွန်တူးရမယ့်ဧရိယာရယ် လွန်တူးဖို့မလိုတဲ့ဧရိယာရယ် ခွဲလိုက်တယ်။ လွန်တူးရမယ့်ဧရိယာဟာ ကျွန်တော်တို့အတွက် ပစ်မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တော့ ခင်ဗျားတို့လွန်တူးဝန်ထမ်းများနဲ့ လက်တွဲရပြီ။ လွန်တွင်းတူးပြီး နမူနာယူခြင်းဟာ အလွန်ငွေကြေးကုန်ကျပါတယ်။ တစ်ခါတရံမှာ လွန်အူစာကျောက်တောင့်တစ်ပေရဖို့အတွက် ငွေရှစ်ဆယ် ကုန်ပါတယ်"

မောင်မိုးမတ်သည် ဦးရာဝပြောကြားချက်များမှအချို့ကို မှတ်စုစာအုပ်ထဲတွင်ရေးမှတ်သည်။

"နမူနာကျောက်တောင့်တွေ လေ့လာပြီး စီးပွားဖြစ်တွင်းထွက်သတ္တုသိုက်မဟုတ်တဲ့ နေရာကို ထပ်ပြီး ပယ်ရပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားတဲ့ လုပ်ငန်းပေါ့ဗျာ။ နောက်ဆုံးမှာမှ စီးပွားဖြစ်တွင်းထွက်သတ္တုသိုက်ရဲ့ နေရာကို ရရှိပါတယ်။ သည်တော့မှ သတ္တုသိုက်ရဲ့ထုထည်ကို တွက်ရတယ်။ ထုထည်ကနေ တန်ချိန်ပမာဏကို ပြောင်းပေးရတယ်။ ဒါကြောင့် လွန်တူးပြီး လွန်အူစာ ယူခြင်းကို စနစ်တကျ လုပ်ရပါတယ်။ လွန်အူစာရာခိုင်နှုန်း အတော်များများရပါမှ ကျွန်တော်တို့ရဲ့ ခန့်မှန်းတွက်ချက်မှုဟာ မှန်ကန်ပါတယ်။ လွန်အူစာရရှိမှုဟာ ရဲဘော်တို့ရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုပေါ် မှာတည်ပါတယ်။ ဒါကြောင့် မြန်မာ့သတ္တုသိုက်ကြီးကို ရဲဘော်တို့နဲ့ ကျွန်တော်တို့ ပူးပေါင်းဖွင့်ကြပါစို့လို့ ပြောပါရစေခင်ဗျား...."

လက်ခုပ်သံများ တဖြောင်းဖြောင်းထွက်ပေါ်လာသည်။

× × × ×

"ကသ-၁ မှ ၆ အထိ လွန်ကျင်းနံပတ်အာ၁ရဲ ၂၈။ ကသ-၇ မှ ၁၂ အထိ လွန်ကျင်းနံပတ် အာ၁ရဲ-၃၃။ ကသ-၁၃ မှ ၁၉ အထိ လွန်ကျင်းနံပတ် ဗီ-၃၂"

www.burmeseclassic.com

www.burmeseclassic.com



လွန်တူးကျောင်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့ကို လွန်ကျင်းများသို့လည်းကောင်း၊ တစ်ဖွဲ့ကို စက်ပြင်အလုပ်ရုံသို့လည်းကောင်း ပို့သည်။ မောင်မိုးမတ်သည် လွန်ကျင်း နံပါတ် အာရ်–၃၃ တွင် တာဝန်ကျသည်။ သင်တန်းဆရာ တစ်ဦးက ဦးဆောင်ပြီးခေါ်လာသည်။

လုပ်အားပေးရင်း ပညာယူရမှာမို့ ဝန်ထမ်းများနဲ့အတူ ပါဝင်လုပ်ကိုင်ကြသည်။ လွန်တူးပိုက်များ ဖြုတ်ပေးသည်။ ကျပ်ပေးသည်။ လိုအပ်သောပစ္စည်းများ ရှာဖွေယူငင်ပေးကြသည်။

လက်အိတ်ဖြူဖြူလေးတွေ မည်းစပြုလာသည်။ သစ်လွင်သော ယူနီဖောင်းများတွင် စက်ဆီများ စွန်းပေစ ပြုလာသည်။

တူးဖော်ရရှိသော လွန်အူစာများကို ဘူမိဗေဒဝန်ထမ်း တစ်ဦးက လာယူသည်။ မှန်ဘီလူးဖြင့် ကြည့်ရှုလေ့လာပြီး လွန်အူစာ မှတ်တမ်းတင်ခြင်း ပြုသည်။

လွန်အူစာများသည် တူးသလောက်ရရှိသည် မဟုတ်ပေ။ ငါးပေ တူးသော်လည်း ငါးပေအပြည့် ပါချင်မှ ပါသည်။ ကျောက်အမျိုးအစားနှင့် ကျောက်အနေ အထားကြောင့် လည်းကောင်း၊ လွန်တူးပစ္စည်း၏ အရည်အသွေးကြောင့် လည်းကောင်း၊ လွန်တူးဝန်ထမ်း၏ ကျွမ်းကျင်လိမ္မာမှုပေါ်တွင် မူတည်၍လည်းကောင်း လွန်အူစာရရှိမှု အနည်းအများ ဖြစ်ပေါ်သည်။

ရရှိသော လွန်အူစာများကို ဘူမိဗေဒ ဝန်ထမ်းသည် အတိအကျတိုင်းတာပြီး သေတ္တာထဲထည့်သည်။

မောင်မိုးမတ်သည် ထိုသူကိုမြင်သောအခါ ကိုရွှေသန့်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိရမိသည်။ ကိုရွှေးသန့်နှင့်တူသည်။ သို့သော် ကွဲကွာကြသည်မှာ ကြာပြီမို့ သိပ်မသေချာ။ သူပဲခူးမှာနေစဉ်က ကိုရွှေးသန့်နှင့် သိကျွမ်းခဲ့သည်။

သိကျွမ်းသည်ဆိုခြင်းထက် ညီရင်းအစ်ကိုတမျှ ခင်မင်သည်ဟုဆိုလျှင် ပိုမှန်မည်။

ထိုစဉ်က မောင်မိုးမတ်သည် ကျောင်းသားငယ်။ ကိုရွှေးသန့်သည် ကိုး တန်း။ မောင်မိုးမတ်၏ အစ်မ မမိုးပွင့်နှင့် အတန်းတူများဖြစ်သည်။ အမှတ် (၃) အစိုးရအထက်တန်းကျောင်းတွင် နေကြသည်။

ကိုရွှေးသန့်သည် သူ့ပညာသင်စရိတ်ကို သူ့ဘာသာရှာသည်။ မိဘများ မရှိတော့သော ကိုရွှေးသန့်သည် ဦးလေးအိမ်တွင် နေရသည်။ ရေထမ်းရောင်းရသည်။ ကိုရွှေးသန့်၏ ပညာသင်စရိတ်ကို ထောက်ပံ့သောအားဖြင့် မောင်မိုးမတ်တို့ရပ်ကွက်ရှိ အိမ်အတော်များများက ဝယ်ယူအားပေးကြသည်။ ရေယူသောအိမ်တွေများသောကြောင့် ကိုရွှေးသန့်သည် နံနက်ကျောင်းမသွားမီ ထမ်းရသည်။ ညနေကျောင်းဆင်းတော့လည်း ထမ်းရသည်။

ရသမျှ အချိန်အတွင်း စာပေကိုကျက်မှတ်သောကြောင့် အချိန်တန်၍ စာမေးပွဲစစ်လျှင် ကိုရွှေးသန့်သည် အဆင့် ၁၀ အောက်သို့ ကျသည်မရှိပေ။ မောင်မိုးမတ်တို့မောင်နှမသည် စာကြည့်ချိန်တွေ များစွာရသော်လည်း မကြည့်ဖြစ်ကြ။ မကျက်ဖြစ်ကြ။ ထို့ကြောင့် စာမေးပွဲတိုင်းလိုလိုမှာ နောက်ဆုံးအဆင့်က အောင်တတ်သည်။ မောင်မိုးမတ်ဆိုလျှင် ပိုဆိုးသည်။ သူ့နောက်တွင် ကျောင်းနံရံပဲ ကျန်သည်။

မောင်မိုးမတ်၏ဖခင်သည် ဒု–လုံခြုံရေးမှူးဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လူတန်းစေ့နေနိုင်သည်။ သို့သော် သူတို့မိသားစုသည် ကိုရွှေးသန့် အပေါ်တွင် အဆင့်အတန်း ခွဲခြားခြင်း မရှိပေ။ မောင်မိုးမတ်၏ မိခင်သည် ဆုံးမစကား ပြောစရာရှိလျှင် ကိုရွှေးသန့်ကိုစံထား၍ ပြောသည်။

ကိုရွှေးသန့်သည် မောင်မိုးမတ်တို့မောင်နှမနှင့် ကျောင်းအသွားတွင် အတူမသွားဖြစ်လျှင် ကျောင်းအပြန်တွင် အတူပြန်သည်။ မမိုးပွင့်ကိုကြည့်သော ကိုရွှေးသန့်၏မျက်လုံးများသည် မရိုးသားဟု မောင်မိုးမတ်ထင်သည်။ ထို့အတူ မမိုးပွင့်၏ ဆက်ဆံရေးသည်လည်း အခြား ယောကျ်ားများထက် ကိုရွှေးသန့်အပေါ် လိုက်လျောလွန်းသည်ဟုထင်၏။ သို့သော် မောင်မိုးမတ်သည် တွန့်တိုသောစိတ် မဖြစ်ပေါ်ပေ။

အစ်ကိုမရှိသောကြောင့် အစ်ကိုတစ်ဦးလို ချစ်ခင်သည်။ အစ်ကိုကြီးတစ်ယောက်အပေါ် ဆိုးနွဲ့သလို ဆိုးတတ်သည်။ ကိုရွှေးသန့်ကလည်း မောင်မိုးမတ်ကို ညီငယ်သဖွယ် သဘောထား၍ ဆုံးမသွန်သင်လေ့ရှိသည်။

မောင်မိုးမတ်သည် သူ့အသက်အရွယ်နှင့် နှိုင်းစာလျှင် ညွှက်လွန်းသည်။ ဖြူဖြူသေးသေးလေးဖြစ်သည်။ ကိုရွှေးသန့်သည် မောင်မိုးမတ်ကို သန်မာထွားကျိုင်းလာစေရန် အားကစား လုပ်ခိုင်းသည်။ ကြက်တောင်ရိုက် သင်ပေးသည်။ ဘောလုံးပွဲသို့ ခေါ်သွားသည်။ ကိုရွှေးသန့်က စိတ်အားထက်သန်စွာ ဦးဆောင်လမ်းပြသော်လည်း မောင်မိုးမတ်သည် နောက်ကလိုက်မလာပေ။ မောင်မိုးမတ်သည် အလွန်ပျင်းသည်။ ခါးချိုးရသောအလုပ်၊ ခြေကြွရသော အလုပ်များကို ဘာမျှ မလုပ်ချင်။ စာသင်ပေးလျှင်လည်း တသမ်းသမ်း တဝေဝေ လုပ်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုးတွင် ကိုရွှေးသန့်သည် "မင်းအလွန်ပြင်းတဲ့ ကောင်ပဲကွ၊ သည်လောက်ပြင်းယင် ကြီးတဲ့အခါ ထမင်းစားဖို့ခက်မယ်" ဟုပြော၍ ဆက်လက်သင်ကြားခြင်း မပြုတော့ဘဲ ပြန်သွားတတ်သည်။ ကိုရွှေးသန့်တွင် ကြာကြာစိတ်ဆိုးတတ်သော အကျင့်မရှိ။ အချိန်တန်လျှင် မောင်မိုးမတ်တို့အိမ်သို့ ရောက်လာသည်။ ပြန်ခေါ်သည်။ ပြန်တည့်ကြသည်။ သင်ခန်းစာများဆက်လုပ်ကြသည်။

မောင်မိုးမတ်နှင့် သူငယ်ချင်းများ စကားပြောနေစဉ် ကိုရွှေးသန့်အမည်ပါပါက "မင့်ယောက်ဖကြီး" ဟူသော နာမ်စားကိုသုံးသည်အထိ မောင်မိုးမတ်နှင့်ကိုရွှေးသန့်တို့ ခင်ခဲ့သည်။

အမှုအခင်းမဖြစ်လျှင် သူတို့နှစ်ဦးသည် သမီးယောက်ဖတော်စပ်နိုင်သော အလားအလာများစွာရှိသည်။

ကံကြမ္မာအလှည့်အပြောင်းကြောင့် ကိုရွှေးသန့်နှင့် မောင်မိုးမတ်တို့မိသားစုသည် အမှုအခင်းဖြစ်ရသည်။

× × × ×

ညနေသုံးနာရီထိုးမှ လက်တွေ့လုပ်ငန်းခွင်က ပြန်ရသည်။ မောင်မိုးမတ်သည် တစ်နေ့လုံး တကုပ်ကုပ်တလှုပ်လှုပ်မို့ ထမင်းဆာသည်။ အိမ်မှာဆိုလျှင် ကြောင်အိမ်ကို ပြေးလှပ်မည်။ နေ့ဖို့ညစာချန်ထားသော ဟင်းများအားလုံး နှိုက်စားမည်။

အများနှင့်စုပေါင်းနေရသည်မို့ အများစားသောအချိန်ကို စောင့်နေရသည်။ ရေမိုးချိုးပြီးသော် အလာ်အစားလဲ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကာသနံပါတ်ပါသောတံဆိပ်ကို တိုက်ပုံအင်္ကျီ ရင်ဘတ်တွင်ချိတ်တွယ်သည်။ ထမင်းစားခရာကို မျှော်လင့်သည်။

ညနေ ၅ နာရီထိုးသော် ခရာတွတ်သံ ထွက်ပေါ်လာသည်။ တန်းစီပြီး ထမင်းစားဆောင်သို့ သွားသည်။ သတ်မှတ်ထားသောနေရာအသီးသီးတွင် ထိုင်ကြသည်။

"ရှေ့ကြည့်၊ တန်းထ၊ ထမင်းစား၊ သဒ္ဒါဆို"

"ငါတို့သည်၊ နိုင်ငံတော်မှကျွေးမွေးသော၊ ထမင်းဟင်းလျာများကိုစားသုံး၍၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို၊ စောင့်သိရှိသောပါမည်"

"တန်းထိုင်"

ထိုင်မိသည်နှင့်တစ်ပြိုင်နက်တည်း မောင်မိုးမတ်သည် ခေါင်းမဖော်တော့ပေ။ ဇွန်းနှင့်ခက်ရင်းကို တွင်တွင်လှုပ်ရှားသည်။ လေးငါးဇွန်းခန့်ဝင်သွားမှ နေသာသိုင်သာရှိလာသည်။ သည်တော့မှ ထမင်းနှင့်ဟင်းကို အရသာခံပြီး ဇိမ်ကျကျစားသည်။

စားသောက်ပြီးသော် ရေစည်ပိုင်းသို့သွား၍ ဇွန်းနှင့်ခက်ရင်းဆေးသည်။ ဆပ်ပြာခွက်ထဲသို့ လက်သှမ်းနှိုက်လိုက်စဉ် ကိုရွှေးသန့်၏မျက်နှာသည် အာရုံထဲတွင် ဖြတ်ခနဲပေါ်လာသည်။

အမှုအခင်းအစ ဆပ်ပြာခွက်ကဟု ဆိုရပေမည်။

× × × ×

မမိုးပွင့်သည် ကျောက်နီလက်စွပ်ကို လှည့်ချွတ်သည်။ မကျွတ်။ ရေစည်ပိုင်းသို့သွားပြီး ဆပ်ပြာတိုက်၍ ချွတ်သည်။ ကျွတ်သည်။ လက်စွပ်ကိုဆပ်ပြာခွက်ထဲထည့်ထားပြီး လက်ဆေးသည်။ လက်ဆေးလက်စနှင့် မျက်နှာသစ်သည်။ ခြေ

www.burmeseclassic.com

www.burmeseclassic.com


ထောက်များဆေးကြသည်။ ထိုစဉ်တွင် အမေကခေါ်သောကြောင့် ကမန်းကတန်းပြေးသွားသည်။ လက်စွပ်ယူဖို့ကို သတိမရတော့ပေ။

မမိုးပွင့်သတိရလို့ သွားယူချိန်တွင် ကျောက်နီလက်စွပ် မရှိတော့ပြီ။ ဘာမျှမကြာလိုက်။ တစ်ခဏအတွင်း ပျောက်ရသည်။ အိမ်သားများကိုမေးသော်လည်း ဘယ်သူမျှမယူ။ လူစိမ်းအဝင်အထွက် စုံစမ်းသည်။ ကိုရွှေးသန့်လာပြီး ရေထည့်သွားကြောင်း သိရသည်။

ဆပ်ပြာခွက်ကို ရေစည်ပိုင်းနံဘေးရှိ လူတစ်ရပ်ခန့်စင်လေးပေါ်တွင် တင်ထားသည်။ ဆပ်ပြာခွက်ထဲသို့ လက်စွပ်ကို သေသေချာချာထည့်သည်။ ရေစည်ပိုင်းနားသို့ ကိုရွှေးသန့် တစ်နေ့စည်းသာ သွားရသေးသည်။

သည်တော့ မစွပ်စွဲချင်ဘဲ စွပ်စွဲရသည်။ မမေးချင်ဘဲ မေးရသည်။

ကိုရွှေးသန့်က ငြင်းသည်။ မောင်မိုးမတ်တို့မိသားစု အပေါ် ကိုရွှေးသန့်ကြည့်သော မျက်စိအစုံတွင် ကြေကွဲခြင်းများ၊ တောင်းပန်တိုးလျှိုးခြင်းများ ပြည့်နှက်နေသည်။

သက်သေသက္ခာယ မပြနိုင်သောကြောင့် ဘာမျှမလုပ်ကြပေ။ ကိုရွှေးသန့်ကို ပြန်လွှတ်လိုက်သည်။ ရပ်ကွက်ထဲတွင် "ရဲအရာရှိအိမ်က ပန်းနည်းတောင်ယူရဲတဲ့ အာဂကောင်ပဲဟေ့" ဟူသော အသံများထွက်ပေါ်လာသည်။ ကိုရွှေးသန့်၏ စီးပွားရေးပျက်ရသည်။ ကိုရွှေးသန့်၏ရေကို ဝယ်ယူမည့်အိမ်များ မရှိတော့ပြီ။

မကြာမီ အချိန်အတွင်း ကိုရွှေးသန့်သည် ပိခူးမြို့မှ ပြောင်းရွှေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ခြောက်လခန့်အကြာတွင် မောင်မိုးမတ်တို့မိသားစုသည် ပေါင်းတည်မြို့သို့ ပြောင်းရသည်။ အိမ်အရွှေ့အပြောင်းတွင် ပစ္စည်းများသိမ်းဆည်းကြသည်။ ရေစည်ပိုင်းကို လှဲ၍ သွန်သည်။ မောင်မိုးမတ်သည် စည်ပိုင်းအောက်တွင် ခုထားသောအုတ်ခိုခဲများကို လက်ဖြင့်ဆွဲဖယ်သည်။ မရ။ တူးရှင်းနှင့်ကော်သည်။ မြေများပွလာစဉ် နုန်းမြေထဲတွင်နစ်နေသော ကျောက်နီလက်စွပ်သည် ဘွားခနဲပေါ်လာသည်။

မမိုးပွင့်သည် လက်စွပ်ကို ဆပ်ပြာခွက်ထဲထည့်ခဲ့သော်လည်း လှုပ်ရှားမှု တစ်ခုကြောင့် လက်စွပ်သည် ချော်ပြီး ဆပ်ပြာခွက်အပေါက်မှအောက်သို့ကျခဲ့ဟန်ရှိသည်။လူတစ်ရပ်ခန့်ရှိသောစင်ပေါ်မှ ကျသောအရှိန်ဖြင့် ရေဝပ်နေသောနုန်းမြေထဲ နစ်ဝင်သွားလိမ့်မည်။ မောင်မိုးမတ်က သည်အတိုင်းတွေးတောဆက်စပ်သည်။

လက်စွပ်ကိုရေဆေး၍ မမိုးပွင့်ထံပြသည်။

ပျောက်သောလက်စွပ်ပြန်တွေ့သဖြင့် ဝမ်းသာကြသည်။ ဤလက်စွပ်ကြောင့် ရိုးသားကြိုးစားသော လူကောင်းတစ်ယောက် ပျောက်ဆုံးသွားသည့်အတွက် ဝမ်းနည်းကြသည်။

မောင်နှမနှစ်ဦးသည် ကိုရွှေးသန့်ကို တမ်းတမိသည်။

"ဘယ်မှာလဲ ကိုရွှေးရယ် ...."

× × × ×

ထမင်းစားသောက်ပြီးသော် အနီးအနားသို့ လမ်းလျှောက်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါအဆောင်တစ်ခုထဲမှ ထွက်လာသောသူ ( ကိုရွှေးသန့်နှင့် တူသောလူ) နှင့် မျက်နှာချင်းဆိုင် တွေ့ကြသည်။ မောင်မိုးမတ်က သူ့ကိုကြည့်သည်။ သူက မောင်မိုးမတ်ကို ကြည့်သည်။ အကြည့်များသည် ကြာသင့်သည်ထက် ကြာသွားသည်။

"ဟော့ .... မင်း .... မင်း .... မင်း မောင်မိုး မဟုတ်လား"

"အစ်ကိုလဲ ကိုရွှေးမဟုတ်လား"

"ဝမ်းသာလိုက်တာ မောင်မိုးရယ်။ ကြည့်စမ်း မင်းဆံပင်က ရွှေတစ်လက်မ၊ နောက်ပြောင်ဆိုတော့ ရုတ်တရက် မမှတ်မိဘူးကွာ"

"ကိုရွှေးလဲ နှုတ်ခမ်းမွေးတွေနဲ့ဆိုတော့ ရုတ်တရက် မမှတ်မိဘူးဗျာ။ ကိုရွှေးကို နေ့လယ်ကတည်းက ကျွန်တော် တွေ့တယ်။ ကျွန်တော်က လွှန်ကျင်းနံပါတ် အာရ်–၃၃ မှာ တာဝန်ကျတယ်"

"ဟာ .... အဲဒါ ငါ့လွှန်ကျင်းပေါ့ကွ။ မင်းကဘာလို့မခေါ်တာလဲ။ ငါက မင်းတို့အားလုံးကို တွေ့စဆိုတော့ မခွဲတတ်သေးဘူးကွာ။ အားလုံးက ဆံပင်ပုံတူ၊ ယူနီဖောင်းဆင်တူ၊ အရွယ်တွေကလည်း ငယ်ငယ်လေးတွေဆိုတော့ အမှာသည် အစ်ကိုတွေများလား ထင်ရတယ်"

"ဟိုက် .... သည်လောက်များတဲ့ အမှာတွေမွေးရယင် ဗိုက်ကြီးက ပုတ်လောက်ရှိမယ်နော် ကိုရွှေး"

နှစ်ဦးသားလွတ်လပ်စွာ ရယ်မောကြသည်။

"လာကွာမောင်မိုး အစ်ကို့အဆောင်ထဲသွားရအောင်" ကိုရွှေးသန့်ထွက်လာသောအဆောင်ထဲသို့ပြန်ဝင်ကြသည်။

"အိပ်ရာပေါ် ထိုင်ကွာ။ ဘာမှအားမနာနဲ့၊ ဒါဟာ ငါ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ညှော်ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်း၊ အားလုံးလိုရာသုံးလို့ရတဲ့ တစ်ခုတည်းသော နေရာကွ”

ကိုရွှေးသန့်၏အိပ်ရာပေါ် တက်ထိုင်သည်။ ကိုရွှေးသန့်က ကြွေသကာခွက်နှင့် ရေနွေးပုလင်းချပေးသည်။ ဝါးဆစ်ဘူးနှစ်ခုထဲသို့ ရေနွေးကြမ်းငှဲ့ထည့်သည်။

“စားကွာ .... မောင်မိုး။ ထမင်းစားပြီးပြီမဟုတ်လား။ အချိုဝါး၊ ရေနွေးသောက်၊ ရေစိမ်းတွေတော့ မသောက်နဲ့နော်”

“ကိုရွှေးကို ကျွန်တော်တစ်ခုတောင်းပန်ချင်တယ်”

“ဘာများလဲကွ။ မင်းဟာက တွေ့တွေ့ချင်းတောင်းပန်ချင်တယ်ဆိုတော့ ပွင့်ရဲလက်စွပ်ကိစ္စလား”

“ကြည့်စမ်း .... ဒါကို ကိုရွှေးမမေ့သေးဘူးနော်။ အဲသည်ကိစ္စကိုပဲ ပြောချင်တာပါ”

“တောင်းလဲ တောင်းပန်မနေနဲ့။ ပြောလဲ ပြောမနေနဲ့။ လက်စွပ်ကို ရေစည်ပိုင်းအောက်က ပြန်တွေ့တယ်မဟုတ်လား”

“ဟင် .... ကိုရွှေး ဘယ်လိုလုပ်သိသလဲ”

“ယုဝတီဓာတ်ပုံတိုက်က ကိုနေဝင်းသိသလား။ မျက်မှန်နဲ့လေကွာ။ သူနဲ့ရန်ကုန်တက္ကသိုလ်မှာ ပြန်တွေ့ကြတော့ မင်းတို့မိသားစုအကြောင်း မေးကြည့်ဘယ်။ အလွမ်းပြေပေါ့ကွာ။ သူကပြောပြလို့ အကြောင်းစုံသိတာပါ”

“မဟုတ်ဘဲနဲ့ အစွပ်စွဲခံရတော့ ပိုပြီးနာကျည်းမှာပေါ့နော်”

“မမှားသောရွှေနေ၊ မသေသောဆေးသမားတဲ့။ ငါနား

www.burmeseclassic.com


လည်ပါတယ်ကွာ။ နာကျည်းယင်မင့်ကိုငါက ခေါ်ပါ့မလား။ တွေ့တာနဲ့ဆဲ့ထိုးမှာပေါ့ ဟား .... ဟား ....”

“မမပွင့်မျက်နှာက ရှိသေးတော့ ကိုရွှေးမထိုးဘူးဆိုတာ ကျွန်တော်သိပါတယ်”

“အေးကွ။ မင့်ကိုတွေ့ကတည်းက ပွင့်ရဲ့အကြောင်းမေး ချင်နေတာ။ စကားစဖို့ခက်နေလို့။ ပြောစမ်းပါဦး။ ဟိုတုန်း ကလိုပဲလား”

“မမျှော်လင့်နဲ့တော့ ကိုရွှေးရေ။ မမပွင့်က ယောကျ်ား ရပြီဗျ။ ကိုရွှေးကစောင့်နေတုန်းပဲလား”

“စောင့်ရတာပေါ့ကွာ။ငယ်ကချစ် အနှစ်တစ်ရာမမေ့သာ တဲ့။ ဒါပေမယ့် ငါတစ်ယောက်တည်း စောင့်ရတာပျင်းလို့ အဖော်ရအောင် မိန်းမယူထားတယ်။ ကလေးနှစ်ယောက်ရ ပြီဟေ့”

“ဟာဗျာ ....။ ကျွန်တော်ကအဟုတ်မှတ်နေတာ။ ဝတ္ထု ထဲမှာဆိုယင် ဒါမျိုးက ကောင်းခန်းဗျ။ သံသယတွေကင်း ရှင်းသွားတဲ့အခါ ညားကြလေသတည်းဆိုပြီး အဆုံးသတ် သွားတာ”

“မင်းကညားစေချင်လို့လား။ ငါ့ဘက်ကတော့ အဆင် သင့်ပဲ ငါ့ညီရေ။ မင်းအစ်မဘက်က သေချာပါစေ။ ဟား .... .... ဟား ....။ အလကားနောက်တာပါကွာ။ ဒုသနသောက်ပြီး ငါကြောက်တယ်။ ဒါနဲ့ မင်းဘယ်လိုဖြစ်ပြီး လွန်တူးသင်တန်း ထဲ ပါလာတာလဲ။ ကျောင်းဆက်မတက်ဘူးလား”

“ကျွန်တော်က ဉာဏဘက်မှာ အကျိုးမရှိလို့ ကျောင်းထွက်လိုက်တယ်။ ကျောင်းမနေယင် အလုပ်လုပ် သင့်တယ်လို့ ကျွန်တော်မြင်တယ်။ နို့မို့ ဟိုလိုလို သည်လိုလို

www.burmeseclassic.com



နဲ့ ပျက်စီးမှာပေါ့။ ကျွန်တော့်အဖေက ရဲမဟုတ်လား။ ကျွန်တော်က လေလွင့်ပျက်စီးနေလို့ ဖြစ်မလား ကိုရွှေးရဲ့။ အခု ဖေဖေက ရန်ကင်းရဲစခန်းမှာ တာဝန်ကျတယ်။ ဒါကြောင့် နီးနီးနားနား ဓာတ်သတ္တုရှာဖွေရေးကို ဝင်ဖြစ်သွားတာပဲ။ သည်မှာကြည့်စမ်းပါ ကိုရွှေး၊ ကျွန်တော်လက်ဖဝါးတွေ ကြမ်းလာပြီ။ ပခုံးမှာနေတုန်းက ပြောခဲ့တဲ့စကား မှတ်မိသေးလား"

"ဘာလဲကွ။ ငါကစကားခပ်များများဆိုတော့ ပြောခဲ့တာအများကြီးပဲ"

"ကျွန်တော့် လက်မောင်းသေးသေးနဲ့ လက်ဖဝါးနုနုကို ကိုင်ကြည့်ပြီး ပြောတဲ့စကားဗျာ။ လက်မောင်းတွေသန်မှ လက်ဖဝါးတွေ ကြမ်းမှ ပခုံးတွေမာမှ ယောကျ်ားကွဆိုတာလေ။ ကျွန်တော်မမေ့သေးပါဘူး"

"ငါက ရေထမ်းသမားဆိုတော့ ငါ့ဘက်ကိုယက်ပြီးပြောခဲ့တဲ့စကားပါကွာ။ ဆရာဝန်တွေလက်ဆိုယင် နုနေတာပဲ။ သူတို့လဲ ယောကျ်ားတွေပဲကွ။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ ဒါပေမယ့်ကျွန်တော့်လက်က ဆရာဝန်လက်မဟုတ်ဘူး။ မနက်က ဘူမိဗေဒအရာရှိ ဦးရာဝပြောသလိုပေါ့။ ကိုရွှေးနဲ့အတူ သတ္တုသိုက်ကို ဖွင့်မယ့်လက်ဗျ။ ကိုင်ကြည့်စမ်းပါအစ်ကို။ ငယ်ငယ်က မောင်မိုးမဟုတ်တော့ပါဘူးဗျာ"

ကိုရွှေးသန့်သည် မောင်မိုးမတ်၏ မျက်နှာကို မမြင်ဖူးသလို ငေးကြည့်နေသည်။

မောင်မိုးမတ်တော့ မောင်မိုးမတ်ပါပဲ။

www.burmeseclassic.com


ငယ်ငယ်ကလို ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ညီငယ်တစ်ယောက် မဟုတ်တော့ပြီကော။

မောင်မိုးမတ်၏ လက်ဖဝါးနှစ်ဘက်ကို ကိုရွှေးသန့်သည် ပွတ်သပ်ကြည့်၏။ မောင်မိုးမတ်ကို ကလေးတစ်ဦးလို သဘောထားပြီး ရွတ်နောက်နောက်စကားတွေ ပြောခြင်းမှ ရပ်သည်။ လေးနက်သောစကားကို လှိုက်လှဲစွာဆိုသည်။

"သတ္တုသိုက်ဖွင့်ဖော်ဖွင့်ဖက် သူရဲကောင်းတစ်ယောက် ရပြီပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

# ၂။ တက္ကသိုလ်သူ

ပြီးကပစ် ဝတ်ဆင်ထားခြင်း မဟုတ်သော်လည်း မှဲ့ဆန်း၏ အဝတ်များက အလွန် စုတ်ပြတ်လွန်းနေသည်။ ကိုးရိုးကားရားလည်း နိုင်လွန်းလှသည်။ ယနေ့မှ ထူးပြီးဝတ်ခြင်း မဟုတ်ပါ။ ယခင်နေ့များက ဝတ်ဆင်ပုံအတိုင်း ဝတ်ဆင်ခြင်း ဖြစ်သည်။

သို့သော် ယနေ့သည် ယခင်နေ့နှင့် မတူပါ။

× × × ×

ယခင်နေ့ များစွာက မှဲ့ဆန်းတို့ လွန်တူး သမားများမှ လွဲ၍ ဤတောဤတောင်ထဲ မည်သူမျှ မလာကြ။ လာလျှင်လည်း ထိုသူများမှာ ဘဝတူ တောပျော်များနှင့် တောနေ ရွာသားများသာ ဖြစ်၏။ မည်သူမျှ တောက်တောက်ပပ ဝတ်မလာ။ အဝတ်နှင့်ပတ်သက်လျှင် ဂရုစိုက်စရာ မလိုပေ။

ဦးဘဲနွတ်သည် လက်ထောက် လွန်တူး အင်ဂျင်နီယာ (၂)ဖြစ်၍ လွန်တူးအဆိုင်း တာဝန်ခံ။ မှဲ့ဆန်းသည် လွန်တူး (၄)ဖြစ်၍ လွန်တူးစက် အော်ပရေတာ။ ညွန့်သစ်သည် လွန်တူး(၃)ဖြစ်၍ လက်ထောက် အော်ပရေတာ။ ရမ်းနှင့် ချမ်းဘော်သည် လွန်တူး(၁)ဖြစ်၍ လွန်တူး အလုပ်သမားများ။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုဝန်ထမ်း ငါးဦးထဲတွင် မွဲဆန်း၏ အဝတ်က အနုပ်ဆုံးနှင့် အစုတ်ဆုံး။

ကြည့်လေ....။ ထူထဲသော နက်ပြာရောင် ဇင်အင်္ကျီ ဖြစ်သော်ငြားလည်း လက်ကိုအကွေးအဆန့်လုပ်ရလွန်းသဖြင့် တံတောင်ဆစ်မှစ၍ ပြဲပေါက်ခဲ့ရသည်။ အပေါက်အပြဲသည် တဖြည်းဖြည်းကျယ်လာကာ နောက်ဆုံးတွင် အင်္ကျီလက်နှစ်ဘက်လုံး ပြတ်ကျခဲ့သည်။ ထို့ကြောင့် မူလက အင်္ကျီလက် ရှည်သည် ယခုအခါ အင်္ကျီလက်တို ဖြစ်ရပြီ။

ဘောင်းဘီရှည်သည်လည်း ထိုနည်းအတိုင်းပင် ဒူးဆစ်မှစ၍ ပြဲစုတ်ပြီး ပြတ်ကျခဲ့သည်။ ဘောင်းဘီ၏ တင်ပါးပိုင်းကိုလည်း တစေ့တစောင်း ကြည့်ပါဦး။ အထပ်ထပ်ဖာထေးထားသည်မှာ ထပ်တစ်ရာမုန့်ထက်ပင် အထပ်များလိမ့်မည်။ အင်္ကျီနောက်ကျောမှ ကန့်လန့်ဖြတ်အပြဲများကို သီချုပ်ထားသည်မှာ ကင်းခြေများတွေ ယှဉ်ချထား သလို ဖြစ်နေပြီ။ ဘောင်းဘီ၏ ရှေ့ပေါင်ဘက် အခြမ်းနှင့် အင်္ကျီပခုံး၊ နောက်ကျောများတွင် နေစားထားလို့ နက်ပြာရောင်လည်း ပျောက်ကွယ်ရပြီ။

ဦးဘဲနွတ်၊ ညွန့်သစ်၊ ရဖိုးနှင့် ချမ်းဘော်တို့၏ ဝတ်စုံကအင်္ကျီ အစုံအလင် ရှိသေးသည်။ သို့သော် သူတို့ဝတ်ထားသည်မှာလည်း ဖြူဖြူစင်စင်မဟုတ်။ ဒီဇယ်ဆီ၊ အမဲဆီ၊ ချွေး၊ ဖုန်နှင့် ရွှံ့များ ပေကျံနေသောကြောင့် ဆီသည်မ လက်သုတ်သဘာသာ ရှိသည်။

မွဲဆန်းသည် သူတို့ချည်းရှိစဉ်က သူ၏အင်္ကျီမစုံသော ဘောင်းဘီခြေပြတ်နှင့် အင်္ကျီလက်ပြတ်ကို ဂရုမထားမိသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း "သူလေးတွေ" ရောက်လာတော့ သတိထား ရမှန်း သိလာ၏။

သူလေးတွေက လူစိမ်းတွေ။ ဣတ္ထိယ အချောအလှလေး တွေ။

မိန်းမချောလေး ငါးဦးအနက် ကင်မရာလွယ်ထားသော အမျိုးသမီးသည် အလှဆုံးဖြစ်၏။

ပျော့အိသော အပြာရင့်ရောင် ထဘီသည် သူ၏အချိုး အဆစ် ကျနသော ကိုယ်ခန္ဓာ အလှကို ငြိမ်ပေါ်လွင်စေ သည်။ ရင်ဖုံးအင်္ကျီမိုးပြာရောင်က သူ၏ဖြူဖွေးသောအသား နှင့် လိုက်ဖက်သည်။ ပခုံးပေါ်တွင် နက်ပြာရောင် သိုးမွေး အင်္ကျီကို လွှမ်းခြုံ ထားသည်။

ထို့ကြောင့် သူ့ကို မွဲဆန်းက အပြာရောင် မိန်းမချောဟု အမည်သညာ ပေးသည်။

× × × ×

သူတို့ငါးယောက်နှင့် အတူပါလာသော ချော်တွင်းကုန်း ကျေးရွာကောင်စီ အတွင်းရေးမှူးဦးကျော်ကျော်ချပ်၏ ပြော စကားအရဆိုလျှင် အပြာရောင်လေးအပါအဝင် မိန်းမချော လေးဦးသည် တက္ကသိုလ်ကျောင်းသူများဖြစ်သည်။ ကျန် တစ်ဦးသည် စွယ်ဖြူချောင်းမှ ကျောင်းဆရာမဖြစ်သည်။ မန္တလေးမှ မိုးကုတ်သို့အသွားတွင် တက္ကသိုလ်ကျောင်းသူ လေးဦးသည် သူငယ်ချင်းဆရာမဖြစ်သူ၏ ရွာသို့ ဝင်ထွက် သည်။ ဆရာမက သူငယ်ချင်းများနှင့် ဆုံစည်းခိုက် တစ်ရက် နှစ်ရက်နေစေချင်သည်။ ကိုယ့်ကားနှင့်ကိုယ်မို့ ဆရာမ၏ဖိတ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှုကို လက်ခံလိုက်သည်။ ဆရာမက သူငယ်ချင်းများ မပျင်းရအောင် ပျော်ပွဲစားထွက်သည်။ ချော်တွင်းကုန်းရွာသို့ ရောက်လာကြသည်။ စားသောက်ပြီးသော် ကျေးရွာကောင်စီအတွင်းရေးမှူး ဦးကျောက်ချပ်က လိုက်လံပြသရင်း တောင်ပေါ်ရှိ စိန်လွန်တူးစက်များသို့ ရောက်လာသည်။

သူတို့ရောက်လာစဉ်က မှဲ့ဆန်းတို့အဖွဲ့သည် နေ့လယ်စာ ထမင်းစားချိန်မို့ လွန်စက်များကို ခေတ္တရပ်နားခိုက် ဖြစ်သည်။

"ဆရာမရေ .... ဒါက ဦးဘဲနှုတ်သို့ခေါ်ပါတယ်။ သူတို့တွေက ကိုညွန့်သစ်၊ ကိုချမ်းဘော်နဲ့ ကိုရဖီး၊ ဟိုနောက်နားမှာ ရပ်နေတာက ကိုမှဲ့ဆန်း၊ လွန်တူးလုပ်ငန်းတော့ ကျုပ်လဲ နားမလည်ဘူး။ သိချင်တာတွေ ဦးဘဲနှုတ်တို့ အဖွဲ့ကို မေးပေတော့ဗျို့"

ဦးကျောက်ချပ်သည် ရှင်းလင်းရေးတာဝန်ကြီးကို ဦးဘဲနှုတ် ပခုံးပေါ်သို့ တင်ပေးလိုက်သည်။ ဦးဘဲနှုတ်က နောက်လှည့်ကြည့်ပြီး....

"မှဲ့ဆန်း ရှင်းပြလိုက်ကွာ။ မင်းက နှုတ်သွက် လျှာသွက် ရှိပါတယ်"

ဟောပြောရေး တာဝန်ကြီးကို မှဲ့ဆန်းဘက် တွန်းသည်။

ခက် ခက်ရချည့်။ အချိုးမကျသော အဝတ်များကြောင့် နောက်နားမှာ ရပ်နေပါသည်။ ဇွတ်ဆွဲပြီး "တွန်းပို့လောက" လုပ်သည်။

မှဲ့ဆန်း ပိုင်နိုင်ကျွမ်းကျင်သော လုပ်ငန်းဖြစ်သဖြင့် ရှင်းပြရန် ဝန်မလေး သော်လည်း စုတ်စုတ်ပြတ်ပြတ် သူ့ပုံစံဖြင့် သက်တူရွယ်တူ မိန်းမချောလေးများရှေ့တွင် မပုပ်လိုပေ။

www.burmeseclassic.com

www.burmeseclassic.com



လာမည်ဆိုလျှင် ကြိုတင် ပြောထားသင့်သည်။ နှုတ်ခမ်းခမွှေး၊ မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်တွေကို ရိတ်မထားရလား။ ပွရောင်းရောင်း ဆံပင်တွေကို အုန်းဆီလိမ်းပြီး ခသေသေသပ်သပ် ဖြီးမလာရလား။ ရုံးကထုတ်ပေးထားသော ဝတ်စုံအသစ်ကို ဝတ်မလာရလား။

ယခုမူ မွဲဆန်းမှာ ........

× × × ×

မွဲဆန်းသည် ရှေ့သို့ ထွက်ရပ်လိုက်သည်။ ရှက်ရွံ့စိတ်ကို အားတင်း၍ ပယ်ဖျောက်၏။ သတ္တိကို တစ်ဆင့်မြှင့်ပြီး ပြောရန် အားယူလိုက်သည်။

"ဘာကစပြီး သိချင်ပါသလဲ ခင်ဗျာ"

"သည်စက်ကြီးကို ကျွန်မတို့ အခုမှ မြင်ဖူးတာဆိုတော့ ဘာပဲပြောပြော သိချင်ပါတယ်ရှင်"ဟု ဆရာမကပြောသည်။

"သည်စက်ကြီးကို လွန်တူးစက်လို့ ခေါ်ပါတယ်။ မစ်ဆူဘီရှိ ကုမ္ပဏီက ထုတ်ပါတယ်။ လောင်းရီးယား ကုမ္ပဏီက ထုတ်တဲ့စက်တွေလည်း ရှိပါတယ်။ ကုမ္ပဏီတွေကတော့ အမျိုးစုံပါပဲဗျာ။ သည်စက်ရဲ့ ဘယ်ဘက်အပိုင်းဟာ အင်ဂျင်ပိုင်းဖြစ်ပြီး ညာဘက်အပိုင်းဟာ စိန်လွန်တူးတဲ့ အပိုင်း ဖြစ်ပါတယ်"

"စိန်လွန်တူးတယ်ဆိုတာ စိန်တွေကို တူးယူတာလား"

စိန်ဟူသော အသံကြားသည်နှင့် အတောက်ပြောင်ဆုံးဝတ်ထားသော မိန်းမငယ်တစ်ဦးက အားတက်သရော မေးလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးခင်ဗျာ။ တူးတာကတော့ ကျောက်သားနဲ့ မြေသားတွေကို တူးတာပါ။ ကျောက်သားတွေကို စိန်စီထားတဲ့ လွန်သွားနဲ့ တူးတာမို့ စိန်လွန် တူးခြင်းလို့ ခေါ်ပါတယ်။ မြေသားနဲ့ကျောက်ပျော့တွေကို တမ်စတင် ကာဗိုက်လွန်သွား၊ ငါးကြင်းမြီး လွန်သွား၊ ရိုထရီဘစ်၊ ချော့ပ်ပင်၊ ဘစ် စသည်တို့နဲ့ တူးပါတယ်"

"ကျောက်တွေကို ဘာလုပ်ဖို့လဲဟင်...."

"ကျောက်တွေမှာ သတ္တု စွဲဝင်နေပါတယ်။ အဲသည်ကျောက်တွေကိုကြည့်ပြီး ဘူမိဗေဒ ပညာရှင်များက သတ္တုသိုက်ရဲ့ ပမာဏနဲ့ အရည်အသွေးကို တွက်ချက် ရပါတယ်။ ဒါကြောင့် နမူနာကြည့်ရှုဖို့ ကျောက်တွေ တူးတာပါ။ စိန်လွန်သွားနဲ့ တူးတဲ့အခါ ဆလင်ဒါပုံ လွန်အူစာတောင့်တွေ ထွက်လာပါတယ်။ ဟို သေတ္တာထဲမှ အကန့်လိုက် ထည့်ထားတဲ့ ကျောက်တောင့်တွေဟာ သည်စက်ကြီးနဲ့ တူးလို့ရတာပေါ့။ အဲသည် ကျောက်တောင့်တွေဟာ အင်န်အရွယ်အစားပါ။ အကြီးဆုံးပေါ့။ သူ့ထက် ငယ်တဲ့ ဘီအရွယ်အစားနဲ့ အေအရွယ်အစားတွေ ရှိပါသေးတယ်။ ကျင်းနက်လာလေလေ အရွယ်သေးပြီး တူးရလေပါပဲခင်ဗျား"

"ဒါဆိုယင် လွန်တူးလုပ်ငန်းဟာ ဓာတ်သတ္တု ရှာဖွေရေးမှာပဲ သုံးတာပေါ့နော်"

"မကဘူးဗျ။ ရေနံ ရှာဖွေရေးတို့၊ ရေလှောင်တမံ တည်ဆောက်ရေးတို့၊ စက်ရေတွင်း တူးဖော်ရေးတို့မှာလဲ သုံးပါတယ်။ တံတားကြီးတွေ၊ ဥမင်လိုဏ်ခေါင်းတွေ၊ ဈေးစင်ကြီးတွေ စတဲ့ တည်ဆောက်ရေး လုပ်ငန်းတွေမှာ အင်ဂျင်နီယာများနဲ့ ပူးတွဲ လုပ်ကိုင်ရပါတယ်။ အောက်ခံ မြေလွှာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်တဲ့လုပ်ငန်းမှန်သမျှ ကျွန်တော်တို့ လွန်တူးလုပ်ငန်းဟာ မပါယင်မပြီးဘူးပေါ့ဗျာ"

"ကျောက်တွေကို ဘယ်လိုတူးပြီး ဘယ်လိုထုတ်ယူပါသလဲရှင်"

"ဒါအတွက်တော့ ဟိုမှာပုံထားတဲ့ လွန်တူးပိုက်တွေ သုံးရပါတယ်။ လွန်တူးစက်မှာ ပိုက်တွေ တပ်ဆင်တယ်။ စက်နဲ့လှည့်ယင် လွန်တူးပိုက်တွေ လည်လာတယ်။ လွန်တူး ပိုက်ရဲ့ထိပ်မှာ ကိုးဘာရယ်လ် ခေါ်တဲ့ သံပိုက်ရှည် တစ်ချောင်းတပ်ထားတာ ရှိပါတယ်။ ကိုးဘာရယ်လ်ရဲ့ ထိပ်မှာ စိန်လွန်သွား တပ်ထားတယ်။ စိန်လွန်နဲ့ ဖြတ်လို့ရတဲ့ ကျောက်တောင့်တွေကို ကိုးဘာရယ်လ်ထဲမှာ ထိန်းသိမ်းထားတာပေါ့ဗျာ။ လွန်တူးပိုက်တွေ တစ်ချောင်းပြီး တစ်ချောင်း ဆက်ဆက်တူးသွားပါတယ်။ ဟိုမှာပုံထားတဲ့ သံပိုက်တွေကို ကေစင်လို့ ခေါ်ပါတယ်။ တူးထားတဲ့ လွန်ကျင်းနံရံတွေ ပြိုမကျအောင် ကေစင်ပိုက်တွေချပြီး ကာကွယ်ပါတယ်"

"သံ ပိုက် တွေ ဆို တော့ သယ်ရထမ်းရတာ လေးမှာပေါ့နော်"

"ဟာ.... လေးတာပေါ့ဗျာ။ အင်န် အရွယ်အစားရှိတဲ့ ဆယ်ပေရှည် လွန်တူးပိုက် တစ်ချောင်းဟာ လေးဆယ့်ကိုးပေါင်လောက် လေးပါတယ်။ လွန်တူးပိုက်တွေကို ဖြုတ်တဲ့ တပ်တဲ့ ခွတွေ၊ ကဏန်းလက်မတွေ၊ ချိန်းကြိုးတွေဟာလေးလံတဲ့ သံထည်တွေချည်း ပါပဲဗျာ။ ဒါကြောင့် လုပ်ငန်းခွင်မှာ ဖိုင်ဘာ ဦးထုပ်တွေ ဆောင်းထားရတယ်။ ဘွတ်ဖိနပ်တွေ စီးထားရတယ်။ ထိမိ ခိုက်မိယင် အကျိုးအပဲ့ ကအနာ အသေအပျောက်ထိ ရှိနိုင်တာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်မှဲ့ဆန်းရေ....စက်နှိုးကွာ။ အလုပ်ပြန်စရအောင်။ ကလေးမတွေလဲ လွန်တူးတာကို လက်တွေ့ မြင်ဖူးသွားတာ ပေါ့"

ဦးဘဲနှုတ်က ဆော်သြသဖြင့် မှဲ့ဆန်းသည် အပြောရပ်၍ လက်တွေ့ လုပ်ပြရန် ပြင်ဆင်ရသည်။ ညွန့်သစ်၊ ရဖီးနှင့် ချမ်းဘော် တို့သည် ဆေးပေါ့လိပ်တွေ ဘေးချ ထားခဲ့ပြီး သံပိုက်တွေ မကြ၊ ခွတွေကိုင်ကြ၊ ရေစုပ်စက် နှိုးကြနှင့် တက်ညီလက်ညီ လှုပ်ရှားကြ၏။

ပျော်ပွဲစား ထွက်လာသော ဆရာမတို့ အုပ်စုသည် ကျောက်တုံးတွေပေါ် တချို့၊ သစ်မြစ်ပေါ် တချို့ ထိုင်ကြည့် ကြသည်။

လွန်တူး ပစ္စည်းများကို သံမဏိကြိုးတွင် ချိတ်ဆွဲ၍ လွန် ကျင်းထဲချသည်။ မှဲ့ဆန်းသည် ကလပ်ချ်ဆွဲလိုက်၊ ဂီယာထိုး လိုက်၊ လီဗာမြှင့်လိုက်နှင့် မအားလပ်အောင် ဖြစ်နေသည်။ ဆူညံစွာအော်မြည်နေသော လွန်တူးစက်ကြီးက တသိမ့်သိမ့် တုန်ခါလျက်ရှိ၏။ လွန်တူး ပိုက်များက မွတ်မွတ် လည်နေ သည်။ မှဲ့ဆန်းသည် ဖိအားအလျော့အတင်းကို လိုအပ်သလို ထိန်းပေးသည်။ ငါးပေ တူးပြီးသော် ဝါယာကြိုးချပြီး အတွင်းပိုက်ကို ဆွဲယူကြသည်။ အတွင်းပိုက်ထဲမှ လွန်အူစာ ကျောက်တောင့်များကို ခါထုတ်ကြသည်။

မှဲ့ဆန်းတို့အဖွဲ့ အားကြိုးမာန်တက် လုပ်ကိုင် နေစဉ်တွင် အပြာရောင်မိန်းမချောသည် ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ယူ သည်။

ထို့နောက် မှဲ့ဆန်းတို့အုပ်စုနှင့် ပျော်ပွဲစားထွက်လာသော အုပ်စုတို့သည် လွန်စက်ကြီးကိုနောက်ခံထား၍ ဓာတ်ပုံရိုက်ရန်

www.burmeseclassic.com

www.burmeseclassic.com


ပြင်ဆင်ကြသည်။ အပြာရောင် မိန်းမချောသည် ကင်မရာကို ချိန်ဆပြီး သူ့တစ်ရပ် နီးပါးရှိသော သစ်ပင်ပြတ်ပေါ် တင်၍ ပြန်ပြေးလာသည်။ လူအုပ် ကြားထဲသို့ တိုးဝှေ့ ဝင်သည်။ အမှတ်တမဲ့မို့လားမသိ၊ မှဲ့ဆန်းနှင့် ယှဉ်တွဲရပ်မိသည်။ ထိုစဉ်တွင် လျှပ်စီးလက်သလို အလင်းတန်းတစ်ခုသည် ကင်မရာမှ ထွက်ပေါ်လာသည်။

ဆရာမသည် "ပြန်ပါဦးမယ်ရှင်"ဟု အားလုံးကိုနှုတ်ဆက်စကားဆိုသည်။ အပြာရောင် မိန်းမချောသည် ကင်မရာကို သားရေအိတ်ထဲ ပြန်ထည့်သည်။

"ဦးလေးတို့က တောတွေထဲ လှည့်ပတ်ပြီး တူးနေတာပဲလား"

သူ့အဖွဲ့တွေ အပြန်လမ်းကို ခြေဦးလှည့်နေပြီ ဖြစ်သော်လည်း အပြာရောင် မိန်းမချောသည် လိုက်မသွားသေးဘဲ ဦးဘနှုတ်ကို မေးမြန်းနေသည်။

"တောတိုင်းတော့ မဟုတ်ပါဘူး ကလေးမရယ်။ သတ္တုရှိနိုင်တယ်လို့ သတ်မှတ်ထားတဲ့ တောတောင်တွေပေါ့။ ဒါပေမယ့် သတ္တုသိုက်တွေက မြို့လယ်မှာ မရှိပါဘူး။ တောထဲမှာရှိတော့ ဦးလေးတို့လဲ တောထဲမှာ တာဝန် ထမ်းဆောင်ရတာ များပါတယ်"

ရှေ့မှ ထွက်သွားသော အုပ်စုသည် လမ်းကွေ့ တစ်ခုကို ရောက်သွားပြီ။

အပြာရောင်သည် မှဲ့ဆန်းကို တစ်ချက် လှမ်းကြည့်၏။ စကားပြောလိုဟန် လက္ခဏာ တွေ့မြင်ရသဖြင့် မှဲ့ဆန်းက....

"ဘာမေးချင်လို့လဲ ခင်ဗျာ။ လွန်တူးလုပ်ငန်းနဲ့ပတ်သက်ပြီး မရှင်းလင်းတာရှိယင် မေးနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးယင် မေးမယ်နော်"

"မေးပါဗျာ"

"ရှင့်နဖူး တည့်တည့်က မှဲ့ကြီးကြောင့် ကိုမှဲ့ဆန်းလို့ ခေါ်တာပေါ့နော် ဟုတ်တယ်မဟုတ်လား"

မထင်မှတ်သော စကားကြောင့် မှဲ့ဆန်းနှင့်တကွ ဦးဘဲ နှုတ်တို့အားလုံးသည် နှုတ်ဆွံ့အနေသည်။

"သည်မှဲ့ကြောင့် ရှင့် မျက်နှာဟာ ဆွဲဆောင်မှုရှိတယ်လို့ ပြောပါရစေနော်"

အပြာရောင် မိန်းမချောသည် ကင်မရာကို စလွယ်သိုင်း လွယ်လျက် သူ့အဖွဲ့နောက်သို့ အပြေး လိုက်သွားသည်။

နိမ့်မြင့်ဝေ့ဝိုက် လှုပ်ရှားသောအပြာရောင်၏ နောက်ပိုင်း ကို ငေးမောရင်း ကြောင်တောင်တောင်ရပ်နေသည့် မှဲ့ဆန်း ကို ချမ်းအောဘ်က ဖြန်းခနဲ ရိုက်ချသည်။

"ဟဲ့ကောင်....အသက်မှရှိသေးရဲ့လား"

× × × ×

ချမ်းအောဘ်နှင့် ရဖီး၏ ဝမ်းသာအားရ ပြန်လည်ဖောက် သည်ချမှုကြောင့် ဤအကြောင်းသည် လွန်တူးတစ်ဖွဲ့လုံးသို့ တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။

"မှဲ့ဆန်းကို ကောင်မလေးက သဘောကျသွားပြီကွ"ဟု ဝိုင်းပင့်ကြသည်။ သူငယ်ချင်းများ၏ စကားသည် မဟုတ် မှန်ကြောင်း မှဲ့ဆန်းသိသည်။ သို့သော် ဟုတ်စေချင်နေ သည်။ အများ၏ မင်္ဂလာစကားတွင် သာယာမိသည်။

www.burmeseclassic.com

www.burmeseclassic.com


"အချစ်နဲ့ ဆုံဆည်းခြင်းအထိမ်းအမှတ်အဖြစ် လက်ဖက်ရည်တိုက်ကွာ"

တစ်ယောက်က အဆိုတင်သွင်းလိုက်သည်နှင့် အများက ဘညီတညွတ်တည်း "ဟုတ်တယ်ဟေ့" ဟု ထောက်ခံကြသည်။ ရှင်မြူးနေသောမှဲ့ဆန်းက အလွယ်တကူ ခေါင်းညိတ်လိုက်သည်။

တောင်ခြေရှိ ချော်တွင်းကုန်းရွာတွင်သာ လက်ဖက်ရည်ဆိုင်ရှိသောကြောင့် တောင်အောက်သို့ တစ်ဖွဲ့လုံး ဆင်းကြသည်။ အပြာရောင်၏ စကားတစ်ခွန်းကြောင့် မှဲ့ဆန်းသည် ငွေ ၃၀ ကျပ်ကုန် ဒါနတစ်ခုပြုလိုက်ရသည်။

သို့သော်လည်း တန်ပါသည်။ လူလည် ချမ်းဘော်က ကောင်စီအတွင်းရေးမှူး ဦးကျော်ချပ်ကို သွယ်ဝိုက်မေးမြန်းခဲ့သဖြင့် အပြာရောင်၏ အမည်နာမကို သိရှိခဲ့ရ၏။

မနွေဦး ဆိုပါလား။

ဆောင်းဦးကာလ သမယတွင် နွေဦးနှင့် တွေ့ဆုံရသည်။ အမှတ်မထင်လာသည်။ တစ်ခဏနှင့်ပြန်ထွက်သွားသည်။ ရိုးရိုးပြန်မသွား။ သတိရစရာစကားတွေ ချန်ထားရစ်ခဲ့သည်။

မနွေဦးက မှဲ့ဆန်းကို ပြောခဲ့သောစကားတို့သည် အချိန်ကြာသည်နှင့် အမျ စ ခန်း အ တွင်း ရှိ လူများကြားတွင် အ ပြော အ ဆို နည်း ပါး သွား သော် လည်း မှဲ့ဆန်း၏နှ အကြားတွင်မူ တိုးတိမ်မသွားပေ။ အလုပ်အားရှိ စ လိုက်တိုင်း မနွေဦး၏ ပီယဝါစာစကားသံသာကို ပြန်လည်ကြားယောင်နေမြဲပင်။

သုံးလခန့်အကြာတွင် မနွေဦးထံမှ ရောင်စုံဓာတ်ပုံတွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်ကြီးရောက်လာသည်။ လွန်တူးစခန်းအတွင်း၌ လှုပ်လှုပ်ရှားရှား ဖြန့်ဖြစ်ရသည်။ မှဲ့ဆန်းတို့အဖွဲ့ စိန်လွန်တူးနေပုံများ၊ မန္တေဦးတို့အဖွဲ့နှင့် စုပေါင်းရိုက်ထားသော ပုံများအပြင် စာတစ်စောင်လည်း ပါလာသည်။

ထိုစာကို ချမ်းဘော်က အများကြားရအောင် မတ်တပ်ရပ်၍ အော်ဖတ်ပြသည်။ လွန်တူးဝန်ထမ်းများက အောက်မှ ဝိုင်းဖွဲ့နားထောင်ကြသည်။

"ကိုမှဲ့ဆန်းတဲ့....။ ကိုမှဲ့ဆန်းအမည်ကိုသာ မှတ်မိတော့လို့ ခေါင်းစဉ်တပ်ရေးလိုက်ရသော်လည်း အားလုံးကို သတိရပါတယ်တဲ့။ ကိုမှဲ့ဆန်း အမည်ကိုတော့ မဦးက ဘယ်တော့မှ မမေ့ပါဘူးတဲ့"

နားထောင်နေသော လူအုပ်ထဲမှ ဆင်လို အော်သံက တဝူးဝူး၊ ကြောင်လိုမြည်သံက တညောင်ညောင်၊ ခွေးလို ဟောင်သံက တဝုတ်ဝုတ်တို့ ထွက်ပေါ်လာသည်။ တချို့က ဝါးကြမ်းပြင်ကို တဂျောင်းဂျောင်းရိုက်ပုတ်ကြသည်။ တချို့က လက်ခေါက်မှုတ်ကြသည်။

"ဟိုး....ဆရာ။ ဟိုး... ။ စာမဆုံးသေးတဲ့အတွက် ဆက်လက်နားသောတ ဆင်ကြပါခင်ဗျာ။ နောက်ပိုင်းမှာ သည့်ထက်ကောင်းတဲ့ ကာလသားကြိုက်များ လာပါဦးမည်...."

ချမ်းဘော်က ရှုတ်နောက်နောက်လုပ်နေသည်။ လက်ခုပ်တီးသံများ ပေါ်ထွက်လာသည်။

"အဟမ်း.... အဟမ်း....။ တွေ့ရကြုံရဖို့မလွယ်တဲ့ လွန်တူးလုပ်ငန်းကို တွေ့ခဲ့ရလို့ အများကြီးကျေးဇူးတင်ပါတယ်တဲ့။ ရောင်စုံဓာတ်ပုံများလည်း ကူးပြီးပြီးချင်းမေတ္တာလက်ဆောင် ပေးလိုက်ပါတယ်တဲ့။ တောထဲမှာ အမြဲလိုလိုနေရှာတော့ ပျင်း

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့နေ့ဘ်တဲ့။ ရန်ကုန်ကိုမလာဘူးလားတဲ့။ ရန်ကုန်ရောက်တဲ့အခါ မဦးထံ လာလည်နိုင်ပါတယ်တဲ့။ မနွေဦး၊ အခန်း ( )၊အင်းလျားဆောင်ဆိုယင်ရပါတယ်တဲ့။ ဒါပါပဲ ခင်ဗျာ"

စာဆုံးသည်နှင့် ဝေးခန့်အော်ဟစ်ကာ မွှဲဆန်းကို ဝိုင်းပွေ့ကြသည်။

မွှဲဆန်း၏ပါးစပ်က နားရွက်ကို တက်ချိတ်လုနီးနီးဖြစ်နေပြီ။

× × × ×

ရန်ကုန်ရှိးချုပ်သို့ လွန်တူးစက်တစ်လုံး ပြန်ပို့ရန် ကိစ္စပေါ်လာသောအခါ အများက မွှဲဆန်းကို လိုက်သွားစေချင်သည်။ အဓိက အကြောင်းရင်းမှာ မွှဲဆန်းကို မနွေဦးနှင့် တွေ့ဆုံစေဖို့ပင်။ သူတို့လောကတွင် ပျော်ပွဲစား ထွက်လာသော တက္ကသိုလ်ကျောင်းသူနှင့် လွန်တူးဝန်ထမ်းတို့ မေတ္တာဂဟေဆက် ပေါင်းဖက်မိသည့် ဇာတ်လမ်းမျိုး မရှိသေးပေ။ မွှဲဆန်းနှင့် မနွေဦးတို့ ချစ်သွားကြပြီဆိုသော သတင်းစကားကို ကြားချင်ကြသည်။

အများ၏ ဆန္ဒ၊ အများ၏ စေတနာကို မွှဲဆန်းနားလည်သည်။ သူကိုယ်တိုင်လည်း အများဖြစ်စေချင်သလို မနွေဦးနှင့် မေတ္တာမျှလိုသည်။ သို့သော် ဘယ်လိုမျှမဖြစ်နိုင်ကြောင်း သူသိသည်။ မနွေဦး၏ ဝန်းကျင်တွင် မွှဲဆန်းထက်သာသော ယောကျ်ားတွေ ရာထောင်မက ရှိသည်။ တဒင်္ဂတွေ့ဆုံခဲ့သော အဝတ်အစားစုတ်ပြတ်ပြတ် လူတစ်ဦးကို ရှုပ၊ မြန် ပြည့်စုံသည့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက နှစ်သက်ပါသည်ဆိုလျှင် စိတ်ကူးယဉ် ဆန်လွန်းသည်။

"အချစ်မှာ မျက်စိမရှိဘူးကွ"ဟု ရဖီးသည် ပညာရှိများ၏ အဆိုအမိန့်ကို ကိုးကားပြသည်။

"ဘာပဲဖြစ်ဖြစ်၊ အခွင့်ကြုံလာခိုက်မှာ ရန်ကုန်ကို လိုက်သွားသင့်တယ်"ဟု ချမ်းဘော်က တိုက်တွန်းသည်။

မွဲဆန်းလိုက်ပါပြီတဲ့။ ရန်ကုန်ရောက်လျှင် ဘယ်မှာတည်းရမည်နည်း။

ရန်ကုန်တွင် တည်းခိုနေထိုင်စရာ ဆွေမျိုးသားချင်းမရှိပေ။ မုံရွာနယ်မှ မောင်မွဲဆန်းသည် မြန်မာပြည်အလယ်ပိုင်းတွင်သာ ဆွေမျိုးများရှိသည်။ မဟာရန်ကုန်တွင် တည်းခိုခန်းတွေ ဟိုတယ်တွေ မှိုလိုပေါက်နေသော်လည်း အနားသို့ကပ်နိုင်သောအင်အား မောင်မွဲဆန်းမှာ မရှိ။

အတူသွားရမည့်အဖွဲ့ထဲမှာ လက်ထောက်လွန်တူးအင်ဂျင်နီယာ (၁) ကိုစိတ်ဖြူက "လိုက်ခဲ့ပါ။ ငါ့အိမ်မှာတည်းပါ"ဟု ခေါ်သည်။ ညီအစ်ကိုလိုခင်သူမို့ ခေါင်းညိတ်ခဲ့ရသော်လည်း မွဲဆန်း အလွန်အားနာသည်။

မန္တေဦး၏ လှတစ်မျက်နှာကို မြင်တွေ့လိုသောဇောဖြင့် ရန်ကုန်မြို့ကြီးသို့ လိုက်လာသည်။ သူ့ဘက်က တသသ မေ့မရသော်လည်း မန္တေဦးသည် မြို့ပြ လူမှုအသိုင်းအဝိုင်းများ၊ ပျော်ပွဲ ရှင်ပွဲများ၊ ကျောင်းသင်ခန်းစာများထဲတွင် နစ်မြောနေပေလိမ့်မည်။

သိလျက်ကယ်နှင့် ဝိဘက် ကြမ္မာ ငင်တော့မည်လော။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ညော့သည်လာတယ်ဆိုတော့ ဘယ်သူများလဲလို့...."

အဆုံးမသတ်သောစကားကို ပြောဆိုရင်း မနွေဦးရောက်လာသည်။ ညော့သည်တွေချိန်မှု ညော့ခန်းထဲတွင် လူစည်ကားသည်။ အကျော့အမော့ ဖီးလိမ်းဝတ်စားထားသော မနွေဦးသည် သူ့ကိုစောင့်နေခြင်းတော့ မဟုတ်တန်ရာ။ သူလာမည့်အကြောင်းကို မနွေဦးမှ မသိဘဲ။ သူ့အပြင် အခြားတစ်ယောက်ကို စောင့်နေခြင်းသာ ဖြစ်မည်။ ထိုသူသည်....

အားခဲ၍ လာသော်လည်း တွေ့မိမှ အားငယ်ရသည်။

မနွေဦး၏အမူအရာတွင် တက်ကြွရှင်လန်းဟန် မတွေ့ရ။ အဝေးကလာသောသူကို သည့်ထက်လိုက်လှဲစွာ ကြိုဆိုသင့်သည်။ လေှကားမှ ပြေးဆင်းလာသော မနွေဦး၏ သွက်လက်သောခြေနှင့် သူ့ကိုမြင်ပြီး သူ့ထံလာသော ခြေတို့၏ အမြန်နှုန်းသည် ကွာခြားပါဘိတောင်း။

အိမ်ရှင်က မဖော်ရွေတော့ ညော့သည်မှာ မျက်နှာငယ်ရသည်။ လက်ဆောင်ပေးရန်ယူလာသော မန္တလေးထိုးမုန့်နှင့် အရိုးတောင်းလက်ဖက်ထုပ်တို့ကို တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

"ဘယ်လိုလဲရှင့်၊ ဒါဟာ နဖူးမှာအိုးမဲသုတ်လာတဲ့ ကိုမှဲ့ဆန်းအတုထင်တယ်"

အမူအရာပြောင်း၍ ပြုံးပြုံးရွှင်ရွှင်ပြောလာသော မနွေဦး၏အသံကြောင့် မှဲ့ဆန်းသည် သက်ဝင်လှုပ်ရှားလာသည်။

"ဟာ.... မဟုတ်ပါဘူးဗျာ။ ကျွန်တော်မှဲ့ဆန်းအစစ်ပါ။ ဘယ်ကစပြီး ဘယ်လိုပြောရမှန်း မသိလို့ပါ"

"ကဲပါရှင်.... ပြောစရာစကား စဉ်းစားထား၊ အခုက်ထဲက ထုပ်ခဲ့တွက မဦးကို ပေးဖို့မဟုတ်လား။ ပေးလေ"

www.burmeseclassic.com

www.burmeseclassic.com


ပွင့်လင်းသွက်လက်သော မနွေဦး၏ဟန်ကြောင့် သူ့မှာန်တွေတက်ကြွလာသည်။

"အို....ဟုတ်ပါ့ရဲ့ဗျာ။ ရော့.... ရော့.... မန္တလေးခဏဝင် ဘုန်း စျေးချိုထဲကဝယ်ခဲ့တာပါ။ ဩော်....ဒါနဲ့....ဒါကမနွေဦး အစစ် ဟုတ်ပါတယ်နော်"

မနွေဦး၏စကားနှင့်ဆင်တူယိုးမှားစကားကို ဆိုဖြစ်သည်။

"မဦး အစစ်ပါရှင်။ သိပ်ပြီးမတူတော့လို့လား"

"အင်း....သိပ် မတူဘူးဗျ။ အခုတွေ့တဲ့မနွေဦးက ပိုချော ပြီး ပိုယဉ်သလိုပဲ"

ကြည့်....။ မပြောတော့လုံးလုံး။ ပြောမည့်ပြောတော့ ဘာလိုလို။

"ဟုတ်ပြီဟေ့.....။ ချောတယ်လို့လဲပြောတယ်။ လက် ဆောင်တွေလဲပေးတယ်။ ဒါကြောင့် ကိုမွှဲဆန်းကို မုန့်ဝယ် ကျွေးရမယ်။ အခုတော့ မဟုတ်ဘူးနော်။ မနက်ဖြန်လာခဲ့။ ဆယ့်တစ်နာရီ နောက်ပိုင်းမှာ ကလပ်စ်တွေ မရှိတော့ဘူး။ အဆောင်အပေါက်ဝက စောင့်နေနော်။ ဟုတ်လား"

ယဉ်ယဉ်ကျေးကျေး နှင်နေပြီ ဖြစ်ကြောင်း မွှဲဆန်းသိ လိုက်သည်။ ညှော့လာချိန်တွင် ဖီးလိမ်းပြင်ဆင်ထားသော မနွေဦးအတွက် သူအလိုက်သိရမည်။ မျက်နှာရိပ် မျက်နှာကဲ ကို ဖမ်းတတ်ရမည်။

သူတွေလို မြင်လိုသော မျက်နှာကိုမြင်ရပြီမို့ ကျေနပ်ပါ သည်။

နှုတ်ဆက်ထွက်ခွာခဲ့သည်။

မနက်ဖြန် လာသင့်၊ မလာသင့် စဉ်းစားရမည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ ဆိုစေ....

အချိန်တန်သည့်အခါ အင်းလျားဆောင်အဝင်ဝသို့ နံနက် ၁၁ နာရီခွဲတိတိတွင် မှဲ့ဆန်းရောက်ရှိသွားသည်။

"မသွားယင် ရိုင်းရာကျမယ်လေ။ မစောင့်ခဲ့ယင် ကတိမတည်သလို ဖြစ်နေလိမ့်မယ်"ဟု ကိုယ့်ကိုယ်ကို ဆင်ခြေပေးနေသော်လည်း တကယ့်စိတ်ရင်းအမှန်မှာ မနွေဦးကို ထပ်မံမြင်တွေ့လိုခြင်း ဖြစ်သည်။

နာရီဝက် ကျော်ကျော်ခန့် စောင့်လိုက်သောအခါ တွေ့လိုသောမျက်နှာလှလှကို မြင်တွေ့ရသည်။

"စောင့်ရတာ ကြာပြီလား။ စောင့်လက်စနဲ့ ဆက်ပြီးစောင့်နော်။ မဦး စာအုပ်တွေ သွားထားဦးမယ်။ ခဏလေးတကယ်ခဏလေး...."

သမင်ပျိုလေးလို သွက်လက်စွာပြေးဝင်သွားသည်။ ပြောစကားနှင့်အညီ တစ်ခဏနှင့် ပြန်ထွက်လာသည်။ ထဘီမလဲသော်လည်း အင်္ကျီလဲလာကြောင်း တွေ့ရသည်။ အဖော်တစ်ဦးပါလာသည်။ မနွေဦးလိုပင် ဖြူဖြူမြင့်မြင့် ချောချော။

"သွားကြစို့။ ကိုမှဲ့ဆန်းကို တက္ကသိုလ်ထဲ လှည့်ပြမယ်။ ပြီးတော့ မုန့်ဝယ်ကျွေးမယ်"

အမျိုးသမီးနှစ်ဦး ဦးဆောင်ရာသို့ နောက်တော်ပါးမှ လိုက်ရသည်။

"ဟောဒါက အာရ်စီတဲ့။ RECREATION CENTRE ပေါ့။ မြန်မာလိုတော့ အပန်းဖြေရိပ်သာ။ လာ- အထဲကိုဝင်ကြည့်ရအောင်"

အားကစားပွဲများ၊ ပန်းချီပြပွဲများ လုပ်သော ခန်းမဆောင်ကြီးကို ပြသည်။ ဖြန့်ထုတ်၍ ခေါက်သွင်း၍ရသော

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်စင်များကိုပြသည်။ ခန်းမဆောင်ကြီးဘေးရှိ စာရေးကိရိယာနှင့် အလှကုန်ပစ္စည်း ရောင်းသော ဆိုင်ခန်းများ၊ အတီးအမှုတ်နှင့် အကအခုန် လေ့ကျင့်သင်ကြားပေးသော အခန်းများကို လိုက်လံပြသသည်။

ထိုမှထွက်ပြီး စာကြည့်တိုက် အဟောင်းနှင့် အသစ်၊ ဝိဇ္ဇာအဆောက်အအုံနှင့် သိပ္ပံအဆောက်အအုံ၊ မန္တလေးဆောင်နှင့် အမရဆောင် စသော စာသင်ဆောင်များ၊ သထုံဆောင်နှင့် ပဲခူးဆောင်စသော ကျောင်းသားဆောင်များ၊ အဓိပတိလမ်းနှင့် ပုဂံလမ်း စသော အထင်ကရလမ်းများ၊ သစ်ပုပ်ပင်နှင့် ရေတမာပင်စသော နာမည်ကြီးအပင်များ။

ဂျပ်ဆင် ဘုရားရှိခိုးကျောင်းနှင့် သီရိဆောင်ကို ပြသပြီး အပြင်ထွက်သည်။ ယုဒသန်ရိပ်သာကို လက်ညှိုးထိုးပြသည်။ မာလာဆောင်ရှေ့မှဖြတ်လျှောက်လာသည်။ တစ်ဖန် စီးပွားရေး တက္ကသိုလ်ထဲ ဝင်သည်။ ဘွဲ့နှင်းသဘင် ခန်းမကြီးကို လှမ်းမျှော်ကြည့်ရသည်။

နေရာစုံအောင်ပြသသည်။ အေးအေးဆေးဆေး ရှေ့လက်တွဲပြီးသွားကြလျှင် မည်မျှကောင်းမည်နည်း။ သူများအတွဲတွေကို မွဲဆန်း အားကျသည်။

ယခု မွဲဆန်း၏ အဖြစ်ကို အနီးစပ်ဆုံး နှိုင်းခိုင်းရလျှင် တောမှအဘွားကြီးတစ်ဦး ဘုရားဖူးလာသောအခါ မြို့ရောက်ခေတ်ပညာတတ်သားက များများတွေ့စေ မြန်မြန်ပြီးစေသဘောမျိုးဖြင့် လိုက်လံပြသခြင်းနှင့် တူနေပါသည်။

"ကဲ....ခြေထောက်လဲ တော်တော်ညောင်းပြီ။ နေရာလဲစုံပြီ။ သည်တော့ အစားအသောက်ကလျှာကို စရအောင်။

www.burmeseclassic.com



ဒါ ဦးယမ်းဘီလူးဆိုင်ပေါ့။ ဝတ္ထုတွေထဲမှာ ခဏခဏပါတယ်လေ။ ဖတ်ဖူးလား”

တစ်ဆိုင်လုံး ပြည့်လျှံနေသော ကျောင်းသားများကို ငေးမောကြည့်နေသဖြင့် မနွေဦးကို ပြန်လည် ဖြေဆိုခြင်း မပြုမိ။

စားပွဲများ၊ ခုံများကို ကွေ့ရှောင်၍ အတွင်းထဲအထိ ဝင်သောအခါ ထိုင်စရာနေရာ ရသည်။ သံဘူးသုံးခွက်ဟု မနွေဦးမှာလိုက်သံကို ကြား၏။ လာချသောအခါ မုန့်ဆန်းမျှော်လင့်ထားသလို သံဘူးတွေနှင့်မဟုတ်။ ဖန်ခွက်တွေနှင့် ဖြစ်သည်။

မနွေဦးတို့ သူငယ်ချင်း နှစ်ယောက် သည် ဖျော်ရည်သောက်ရင်း စကားဖောင်ဖွဲ့ကြသည်။ သူတို့စကားထဲတွင် မက်ခ်စ်ဖက်တာမိတ်ကပ်နှင့် ရယ်ဗလွန်ရေမွှေး၊ လင်ဆာနှင့် တိုယိုတာဟိုင်းလက်၊ အီးတီနှင့် စတားဝါး၊ ဟတ်တူဟတ်နှင့် ကိုလံဘို၊ ဖိုးအိုတူးနှင့် ကျူတိုရီရယ် စသည်ဖြင့် အကြောင်းအရာတွေ စုံလွန်းလှသည်။ ဘေး နား တွင် ထိုင် နေ သော မုန့်ဆန်းကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟု မအောက်မေ့။

မြန်မာမလေး နှစ်ဦးသည် မြန်မာလို တွတ်ထိုးနေရာမှ အင်္ဂလိပ်စကားများကြားဖြတ်ဝင်လာသည်။ ထိုစကားများကို မြန်မာလိုဘာသာပြန်ရလျှင်....

“မဦးရေ....။ တောတွင်းသား ပျင်းနေပြီ။ စကားပြောစရာအဖော်မရှိ ဖြစ်နေပြီ”

“တောတွင်းသားက မပျင်းပါဘူး။ ပတ် ဝန်း ကျင် ကို အလွန်စိတ်ဝင်စားနေတယ်။ တို့နဲ့ သူနဲ့ဟာ ပညာအဆင့်အတန်းမတူညီဘူး။ တန်းတူပြောလို့မရဘူး”

www.burmeseclassic.com

www.burmeseclassic.com


"အို.... တောတွင်းသားက ပညာမတတ်ဘူးလား...."

"ပညာတတ်ယင် တောထဲမှာ နေပါ့မလား။ တောထဲသွားပြီး ပင်ပင်ပန်းပန်း အလုပ်လုပ်နေတာဟာ အဆင့်အတန်း နိမ့်လို့ပေါ့ကွာ။ သူ့ကို အီးတီဆိုတဲ့သတ္တဝါ သိသလား မေးကြည့်ပါ။ နွားတစ်ကောင်ကို မေးတာလို့ ထင်နေလိမ့်မယ်"

မွဲဆန်းမသိစေချင်သောကြောင့် အင်္ဂလိပ်လိုပြောသည်။ မွဲဆန်းအကြောင်းပြောခြင်း မဟုတ်သလို ဟန်ဆောင်ကြသည်။ တစ်နေရာကို စူးစိုက်ကြည့်ပြီးရယ်နေကြ၏။

မွဲဆန်းသည်လည်း ရယ် ချင် ပါ သည်။ သူတို့ပြောတာလောက်တော့ မွဲဆန်းနားလည်သည်။ သို့သော် မရယ်မိ။ တုန်လှုပ်သည်။ ဒေါသငွေ့တို့ လွန့်လူးတက်လာသည်။ တောတောင်ထဲကလူအားလုံးကို အဆင့်အတန်းမရှိဟု သတ်မှတ်ချက်အား ချေပလိုစိတ်တို့ ထိုးထွက်လာသည်။

ဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။ ပြောရန်အားယူသည်။

"ဟိုး....မလုပ်နဲ့။ မလုပ်သင့်ဘူး"

ဦးနှောက်က အချိန်မီ သတိပေးသည်။ ယခုပြောလျှင် မနွေဦးတို့နှစ်ယောက် ရှက်သွားလိမ့်မည်။ စိတ်လိုက်မာန်ပါ ပြောဆိုသည်မို့ ဒေါသသင့်သောစကားလုံးများ ပါသွားနိုင်သည်။ အခြေအနေသည် ရှုတ်ရှုတ်သဲသဲ ဖြစ်နိုင်သည်။

မွဲဆန်းပါးစပ်မှထွက်မည့် စကားတို့သည် အကြောင်းအရာ ပြောင်းသွားသည်။

"မြို့ထဲ သွားစရာကိစ္စတစ်ခုရှိသေးလို့ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ၊ မနွေဦးတို့ပြောစရာရှိတာ ဆက်ပြောကြပါ"

ပညာရှိ အမျက် အပြင်မထွက်တဲ့။

www.burmeseclassic.com

www.burmeseclassic.com


မှဲ့ဆန်းသည် ပညာရှိဟု သတ်မှတ်ထားသူများအပေါ် ပညာရှိပီသစွာ ဆက်ဆံပြောဆိုပြီး ထလာသည်။ တက္ကသိုလ် ပရိဝုဏ်ထဲမှ ထွက်သည်။

တက္ကသိုလ် ပရိဝုဏ်ထဲတွင် ကျင်လည်သော တက္ကသိုလ်သူ သည် ပညာတတ်နှင့် ပညာမဲ့ကို မခွဲခြားတတ်သေးကြောင်း မှဲ့ဆန်းသိရသည်။

ပညာတတ်နှင့် ပညာမဲ့ကို မငွေဦးသည် မည်သည့်အချက် များကြည့်၍ ခွဲသနည်း။ အဝတ်အစားကြည့်၍ ခွဲသလား။ ရုပ်ရည်ကြည့်၍ ခွဲသလား။ နေရာဌာနကြည့်၍ ခွဲသလား။ အလုပ်အကိုင်ကြည့်၍ ခွဲသလား။ မှဲ့ဆန်းမတွေးတတ်တော့ ပြီ။

တိုးတက်သော အမြင်ရှိသည့် လူငယ်ထုသည် အများစု ဖြစ်ပါသည်။ မငွေဦးလိုလူသည် လက်ချိုးရေတွက်၍ရသည်။ မိမိ အမြတ်တနိုး တန်ဖိုးထားသူသည် အလွန်ရှားပါးသည့် လူနည်းစုထဲတွင် ပါဝင်နေသဖြင့် မှဲ့ဆန်းစိတ်မကောင်း။

"ဓာတုဗေဒ အဓိကယူတဲ့ မဦးရေ....။ မက်ခ်စ်ဖက်တာ မိတ်ကပ်အကြောင်းတော့ ကိုယ်မသိဘူး၊ ကက်စနာကဲလနား နည်းစဉ်သုံးပြီး ကော့စတစ်ဆိုဒါ ထုတ်နည်းတော့ သိတယ်။ တိုယိုတာ ဟိုင်းလက် တစ်စီးရဲ့ တန်ဖိုးကို ကိုယ်မသိဘူး၊ ပလက်တီနမ်ရဲ့ အက်တမ်အမှတ်စဉ် ၇၈ ဆိုတာတော့ သိတယ်။ အီးတီကို မရင်းနှီးဘူး။ ရှသာဖို့ရဲ့ အက်တမ်သီအိုရီနဲ့တော့ ရင်းနှီးခဲ့တယ်။ ရုပ်မြင်သံကြားနဲ့အလှမ်းဝေးလို့ ကိုလံဘိုကို မသိပါဘူး။ သင်ဖူးလို့ $CuCO_3$ ဆိုတာ ကျူးပရစ်ကာဗွန် နိတ်ဖြစ်ကြောင်း သိတယ်။ ကိုယ်လိစာပေးစာယူ တွဲတွဲနှစ် ရောက်နေပြီဖြစ်တဲ့ တက္ကသိုလ်ကျောင်းသားပါ မဦးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လို အလုပ်တစ်ဘက်နဲ့ တက္ကသိုလ်ပညာ ဆည်းပူးနေသူတွေဟာ တောတောင်တွေ၊ ကျေးလက်တွေမှာ အများကြီးပါ"

မွဲဆန်းသည် မမြင်မတွေ့ရတော့သော တက္ကသိုလ်သူကို ခေါ်းရော်ကြည့်ရှုရင်း တီးတိုးရေရွတ်သည်။

အပြန်သည် အသွားနှင့် မတူပါ။

ယနေ့သည် ယခင်နေ့နှင့် မတူပါ။

အထူးသဖြင့် မွဲဆန်းအတွက် ဆန့်ကျင်ဘက်ဖြစ်လောက်အောင် မတူပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၃။ လင့်စင်ကားရား စာမနား

ညော့သည်သည် ညော့သည်သာဖြစ်၍ အိမ်ရှင်သည် အိမ်ရှင်သာ ဖြစ်သည်။ အိမ်ရှင်သည် ညော့သည်ကို ကြိုဆိုရမည့် ဝတ္တရားရှိသည်။ ညော့သည်သည် အချိန်တန်လျှင် အိမ်ပြန်ရမည်။

အိမ်ထောင်စုဇယားထဲတွင် ကိုစိတ်ဖြူသည် အိမ်ထောင်ဦးစီး။ မနွေးသီအတွက် အိမ်ဦးနတ်။ သည်အိမ်သည် ကိုစိတ်ဖြူနှင့် မနွေးသီတို့၏အိမ်။

သို့သော် ကိုစိတ်ဖြူသည် မိမိအိမ်သို့လာလျှင် ညော့သည် တစ်ဦးလို ကြိုဆိုခံရသည်။ ညော့သည် တစ်ဦးလို ပြန်ထွက်သွားရသည်။ ကိုစိတ်ဖြူတို့ လင်မယား ကွဲနေသည်ဟုမယူဆစေလိုပါ။ ဒါပေမယ့် ကွဲတော့ကွဲသည်။ လင်ခန်းမယားခန်း ပြတ်စဲပြီး ထာဝရကွဲခြင်းမျိုး မဟုတ်ပေ။ အစိုးရ အလုပ် ကိုယ်စီဖြင့် မောင်တစ်ရွာ မယ်တစ်မြို့ တာဂန် ထမ်းရသော ကြောင့် ခေတ္တခွဲနေရခြင်း ဖြစ်ပါသည်။

ကိုစိတ်ဖြူသည် လွန်တူးဝန်ထမ်း။ ရာထူးမှာ လက်ထောက် လွန်တူးအင်ဂျင်နီယာ(၁)၊ လစာမှာ ၃၂ဝ-၁၅-၄၄ဝ၊ မနွေးသီသည် ကျန်းမာရေးဝန်ထမ်း သူနာပြုဆရာမ။

သုံးဘီးကားပေါ်မှ ဆင်းလာသော ကိုစိတ်ဖြူသည် အထုပ်အပိုးများကို မနိုင်မနင်းဆွဲရင်း အိမ်ပေါ်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်မအားသည့်ကြားမှ မိန်းမကြားအောင် အော်ရသေးသည်။

"ကျွန်းတုံး ကြောင်လျှောက်၊ လွှမ်းတုန်းမောင်ရောက်လာပြီဟေ့"

× × × ×

ဧည့်ခန်းထဲတွင် မနွေးသီနှင့်သမီးဖြူသီဦးမှလွဲ၍ အားလုံးရှိသည်။ မနွေးသီ၏အဒေါ် ဒေါ်နေခို၊ မနွေးသီ၏ ညီမနှစ်ယောက်ဖြစ်သော ဆောင်းသီနှင့် နှင်းသီ။

သူတို့သည် ကိုစိတ်ဖြူလက်ထဲမှ အထုပ်အပိုးများကို ကူညီ၍ ယူကြသည်။

"နွေး ဘယ်သွားလဲ ဒေါ်ဒေါ်"

"မင့်မျက်နှာမြင်ကတည်းက ဒါကိုမေးတော့မယ် ဆိုတာ ငါသိပါတယ် မောင်ဖြူရယ်။ နိုက်ဂျူတီကျလို့အိပ်နေလေရဲ့။ သားအမိနှစ်ယောက်လုံး အိပ်ခန်းထဲမှာပါတော်"

"ဘယ်သူလဲ ဒေါ်လေး၊ မောင်ပြန်လာတာလား"

အိပ်ခန်းထဲမှ မနွေးသီ၏အသံ ထွက်ပေါ်လာသည်။

"ကြည့်စမ်း၊ ဒါမျိုးတော့ ချက်ဆို နားခွက်က မီးတောက်တယ်။ ခုနက ထမင်းစားရအောင် နှိုးတော့ တုတ်တုတ်မှ မလှုပ်ဘူး။ ဟုတ်ပါတော်။ ညည်းမောင် အခုဘဲ ပြန်ရောက်လာပါပြီတော့"

အပျိုကြီး ဒေါ်နေခိုသည် စကားပြောလျှင် ရှင်းရှင်းပွင့်ပွင့် ပြောတတ်သည်။

"ဒေါ်လေးက ယောကျ်ားမယူဖူးတော့ ဘယ်မှာသိကိုယ်ချင်းစာတတ်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com


မနွေးသီ၏ ခွန်းတုံ့ပြန်သံနှင့်အတူ ခန်းဆီးကို ပင့်မပြီး မနွေးသီ၏ ရုပ်ခန္ဓာ ပေါ်ထွက်လာသည်။

"သမီး အိပ်နေသလား နွေး။ သမီး နေကောင်းရဲ့လား"

"ကောင်းတယ်မောင်။ နွေး အိပ်နေတုန်း ဗောနာဒေလာ ပြီး စကားတတွတ်တွတ်ပြောနေသေးတယ်။ နွေးက ဘာမှ ပြန်မပြောတော့ သမီးလဲ နွေးဗောနာမှာ အိပ်ပျော်သွား လေရဲ့။ နှိုးလိုက်ရမလား မောင်"

"မနှိုးပါနဲ့ နွေးရယ်။ သမီးကို မောင်သွားကြည့်ပါ့မယ်"

အိပ်ခန်းထဲသို့ ကိုစိတ်ဖြူဝင်သွားသည်။ မနွေးသီကလည်း နောက်မှ ကပ်ပါလာသည်။ နှစ်ယောက်အိပ် နိုင်လွန် ခြင် ထောင်အတွင်း ခြေကားရား လက်ကားရား အိပ်နေသော သမီးငယ် ဖြူသီဦး၏ မျက်နှာဝိုင်းဝိုင်းကို မြင်ရသည်မှာ တိမ် မှုကင်းသောလပြည့်ဝန်းကို ကြည့်ရသလို အေးချမ်းကြည်နူး သည်။

"သမီးတောင် တော်တော် ထွားလာပြီနော်။ မောင် မမြင်တာ ကြာလို့လား မသိဘူး"

"ဒါပေါ့မောင်။ မောင်သွားတာ ရှစ်လတောင်ကြာပြီပဲ"

မနွေးသီသည် စကားဆုံးသည်နှင့် မျက်ရည်တို့ ပိုးပိုး ပေါက်ပေါက် ကျလာသည်။ ကိုစိတ်ဖြူသည် မနွေးသီ၏ ပါးပြင်ဖြူဖြူပေါ်မှ ပုလဲမျက်ရည်တို့ကို လက်မဖြင့် ဖယ်ရှား ပေးသည်။ ရှစ်လကြာ မမြင်တွေ့ရသော ကြင်ဖော်ကြင်ဖက် ၏ မျက်နှာအဆင်းကို မျက်ဝန်းထဲ ပြည့်လျှံ သွားအောင် ကြည့်ပစ်လိုက်သည်။

ဩော်....မလွမ်းဘယ်သူ နေတတ်မည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



လွန်တူးရန် တာဝန်ဖြင့် ခရီးထွက်ရတိုင်း ကိုစိတ်ဖြူသည် ဓာတ်ပုံသုံးပုံ ယူသွားသည်။ ဘုရားပုံတော်ကို ခေါင်းရင်းတွင် ချိတ်ဆွဲသည်။ အမိအဖပုံကို ခေါင်းအုံးအောက်တွင်ထားသည်။ ဇနီးနှင့် သမီးပုံကို ခြင်ထောင်အမိုးတွင် ကပ်ထားသည်။ အိပ်ရာပေါ် ပက်လက်လှန်လိုက်လျှင် ကြင်ဖော်နှင့် ရင်သွေးတို့ကို တန်းခနဲ မြင်ရ၏။

တစ်ကြိမ်တွင် သူငယ်ချင်းများက ခွာပြီးဝှက်ထားသောကြောင့် ကိုစိတ်ဖြူသည် ဒေါင်ချာစိုင်းအောင် လိုက်ရှာရသည်။

ထိုအကြောင်းကို မန္တေးသီအား ပြန်ပြောလျှင် "မောင်တို့များ သူများတွေ ပြောင်စရာဖြစ်အောင် လုပ်တယ်" ဟု ရှက်ပြုံးဖြည့်စွက်ကာ ပြောဦးမည်။

မန္တေးသီကို ပိုးပန်းခဲ့စဉ်အချိန်က ကိုစိတ်ဖြူ တစိုက်မတ်မတ် လာနေမှုကြောင့် သူများတွေ ပြောင်စရာဖြစ်ရသေး၏။ ထိုအကြောင်းကို ကိုစိတ်ဖြူ၏ အသက်နှင့်ခန္ဓာ မြဲနေသရွေ့ ဘယ်တော့မျှ မေ့မည်မဟုတ်။

ငှက်ဖျားရောဂါအပြင်းအထန် ခံစားနေရသော ကိုစိတ်ဖြူနှင့် ပြုစုကုသပေးရသော သူနာပြုဆရာမလေး မန္တေးသီတို့၏ တွေ့ဆုံခင်မင်မှုသည် မဆန်းပြားသော ဇာတ်လမ်းဖြစ်သည်။

အဖျားပျောက်၍ ဆေးရုံမှဆင်းရသော်လည်း ကိုစိတ်ဖြူသည် ဆေးရုံသို့ နေ့စဉ်မှန်မှန်လာသည်။ မန္တေးသီ အတွက် ပန်းတစ်ပွင့်ပေးပြီး ပြန်တတ်သည်။ မန္တေးသီ မလာသေးလျှင် ထိုင်စောင့်သည်။ လူကြုံဖြင့် တစ်ဆင့် ပေးသည်ဟူ၍ မရှိ။ ကိုယ်ထိလက်ရောက်ပေးရမှ ကိုစိတ်ဖြူ ကျေနပ်သည်။ ထို့ကြောင့် လူအများသည် သူ့ မျက်ကွယ်တွင် "သည်လူက

www.burmeseclassic.com

www.burmeseclassic.com



အက်ဖ်တိုက်ပဲဗျ”ဟု ပြောပြီး ခေါင်းကို လက်သိုးထိုး၍ လက်ခါပြသည်။ ကိုစိတ်ဖြူသည် ငှက်ဖျားရောဂါအရှိန်ကြောင့် ရူးကြောင်ကြောင် အပြုအမူများ လုပ်နေခြင်း ဖြစ်သည်ဟု ဆိုလိုကြခြင်း ဖြစ်သည်။ မန္တေးသီကလည်း အငေက ဤသို့ပင် မှတ်ထင်သောကြောင့် ရယ်မောနောက်ပြောင်ပြီး ယူထား သည်။ အချိန်တန်လျှင် ပုံမှန်အတိုင်းပြန်ဖြစ်ပြီး ဆေးရုံသို့ လာတော့မည်မဟုတ်ဟု တွက်ဆထားသည်။

ပြည့်ပြည့်ဖြိုးဖြိုး ကျန်းမာ သန်စွမ်းလာသော်လည်း ကိုစိတ်ဖြူသည် နေ့စဉ်မပျက် ပန်းဆက်တာဝန် မလစ်ဟင်း သောအခါ မန္တေးသီသည် ကိုစိတ်ဖြူ၏ မေတ္တာ သရုပ်သကန် ကို မှန်းဆတတ်လာသည်။

ဘယ်အချိန်က ရစ်တွယ်လာမှန်းမသိသော သံယောဇဉ် ကြောင့် မန္တေးသီသည် ကိုစိတ်ဖြူ မလာသေးလျှင် မျှော်မိ သည်။ ကိုစိတ်ဖြူက ပန်းပွင့် ကမ်းပေးလျှင် ရှက်တတ်လာ သည်။ နေပူပူအောက်၌ လျှောက်လာသည်ကို တွေ့လျှင် သနားတတ်လာသည်။ မိုးဖွဲ့ဖွဲ့အောက် ပြန်သွားလျှင် အဆောင်းအကာကို ရှာကြံပေးတတ်သည်။

ဆိုကြပါစို့။ ပန်းပွင့်တွေကမ်းလှမ်းစဉ်က မငြင်းဆန်ခဲ့သော မန္တေးသီသည် ကိုစိတ်ဖြူက စေ့စပ်လက်ထပ်ဖို့ ကမ်းလှမ်းလာ သောအခါ ခေါင်းညိတ်ခဲ့သည်။ ဇာမချွဲဘဲ ရိုးတက်လက်မှတ် ထိုးခြင်းဖြင့် လင်ခန်းမယားခန်းမြောက်၏။

အကွေ့အကောက်မပါသောအချစ်၊ ရိုးစင်းသောအချစ်မှ သာယာသော အိမ်ထောင်တစ်ခုကို ထူထောင်နိုင်ခဲ့သည်။ ကိုစိတ်ဖြူသည် တောတောင်အရပ်ရပ်သို့ ခရီးရှည်လများ

www.burmeseclassic.com

www.burmeseclassic.com


သွားရောက် တာဝန်ထမ်းဆောင်ရသောကြောင့် မိမိတို့အိမ်တွင် မနွေးသီ၏ အဒေါ်နှင့် ညီမများကို ခေါ်ထားသည်။

အမွေရသောအိမ်တွင် တစ်ကောင်ကြွက်ဘဝဖြင့်နှစ်ပေါင်းရှည်ကြာ ပျင်းခြောက်ခြောက် နေလာခဲ့ရသော ကိုစိတ်ဖြူသည် အိမ်သားတွေ တိုးပွားလာခြင်းကို သဘောကျသည်။ တာဝန်ကျရာဒေသသို့ သွားရောက်နေထိုင်ရသော အခါတွင် မနွေးသီကို စိတ်ချလက်ချ ထားခဲ့လို့ရသည်။

မြန်မာပြည်၏ မည်သည့်နေရာရောက်ရောက် စာပို့ခြင်း၊ စာပြန်ခြင်း၊ စာမျှော်ခြင်းတို့ကိုအမြဲမပြတ်ပြုသည်။ လွန်တူးအဖွဲ့တွင် စာအလာဆုံးနှင့်စာအရေးနိုင်ဆုံးလူသည် ကိုစိတ်ဖြူဖြစ်သည်။

ဩော်....မတမ်းဘယ်သူ နေတတ်မည်။

× × × ×

သမီး"ဖြူသီဦး"ကို မွေးဖွားစဉ်က ကိုစိတ်ဖြူသည် လားရှိုး၌ တာဝန်ကျနေသည်။ ခွင့်ယူပြီး ရန်ကုန်ပြန်လာ၍ သမီးကို ကြည့်ရသည်။ အမြဲလိုလို အိပ်နေတတ်သည့် သမီး နီတာရဲကို မချီတတ်ချီတတ် ပွေ့ခဲ့ရသည်။ သမီး၏ခေါင်းကို ဖေးမပြီး ချီတတ်လာသောအခါ ခွင့်ရက်စေ့သဖြင့် တာဝန်ကျရာဒေသသို့ ပြန်ပြေးခဲ့ရသည်။ တာဝန်ပြီးဆုံး၍ ပြန်လာသောအခါတွင် ဖြူသီဦး လေးဘက်သွားတတ်နေပြီ။

သမီးနှင့်အဖေ ခင်မင်ရင်းနှီးမည်လုပ်လိုက် ကိုစိတ်ဖြူက တာဝန်ဖြင့် ထွက်သွားလိုက်၊ သမီးက အဖေ့ကိုမေ့သွားလိုက်၊

www.burmeseclassic.com

www.burmeseclassic.com


တစ်ဖန် ရောက်လာပြီး သမီးနှင့် ရင်းနှီးအောင် ပြန်ကြိုးစား လိုက်ဖြင့် လုံးလည်လိုက်နေသည်။

သမီးသည် သင်ကြားပေးလျှင် တတ်လွယ်ကြောင်း၊ ခွေးကြောင်တို့ကို အင်္ဂလိပ်လို ခေါ်တတ်နေပြီ ဖြစ်ကြောင်း၊ အမေးအမြန်း အလွန်ထူကြောင်း၊ သူ့အန်တီများနှင့်ယှဉ်ပြိုင် ပြီး စကားအနိုင်လုပြောနေကြောင်း၊ သီချင်းတွေ ဆိုတတ် ကြောင်း၊ ဖေဖေဘယ်သွားလဲဟုမေးလျှင် ဟိုး တောထဲဟု ပြောတတ်ကြောင်းများကို မနွေးသီက ဖွဲ့နွဲ့ရေးသားပြီး ပေးပို့သည်။ သမီး၏ တတ်သိမှုကို မနွေးသီထံမှ စာများ ဖတ်ပြီး ပုံဖော်ရသည်။

ဟုတ်ပေသည်။ စာထဲတွင် ပါသည်ထက်ပင် သမီးလေး ဖြူသီဦးသည် တတ်သိလွန်း၏။ အိပ်ရာမှ သမီးငယ် နိုးလာ သည်နှင့် မနွေးသီသည် ကိုစိတ်ဖြူ့ရှေ့သို့ ခေါ်လာသည်။

"သမီးရေ....ဒါ ဘယ်သူလဲ သိသလား"

ဖြူသီဦးသည် ခေတ္တမျှ စဉ်းစား၏။

"ဖေဖေပေါ့ ဦးစိတ်ဖြူလေ"

ကိုစိတ်ဖြူသည် အတိုင်းမသိ ကြည်နူးသွားသည်။ မေး သည့် မေးခွန်းထက် ကျော်လွန်၍ အဖြေနာမည်ကိုပင် ပြော နိုင်ပေသည်။ သမီးကိုပွေ့ချီပြီး ဖောင်းမို့သော ပါးပြင်ကို မွှေးကြူလိုက်သည်။

" သမီးက ဖေဖေပြန်လာတာကို ဘာလို့ ထွက်မကြိုတာ လဲဟင် "

"ဖေဖေကကော သမီးအိပ်နေတုန်း ဘာလို့ပြန်လာတာ လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖြူသီဦး၏ တန်ပြန်မေးခွန်းကိုဖြေရန် ကိုစိတ်ဖြူသည် ရုတ်တရက် အဖြေရှာမရ။ မန္တေးသီက တခစ်ခစ်ရယ်သည်။

"မလွယ်ဘူးမောင်ရေ၊ မောင့်သမီးက သာလိကာမ"

"ဖေဖေစာရေးလိုက်တာကို မေမေက ဖတ်မပြဘူးလား"

"ဖတ်ပြတယ်လေ၊ ဖေဖေပြန်လာတော့မယ်လို့ ပြောပါတယ်။ အဲဒါကြောင့် သမီးတို့ နေ့တိုင်းစောင့်နေတာ။ ကြာတော့ အိပ်ပျော်တာပေါ့"

"ကဲ .... ကဲ မောင်ရေ၊ ထမင်းစားကြရအောင်။ သမီးနဲ့ ပြောနေလို့ကတော့ ဘယ်တော့မှ စကားပြတ်မှာမဟုတ်ဘူး။ သူ မပြောတတ်တာ မသိတာ မရှိသလောက်ပဲ"

"မေမေ ....၊ သမီးလဲစားမယ်"

"စားရမယ်သမီးရေ၊ စားရမယ်"

မိသားစုသုံးယောက်သည် နံနက်စာကို ပျော်ရွှင်ချမ်းမြေ့စွာ စားသောက်ကြသည်။ အိမ်ထောင်ရေးသုခကို ပြတ်တောင်းတောင်း ခံစားရသော ကိုစိတ်ဖြူ၏ မျက်နှာတွင် အပြုံးတွေဝေလျက်ရှိသည်။

သမီးငယ်ဖြူသီဦးသည် ချိုမိုင်မိုင်ကသည့်အရွယ်၊ စုတ်ကပါစီ နံကပါစီ ကစားသည့်အရွယ်၊ ထုပ်ဆီးတိုးသည့်အရွယ်၊ ဘော်လီဘောပုတ်သည့်အရွယ်စသည်ဖြင့် ပြောင်းလဲတိုးတက်လာပေမည်။ ဘယ်အရွယ်မှာမှ အဖေနှင့်သမီးတို့သည် နေ့စဉ်ရက်ဆက် ထမင်းအတူစားရမည်နည်း။

သမီးနှင့်အဖေ ဆက်ဆံရေးမှာ တစ်နေ့လုံး အဆင်ပြေ၏။ ချောမွေ့၏။

သို့သော် ညအိပ်ရာဝင်သော် သမီးက ပြဿနာလာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ မအိပ်ရဘူး၊ မအိပ်ရဘူး" ဟု ပြောကာ ခြင်ထောင်ထဲဝင်လာသော ကိုစိတ်ဖြူကို တွန်းထုတ်နေသည်။ ဘယ်လိုမှ ချော့မော့၍မရပေ။ ဖြူသီဦးစိတ်ထဲတွင် ဤအိပ်ရာသည် သူနှင့် သူ့မေမေအိပ်ရာဟု သတ်မှတ်ထားပြီ။ အဖေကို အဖေဟုသိသော်လည်း အဖေသည် အမေနှင့်နေနိုင်သည်ဟူသော အသိသည် သူ့တွင်မရှိတော့ပေ။

ကိုစိတ်ဖြူနှင့် မနွေးသီတို့ အခက်ကြုံရသည်။

နောက်ဆုံးတွင် ကိုစိတ်ဖြူသည် သမီး၏ဇွဲကို လက်မြှောက်အရှုံးပေးလိုက်သည်။ တောထဲက သယ်ဆောင်လာခဲ့သော အိပ်ရာလိပ်ကို ပွေ့ပိုက်ပြီး အိမ်ရှေ့ခန်းသို့ ထွက်ခဲ့သည်။ တစ်ကိုယ်တည်းအိပ်ရသည်။

ဩော် .... မချမ်းဘယ်သူ နေတတ်မည်။

× × × ×

"ဟဲ့ နွေးနွေး၊ ညတုန်းက အိမ်ရှေ့ခန်းမှာ မောင်ဖြူအိပ်တာ တွေ့ပါတယ်"

"ဟုတ်တယ်ဒေါ်လေး၊ သမီးက သူ့အဖေနဲ့အတူ မအိပ်ဘူးတဲ့"

"အို .... ကလေးကိုမချော့ဘူးလား"

"ချော့တာပဲဒေါ်လေးရယ်၊ ဒေါ်လေး သိတဲ့အတိုင်းပဲ သမီးက နွေးနဲ့အိပ်ယင်အိပ်၊ မအိပ်ယင် ဆောင်းသီနဲ့အတူ အိပ်နေကျမဟုတ်လား။ သည်တော့ လူပိုတစ်ယောက်ဝင်လာတာ ဘယ်လက်ခံပါ့မလဲ"

www.burmeseclassic.com



"ဟဲ့ .... ဒါကလူပို့မှမဟုတ်ဘဲ။ မဖြစ်သေးပါဘူးအေ။ ငါပြောယင် အပျိုကြီးက ဘာမှမသိဘဲနဲ့ လင်ကြောင်းသား ကြောင်းပြောတယ်လို့ ကဲ့ရဲ့ဦးမယ်။ ကိုယ်တိုင်အိမ်ထောင် မကျဖူးပေမယ့် သူများတွေအိမ်ထောင်ကို အမြဲမြင်တွေ့နေ ရတာဘဲ။ ညည်းလဲသိမှာပေါ့။ ယောကျ်ားဆိုတာ အပြုအစု အယုအယကြိုက်တယ်တဲ့။ ကလေးလိုပဲ လက်သာတဲ့ဘက်ကို လိုက်တတ်တယ်။ စဉ်းစားကြည့်လေ ....။ တစ်ယောက်နဲ့ တစ်ယောက်ခွဲပြီး ခုနစ်လရှစ်လနေရတယ်။ ပြန်ရောက်တော့ တစ်ယောက်တည်းအိပ်ရတယ်။ မောင်ဖြူက စိတ်ညစ်ပြီး နောက်ထပ်အသစ်ရှာသွားယင် ညည်းမှာ နေရင်းထိုင်ရင်း ရာထူးတက်သွားမယ်"

"ဘာရာထူးလဲ ဒေါ်လေး"

"ညည်းက ငါ့ထက်တောင် အ ပါလား နွေးနွေးရဲ့။ ရိုးရိုး မယားကနေ မယားကြီးဖြစ်သွားတာပေါ့။ အဲဒါရာထူး တက်တာပေါ့"

"အို .... ဒေါ်လေးကလဲ" ဟုပြောပြီး မနွေးသီသည် အထိတ်တလန့်ဖြစ်သွားသည်။ သမီး၏အလိုကိုလိုက်ပြီး အိပ် ရာခွဲအိပ်ခဲ့သော်လည်း ပြဿနာသည် ဤမျှထိ ကြီးထွား လာမည်ဟု မတွေးခဲ့။

ဒေါ်လေးပြောသည့်အတိုင်း မဖြစ်နိုင်ဟု ဇွတ်မငြင်းလို ပေ။ မနွေးသီ၏ပတ်ဝန်းကျင်တွင် အိမ်ထောင်ရေးအကွဲအပြဲ များကို မြင်ဖူးနေသည်။ ဖြစ်နိုင်သည်ဟုလည်း တထစ်ချ မမှတ်ယူချင်။ ကိုစိတ်ဖြူ၏ချစ်မေတ္တာကို မနွေးသီယုံသည်။

"မောင်က နွေးအပေါ် သိပ်ချစ်ပါတယ် ဒေါ်လေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖြူကမချစ်ဘူးလို့ ဒေါ်လေးမဆိုလိုပါဘူး။ သွေးသားမတော်စပ်ပေမယ့် မောင်ဖြူကို ဒေါ်လေးရဲ့သားအရင်းတစ်ယောက်လို ခင်မင်အားကိုးတယ်။ နွေးနွေးဆိုတာလဲ ဝမ်းနဲ့လွယ်ပြီး မမွေးရရုံပါပဲ။ နွေးရဲ့မိဘတွေ ဆုံးပါးကတည်းက ဒေါ်လေးစောင့်ရှောက်လာတာ မဟုတ်လား။ မောင်ဖြူက နွေးနွေးကိုချစ်တာလဲသိတယ်။ နွေးနွေးက မောင်ဖြူကို ချစ်တာလဲ သိတယ်။ ဒါပေမယ့်သမီးရယ် မိုးမပြို ပြိုသည် ရှိသော် ဘာလုပ်မလဲ။ ဒေါ်လေးရဲ့ သားနဲ့သမီးလို ချစ်ရတဲ့ မောင်ဖြူနဲ့နွေးနွေးတို့ ပြိုကွဲမှာကို ဒေါ်လေးမလိုလားဘူး။ သူလဲ ပုထုဇဉ်လူသားပဲ။ အာသဝေါကုန်ခန်းတဲ့ အရိယာသူတော်စင်မှမဟုတ်ဘဲ။ လင်နဲ့မယားဆိုတာ တစ်အိပ်ရာတည်း အိပ်တာ သဘာဝကျပါတယ် သမီးရယ်။ ကဲ .... ဒေါ်လေး ဈေးသွားမယ်။ နွေးနွေးဘာစားချင်သလဲ ပြော"

ဟင်းလျာများကို ရေရွတ်လိုက်သော်လည်း မနွေးသိစိတ် မ ပါ တော့ ပေ။ ချက်ပြုတ်စားသောက်ရသော်လည်း ခံတွင်းမတွေ့ပေ။ ဆေးရုံရောက်၍ တာဝန်ဝတ္တရားများထမ်းဆောင်နေရငြား မနွေးသိ၏ မနောအာရုံတွင် ဒေါ်လေး၏စကားတို့သာ ကြိမ်ဖန်တလဲလဲ ကြားယောင်နေ၏။ စိတ်တွေလေးလံရှုပ်ထွေးလာသည်။

ဩော်....မလေးဘယ်သူ နေတတ်မည်။

× × × ×

ဂျူတီပြီးသည်နှင့် မနွေးသိပြန်လာခဲ့သည်။ ကိုစိတ်ဖြူမှာမူ အိမ်ပြန်မရောက်သေးပေ။ ကိုစိတ်ဖြူတို့သည် ရန်ကင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ရှိသည်။ တိုက်လေးလုံးမှတ်တိုင်မှ ဘတ်စကားစီးလျှင် မနွေးသီတို့နေသော တောင်ဥက္ကလာပသို့ ၁၅ မိနစ်ခန့်ဖြင့် ရောက်နိုင်သည်။ ဘတ်စကားများကျပ်လျှင် ဝန်ထမ်းများ အတွက် အငမ့်ပြေးဆွဲပေးသော ရုံးဖယ်ရီရှိသည်။ ဘ ဓ ရ ဖယ်ရီစီးစီး၊ သ တ က (၂) ဖယ်ရီစီးစီး မနွေးသီတို့အိမ်အနီး ကို ရောက်သည်။

၄ နာရီခွဲပြီ၊ ကိုစိတ်ဖြူ မရောက်သေး။

၅ နာရီမတ်တင်းရှိပြီ။ ကိုစိတ်ဖြူပေါ် မလာသေး။

၅ နာရီထိုးပြီ၊ အရိပ်အရောင်မျှပင် မတွေ့ရသေး။

"ဒေါ်လေးပြောသလိုများ ဖြစ်နေပြီလား၊ နေရင်းထိုင် ရင်း ငါရာထူးတက်တော့မှာလား" ဟုတွေးပြီး မနွေးသီ သည် စိတ်မကောင်းဖြစ်ရ၏။ မိန်းမမာယာထက် ယောကျ်ား မာယာက ပို၍ကြောက်စရာကောင်းသည်။ မိန်းမတွေထက် ယောကျ်ားတွေက ပို၍ဟန်ဆောင်ကောင်းသည်။ သမီးရည်း စားဘဝက ဘယ်လောက်ချစ်ခဲ့ချစ်ခဲ့။ လင်မယားဘဝမှာ ဖောက်ပြန်ချင် ဖောက်ပြန်တတ်သည်။

မနွေးသီ၏ သူငယ်ချင်း ယဉ်မူနှင့် ကိုလှိုင်မြို့တို့၏ အိမ် ထောင်ရေးကိုကြည့်။ ကမ္ဘာပေါ်မှာသူတို့သည်သာအချစ်ဆုံး အကြင်လင်မယားဟု ဂီးနစ်စ် ကမ္ဘာ့စံချိန်များ စာအုပ်တွင် မှတ်တမ်းတင်ရလောက်အောင် ချစ်ခဲ့ကြသည်။ ကိုလှိုင်မြို့ သည် နယ်မြို့ တစ်မြို့သို့ ပြောင်းရွှေ့သွားသောအခါ ယဉ်မူက ရန်ကုန်တွင် ကျန်ခဲ့သည်။ ယဉ်မူသည် အလုပ်အကိုင်နှင့်မို့ လိုက်မနေနိုင်။ ကိုလှိုင်မြို့က ခွင့်ရတိုင်း ပြန်လာတတ်သည်။ အတူနေစဉ်ကအတိုင်း အချစ်မလျော့။ ချစ်မြဲချစ်လျက်ရှိ သည်။ သို့သော် နှစ်နှစ်နီးပါးကြာသောအခါ ယဉ်မူသည်

www.burmeseclassic.com

www.burmeseclassic.com



မယားကြီးဖြစ်နေမှန်း သိရတော့၏။ ကိုလှိုင်မြို့သည် နယ်က နောက်မိန်းမနှင့် ကလေးတစ်ယောက်ရနေပြီ။ ယဉ်မူဘာတတ်နိုင်သနည်း။ ဒူးနှင့်မျက်ရည် အဖော်ပြုရသည်။

တစ်ယောက်တစ်နယ်စီ ဝေးနေမှသာမဟုတ်။ တစ်မြို့တည်းနေ တစ်အိမ်တည်းအတူနေလျက် ကိုယ့်မိန်းမ မသိအောင် အငယ်အနှောင်းတွေ ထားတတ်သေးသည်။ သူတို့သွားလေရာကို ပုဆိုးစဆွဲပြီးမလိုက်နိုင်တော့ သူတို့ပြောသမျှကို ယုံနေရသည်။ ပတ်ဝန်းကျင်က အပြောများလို့ လိုက်ကြည့်မှသာ နှစ်နန်းစံမင်းယောကျ်ားကြီးမှန်း သိရသည်။ လွန်မှကျွံမှသိရသည်မို့ မိန်းမသားတွေမှာ အရှုံးသာအဖတ်တင်သည်။

"အို....မောင်က သည်လိုဖောက်ပြန်မယ့်လူစား မဟုတ်ပါဘူးလေ။ မောင်ဟာ စိတ်ထားဖြူစင်တဲ့ ယောကျ်ားကောင်းပါ"

မနွေးသီသည် စိတ်ကိုဖြေသော်ငြားလည်း အကုန်အဆင်မပြေ။ ၆ နာရီထိုးပြီဖြစ်သော်လည်း ကိုစိတ်ဖြူ ရောက်မလာသေးပေ။ ညက အတူမအိပ်ရလို့ စိတ်ကောက်ပြီး ပြန်မလာတာလား။ အချစ်ပို သစ္စာဆိုထားသည့် နောက်ထပ်တစ်ဦးရှိနေလို့ အပြန်နောက်ကျတာလား။

စိတ်ဂနာမငြိမ်သလို လူလည်းဂနာမငြိမ် ဖြစ်ရ၏။ နာရီကြည့်လိုက်၊ အိမ်ရှေ့ထွက်မျှော်လိုက်၊ မီးဖိုချောင်ထဲဝင်လိုက်မို့ ဒေါ်လေးနှင့်တကွ ညီမလေးတွေ ရိပ်မိနေပြီ။ အိမ်ရှေ့အိမ်နောက်မချမ်းသာဆိုသလို သူတို့သည်လည်း မျက်နှာမကောင်းကြပေ။ ဘယ်သူဘယ်သူမှ စကားမဆို ဖြစ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေသော မျက်လုံးများသည် စကားအရာအထောင်ထက် ပိုပေလိမ့်မည်။

သမီးက "ဖေဖေမလာသေးဘူးလား"ဟု မေးလာသော အခါတွင် မနွေးသီမှာ ငိုချင်လောက်အောင် ဝမ်းနည်းလာသည်။ ဒေါ်လေးနှင့်ညီမလေးတွေ မရှိပါက သမီးကိုဖက်၍ ငိုမိမှာသေချာသည်။

"သမီးလေးရယ် သမီးအဖေကိုစောင့်မျှော်ခြင်းဟာ သည် တစ်ညနေသာ ဖြစ်ပါစေကွယ်။ တို့သားအမိဟာ နေ့စဉ်ရက်ဆက် မမျှော်ပါရစေနဲ့"ဟု သမီး၏ဆံပင် ပျော့ခွေခွေကို ပွတ်သပ်ရင်း စိတ်တွင်းမှ ရေရွတ်နေမိသည်။

ဩြော်....မဆွေးဘယ်သူနေတတ်မည်။

× × × ×

ကိုစိတ်ဖြူသည် ၆ နာရီခွဲသော် အိမ်ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် ခေါက်ဆွဲထုပ်များပါလာသည်။ ပြုံးပြုံးရွှင်ရွှင် ဝင်လာသည်။

မနွေးသီ၏ မျက်စိများသည် ကိုစိတ်ဖြူ၏တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ စစ်ဆေးရေးဝင်သည်။ မျက်နှာရိပ် မျက်နှာကဲကို စူးစမ်းလေ့လာသည်။ မူပျက်သည့် လက္ခဏာကို မတွေ့ရပေ။ သူဟန်ဆောင်နေတာလား။ ဟန်ဆောင်တတ်ပြီလား။

"ဟော့... ရော့လေ ခေါက်ဆွဲထုပ်။ ဘာတွေငေးနေတာလဲ နွေးရဲ့။ တစ်အိမ်လုံးစားဖို့ လေးထုပ်ဝယ်လာတယ်။ ဒေါ် ဒေါ်တို့ ထမင်းစားပြီးပြီလား"

သူနောက်ကျခြင်းအတွက် လာဘ်ထိုးနေတာလား။ ပျား

www.burmeseclassic.com

www.burmeseclassic.com



ရည်နှင့် ဝမ်းချနေတာလား။ သူခေါက်ဆွဲတွေကို စင်ကြယ်သောစေတနာနှင့် ဝယ်လာတာမှ ဟုတ်ရဲ့လား။

"မင့်မိန်းမက မင်းအိမ်ပြန်နောက်ကျလို့ စိတ်ဆိုးနေတာပေါ့"

"ဒါလား.... ဒါက ဟိုအကြောင်း သည်အကြောင်းလေးတွေရှိနေလို့ ဂလောက်နောက်ကျတာပေါ့ ဒေါ်လေးရယ်"ဟု ရွှတ်တီးရွှတ်နောက်ပြောပြီး ရယ်နေသည်။

ဟုတ်ပါပြီ။ သူမှာ အပြစ်တစ်ခု ရှိနေပါပြီ။ ထိုအပြစ်အတွက် ပေးစရာဆင်ခြေမရှိ၍ ပြောင်သလို နောက်သလို လုပ်နေခြင်း ဖြစ်မည်။

ကိုစိတ်ဖြူသည် အဝတ်အစားလဲလှယ်ရန် အိပ်ခန်းထဲဝင်သွားစဉ် မနွေးသီက ခြေဆောင့်နင်းပြီး နောက်မှလိုက်သွားသည်။

"မျက်နှာတွေ ညှိုးလှချည်လား နွေးရယ်။ နေမျှားမကောင်းလို့လား"

"လူနေကောင်းပါတယ်။ စိတ်နေမကောင်းလို့"

"ဆိတ်မကောင်းယင် နွားမွေးပါလား"

"မောင်နော်.... ရွှတ်နောက်နောက်တွေပြောပြီး။ စကားလမ်းကြောင်းမလွှဲနဲ့။ ရုံးဆင်းတာကကြာပြီ။ အခု ခြောက်နာရီခွဲပြီးပြီ။ ဘယ်တွေသွားနေတာလဲ"

"မောင်တောထဲမှာ တာဝန်ထမ်းဆောင်တုန်းက ဒုတ်ဆန်း ဝမ်းတွမ်တီးဝိုင်တစ်စီး ဝယ်လာတယ်လေ။ အဲဒါ သဘော်ပေါ်ကချနေလို့ စောင့်ယူနေတာ ဟား....ဟား....ဟား...."

www.burmeseclassic.com



ကိုစိတ်ဖြူသည် သူ့ဟာသကိုသူ သဘောကျပြီး တဟားဟားရယ်သည်။

"ရယ်ပါ၊ ရယ်ပါ။ မောင်က သိပ်ပြီးပျော်ခဲ့တယ်ပေါ့လေ။ သည်မှာတော့...."

မနွေးသီသည် စကားကိုဆုံးအောင် မပြောနိုင်။ ဝမ်းနည်းလာသောကြောင့် မျက်ရည်တွေ ယိုစီးကျလာသည်။ ကိုစိတ်ဖြူထိတ်လန့်သွားသည်။ သူကျီစယ်တာ လွန်သွားပြီဟု သိလိုက်သည်။

"နွေးရယ်....မောင်က ပျော်စေပျက်စေ ပြောတာပါ။ ဓမ္မရက္ခိတ ကုန်းတော်ပေါ်ကို သွားရလို့ပါ"

"ဓမ္မရက္ခိတ ကုန်းတော်ပေါ်မှာ ဘာကိစ္စရှိလို့လဲ။ ကန်တော်ကြီးက ပြန်လာတာမဟုတ်လား"

"ကန်တော်ကြီးကို မောင်က ဘာသွားလုပ်ရမှာလဲနွေးရဲ့"

"ကန်တော်ကြီးကို မောင်တို့စုံတွဲသွားလို့ အိမ်ပြန်နောက်ကျတာ ဖြစ်မှာပေါ့"

"ကြံဖန်ပြီး ပူတတ်ရန်ကော နွေးရယ်။ ဝေးနေတုန်းက မပူဘဲ အနီးရောက်မှ ပူရသလားကွာ။ မောင့်မှာတွဲစရာဆိုလို့ နွေးတစ်ယောက်ပဲရှိတယ်။ မောင့်မေတ္တာ၊ မောင့်သိက္ခာနဲ့ မောင့်သီလကို သံသယမရှိပါနဲ့နွေး။ မောင်ဟာ တစ်ကောင်ကြွက်ဘဝနဲ့ လောကမှာ အထီးကျန်နေခဲ့ရတဲ့လူဆိုတာ နွေးသိပါတယ်။ နွေးတို့မိသားစုကြောင့် မောင့်ဘဝလေး စိုပြည်သာယာလာတာပါ။ မောင်အမျှော်လင့်ဆုံးအရာဟာ ပျော်စရာကောင်းတဲ့ သီရိဂေဟာမိသားစုတစ်စု ဖွဲ့တည်ဖို့ပါပဲနွေး။ အခုဆိုယင် မောင်တို့မိသားစုမှာ ဒေါ်လေးရှိတယ်။ နွေးရှိတယ်။ ဆောင်းသီနဲ့ နှင်းသီရှိတယ်။ သမီးရှိတယ်။ ကဲ....

www.burmeseclassic.com


သိုက်သိုက်ဝန်းဝန်း မရှိဘူးလား။ မောင်တစ်ယောက်တည်း တောထဲကိုသွားရတဲ့အခါမှာ သွေးသားရင်းချာတွေနဲ့ ဖွဲ့စည်းထားတဲ့ မိသားစုလေးမှာ ဇနီးချောနွေးကို စိတ်ချလက်ချထားပြီး သွားနိုင်တယ် မဟုတ်လား။ သည်လိုမိသားစုကို မောင်က သစ္စာဖောက်ပါ့မလားကွာ"

"ဟွန်း အခုမှ အပြောကောင်းနေ။ မြတ်လေးလိုလို။ ကောလိပ်ဂျင်နေဝင်းလိုလို။ မုန်းစရာ သိပ်ကောင်းတာပဲ။ ဆင်ခြေဆင်လက်တွေ လုပ်ကြံပြီး ပြောပါဦး။ မမှုရက်ခွဲတကုန်းတော်ပေါ် ဘာသွားလုပ်တာလဲ"

"ဘုရားဖူးကပြန်လာပြီး ပြောတဲ့စကားပါ နွေးရယ်။ မောင့်စကားထဲမှာ မုသားမပါဘူး။ ဆင်ခြေတွေလဲ မဟုတ်ပါဘူး။ မဟာဝိဇယစေတီတော်ကြီးတည်တာတော့ နွေးသိပါတယ်နော်။ အဆောက်အအုံ ကြီးကြီးမားမား တည်တဲ့အခါ အောက်ခံမြေ ခိုင်မာဖို့လိုတယ် နွေး။ ဒါကြောင့် အဆောက်အအုံ မဆောက်ခင် မမြင်နိုင်တဲ့ မြေအောက်က ကျောက်လွှာတွေရဲ့ အနေအထားကို ကျွမ်းကျင်သူ ပညာရှင်တွေ စစ်ဆေးနိုင်ဖို့ မောင်တို့က လွန်ကျင်းတွေတူးပြီး နမူနာကျောက်တွေ ယူပေးရမယ်။ လွန်တူးစက်ကို သည်နေ့ သယ်သွားတယ်။ စက်အထိုင်ချနေရတယ်။ ဒါကြောင့် အိမ်ပြန်နောက်ကျတာပါ နွေးရယ်"

"ယုံပါပြီမောင်ရယ်။ သည်လိုဆို မောင်တို့ ရန်ကုန်မှာ ကြာကြာနေရမှာပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"နွေးမှာဖြင့် မောင်အိမ်ပြန် နောက်ကျလို့ စိတ်ပူလိုက်ရတာ။ ဒါနဲ့ နယ်မှာလဲ မောင်ကင်းကင်းရှင်းရှင်းပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ နွေး၊ လင့်စင်ကားရား စာမနား"
"ဘာပြောတယ်မောင်၊ ဘာနားတာလဲ"
"လင့်စင်ကားရား စာမနားလို့"
"အဲဒါဘာလဲ"
"တွေးကြည့်လေ။ ပန်းပေးပါပြီ ချစ်သောမောင်မောင် ရယ်ဆိုမှ ပြောပြမယ်"

မနွေးသိစဉ်းစားသည်။ မျက်ခုံးလေးတွေ တွန့်ခေါက်လာသည်။

ဩြော်....မတွေးဘယ်သူနေတတ်မည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၄။ ဟိုတောင်တစ်ကွေ့ မောင်ပွေ့လို့ ခေါ်မယ်

တစ် ပတ် လျှင် ခုနစ်ရက်ရှိကြောင်း၊ ထို ခု နစ် ရက် ကို တနင်္ဂနွေမှ စနေအထိ အမည်ပေးထားကြောင်း မိတ်ဆွေ သိပြီးသားမို့ အထူးပြောစရာ မလိုပေ။

ထိုသတ်မှတ်ချက်သည် ကမ္ဘာသုံး ဖြစ်သော်လည်း လူ တိုင်း အသုံးချကြသည်မဟုတ်။ မောင်ဆွေငယ်တို့ ရွှေကျွန်း (ရပ်ဆဲလ်ကျွန်း) တွင် တာ ဝန် ကျ စဉ် က စနေမှန်းမသိ၊ တနင်္ဂနွေမှန်း မသိဖြစ်ခဲ့သည်။ ပင်လယ်ထဲတွင် နေကြသည် မို့ ဒီရေအတက်အကျကိုသာ ဂရုစိုက်ကြသည်။ ဒီရေတက် ခြင်း၊ ကျခြင်းသည် လနှင့် သက်ဆိုင်သည်။ ထို့ကြောင့် လဆန်း၊ လဆုတ်၊ လပြည့် များကိုသာ အသုံးပြုကြသည်။ တနင်္ဂနွေ၊ တနင်္လာကိုသိရန်ထက် လဆန်း ဘယ်နှရက်ဆိုသည် ကို သိဖို့လိုသည်။

မြန်မာပြည်အလယ်ပိုင်းရှိ တိမ်တောင်ရွာကို ရောက်ပြန် တော့ တစ်မျိုးသုံးသည်။

နေ့ရက်များကို သတ်မှတ်ရာတွင် ငါးရက်လျှင်တစ်ကြိမ် ရောင်းချသောဈေးကိုမူတည်၍ သတ်မှတ်သည်။ ဈေးရောင်း သောနေ့ကို ဈေးနေ့။ နောက်နေ့များကို ဈေးလွန်တစ်ရက် နေ့၊ ဈေးလွန်နှစ်ရက်နေ့၊ ဈေးလွန်သုံးရက်နေ့၊ ဈေးကြိုနေ့



www.burmeseclassic.com

www.burmeseclassic.com



ဟု သတ်မှတ်၏။ ငါးရက်ပြည့်သော် ဈေးနေ့သို့ ပြန်ရောက်လာသည်။

ရောမကို ရောက်သည့်အခါ ရောမလိုကျင့်ရမည်မို့ မောင်ဆွေငယ်တို့ စိန်လွန်တူးအဖွဲ့သားများသည် ကမ္ဘာသုံးနေ့ရက်များကိုမေ့၍ တိမ်တောင်ရွာက သတ်မှတ်သော နေ့များကိုသာ သုံးစွဲတတ်လာသည်။

"ဈေးကြိုနေ့မှာ ကိုယ်လာခဲ့မယ်နော်၊ မပန်းလောင်ဆီက အဖြူအမည်း သဲကွဲတဲ့စကားကို ကြားချင်ပါတယ်။ ချစ်ရေးဆိုရလွန်းလို့ မပန်းလောင်လဲ နားငြီးလှရော့မယ်။ ကိုယ့်ကို အားမနာပါနဲ့။ မပန်းလောင်က မချစ်နိုင်ဘူးပြောလိုက်။ ကိုယ်ဆက်ပြီး မတောင်းဆိုတော့ပါဘူး။ တိကျတဲ့ အဖြေစကားကိုသာ ကိုယ်လိုချင်ပါတယ်။ စဉ်းစားထားပေါ့။ ဈေးကြိုနေ့မှာ လာမှာနော်"

မောင်ဆွေငယ်သည် ပြီးခဲ့သောဈေးနေ့က ပြောခဲ့သော စကားကို ပြန်လည်သတိရနေမိသည်။ ဈေးကြိုနေ့ကိုရောက်အောင် လက်ချိုးရေတွက်ပြီး စောင့်နေခဲ့သည်။

လက်မကို ချိုးပြီးပြီ။ လက်ညှိုးကို ချိုးပြီးပြီ။ လက်ခလယ်ကို ချိုးပြီးပြီ။ ယခု လက်သူကြွယ်ကို ချိုးရပြီ။

သည်နေ့ ဈေးကြိုနေ့။

× × × ×

"ဟဲ့ကောင် ပုလဲတစ်လုံး ရွှေတစ်လုံး။ လိုက်မှာဖြင့် လိုက်လေကွာ"

မျက်စိစွေစောင်းသော မောင်ထိပ်ကျားကို သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



"ပုလဲတစ်လုံး ရွှဲတစ်လုံး" ဟု အမည်လှလှ ပေးထားသည်။ မောင်ထိပ်ကျားသည် သူ့အမည်မှာ ခွေးအမည်နှင့် ဆင်နေသောကြောင့် မကြိုက်လှပေ။ သူငယ်ချင်းများ ပေးထားသောအမည်ကို ပို၍ကြိုက်နေသည်။ နှစ်သက် လက်ခံထားသည်။

"နေပါဦးကွာ။ သည်ပုဆိုးစုတ်လေးတစ်ထည် ပြီးအောင် ချုပ်ပါရစေဦး။ ထွန်စက်က ကိုးနာရီခွဲ၊ ဆယ်နာရီမှ ထွက်မှာပါကွ။ မီပါတယ်"

"ဟ.... ရေချိုးရဦးမှာကွ။ မင်းပုဆိုးက အကွဲအပြဲ တစ်ထောင်ကို တစ်နေ့လုံးချုပ်တောင် မပြီးဘူး...."

"ချိုးပါ။ ကိုယ်တော်ဘုရားလေးပဲ ချိုးရေတော်သုံးပါ။ ငါက နောက်တော်ပါးက ခစားရမယ့် ငယ်ကျွန်ပါကွ။ ရေမချိုးဘဲ လိုက်လဲ ကိစ္စမရှိဘူး"

မောင်ဆွေငယ်သည် မန္တလေးသား ဖြစ်သောကြောင့် သူနှင့်စကားပြောလျှင် ထီးသုံးနန်းသုံး စကားလုံးများကို တစ်ခါတစ်ရံ ထည့်သွင်းပြောကြသည်။

ပုလဲတစ်လုံးရွှဲတစ်လုံးကို ထားခဲ့ပြီး ချောင်းထဲဆင်း၍ ရေချိုးသည်။ နားနောက်က ချေးတွေ၊ လည်ပင်းက ချေးတွေကို ပွတ်တိုက်သည်။ ဆံဖျားမှသည် ခြေမကြားအထိ တစ်ကိုယ်လုံးကို ဆပ်ပြာသုံးခါတိုက်သည်။

ရေချိုးပြီးသော် လက်ပပ်စေ်မနံစေရန် ချိုင်းကြားနှင့် ရင်ဘတ်ကို သင်းပေါင်ဒါ ဖို့သည်။ မျက်နှာကို ပေါင်ဒါလိမ်းရန် လက်ရွယ်သည်။ မျက်နှာဖွေးဖွေးကြီး ဖြစ်နေလျှင် ကလေးမသာနှင့်တူမည်စိုးသောကြောင့် မောင်ဆွေငယ်သည် လက်ကိုပြန်ရုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနိုးဘူးကို ကိုင်သည်။ နေပူပူ၊ ဖုန်ထူထူတွင် စနိုးလိမ်းထားသော အဆီတဝင်းဝင်း မျက်နှာကြီးကို မြင်ယောင်မိသောကြောင့် ချထားလိုက်ပြန်သည်။ ဘာမျှမလိမ်းတော့ပေ။ ပင်ကိုအတိုင်း ခပ်မည်းမည်းပဲ ကြည့်ကောင်းပါသည်။

ခေါင်းအုံးအောက်တွင် ကာလကြာရှည်စွာ ဖိထားသော အင်္ကျီနှင့် လုံချည်ကိုဆွဲထုတ်သည်။ အင်္ကျီက အပြာနုရောင်။ "လင်ပ်ဖ်အစ်စ်ဘလူး"ဟူသော အင်္ဂလိပ်စာဆိုနှင့် ညီသောကြောင့် ဤအရောင်ကို သဘောကျသွားသည်။ သို့သော် အင်္ကျီစသည် ခေတ်နောက်တွင် ကျန်ခဲ့ပြီဖြစ်သော ခရုပတ်ဖော့မို့ မကြိုက်ချင်။ ၁၉၇၇ ခုနှစ်လောက်က ချုပ်သောကြောင့် ကော်လာမှာ တစ်ထွာခန့်ရှိသည်။ ယခုအခါတွင် ကော်လာတွေက ပြန်သေးပြန်ပြီ။ နီကယ်ရောင်ပြောင်လက်နေသော သံကြယ်သီးများ တပ်ထားသောကြောင့် ပိုမို၍ အကြည့်ရဆိုးသည်။ ခေတ်အမီဆုံးချုပ်ခဲ့သော အင်္ကျီသည် ခေတ်မမီတော့သော်လည်း မောင်ဆွေငယ် မပစ်ရက်။ သည်အင်္ကျီကို ခြောက်နှစ်အတွင်း လေးကြိမ်သာဝတ်ရသေးသည်။ တောထဲတွင် တာဝန်ထမ်းဆောင်ရခြင်းက များသောကြောင့် ဝတ်ကောင်းစားလှ ထုတ်ဝတ်စရာ အခွင့်မရခဲ့ပေ။ ရုံးကထုတ်ပေးသော ဇင်ပြာဝတ်စုံနှင့် လုံလောက်ခဲ့သည်။

အခြားရွေးစရာ မရှိတော့သောကြောင့် ထိုအင်္ကျီနှင့် ကချင်လုံချည်ကို ဝတ်ဆင်သည်။ ဝတ်ကောင်းစားလှများ မဝတ်သည်မှာကြာပြီမို့ ရှိုးတိုးရှန့်တန့်ဖြစ်နေ၏။

"ဟယ်...ကိုယ်တော်လေးက မွှေးလို့၊ လှလို့ပါလား။ နှမတော် ကွမ်းယာသည်ထံ ကြွမြန်းတော့မယ်ပေါ့လေ"

စလေဒင်သည် အော်ကြီးဟစ်ကျယ်ပြောရင်း ဘာအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ ထိုသူ၏အမည်ရင်းမှာ မောင်ငွေဒင်ဖြစ်သော်လည်း စလေမြို့သားမို့ အတိုချုံးပြီး "စလေဒင်"ဟု ခေါ်ကြသည်။

"ဟုတ်ပါဗျား။ နှမတော်ထံက အဖြေရတော့မယ်လေ"

"ကိုယ်တော်လေးကောင်းစားယင် စလေဒင်တို့ကို မမေ့နဲ့နော်။ တိမ်တောင်ရွာသူတစ်ယောက်နဲ့ အကြောင်းဆက်ပေါင်းဖက်ရအောင် စီစဉ်ပေးပါဦး"

"ဟဲ့....စလေဒင် ငမိုက်သားရဲ့။ ငဆွေငယ်လို စွံချင်ယင် မင်းလဲ မက်စ်အတွက် အဝယ်တော်လုပ်ပါလား။ ကြည့်စမ်း ငဆွေငယ်တို့ ဘယ်လောက်အကွက်မြင်သလဲ"

မောင်ဆွေငယ်သည် မက်စ် (စုပေါင်းရိပ်သာ) အတွက် တိမ်တောင်ရွာသို့ ဈေးဝယ်သွားစဉ် မပန်းလောင်ကိုတွေ့မြင်ပြီး ချစ်ကြိုက်လာခြင်းကိုရည်ရွယ်၍ ပုလဲတစ်လုံးရွှိတစ်လုံးက ပြောလိုက်ခြင်းဖြစ်သည်။

"ကဲ....အဝယ်တော်ကြီးရေ။ မင်္ဂလာရှိတဲ့နေ့မို့ ကြက်သားဝယ်ခဲ့ကွာ။ ခရမ်းသီးနဲ့ နှစ်ပါးသွားနေတာကြာပြီ။ အသားမြင်လို့မှ မှတ်မိပါဦးမလား မသိဘူး"

"စိတ်ချပါ စလေဒင်ရယ်။ နှမတော်လေးက မောင်မောင်ဆွေငယ်ကို ချစ်ပါတယ်လို့ အဖြေပေးလိုက်စမ်း၊ မက်စ် ငွေနဲ့ မကျွေးဘူး။ ငါ့ငွေနဲ့ ကျွေးမယ်။ ကျေနပ်သလား"

"ဒါမှ တို့ဆွေငယ်ကွ၊ ဒါမှ မန္တလေးသားကွ"

စလေဒင်သည် ဝမ်းသာအားရ ခုန်ပေါက်ပြီး တဲထဲမှ ပြေးထွက်သွားသည်။ တဲအပြင်ရောက်သော် အခြားတဲများကြားအောင် အသံကုန်ဟစ်အော်သည်။

"ဗျို့.... အလှူရှင် မောင်ဆွေငယ်က တိမ်တောင်ရွာမှ

www.burmeseclassic.com



ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်၊ အလှသရဖူဆောင်းသည့် မပန်းလောင်၏ ချစ်မေတ္တာပန်းခိုင်ကို ပိုင်ပိုင်ဆုပ်ကိုင်လာနိုင်လျှင် ယနေ့ညစာ ပွဲတော်တည်သည့်အခါ ကြက်သားဟင်းကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူဒါနပြုမည် ဖြစ်ပါကြောင်း.... ဗျိုး...."

အောင်မြင်ကျယ်လောင်လွန်းသော စလေဒင်၏အသံသည် လွန်တူးဝန်ထမ်းများနေထိုင်သော တဲအသီးသီးသို့ ပျံ့နှံ့သွားသည်။ တစ်ခဏအတွင်းမှာပင် ထိုတဲများမှ သံပြိုင်သီဆိုလိုက်သော သီချင်းသံသည် တညီတညာတည်း ထွက်ပေါ်လာသည်။

"မင်္ဂလာရက်မြတ် လက်ထပ်မယ့်သူတွေ"
"အောင်ပါစေ"
"ဆွေငယ်လေးရဲ့ လှူဒါန်းမယ့်ဒါနတွေ"
"အောင်ပါစေ"

× × × ×

မပန်းလောင်သည် တိမ်တောင်ရွာသူဖြစ်သည်။ ကျေးလက်တောရွာတွင် ကြီးပြင်းသော်လည်း မြို့သူတွေ ရှုံးအောင် လှပသည်။ နက်မှောင်သော ဆံကေသာသည် တင်ပါးအထိ ရောက်သည်။ ဝါဖွေးရောင် အသားအရေသည် နုညက်လွန်း၏။ မှဲ့ခြောက်တစ်ပေါက်မစွန်း။ တင်းတိပ်တစ်ကွက်မပေါ်။ "ခုံးမျက်စသုံးရက်လ" ဆိုသည့် ရှေးစာဆိုနှင့် ညီသော မျက်ခုံး အလှ။

www.burmeseclassic.com

www.burmeseclassic.com



ရင်းအပြင် မျက်လုံးကိုကြည့်၊ ပြောစရာမလို။ နှာတံကို ကြည့်၊ အပြစ်ရှာစရာမလို။ ပါးစပ်ကိုကြည့်၊ ပြုပြင်စရာမလို။ စင်းလုံးချောကောင်းပြီးသား။ နားရွက်ကအစ မကားလွန်း မကုပ်လွန်း၊ မထောင်လွန်း၊ မတွဲလွန်း၊ အနေတော်ကလေး။

မ ပန်း လောင် သည် ကွမ်း ယာ ရောင်း ရ သော ကြောင့် အထိုင်များသည်။ မပန်းလောင်သွားလာနေသည်ကို မောင် ဆွေငယ် မမြင်ဖူးပေ။ ပခုံးအကျ၊ လက်အလှကို ကြည့်ခြင်း အားဖြင့် အရပ်အမောင်းကောင်းပေလိမ့်မည်။

ဝန်ကြီးပဒေသရာဇာ ရေးစပ်ခဲ့သည့်အတိုင်း....

ကိုယ်လုံးကြည့်သော်၊ တင်မည့်ပြစ်ဆင်
မထင်မြူမျှ၊ ခါးခပ်လျှနှင့်
ရင်ဝမောက်မို၊ ပျိုပျိုနုထွား
လက်ဖျားသွယ်ရှည်၊ လှသည် လုံးလုံး။

ဆိုသကဲ့သို့ ရှိချေသည်။

ထိုအလှနတ်မိမယ်ကို မောင်ဆွေငယ်သည် မြင်မြင်ချင်း ချစ်မိသည်။ အကြိမ်ကြိမ်ချစ်ရေးဆိုခဲ့သည်။ "အချစ်ရေးကို ကြောက်လွန်းလို့ မစဉ်းစားပါရစေနဲ့ ကိုဆွေငယ်" ဟူသော စကားကိုသာ အခါခါ ကြားနာရသည်။

ယခု.... ထိုထက်ပိုမိုသော အဖြေစကားနှင့် အမေးစကား ကို မောင်ဆွေငယ် ကြားခဲ့ပြီ။ သူသာမက အတူပါလာသော ပုလဲတစ်လုံးရွှဲတစ်လုံးလည်း ကြားသည်။

တိမ်တောင်ရှာမှ ပြန်လာသော ထွန်စက်သည် တောလမ်း ကြမ်းကြမ်းတွင် ခုန်ပေါက်နေသည်။ နောက်တွဲယာဉ်ပေါ် တွင် ဒီဇယ်ပီပါလေးလုံးသည် တုံးလုံးသဲ၍ လိုက်ပါလာသည်။ အမိကသွားသည်မှာ ဤဆီများ သွားသယ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဆွေငယ်တို့က ခရီးကြုံလိုက်ပြီး ဈေး ဝယ် ရ သည်။ ဈေးကြိုနေ့ဖြစ်သော်လည်း နောက်နေ့(ဈေးနေ့)တွင် ရောင်းချရန် ဈေးသည်တချို့ ရောက်နှင့်ပြီမို့ ဝယ်၍ရောင်း၍ ရသည်။ ဈေးကြီးနေ့လိုတော့ မစုံလင်ပေ။

ဒီဇယ်ပီပါနှင့် ဈေးခြင်းတောင်းများကြားတွင် မောင်ဆွေငယ်နှင့် ပုလဲတစ်လုံးရှဲတစ်လုံးတို့ ပြန်ပါလာသည်။ ရှေ့ထွန်စက်ပေါ်တွင် ဘူမိဗေဒဝန်ထမ်းတစ်ဦးနှင့် စတိုမှ ဝန်ထမ်းတစ်ဦးတို့ စီးနင်းကြသည်။

စခန်းထဲသို့ထွန်စက်ဝင်သောအခါ တဲအသီးသီးမှ လွန်တူးဝန်ထမ်းများ ပြေးထွက်လာသည်။ ဈေးခြင်းတောင်းများကို သယ်မကြသည်။ ထွန်စက်သည် ဒီဇယ်ပီပါများချရန် ဆီခြံသို့ ဆက်လက်မောင်းနှင်သွားသည်။

"ဘယ်လိုလဲကွ၊ ကြက် သား စား ရ မှာ လား ဟေ့" ဟု အပေါင်းအသင်းများက ဝိုင်းမေးကြသည်။

"တဲရောက်တော့ သိရမှာပေါ့ဗျာ"

မောင်ဆွေငယ်၏ ရင်ခွင်ကျယ်တွင် မျက်နှာ အပ်၍ တသိမ့်သိမ့် ရှိုက်ငိုရင်း မပန်းလောင် ကျန်ခဲ့သည်။

"မပန်း.... ဘဝခရီးလမ်းကို ကိုယ်တို့နှစ်ယောက် လက်တွဲပြီး လျှောက်ကြမယ်။ နိမ့်မြင့်ကြုံတိုင်း၊ တက်ဆင်းတွေ့တိုင်း အားမငယ်နဲ့နော်။ မပန်းကို ကိုယ်ပွေ့ခေါ်မယ်။ စစ်မှန်တဲ့ မေတ္တာတိုင်းမှာ ကြီးမားတဲ့ အင်အားတွေ ရှိပါတယ် မပန်းရယ်...."

မောင်ဆွေငယ်၏ လေသံကို စလေဒင်မကျေနပ်။ ကြီးကျယ်သည်၊ ဈေးကိုင်သည်ဟုထင်သည်။

တဲအတွင်းရောက်သော် စလေဒင်က မအောင့်အည်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် "ပြောတော့လေကွာ"ဟု တိုက်တွန်းသည်။ စလေဒင်နောက်တွင် သတင်းလိုက်နားထောင်သော လွန်တူးဝန်ထမ်းများ မနည်းမနော။ သူတို့သည်လည်း စလေဒင်စကားကို ထောက်ခံသောအားဖြင့် "ဟုတ်တယ်ကွာ"ဟု ဆိုကြသည်။

"မင်းပဲပြောပြလိုက်ပါ ပုလဲ"

မောင်ဆွေငယ်က စိတ်ပျက် အားလျော့သံဖြင့် ပြောသည်။

"မင့်ကိစ္စ မင်းပြောပေါ့ကွာ"

ပုလဲတစ်လုံး ရွှဲတစ်လုံးက ဒေါသတကြီး ပြန်အော်သည်။

× × × ×

မောင်ဆွေငယ်နှင့် ပုလဲတစ်လုံး ရွှဲတစ်လုံးတို့သည် ဈေးဝယ်ပြီးသော် မပန်းလောင်၏ ကွမ်းယာဆိုင်သို့ သွားခဲ့သည်။ ဆိုင်ပိတ်ထားသည်ကို ထူးခြားစွာ တွေ့ရ၏။ ထိုစဉ်တွင် ကလေးတစ်ဦး ရောက်လာပြီး မပန်းလောင်က အိမ်သို့လိုက်လာရန် မှာထားကြောင်း ပြောသည်။ သူတို့နှစ်ဦးသည် ရွာထဲရှိ မပန်းလောင်အိမ်ကို မေးမြန်းပြီးလိုက်သွားကြသည်။ အသင့်တံခါးဖွင့်ပြီး ထိုင်စောင့်နေသော မပန်းလောင်ကိုတွေ့ရသည်။ သပေါ့ဖျာခင်းထားသည်။ ရေနွေးအိုးနှင့် မုန့်ပဲသရေစာများချထားသည်။

"ကိုဆွေငယ်က ကျွန်မကိုချစ်တာဟာ ရုပ်ရည်လှလို့ချစ်တာမဟုတ်လား။ ကျွန်မရဲ့ရုပ်ရည်ကလှဲ့ပြီး ကိုဆွေငယ်ဘာသိသလဲ"

"သိတာပေါ့။ မပန်းလောင်ဟာ ကွမ်းယာဆိုင်ဖွင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးကို လုပ်ကျွေးပြုစုနေတယ်။ မိခင်မရှိတော့ဘူး။ အစ်ကိုနှစ်ယောက်ရှိတယ်။ ဒါပဲမဟုတ်လား”

“မဟုတ်ဘူးလေ။ ကျွန်မကိုယ်ခန္ဓာမှာ ပြောတာပါ”

“ကိုယ်မြင်သမျှတော့ ကျန်းမာစိုပြည်ပြီး အလှကျက်သရေတိုးနေတဲ့ မပန်းလောင်မှာ ဘာအပြစ်အနာအဆာမှ မရှိဘူးလို့ထင်တယ်။ ဒါမှမဟုတ် မပန်းလောင်ဟာ အိမ်ထောင်ကျခဲ့ဖူးလို့လားဗျာ”

“မကျပါဘူးရှင်။ ကျွန်မဟာ သည်နေ့အထိ အပျိုစင်တစ်ဦးပါဘဲ။ ကဲ ရှင်းရှင်းပြောမယ်နော်။ ကျွန်မ လမ်းလျှောက်တာကို မြင်ဖူးသလား”

“ဟင့်အင်း”

“သည်လိုဆိုယင် ကျွန်မလမ်းလျှောက်ပြမယ်နော်”

မပန်းလောင်သည် အနီးရှိတိုင်ကို အားပြု၍ရပ်သည်။ မပန်းလောင်သည် ညာခြေတစ်ချောင်းတည်း ထောက်၏။

မောင်ဆွေငယ်၏ မျက်စိတို့ ပြာဝေသွားသည်။ ဘယ်ခြေထောက်သည် ပေါင်ရင်းမှစ၍ သေးသိမ်ကြုံလှီနေကြောင်း မြင်တွေ့ရ၏။ မောင်ဆွေငယ် လုံးဝမထင်မှတ်သော မြင်ကွင်းပါ။

မပန်းလောင်သည် ညာခြေပေါ်ရပ်တည်နေရာမှ ဘယ်ခြေကိုရှေ့သို့ လွှဲသည်။ ဘယ်ခြေကိုတည်ပြီး ညာခြေကိုလှမ်းစဉ် သေးသိမ်သောဘယ်ခြေသည် ကိုယ်ခန္ဓာ အလေးချိန်ကြောင့် လေးကိုင်းကဲ့သို့ နောက်သို့ ကွေးသွားသည်။ ကိုယ်သည်လည်း ဘယ်ဘက်သို့တိမ်းစောင်းသွားသည်။ မလဲပြိုမီအချိန်အတွင်း ညာခြေသည် ရှေ့သို့ရောက်ရှိ ရပ်တည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ကိုယ်ခန္ဓာ ပြန်မတ်လာသည်။ ထို့နောက် ဘယ်ခြေကို လှမ်းသည်။

ကွေးညွတ်လိုက်၊ တိမ်းစောင်းလိုက်၊ ပြန်မတ်လိုက်ဖြင့် လမ်းလျှောက်ပြနေသော မပန်းလောင်ကို မကြည့်ရက်မမြင် ဝံ့သောကြောင့် ပြန်အထိုင်ခိုင်းရသည်။

"ဘယ်လိုလဲ ကိုဆွေငယ်။ ကျွန်မရဲ့ ချွတ်ယွင်းချက်ကို မြင်ပြီနော်။ ကျွန်မကို ချစ်တဲ့စိတ်တွေ ရှိသေးရဲ့လားရှင်။ တကယ်တော့ ဒါဟာ ဝဋ်နာကံနာ မဟုတ်ပါဘူးကိုဆွေငယ် ရယ်။ ကျွန်မမွေးစဉ်က ခြေနှစ်ဘက်လုံး သန်စွမ်းပါတယ်။ ကျွန်မ နှစ်နှစ်သမီးမှာ အပြင်းဖျားလို့ ဆေးထိုးရတယ်။ အဖျားပျောက်တော့ ကျွန်မရဲ့ ဘယ်ဘက် ခြေထောက်ဟာ မသန်စွမ်းတော့ဘူး။ ငယ်ငယ်က အဖေဟာ ကျွန်မရဲ့ ခြေ ဖဝါးကို လက်သည်းနဲ့ ခြစ်ပြီးစတယ်။ ကျွန်မ ယားလို့ ခြေထောက်ကိုရုပ်တဲ့အခါ ညာခြေကိုသာ ရုပ်လို့ရတော့တယ်။ ဘယ်ခြေကို ရုပ်ချင်ယင် ကျွန်မလက်နဲ့ ဆွဲပြီးယူရတယ်။ အဲသည်တော့မှ ကျွန်မရဲ့ဘယ်ခြေက မသန်စွမ်းတော့ဘူးဆို တာ အဖေတို့သိတယ်တဲ့။ ပိုလီယိုလို့ ပြောတာပါပဲ။ သိသိ ချင်းပဲ မြန်မာဆေး အင်္ဂလိပ်ဆေးတွေနဲ့ စုံအောင်ကုတယ်။ မန္တလေးအထိတက်ပြီး ဒဆေးကုဖူးတယ်။ မရတော့ပါဘူးရှင်။ ကျွန်တဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေက လူစဉ်မီမီ ကြီးထွား လာပေမယ့် ဘယ်ခြေကလျှိုပြီးကျန်ခဲ့ပါတယ်ကိုဆွေငယ်ရယ်။ ဒါကြောင့် ကျွန်မဟာ တောသူဆိုပေမယ့် ကောက်စိုက်၊ ပျိုး နုတ်တို့ကို သူများနည်းတူ မလုပ်နိုင်ပါဘူး။ အိမ်အလုပ် တောက်တိုမည်ရလုပ်ရင်းနဲ့ ကြီးပြင်းလာခဲ့ရပါတယ်။ အိမ်

www.burmeseclassic.com



မှာချည်းနေရတာ ပျင်းလွန်းလို့ အဖေ့ကိုပူဆာပြီး ကွမ်းယာဆိုင်ဖွင့်ပါတယ်ရှင်”

“မပန်းလောင်ရဲ့ အမေကကော”

“အမေက ကျွန်မခြောက်နှစ်သမီးရောက်မှ ဖျားပြီးဆုံးသွားတာပါ။ ကျွန်မရဲ့ဘဝမှာ အဖေကိုပဲ အမေလိုတိုင်ပင်ရတယ်။ အားကိုးခဲ့ရပါတယ်။ ကိုဆွေငယ်ကို ပွင့်ပွင့်လင်းလင်းပြောမယ်နော်။ ကျွန်မကိုချစ်တဲ့သူ သုံးဦးရှိခဲ့ပါတယ်။ ကျွန်မရဲ့ အားနည်းချက်ကိုလဲ သိကြပါတယ်။ သည်ရွာက ကောလိပ်ကျောင်းသား တစ်ယောက်ရယ်၊ သစ်ကုန်သည် တစ်ယောက်ရယ်၊ ကျောင်းဆရာတစ်ယောက်ရယ်ပါ။ အဖေကလဲ သဘောတူ လက်ခံပါတယ်။ ဒါပေမယ့်လေ လက်ထပ်ဖို့ကိစ္စမှာ မိဘတွေကဖျက်လို့၊ဆွေမျိုးတွေကဖျက်လို့နဲ့ပျက်ပျက်သွားခဲ့ရတယ်။ ကျွန်မတို့မိသားစုဟာ အရှက်တကွဲဖြစ်ပြီး ကျန်ခဲ့ရတာပေါ့ရှင်။ တစ်ရွာလုံးရဲ့ တံတွေးခွက်မှာ ပက်လက်မျောလုနီးပါးပေါ့။ အဖေဆိုယင် ရှက်လွန်းလို့ အိမ်ထဲကအိမ်ပြင်တောင် မထွက်ခဲ့ဘူး။ ဟော.... အခု ကိုဆွေငယ်ပေါ် လာပြန်ပြီ။ ဘယ်ယောကျ်ားရဲ့ အချစ်ကိုမှ ကျွန်မ မယုံစားရဲတော့ဘူး၊ ဒါပေမယ့် သည်နေ့ဟာ အဖြေပေးရမယ့်နေ့မို့ ကျွန်မအဖြေပေးပါမယ်”

မပန်းလောင်သည် တည့်မတ်နေသောခေါင်းကို နှိမ့်ချသည်။ အားယူ၍ တစ်လုံးချင်းပြောသည်။ ထွက်လာသောလေသံသည် တိုးလွန်းသည်။

“ကျွန်မ....ကိုဆွေငယ်ကို ချစ်....ချစ်....ချစ်ပါတယ်ရှင်....”

မောင်ဆွေငယ် ကြားချင်လွန်းသောစကားကို ကြားလိုက်ရသော်လည်း ပျော်သလား၊ လန့်သလား မောင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ငယ် မခွဲခြားတတ်။ မျက်နှာပြုံးရွှင်လာသလား၊ မျက်နှာ ပျက်သွားသလား ကိုယ့်ကိုယ်ကို သတိမထားမိလိုက်။

မပန်းလောင်၏ ငုံ့လျှိုးသောခေါင်းသည် ပြန်ထောင်လာသည်။ မောင်ဆွေငယ်၏မျက်နှာကို တည်ကြည်လေးနက်စွာကြည့်သည်။ ဤတစ်ကြိမ်တွင် ခေါင်းငုံ့မိသည်မှာ မောင်ဆွေငယ် ဖြစ်သည်။

"ကိုဆွေငယ်...ကျွန်မကို ချစ်သေးရဲ့လားဟင်၊ ကိုဆွေငယ် သေသေချာချာ စဉ်းစားပါရှင်။ စဉ်းစားမယ့်ရက်တွေလဲ ကြိုက်သလောက်ယူပါနော်။ တစ်သက်လုံးပဲ စဉ်းစား စဉ်းစား ရပါတယ်ရှင်။ အဖြေ အစစ်အမှန်ရဖို့သာ ကျွန်မ လိုလားပါတယ် ကိုဆွေငယ်"

× × × ×

"အဖြစ်ကတော့ ဒါပါပဲဗျာ"

မောင်ဆွေငယ်သည် ကြုံဆုံခဲ့သမျှကို ပြန်ပြောင်းပြောပြသည်။ နားထောင်နေသူများ၏ အသက်ရှူသံမှတပါး ဘာမျှမကြားရ။အားလုံးသည် အာစေးထည့်ခံရသလို တိတ်ဆိတ်ငြိမ်သက်နေသည်။ အမြဲနောက်ပြောင်နေတတ်သော စလေဒင်သည်ပင် မနောက်ပြောင်တော့ပေ။ ကြက်သားစားဖို့ ကိစ္စကို မေ့သွားကြသည်။ သူတို့အားလုံး၏ အာရုံထဲတွင် ချောမောလှပသော မပန်းလောင်၏ ထော့နင်းထော့နင်းသွားနေသော ပုံသွင်ကို မှန်းဆ၍ ကြည့်နေကြသည်။

"မင်း... မပန်းလောင်ကို ချစ်သေးရဲ့လားဆွေငယ်"

ပုလဲတစ်လုံးရှဲတစ်လုံးက တင်းမာခက်ထန်စွာ မေးသည်။

"ငါစဉ်းစားတုန်းပဲ သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်လဲ၊ တစ်သက်လုံးလား"

"ဒါလဲ မသိသေးဘူး"

"ကောင်းကွာ.... သိပ်ကောင်း။ မင်းရဲ့အင်တင်တင် အမူအရာကိုကြည့်ပြီး ဟိုကတည်းက ငါမကျေနပ်နေတာ။ မင်းက သူ့ကိုချစ်တာထက် သူက မင်းကိုချစ်တဲ့အချစ်က သာလိမ့်မယ်။ တကယ်လက်တွေ့မှာ ယောကျ်ားတွေဟာ မိန်းမတွေလောက် အချစ်နဲ့ပတ်သက်ယင် မစွန့်စားရဲဘူး။ အနစ်နာမခံရဲဘူး။ မင်းဟာ ဟိုကောင်သုံးကောင်လိုပါပဲကွာ"

ပုလဲတစ်လုံးရွှေတစ်လုံးသည် ရင်းနှီးသူပီပီ ပြတ်သားစွာ ဝေဖန်ပြောဆိုသည်။ မောင်ဆွေငယ်သည် ဘာမျှပြန်မပြောနိုင်။ ပြောသမျှကို ခေါင်းငုံ့ခံသည်။

စလေဒင်သည် ပုလဲတစ်လုံး ရွှေတစ်လုံးကို လက်တို့ပြီး တဲအပြင်သို့ခေါ် သွားသည်။ အခြားသူများမှာလည်း အလျှိုလျှို ပြန်ထွက်လာသည်။ တဲအတွင်းတွင် မောင်ဆွေငယ် တစ်ယောက်တည်းသာ ကျန်၏။

တစ်လောကလုံးမှာ တစ်ယောက်တည်းနေရသလို ခံစားရသည်။

× × × ×

"သူငယ်ချင်းပုလဲ။ ငါ တကယ်ပြောတာပါကွာ။ မပန်းလောင်ကို မေ့လို့မရဘူးကွာ"

"ဈေးလေးပတ်ကြာအောင် စဉ်းစားပြီးပြီဆိုတော့ ချစ်တယ်ပေါ့ ဟုတ်လား"

"အေးကွာ....။ တကယ်ချစ်တယ်"

"မျက်နှာတစ်ခုတည်းလား။ တစ်ကိုယ်လုံးလား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ကိုယ်လုံးပေါ့ကွာ။ ချစ်တာရော၊ သနားတာရော၊ ကြင်နာတာရော စုံလို့ပါပဲကွာ"

ပုလဲတစ်လုံးရဲ့တစ်လုံးသည် မောင်ဆွေငယ်ကို လှောင်ပြုံးပြုံး၍ကြည့်သည်။

× × × ×

ကိုယ်တကယ်ချစ်တာပါ။ စဉ်းစားပြီးပါပြီ မပန်းလောင်ရယ်။ စျေးငါးပတ်ကြာအောင် မမြင်လိုက်ရတာ ကိုယ့်မှာ နေမထိထိုင်မသာအောင်ပါပဲ"

"တကယ်ယုံရတော့မှာလား ကိုဆွေ"

"ဘယ်လို....ကိုဆွေဟုတ်လား။ ယုံလိုက်စမ်းပါမပန်းရယ်"

"ယုံချင်ပါတယ် ကိုဆွေ၊ ဒါပေမယ့် ကျွန်မဟာ ခဲသုံးကြိမ် မှန်ဖူးတဲ့ စာသူငယ်ပါရှင်"

"ကဲ....မပန်းအဖေဆီ ကိုယ်သွားပြောမယ်။ မကြာခင်မှာ လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းမယ့် အကြောင်းပေါ့"

မပန်းလောင်သည် မောင်ဆွေငယ်ကို တအံ့တဩကြည့်သည်။

× × × ×

"ဘာပြောတယ်၊ ဦးလေးသမီးနဲ့ လက်ထပ်ပါရစေဟုတ်လား"

"မန္တလေးမှာ ကျွန်တော့်မိဘတွေရှိပါတယ်။ အကြောင်းကြားပြီး ခေါ်လိုက်ပါ့မယ်။ ပြီးတော့ ကျွန်တော့်ဌာနက လူကြီးတွေနဲ့ အတူလာပြီး တောင်းရမ်းပါ့မယ်ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်မိဘနဲ့ မောင်ရင်နဲ့ အကြိုက်ချင်း တူမှာမဟုတ်ဘူးကွ။ လူတစ်ကိုယ်မှာ အကြိုက်တစ်မျိုး။ မိဘက ကန့်ကွက်ယင် သားက နောက်ဆုတ်မှာ မြင်ယောင်သေးတယ်"

"အိမ်ထောင်ဘက် ရွေးချယ်တဲ့နေရာမှာ မိမိ နှစ်သက်ရာကိုယူဖို့ မိဘတွေရဲ့ ခွင့်ပြုချက်ကို ရပြီးပါပြီ ဦးလေး"

"တော်ပါတော့မောင်ရင် ဆက်မပြောပါနဲ့။ ဦးလေးအဖို့ကြားရလွန်းလို့ ရိုးနေပါပြီ။ ပြန်ပါတော့ ကွာ။ ဦးလေးသမီးကို သည်တစ်သက်မှာ ယောကျ်ားမပေးစားတော့ဘူး"

မပန်းလောင်၏ ဖခင် ဦးတိုက်မောင်းသည် မောင်ဆွေငယ်ကို အထင်သေးစွာ ကြည့်သည်။

ချစ်သည်။

ရယူ ပိုင်ဆိုင်ချင်သည်။

ဘီလူးတစ်ထောင် ဝန်းရံ ထားပါစေ၊ မပန်းလောင်ကို ခိုးယူမည်။

သူငယ်ချင်းများနှင့် တိုင်ပင်သည်။ တစ်ခဏ စဉ်းစားသည်။ နောက်ဆုံးတွင် ခေါင်းညိတ်သည်။

မပန်းလောင်နှင့် ညှိနှိုင်းသည်။ သုံးလေးရက် စဉ်းစားသည်။ နောက်ဆုံးတွင် ခေါင်းညိတ်သည်။

× × × ×

တိမ်တောင်ရွာနှင့် မောင်ဆွေငယ်တို့ လွန်တူးစခန်းသည် ငါးမိုင်နီးပါး ဝေးသည်။ အတိအကျ ဆိုရလျှင် လေးမိုင်နှင့် ခြောက်ဖာလုံတိတိ ဝေးသည်။ ညီညာသော မြေလွှာတစ်ပြင်တည်း မဟုတ်ပေ။ တောင်ဆင်း တောင်တက် ခရီးကြမ်း။

စလေဒင်နှင့် ပုလဲတစ်လုံးရှိတစ်လုံးတို့က အဖော်လိုက်လို

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူတို့နှစ်ဦးသည် ညဘက်အဆိုင်းတွင် စိန်လွန်တူး ရန် တာဝန် ကျနေသောကြောင့် လိုက်လို့ မဖြစ်ပေ။ မောင်ဆွေငယ်တစ်ဦးတည်း ခရီးနှင်ရသည်။

လယ်ထွန်စက် စီးပြီး တကျုန်းကျုန်း သွားခဲ့သော လမ်း ပေါ်၌ မော်တော်ကား တစ်ရာ ဖိနပ်ကို စီးပြီး တရှပ်ရှပ် သွားသည်။ နွေနေပူပူ အောက်တွင် တက်ခဲ့ဖူးသော ကုန်း ကမူများကို ညလေ အေးအေးနှင့် အဖော်ပြု၍ တက်သည်။

မှိတ်တုတ်မှိတ်တုတ် ကြယ်ရောင်အောက်တွင် ပြာဝပ်နေ သော တိမ်တောင်ရွာကို တွေ့မြင်ရသည်။ ဆင်ခြေလျှော အတိုင်းဆင်းလျှင် ၁၅ မိနစ်ဖြင့် ရွာကို ရောက်နိုင်သည်။ ချိန်းဆို ထားသည်မှာ ည ၁၁ နာရီမှ စောဘေးသည်။ တောင်ကုန်းလေးပေါ်တွင် အေးလိပ်သောက်ရင်း စောင့်နေ သည်။ စလေဒင်နှင့် ပုလဲတစ်လုံး ရှိတစ်လုံးပါလျှင် စကား ပြောဖော် ရဦးမည်။ ယခုမူ မောင်ဆွေငယ် တစ်ယောက် တည်း ခြင်ကိုက်ခံပြီး ထိုင်နေရသည်။

ချိန်းဆိုထားချိန်တွင် မပန်းလောင်တို့ အိမ်၏ ရေကပြင် အောက်သို့မောင်ဆွေငယ်ရောက်သည်။နောက်ဖေးတံခါးဖွင့်၍ မပန်းလောင်ထွက်လာသည်။ မပန်းလောင်လက်ထဲမှ အဝတ် ထုပ်ကို ဘယ်လက်ဖြင့် လည်းကောင်း၊ မပန်းလောင်၏ လက်ကို ညာလက်ဖြင့် လည်းကောင်း ဆွဲယူလိုက်သည်။

"သွားကြစို့ ကိုဆွေ"

သူတို့ နှစ်ယောက်သည် လက်ချင်း တွဲ၍ သွက်သွက် လျှောက်သည်။

"မပန်း.... မပန်း.... ။ ဟေ့....သမီး"

www.burmeseclassic.com

www.burmeseclassic.com



မပန်းလောင်၏ အဖေ အသံနှင့်အတူ လက်နှိပ်ဓာတ်မီး ရောင် ပေါ်ထွက်လာသည်။ သူတို့ နှစ်ယောက်သည် ရေတွင်း ဘောင်မြင့်မြင့်ကို အကာအကွယ် ယူ၍ ဝပ်လိုက်သည်။ မီး ရောင်သည် သူတို့နှစ်ယောက် အပေါ်မှ လွှားကျော်သွား သည်။ ဦးတိုက်မောင်း၏ ခြေသံသည် ရေတွင်းနှင့် နီးလာ သည်။

"အဖေ.... အဖေ.... ဘာလုပ်နေတာလဲ"

မပန်းလောင်၏ အစ်ကို အသံကို ကြားရ ပြန်သည်။ ခက် ခက်ရချည်ရှဲ။

"အဖေ ဘာမှ မလုပ်ပါဘူးကွာ။ မင်း အိပ်မှာသာ အိပ် စမ်းပါ"

ဦးတိုက်မောင်းသည် ရေတွင်းနား ရောက်ပြီးမှ ပြန်ကျွေ သွားသည်။ နှစ်ယောက်သားထပြီး ခက်သွက်သွက်လျှောက် ကြသည်။ အမှောင်ထုသည် သူတို့နှစ်ယောက် ဘက်မှ စစ်ကူ ပေးသည်။

သို့သော် စိတ်မချရသေးပေ။ နောက်ကလိုက်သူတစ်သိုက် မှာ ယောကျ်ားကြီးတွေ၊ သန်စွမ်းသူတွေ။ ရှေ့ကပြေးသူမှာ မသန်မစွမ်းသော မိန်းမငယ်ကို ဖေးမ၍ သွားနေရသည်။

ရွာပြင်သို့ ရောက်လာသော်လည်း လက်နှိပ်ဓာတ်မီးရောင် တန်းတစ်ခုသည် သူတို့ခေါင်းပေါ်မှ ကျော်သွားလိုက်၊ သူတို့ ဘေးမှ ဖြတ်သွားလိုက်မို့ တထိတ်ထိတ် တလန့်လန့် သွားရ သည်။ လမ်းမကြီးအတိုင်း ပြေးလို့မဖြစ်တော့ပြီ။ ရွာထဲတွင် ရှာမတွေ့၍ လမ်းအတိုင်း လိုက်လာလျှင် သူတို့ကို မိမှာ သေချာသည်။

ထို့ကြောင့် လမ်းမကြီးမှ ဖယ်ခွာ၍ ကြမ်းတမ်းသော

www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းအတွင်း ပင်ပြေး ကြသည်။ နိမ့်မြင့် မညီသော လယ်ကွက်၊ ခုံးမို့နေသောလယ်ကန်သင်း၊ ထိုးဆောင်နေသော ရိုးဖြတ် တို့ကြောင့် အသွားနှေးသည့်ကြား အသွား လေးရ သည်။

"မောသလား မပန်း"

"ခြေထောက်က နာတယ် ကိုဆွေရယ်"

"ကိုယ့်ကို တွဲလျှောက်နော်"

မပန်းလောင်၏ အားနည်းသော ဘယ်ဘက်မှ တွဲမပြီး လျှောက်သည်။ နောက်ကလူရန်သူကိုကြည့်ရ၊ အောက်ကမြေ ရန်ကို ကြည့်ရ၊ ဘေးကလူကို တွဲခေါ်ရ၊ အဝေးကစခန်းကို မှန်းမျှော်ရနှင့် ချွေးတဒီးဒီး ကျဆင်းလာသည်။ နှစ်ယောက် လုံး မောဟိုက်နေသည်။

ထိန်လင်းသော လက်နှိပ်မီးရောင်သည် သူတို့ ကိုယ်ပေါ် ကျသဖြင့် နှစ်ယောက်သား ထိုးလှဲ လိုက်သည်။ လယ်ကွင်း မြေမာမာမို့ နာလိုက်သည့်ဖြစ်ခြင်း။ တစ်ခဏမျှငြိမ်ပြီး အသံ ဗလံများ နားစွင့်သည်။ အလင်းတန်းထပ်မလာ၊ အသံလည်း ပေါ်မလာသဖြင့် မောင်ဆွေငယ် ထသည်။ မပန်းလောင်ကို တွဲထူသည်။ မပန်းလောင်သည် မထနိုင်တော့ပြီ။

"ကိုဆွေရယ်.... မပန်းကို ထားခဲ့ပါတော့။ ခြေထောက် တွေက သိပ်နာနေပြီ။ အဖေတို့ အစ်ကိုတို့မီလာယင် ကိုဆွေ ကို ရိုက်ကြလိမ့်မယ်"

"အို.... မပန်းကို ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ။ မပန်းကို ကိုယ်ပွေ့ခေါ်မယ်။ အဝတ်ထုပ်ကြီးကို ထားခဲ့မယ်"

ချုံပုတ် တစ်ခုအောက်တွင် အဝတ်ထုပ်ကို ထားခဲ့ပြီး မပန်းလောင်ကို ပွေ့ချီသည်။

www.burmeseclassic.com

www.burmeseclassic.com



မောလျှင် နားလိုက်၊ ပွေ့ချီလိုက် တရွေ့ရွေ့ ထွက်ခွာလာသည်။

တောင်ကုန်း အဆင်းအတက်များတွင် အသက်ထွက်လုနီးပါး မောပန်းသည်။ လက်မောင်းများ နာကျင်ကိုက်ခဲလာသော်လည်း အားတင်းပြီး ပွေ့ရသည်။ မပန်းလောင်ကို ထားခဲ့၍မဖြစ်။ စခန်းကလည်း ရောက်မရောက်နိုင်။

လမ်းအတိုင်း မသွားရသောကြောင့် ခရီးတာမှာ အလွန်ရှည်လျား၏။ ရှည်သော်လည်း မပြေး၍ မဖြစ်။ နာသော်လည်း ချထား၍မဖြစ်။ မောသော်လည်း ထိုင်နေ၍ မဖြစ်။

ဟော.... ရောင်နီ ထွက်ပေါ်လာပြီ။

ရွှေပြည်တော်ကို မျှော်ကြည့်သည်။ မဝေးတော့ပြီကော။

မောင်ဆွေငယ်နှင့် မပန်းလောင်သည် တစ်ဦးကို တစ်ဦးကြည့်ပြီး အားပါးတရ ပြုံးကြသည်။

× × × ×

"ဟေး.... ကိုယ်တော်လေးကြွလာပြီကွ။ ကြင်ယာတော်လဲ ပါတယ်ဟေ့"

ပုလဲတစ်လုံး ရွှဲတစ်လုံး၏ အသံကို ပထမဆုံး ကြားရသည်။

တဲအသီးသီးမှ လူနတူး ဝန်ထမ်းများ ထွက်ကြည့်ကြသည်။ "မင်္ဂလာရက်မြတ် လက်ထပ်မယ့်သူတွေ၊ အောင်ပါစေ" ဟု ဝိုင်းဝန်းအော်ဟစ်ကြသည်။ မကြုံဖူးသော မပန်းလောင်သည် ရှက်ကြောက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး ရဲရဲနီ၏။

"ငါတို့ဖြင့် စိုးရိမ်လိုက်ရတာကွာ၊ တစ်ညလုံး တစောင့်စောင့်နဲ့၊ ကောင်းကောင်းတောင် အိပ်မပျော်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နွစ်ယောက်လဲ မအိပ်ရသေးပါဘူး စလေဒင်ရယ်။ ယောက္ခမကြီးသိသွားလို့ ပြေးလိုက်ရတာကွာ။ တစ်ချက်မှ မနားရဘူး။ လူတွေစုတ်ပြတ်နေတာသာ ကြည့်ပေတော့"

"ရောက်ပြီပဲ နားကြဦးကွာ။ အေးအေးဆေးဆေးပေါ့။ ဒါနဲ့ မင်းတို့နှစ်ယောက်က ဘယ်မှာနေမှာလဲ"

"ဟာ.... ကိုယ်တော်နှစ်ပါးအတွက် ယာယီတဲနန်း ဆောက်ပေးမှပေါ့ကွ။ သွားကြ၊ တဲတစ်လုံး အမြန် ဆောက်ခဲ့။ စုလစ်မွမ်းချွန်တွေ၊ ခြူးပန်းခြူးနွယ်တွေ ထည့်မနေနဲ့၊ တံတိုင်း နှစ်ထပ်နဲ့ ကျုံးသုံးထပ်တော့ ပါပါ စေနော်။ စလေဒင်က ရွာကိုသွားကွာ၊ ငါမိန်းမ ခိုးလာတဲ့အကြောင်း လူကြီးတွေကို သွားပြောစမ်းပါ"

မောင်ဆွေငယ်က နှင်လွှတ်လိုက်မှ လူအုပ်ကြီးသည် ပျော်ရွှင်စွာ ဝူးဝူးဝါးဝါး အော်ဟစ်ပြီး ထွက်သွားကြသည်။

လူရှင်းမှ ချစ်သူနှစ်ဦးသည် တစ်ဦး၏ နဖူးမှ ချွေးကို တစ်ဦးက တို့သုတ် ပေးသည်။

× × × ×

"မောင်ဆွေငယ်ရေ.... မပန်းလောင် အဖေ လိုက်လာ တယ်ဟေ့"

စလေဒင် အသံကြောင့် နှစ်ဦးစလုံး ထိတ်ထိတ် ပျာပျာ ဖြစ်သွားသည်။ တဲထဲကို ဝင်ထိုင်လို့ အမော မပြေသေး။ ထပ်မံပြီး ပြေးရဦးမည်။ မပန်းလောင်ကို မေးမျှ တွဲလျှောက်စဉ်မှာပင် စလေဒင်နှင့် ဦးတိုက်မောင်တို့ ဘွား ခနဲ ပေါ်လာသည်။

"မပြေးပါနဲ့ သမီးလေးရယ်။ သမီးတို့ ချစ်ခြင်းကို ခွဲဖို့

www.burmeseclassic.com

www.burmeseclassic.com



အဖေလိုက်လာတာ မဟုတ်ပါဘူး။ သမီးတို့ကောင်းကောင်း မွန်မွန်ရောက်ရဲ့လားလို့ လာကြည့်တာပါကွယ်”

ဦးဆိုက်မောင်း၏ အေးဆေးသော လေသံ၊ ဒေါသကင်း စင်သောမျက်နှာတို့ကြောင့် မောင်ဆွေငယ်နှင့် မပန်းဃောင် တို့မှာ ပူပင်သောကများ လွင့်ပြယ် သွားသည်။

“ထိုင်ပါဦးလေး။ ဦးလေးသမီးကို ခိုးယူလာတဲ့ အတွက် ခွင့်လွှတ်ပါနော်”

“ခွင့်လွှတ်ပါတယ် မောင်ရင်ရယ်။ ဦးလေးသမီးကို ခိုးယူ လို့ ဦးလေးစိတ်မဆိုးပါဘူး။ သမီးအပေါ်မှာ တကယ်စစ်မှန် တဲ့ မေတ္တာတရား ထားကြောင်း သိရလို့ ပိုပြီးတောင် ဝမ်း သာပါသေးတယ်ကွယ်။ မောင်ရင်တို့ ထွက်ပြေးပြီး ရေတွင်း နားမှာ ပုန်းနေကတည်းက ဦးလေး သိပါတယ်။ သားကြီး နိုးလာလို့တောင် ဘေးကို ဖယ်ထုတ်ခဲ့ရသေးတယ်။ မောင် ရင့်ကို သိပ်ပြီးအယုံအကြည်မရှိသေးလို့ မောင်ရင်တို့ ပြေးတဲ့ နောက်ကို ဦးလေး လိုက်ကြည့်သေးတယ်။ လယ်ကွင်းထဲမှာ မောင်ရင်က သမီးကို ပွေ့ချီပြီး ခေါ်သွားမှ ယုံကြည်တော့ တယ်ကွယ်။ ခဏစောင့်ကြည့်ပြီး မောင်ရင်တို့ အဝေးရောက်မှ အဝတ်ထုပ်ကောက်ပြီး အိမ်ပြန်ခဲ့ရတယ်။ ရော့သမီး....သမီး တို့ ထားခဲ့တဲ့ အထုပ်”

“အို.... အဖေ။ ကန်တော့နော် ကန်တော့”

“ဦးလေးတို့ဟာ ရိုးသားတဲ့ တောသူတောင်သားတွေပါ မောင်ရင်။ သမီးရဲ့ လက်ထပ် မင်္ဂလာမှာ နှစ်ကြိမ် သုံးကြိမ် လွဲခဲ့ရတော့ အရှက်ရပေါင်း များခဲ့ပြီပေါ့။ ဒါကြောင့် ဟို တလောက မောင်ရင်လေးကို ပြတ်ပြတ်သားသား ပြောခဲ့ တာ စိတ်မဆိုးနဲ့နော်”

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါဘူး ဦးလေး။ ကျွန်တော် နှမချင်း စာနာပါတယ် ခင်ဗျာ"

"အေးကွယ်။ ယောကျ်ားဆိုတာ ကတိတည်မှု၊ သမာဓိရှိမှု၊ သစ္စာတရား ကြီးမားမှ ယောကျ်ားကွယ့်။ ကြွက်မကြီးက သူ့သမီး ကြွက်မလေးအတွက် ယောကျ်ားလိုက်ရှာသလို နေမင်း၊ လေမင်းတွေကို ဦးလေး မရည်မှန်း ပါဘူး။ ဒုက္ခိတ သမီးလေးကို သစ္စာရှိရှိ ပေါင်းသင်းမယ့် ယောကျ်ားကောင်းကိုသာ ဦးလေးလိုလားတာပါ။ ကဲ.... နေမမြင့်ခင် ဦးလေး ပြန်မယ်။ လူကြီးစုံရာနဲ့ သမီးကို လာအပ်ပါကွယ်။ ဦးလေး စောင့်နေပါ့မယ်"

"ဟုတ်ကဲ့ ဦးလေး။ မပန်းရေ.... အဖေ့ကိုကန်တော့ရအောင်"

မောင်ဆွေငယ်နှင့် မပန်းလောင်သည် ဦးတိုက်မောင်းကို လက်ဆယ်ဖြာ အုပ်မိုး၍ ရှိခိုး ကန်တော့ကြသည်။

"သာဓု၊ သာဓု၊ သာဓု၊ အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်။ သမီးရေ လိမ်လိမ်မာမာ နေခဲ့နော်။ အဖေ သွားတော့မယ်"

ဦးတိုက်မောင်းသည် တဲအတွင်းမှပြန်ထွက်ခွာသွားသည်။

မောင်ဆွေငယ်၏ ရင်ခွင်ကျယ်တွင် မျက်နှာ အပ်၍ တသိမ့်သိမ့် ရှိုက်ငိုရင်း မပန်းလောင်ကျန်ခဲ့သည်။

"မပန်း....ဘဝခရီးလမ်းကို ကိုယ်တို့နှစ်ယောက် လက်တွဲပြီး လျှောက်ကြမယ်။ နိမ့်မြင့်ကြုံတိုင်း၊ တက်ဆင်းရွှေ့တိုင်း အားမငယ်နဲ့နော်။ မပန်းကို ကိုယ်ပွေ့ခေါ်မယ်။ စစ်မှန်တဲ့ မေတ္တာတိုင်းမှာ ကြီးမားတဲ့ အင်အားတွေ ရှိပါတယ် မပန်းရယ်...."

www.burmeseclassic.com

www.burmeseclassic.com

# ၅။ အငယ်ဆုံး ဝှိမက္ကာ

လွန်တူးစခန်းတွင် ဖြတ်မောင်သည် ခွေးချစ်တတ်သည်ဟု သတင်းထွက်၍ ကျော်ဖြူးသည် ကလေးချစ်တတ်သည်ဟု လူသိများ၏။

ဖြတ်မောင်သည် စားကြွင်းစားကျန်များစုပြီး ခွေးများကို ကျွေးမွေးထားသည်။ သူခွေးများကို အမည်ပေးရာတွင် ပေးရိုးပေးစဉ် ခွေးနာမည်များ မမှည့်ခေါ်ပေ။ သူ ချစ်သော ရုပ်ရှင်ပညာရှင်များ၏ အမည်ကို သုံးစွဲထားသည်။ ထို့ကြောင့် အစာကျွေးခါနီး အချိန်၌ ခွေးနာမည်များ တကြော်ကြော်ခေါ်လျှင် ကြားရသူအပေါင်းသည် ပြုံးရယ်ကြ၏။

ကျော်ဖြူး၏ ဝသီက တစ်မျိုး။ ကလေးငယ်များ တွေ့လျှင် ကောက်ချီတတ်သည်။ ချော့မြှူတတ်သည်။ လူကြီးများနှင့် ရောနှောခြင်းထက် ကလေးများနှင့် ပေါင်းသင်းရခြင်းကို သဘောကျသည်။ သူ့လစာ၏ အတော်များများသည် ကလေးများကို မုန့်ပဲသရေစာ ဝယ်ကျွေးခြင်း၊ ကစားစရာများ ဝယ်ပေးခြင်းတို့ကြောင့် ကုန်ရ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



တန်ခူးလဆန်း ၃ ရက်နေ့ဆိုလျှင် ကျော်ဖြူး၏ အသက် ၃၂ နှစ် ပြည့်ပြီ။ ကျော်ဖြူး လျှောက်လှမ်းခဲ့သော ခရီးတာကိုပြန်လှည့်ကြည့်လိုက်သောအခါ အတိုင်းအတာမနည်းတော့သည်ကို တွေ့ရသည်။ ၃ ကျပ် ၁၅ ပြား နေ့စား လုပ်သားဘဝမှ စ၍ လုပ်လာခဲ့သည်။ ယခုအခါ ၂၁၀ ကျပ် စကေးဟူသော လစာကို ရရှိနေပြီ။ လုပ်သက်အားဖြင့်လည်း ၁၂ နှစ်ကျော် ကြာမြင့်ခဲ့ပြီ။

ဤရာထူး၊ ဤလစာ ရရှိရန်အတွက် သူ အသက် ၂၀ ကတည်းက အလုပ်ထဲ ဝင်ခဲ့သည်။ ပိုက်ထမ်း၊ ခုကိုင်အဆင့်ဖြင့် နေပူမရှောင်၊ မိုးရွာမရှောင် ပင်ပင်ပန်းပန်း လုပ်ခဲ့သည်။ ငှက်ဖျားရောဂါဒဏ်ကို အကြိမ်ကြိမ် ခံစားခဲ့ရသည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝက ကျော်ဖြူးသည် ဤသို့ လွန်တူးဝန်ထမ်းဖြစ်လာမည်ဟုမထင်ခဲ့ပေ။ ဤအလုပ်ကို စိတ်မကူးမိသလို ကြားဖူးနားဝပင် မရှိခဲ့။ ကျော်ဖြူး ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးသည်မှာ လယ်သမား၊ ကိုင်းသမားနှင့် မြို့ပြဝန်းကျင်တွင် လှည့်လည်လုပ်ကိုင်စားသောက်နေသော ကာယ၊ ဉာဏ လုပ်သားမျိုးစုံတို့သာ ဖြစ်၏။

ဘဝ ရည်မှန်းချက်ကို လူကြီးမိဘများက မေးတိုင်း မိမိနေ့စဉ် မြင်တွေ့နေရသော လူတန်းစားပေါင်းစုံထဲမှ စစ်သား၊ ဆရာဝန်နှင့် အင်ဂျင်နီယာတို့ကို အလှည့်ကျ အဖြေပေးခဲ့သည်။ နှစ်ဉ်ကာလက ကလေးအတွေးဖြင့် တည်ဆောက်ခဲ့သော လုပ်ငန်းနှင့် ယခုလက်ရှိလုပ်ငန်းတို့ကို နှိုင်းယှဉ်ကြည့်ပြီး ကျော်ဖြူးပြုံးမိသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



မွေးချင်းများထဲတွင် ကျော်ဖြူးသည် အထွေးဆုံးသား ဖြစ်သည်။ အစ်ကို အစ်မများက အသားညိုသော်လည်း ကျော်ဖြူးက ဖြူသည်။ နွဲ့စွဲ့လစ့်မွေးလာသော ကျော်ဖြူး သည် ဖြူဖြူဖွေးဖွေး ဝတုတ်တုတ်လေးမို့ လူတိုင်းက ချစ်ကြ သည်။ သဘောကောင်းသော ကျော်ဖြူးသည် ဘယ်သူနမ်း နမ်း ခေါင်းမယမ်း၊ ဘယ်သူခေါ်ခေါ် ပျော်ပျော်ကြီး လိုက် တတ်သည်။

ချီပွေ့ချင်သော လူသူပေါ်များသဖြင့် ကြမ်းပြင်ပေါ်တွင် အနေနည်း၏။ လက်ပေါ်တွင် အနေများ၏။ လူတိုင်းချစ် သော ကလေးဘဝ အဖြစ်ဖြင့် အစခရီးသည် အများကြီး လှပခဲ့သည်။

ကျော်ဖြူးအထက်က အစ်ကိုအစ်မများ ယော်စဉ်က မလုပ် ခဲ့သော ကင်ပွန်းတပ်မင်္ဂလာကို ကျော်ဖြူးလေး လုပ်ခဲ့ရသည်။ "ဘဝခရီးတစ်လျှောက်လုံး ဖြောင့်ဖြူးသာယာပြီး ထင်ပေါ် ကျော်ကြားစေရန်" ဟူသော အတိတ်နိမိတ်ကိုယူ၍ တောင် ကျောင်းဆရာတော် ဦးဥတ္တမပေးသော အမည်နာမ ဖြစ် သည်။

ကျော်ဖြူးတို့ရွာတွင် ကလေးကင်ပွန်းတပ်လျှင် မုန့်ဟင်း ခါး ကျွေးလေ့ရှိသည်။ ကျော်ဖြူးလေး၏ ကင်ပွန်းတပ်မင်္ဂလာ တွင် သူများနှင့်မတူ။ ပေါင်မုန့်ကို သကြားရည်ဆမ်း၍ ကျွေးသည်။ လက်နှစ်လုံးခန့်ထူသော ပေါင်မုန့်ချပ်ကြီးကို ဆယ်မလိုက်လျှင် သကြားရည်တွေ ကြွက်မြီးတန်းနေသည်။ စားလိုက်လျှင် တစ်ချပ်ဆို ဆိုသလောက် မျက်လောင်တွေ ငိုက်ကျလှုနီးပါး ချိုအီသွားသည်။ ရွာလုံးကျွတ်လာရောက်

www.burmeseclassic.com

www.burmeseclassic.com



အားပေးသောကြောင့် ပေါင်မုန့်အလုံးတစ်ရာသည် ပြိုက်ခနဲ ကုန်သွားသည်။

နှယ်နှယ်ရရ ကျော်ဖြူးမဟုတ်။ တစ်ရွာလုံးကို အချိုရည် လှမ်း၍ သာခွေယိုင်သွားအောင် စွမ်းဆောင်ခဲ့သော ကျော်ဖြူးဖြစ်သည်။

× × × ×

ကျော်ဖြူးလေး၏ မိဘများသည် တောင်သူကြီးများ ဖြစ်သည်။ ဆေးရွက်ကြီးခင်း၊ ကြက်သွန်ခင်း၊ ငရုတ်ခင်းနှင့် ပဲခင်းများစွာရှိသည်။ ကုန်သည်ပွဲစားအလုပ်ကိုလည်း လုပ်သည်။ ကိုင်းထွက်ကုန်များကို မော်တော်ကြီးဖြင့် တင်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းကာ မြစ်ဝကျွန်းပေါ်ဒေသရှိ မြောင်းမြ၊ ဝါးခယ်မ တိုင်အောင် သွားရောက်ရောင်းချသည်။ ထို့ကြောင့် တောသူဌေးဟု ခေါ်ရလေအောင် ဥစ္စာဓနရှိခဲ့သည်။

ရွာတွင် မူလတန်းကျောင်း ရှိသော်လည်း သားလေးမောင်ကျော်ဖြူးကို ကျောက်ပန်းတောင်းမြို့ သို့ သွားထားသည်။ သျှောင်ပေစူးနှင့်၊ ငယ်ပါတန်းလန်းနှင့်၊ ပုဆိုးစလွယ်သိုင်းနှင့် စုတ်စုတ်နုပ်နုပ် မနေလိုက်ရပေ။ ဗိုလ်ကေနှင့်၊ ရှပ်အင်္ကျီနှင့်၊ မာစရိုက်လုံချည်နှင့် လုံခြုံသားနားစွာ နေခဲ့ရသည်။ ကျောက်သင်ပုန်းတစ်ချပ်ထဲတွင် ကကြီး ခခွေး ရေးလိုက်၊ ဖျက်ပြီး တစ်နှစ်သုံးလေးရေးလိုက်ဖြင့် ရွာမှ ကလေးတွေလို ချွေးချွေးတာတာ ပညာမသင်ခဲ့ရပေ။ တစ်တာသာကို ဗလာစာအုပ်တစ်အုပ်နှုန်းဖြင့် ပညာသင်ခဲ့ရသည်။

www.burmeseclassic.com


ဘုမ္မိကမ္ဗလာ မြေဝါဝါမှာ ဖင်ခုထိုင်ရန်အတွက် ဂုန်နီအိတ်အစုတ်ကို ချိုင်းကြားညှပ်ပြီး ချက်ဖောင်း၊ သံခဲနှင့် ကုလားမတို့ ကလေးတစ်သိုက် ရွာကျောင်းသို့ ဖုန်လုံးကြီးနှင့်အတူ ပြေးလွှားသွားနေစဉ်တွင် မောင်ကျော်ဖြူးသည် ထန်းလျက်ပွဲရုံ ပိုင်ရှင်ကြီး၏သား မောင်မောင်မိုးအောင်နှင့်အတူ မြင်းလှည်းစီးပြီး ကျောင်းတက်ရသည်။

မောင်ကျော်ဖြူးလေး ကု သိုလ် ထူး ပါ ပေ သည်။ မောင်ကျော်ဖြူး၏ အစ်ကို အစ်မများသည် အခြားကလေးများနည်းတူ ရွာကျောင်းမှာပင် သင်ယူရသည်။ အလယ်တန်းကျောင်းသို့ ပို့သည်ပင်လျှင် အားလုံးမရောက်ကြပေ။ သမီးများအားလုံးသည် လေးတန်းအောင်သည်နှင့် ကျောင်းထွက်ကြ၏။ ရွာတွင် ဆေးရွက်ဒူး၊ မြေပဲနုတ်၊ ဆီးသီးကောက်ကြသည်။ အစ်ကိုကြီးသည် ငါးတန်းနှင့် ကျောင်းထွက်ပြီး ယာထဲကိုင်းထဲ ဆင်းသည်။ အစ်ကိုလတ်သည် ရှင်ပြုပြီးကတည်းက လူ ဝတ် မ လဲ တော့ ပေ။ သာသနာ့ဘောင်တွင် မွေ့ပျော်သူ တစ်ဦးဖြစ်သည်။ ပရိယတ္တိ စာပေများကိုသာ သင် အံ ကျက် မှတ် သည်။ အစ်ကိုထွေး တစ် ယောက် သာ အလယ်တန်းပညာကို ဆက်လက်သင်ယူသွားသည်။

အချစ်ဆုံးသား၊ အထွေးဆုံးသား ဖြစ်သည် သာမကရုပ်ရည်ရူပကာ အနေဖြင့် ဖြူဖွေးသန့်စင်ခြင်း၊ သွက်လက်ချက်ချာခြင်းတို့ကြောင့် ယာသမားကိုင်းသမား မဖြစ်စေရန်ရည်ရွယ်၍ အသက် ၁၆ နှစ်သားအရွယ်တွင် ကျောက်ပန်းတောင်းမြို့သို့ ပို့လိုက်သည်။ အမေ့ညီမ ဒေါ်ဖွားလွင်အိမ်၌နေ၍ ကျောင်းတက်စေသည်။

ပို့ခါစတွင် မောင်ကျော်ဖြူးနှင့်အတူ အမေလည်းလိုက်နေ

www.burmeseclassic.com

www.burmeseclassic.com


ရသည်။ မောင်ကျော်ဖြူးနေသော အမေ့ညီမအိမ်တွင် သက်တူရွယ်တူ မောင်နှမဝမ်းကွဲများရှိသည်။ သို့သော် ထိုကလေးများနှင့်မကစား။ အမေ့ကိုသာ တွယ်ကပ်နေသည်။ မောင်ကျော်ဖြူး ကျောင်းတက်နေလျှင် အမေက စာသင်ခန်းရှေ့ရှိ တမာပင်အောက်မှာ ထိုင်စောင့်နေရ၏။ အမေပျောက်သွားလျှင် မောင်ကျော်ဖြူးသည် စာသင်ခန်းထဲမှ ပြေးထွက်၍ အိမ်သို့လိုက်လာသည်။ ထို့ကြောင့် တစ်ပတ်ခန့်အထိ အမေသည် မောင်ကျော်ဖြူးနှင့်အတူ ကျောင်းတွင် တစ်နေကုန်နေရသည်။ နောက်ပိုင်းတွင် ဆရာမ၏တုတ်ကို ကြောက်ရလွန်းသဖြင့် မောင်ကျော်ဖြူးသည် အမေပြန်လျှင် မလိုက်ရဲတော့ပေ။ သို့သော် အမေကိုယ်တိုင် ကျောင်းသို့လိုက်ပို့ရသည်။ လာကြိုရသည်။ တခြားလူလိုက်ပို့ လာကြိုလျှင် မောင်ကျော်ဖြူးငိုသည်။

အမေသည် ကျောက်ပန်းတောင်းတွင်နေ၍ မောင်ကျော်ဖြူးကို အမြဲတစေ ကျောင်းပို့ကျောင်းကြို လုပ်မနေနိုင်ပေ။ ရွာမှ လုပ်ငန်းများကို ပစ်ပြီး အမေ လိုက် လာ ရ သည်။ ကျောက်ပန်းတောင်းသို့ အမေရောက်နေသည်မှာ တစ်လကျော်ပြီမို့ ရွာကိုပြန်တော့မည်။ မောင်ကျော်ဖြူးကို အဝတ်သစ်များ၊ မုန့်များဝယ်ပေး၍ ချော့မော့ပြီး ထားခဲ့သည်။

မောင်ကျော်ဖြူးသည် အမေ့ထဘီစကို လုံးဝမလွှတ်ပေ။ အမေက ချော့သည်။ ခြောက်သည်။ ထဘီစကိုဆွဲမြဲဆွဲထားသည်။ အမေ ခြေတစ်လှမ်း လှမ်းလျှင် ကျော်ဖြူးလည်း တစ်လှမ်း လှမ်းပြီးလိုက်သည်။ မတတ်သာသည့် အဆုံးတွင် အမေသည် မလုပ်ချင်သော်လည်း မောင်ကျော်ဖြူးခေါင်းကို တဒေါက်ဒေါက်ခေါက်သည်။ မောင်ကျော်ဖြူး လက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ထဘီစကို ဆောင့်ဆွဲပြီး အိမ်ပြင်ထွက်သည်။ မောင်ကျော်ဖြူးက အာပေါင်အာရင်းသန်သန် အော်ဟစ်ငိုသည်။ ဆွဲထားသောအိမ်သားများ၏ လက်ကြားမှ ဇွတ်ရုန်းပြီး မြင်းလှည်းနောက်သို့ အပြေးလိုက်သည်။

ဤသို့ဖြင့် အမေသည် မောင်ကျော်ဖြူးကို ရွာသို့ ပြန်ခေါ်ခဲ့ရသည်။ သို့သော်လည်း အဖေ၏တစ်ချက်လွှတ် အမိန့်ဖြင့် ကျောက်ပန်းတောင်းသို့ မောင်ကျော်ဖြူးပြန်ရသည်။ သည်အခါတွင် အဖေကိုယ်တိုင် လိုက်ပို့သည်။ အမေသည် ယောဘက်ကို မျက်နှာအပ်၍ တရှုပ်ရှုပ် ငိုကြွေးရင်း ကျန်ခဲ့၏။

အဖေ့ကြောင့်သာ မောင်ကျော်ဖြူးသည် မြို့တက်၍ စာသင်ဖြစ်သည်။

သို့သော်လည်း အဖေဖြစ်စေချင်သော ပညာတတ်ကြီး ဖြစ်ခဲ့ပါသလား။

× × × ×

"ဖြူးဖြူးရေ.... သားကြီးယင် ဘာလုပ်မှာလဲကွ။ မင်း ဒွေးလေးကို ပြောပြလိုက်"

"မြင်းလှည်းမောင်းမယ်"

"အိုကွာ....။ ဟိုနေ့က ပြောတော့ ဆရာလုပ်မှာဆိုကွ"

"အင်း....။ ဆရာလဲလုပ်မယ်။ မြင်းလှည်းလဲမောင်းမယ်"

မောင်ကျော်ဖြူး ရွာပြန်လာတိုင်း အဖေသည် ဆွေမျိုးများရှေ့၌ မေးလေ့မေးထရှိသည်။ ထိုအခါတွင် မောင်ကျော်ဖြူးသည် ပါးစပ်ထဲ ကြုံသလိုဖြေတတ်သည်။ တစ်ခါနှင့်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



မတူပေ။ ယာသမား၊ ကိုင်းသမား၊ မြင်းလှည်းသမားဟုဖြေလျှင် အဖေသဘောမကျပေ။ စစ်သားတို့ ဆရာတို့ဖြေလျှင် အလွန်သဘောကျသည်။ ထိုသို့ ဖြေတတ်အောင်လည်း သင်ပေးထားသည်။

ကျော်ဖြူးသည် ကျောင်းပိတ်တိုင်း ရွာသို့ ပြန်သည်။ ထိုအခါတွင် အဖေသည် အမေ့ထက်ပင် မှူးရှင်နေတတ်သေး၏။ မောင်ကျော်ဖြူးမြို့ပြန်လျှင် နှစ်ယောက်လုံး ညှိုးငယ်စွာ ကျန်ရစ်ခဲ့သည်။ အမေသည် ခြံဝိုင်းအပြင်ထိသာ လိုက်ပို့သော်လည်း အဖေသည် ကားဆိပ်ထိလိုက်ပို့သည်။ ကားဆိပ်ရောက်အောင် သွားရသည်မှာလည်း မလွယ်ကူပေ။ ရှည်လျားကျယ်ပြောသော သောင်ခုံကြီးကို ဖြတ်ရသည်။ ရေကြောင်းတစ်ခုကို ကူးတို့လှေဖြင့် ကူးရသည်။ ရွာစောင်းလက်ပပ်ပင်များ၊ ဆူးချုံပုတ်များကို ဖြတ်သန်းရသည်။ စုစုပေါင်း လေးမိုင်နီးပါးသွားပါမှ ကားဆိပ်သို့ရောက်သည်။ လှည်းရှိသော်လည်း သဲသောင်ပြင်နှင့် ရေကြောင်းတို့ကြောင့် ခြေကျင်လျှောက်ခြင်းက ပို၍ ခရီးတွင်သည်။ အဖေသည် နေပူပူတွင် ခေါင်းတုံးပြောင်ပြောင်ကို တဘက်ရစ်ပတ်ပြီး လိုက်ပို့တတ်သည်။

ကားဆိပ်တွင် ကားမျှော်ရသည်မှာလည်း တစ်ခါတစ်ရံ တစ်နာရီလည်း ကြာတတ်သည်။ နှစ်နာရီလည်း ကြာတတ်သည်။ အချိန်အခါသတ်မှတ်၍ မရပေ။ စောင့်ရသည့်နေရာတွင် အရိပ်ကောင်းကောင်းမရှိ။ သစ်ရွက်ကျဲတိကျဲတောင်း တမာပင်အောက်တွင် ကိုယ်ခန္ဓာထဲမှ ရေများခန်းခြောက်လုနီးပါး အပူခံ၍ စောင့်ရသည်။

ကားလာပြီး ကားထွက်သွားမှ အဖေပြန်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို လိုက်မပို့ပါနှင့်ဟု ပြော၍လည်းမရပေ။ အစ်ကိုကြီး လိုက်ပို့ပါမည်၊ အဖေနေခဲ့ပါဆိုသော်လည်း မရ။ မောင်ကျော် ဖြူးပြန်တိုင်း အဖေလိုက်ပို့သည်။

အတန်းငယ်စဉ်က မောင်ကျော်ဖြူးသည် ကျောင်းပိတ် တိုင်း ရွာပြန်သော်လည်း ရှစ်တန်း၊ ကိုးတန်းမှစ၍ ရွာသို့ အလာကျဲသွားသည်။ မောင်ကျော်ဖြူးမပြန်သဖြင့် အဖေ တစ်လှည့်၊ အမေတစ်လှည့် လိုက်လာရသည်။

ကျောင်းရက်တိုပိတ်ချိန်၌ ရုပ်ရှင်ကြည့်မည်။ အပေါင်း အသင်းများနှင့် လည်ပတ်မည်။ ကွမ်းယာဆိုင်ထိုင်မည်။ လက်ဖက်ရည်ဆိုင်ထိုင်မည်။ လက်တောက်ခုံတွင် ဇယ်တောက် ရင်းအချိန်ဖြုန်းမည်။ ညနေစောင်းလျှင် အချိန်းအချက်ပြု၍ ထန်းရည်သောက်ကြမည်။ ရွာသို့ပြန်သည်ထက် မြို့၌ ပိုပြီး ပျော်စရာကောင်းနေသည်။

ရွာပြန်လျှင် ကျော်ဖြူးအတွက် လုပ်စရာ ဘာမျှမရှိ။ သက်တူရွယ်တူများသည် ယာထဲကိုင်းထဲ ရောက်နေပြီ။ တချို့ဆိုလျှင် အိမ်ထောင်ကျပြီ။ သူတို့အလုပ်နှင့်သူတို့ ရှုပ် နေကြသဖြင့် ကျော်ဖြူးသွားလျှင် ယောင်တောင်တောင်ဖြင့် ပြန်ခဲ့ရသည်။ ငယ်စဉ်ကလို လေးခွတစ်ချောင်းဖြင့် ဟိုပစ် သည်ပစ် လုပ်ချင်စိတ်လည်း မရှိ။ တံချူတစ်ချောင်းဖြင့် သဘော်မန်ကျည်းသီးခူးလိုက်၊ ဆီးသီးပုတ်လိုက် လုပ်ချင် စိတ်လည်းမရှိ။ ဆီဆုံပေါ်တက်စီးရင်း မူးရိပ်မူးရိပ် အရသာ ခံချင်စိတ်လည်း မရှိ။ ရွာ၏ဝန်းကျင်သည် မြို့ပြ၏ ဝန်းကျင် လောက် ပျော်ရွှင်မှု မပေးစွမ်းနိုင်တော့ပေ။

ကျောင်းရက်ရှည်ပိတ်လျှင် သူငယ်ချင်းများ တိုင်ပင် စုပေါင်းပြီး တစ်မြို့တစ်ရွာသို့ သွားလည်ကြသည်။ ပြည်ကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။ မကွေးရောက်သည်။ မင်းဘူးရောက်သည်။ ရွှေစက်တော် ရောက် သည်။ ရေနံ ချောင်း ရောက် သည်။ မန္တလေးရောက်သည်။

မောင်ကျော်ဖြူးသည် ယာထဲ ကိုင်း ထဲ မှ ကျောက်ပန်းတောင်းသို့ ရောက်ခဲ့သည်။ ထိုမှ ထိုထက်ကြီးသောမြို့များသို့ သွားတတ်လာပြီ။

အရပ်လေးမျက်နှာသို့ လွတ်လပ်စွာ ယှက်ခွာတတ်သော စရိုက်တစ်ခုကို မောင်ကျော်ဖြူးရရှိလာသည်။

× × × ×

မောင်ကျော်ဖြူး ကိုးတန်းကျသည်။

ကျောင်းနေခဲ့သည့် ကာလတစ်လျှောက်လုံးတွင် ပထမဆုံးကျဖူးခြင်းကြောင့် မောင်ကျော်ဖြူးဝမ်းနည်းသည်။ ရွာမှရောက်လာသော အဖေနှင့်အမေကို ဖက်၍ ငိုမိသည်။ "မြင်းကောင်းခွာလိပ် ဖြစ်တာပါသွားရယ်"ဟု အဖေက နှစ်သိမ့်ချော့မော့သည်။ "တစ်နှစ်မအောင် တစ်နှစ်အောင်ရမှာပေါ့သွားရယ်"ဟု အမေက စိတ်ဓာတ်မြှင့်ပေးသည်။

သို့သော် ကျော်ဖြူးသည် တစ်နှစ်လည်းမအောင်၊ နှစ်နှစ်လည်းမအောင်။ စာမေးပွဲအောင်စာရင်း ထွက်ချိန်၌သာ ငါကြိုးစားမယ်ဟု မောင်းတင်လိုက်သော်လည်း နောက်ပိုင်းတွင် အပျော်အပါးနှင့် အသောက်အစားကို ခုံမင်တွယ်တာပြီး စာသင်ခန်းမှဝေးရာသို့ ရောက်သွားတတ်သည်။ မိဘသူ၏ ဆိုဆုံးမစကားကိုမျှ မနာယူဘဲ သူနေချင်သလိုနေသည်။ အိမ်ကို ပြန်ချင်မှ ပြန်သည်။ ရွာသို့ မသွားဖြစ်သော်လည်း ပုပ္ပားသို့ ရောက်ချင်ရောက်နေသည်။ ပုပ္ပါး ညောင်ဦးသို့

www.burmeseclassic.com

www.burmeseclassic.com


ရောက်ချင်ရောက်နေသည်။ ရည်ရွယ်ချက်ရှိရှိဖြင့် သွားခြင်းလည်း မဟုတ်။ ယောင်သုံးဆယ်သမားလုပ်ကာ မိတ်ဆွေကားသမားများနှင့်အတူ လျှောက်လိုက်နေခြင်းဖြစ်သည်။

ကိုးတန်းကို စတုတ္ထအကြိမ်မြောက် ဖြေဆို၍ မအောင်မြင်သောအခါ ကျော်ဖြူးသည် အမေ့ညီမနှင့် ရန်ဖြစ်၍ ထိုအိမ်မှဆင်းသွားသည်။ စေတနာကောင်းဖြင့် ဆုံးမသွန်သင်ခြင်းကို နှိမ်သည်ထင်ကာ ပြန်လှန်ပြောဆိုရာမှ တူဝရီးနှစ်ယောက် ရန်ဖြစ်ကြသည်။ နဂိုကတည်းက ထိုအိမ်တွင် မနေချင်တော့သော ကျော်ဖြူးသည် ချက်ချင်းပင် သေတ္တာထမ်း၍ သူငယ်ချင်းတစ်ယောက်အိမ် သွားနေသည်။

အဖေနှင့်အမေတို့ ကြားရသောအခါ ရွာမှ အပြေးအလွှားလိုက်လာကြသည်။ အိမ်သို့ပြန်ခေါ်ကြသည်။ အရီးလေးက လက်ခံသည်။ သို့သော် ကျော်ဖြူး မပြန်ချင်။ အိမ်တွင်နေရသည်မှာ မလွတ်လပ်ဟုထင်သည်။ သူသွားချင်သည့်အချိန် သွားမရသလို ပြန်ချင်သည့်အချိန် ပြန်မရ။ သူနေချင်သလို မနေရသည့်အပြင် သူ့သတင်းများကိုလည်း ရွာသို့အမြဲလိုလိုပို့နေသဖြင့် အရီးအိမ်တွင် ပြန်နေဖို့ ဘယ်လိုမှ မဖြစ်ပေ။

"ကဲ.... ကျော်ဖြူး။ မဖွားလှင်အိမ်မှာ မနေချင်ယင်လဲ မနေနဲ့။ ဒါပေမယ့် မင်းကို ကျောက်ပန်းတောင်းမှာဆက်ထားလို့တော့ မဖြစ်ဘူး။ ရွာကိုပြန်လိုက်ခဲ့။ မင့်ကိုကောင်းစားစေချင်လို့ မြို့တက်ပညာသင်ပေးတာကွ။ မင်းရဲ့ ပညာသင်စရိတ်အတွက် တစ်နှစ်ကို ဘယ်လောက်ကုန်တယ်ဆိုတာ မင်းတွက်ကြည့်မိရဲ့လား။ အခုဆိုယင် ငါတို့မှာ ဟိုတုန်းကလို မချောင်လည်တော့ဘူးကွ။ ရွာမှာ ကမ်းပါးတွေပြိုပို့ စိုက်

www.burmeseclassic.com

www.burmeseclassic.com


ခင်းတွေ တော်တော်များများ ပါသွားကုန်ပြီ။ ကျော်လွမ်းရဲ့ ကောလိပ်ကျောင်းစရိတ်က ရှိသေးတယ်။ သည်တော့ မင်းကို အလကားသက်သက်မဲ့ မထားနိုင်တော့ဘူး။ ရွာလိုက်ပြီး ကိုင်းဆင်းတော့.... ဟုတ်လား။ သည်ပုံအတိုင်း မင်းကိုမြို့မှာ ဆက်ထားယင် တောလေကြမ်းပိုး ဖြစ်မှာပဲ”

အဖေ၏ စေတနာစကားကို အကောင်းမထင်တော့ပြီ။ အဖေ့ကို အရွဲ့တိုက်ပြီး ပြန်အော်သည်။

“အဘတို့အမတို့က ကျုပ်ကို ကိုင်းထဲခေါ်ပြီပေါ့လေ။ အစ်ကိုထွေးက တက္ကသိုလ်ကျောင်းသားကြီးဆိုတော့ ကျုပ်ကို အထင်သေးပြီပေါ့ဗျာ။ ရပါတယ်....။ တစ်လောကလုံးက အထင်သေးကြပါ။ ကျုပ်ကိုအထင်သေးတဲ့ ပတ်ဝန်းကျင်မှာ မနေဘူး။ သွားမယ်”

မလိမ်မိုး မလိမ္မာအရွယ်။ ရှူးရှူးမိုက်မိုက် အရွယ်မို့ အထုပ် ကိုကောက်ကိုင်သည်။ အမေက ကျော်ဖြူးကို လှမ်းဆွဲသည်။ အဖေက အမေ့ကို ဟန့်တားထားသည်။

“မိဘရဲ့ စေတနာမေတ္တာကို နားမလည်ဘဲ ခြေစုံကန်ပြီး သွားချင်တဲ့ကောင် သွားပါစေ။ သည်ကောင် ဘယ်လောက် ဝေးဝေးထိ သွားနိုင်မှာလဲ”

ထိုအချိန်မှစ၍ ကျော်ဖြူးတစ်ယောက် ဝေးသထက် ဝေးရာသို့ ထွက်ခွာလာသည်။

× × × ×

တွေ့ရာကြုံရာကားဖြင့် လိုက်သွားသည်။ မိတ္ထီလာမြို့သို့ ရောက်သည်။ စိတ်ညစ်ညစ်ဖြင့် ဆက်သွားသည်။ ရှမ်းပြည် နယ်သို့ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေသည် ဒေါသအလျောက် လိုက်မခေါ်သော်လည်း ဒေါသပြေပျောက်သွားသောအခါ စိုးရိမ် ပူပင် လာသည်။ အဝတ်အစား အနည်းငယ်နှင့် ငွေလေး မဖြစ်စလောက်သာ ပါသွားသော ကျော်ဖြူးသည် ဘယ်မှာနေ၍ ဘယ်လိုစားမည်နည်း။ အမေက နေ့စဉ်မပြတ် ငိုသည်။ လိုက်ရှာဖို့ပြန်ခေါ်ဖို့ တတွတ်တွတ်ပြောသည်။

အဖေနှင့် အစ်ကိုထွေး (မကွေးကောလိပ်တွင် ကျောင်းတက်နေသော ကျော်လွှမ်း) တို့ လိုက်ရှာကြသည်။ သတင်းစုံစမ်းကြသည်။ ကားလမ်းအတိုင်း လိုက်ကြသည်။ မြစ်ကြောင်းအတိုင်း ရှာကြသည်။ ဘယ်မှာမျှ မတွေ့။ လက်လျှော့၍ ရွာသို့ပြန်ခဲ့ရသည်။

နောက်ဆုံးတွင် ကျော်ဖြူးသည် ဘော်ဆိုင်းသို့ ရောက်သွားသည်။ လက်ထဲတွင် ငွေကြေးတစ်ပြားမျှ မရှိတော့သဖြင့် အလုပ်အကိုင်ရှာဖွေရသည်။ ထိုစဉ်တွင် ကိုရှင်သိုက်နှင့် သိကျွမ်းမိသည်။ ကိုရှင်သိုက်သည် လွန်တူးဝန်ထမ်းတစ်ဦး ဖြစ်သည်။ ဤသို့ဖြင့် လွန်တူးအဖွဲ့ထဲသို့ နေ့စားလွန်တူးသမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့် ရခဲ့သည်။

လွန်တူးလုပ်ငန်းဖြင့် နေရာဒေသ အတော်များများကို သွားခဲ့သည်။ ထားဝယ်၊ လားရှိုး၊ ကလေးဝ၊ မုံရွာ အစရှိသည်တို့ကို ရောက်သော်လည်း ကျောက်ပန်းတောင်းမြို့နှင့် ဇာတိချက်ကြွေ မွေးရပ်မြေသို့ တစ်ခေါက်တစ်ခါမျှ မရောက်တော့ပေ။

ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်၌ စိန်လွန်တူးတပ်နှံ ထမ်းဆောင်စဉ် ကျော်ဖြူးသည် မန္တလေးသို့ ဈေးဝယ်ရောက်ရှိခဲ့သည်။ ဈေးချိုထဲတွင် သူ့အစ်ကိုထွေး ကိုကျော်လွှမ်းနှင့်

www.burmeseclassic.com



မမျှော်လင့်ဘဲ တွေ့ရသည်။ ကိုကျော်လွှမ်းသည် မန္တလေး တက္ကသိုလ်တွင် သချပ်ပြဆရာအဖြစ် အမှုထမ်းနေသည်။

ငယ်ငယ်က အသားညိုသော်လည်း အေးမြသော အရိပ် အာဝါသအောက်တွင် စာပေသင်ကြားပို့ချနေရသဖြင့် စိုပြည် သော အသားအရေရှိသည့် ကိုကျော်လွှမ်း။ ငယ်ငယ်က ဖြူသော်လည်း နေပူမိုးရွာမရှောင် အမိုးအကာမရှိသော နေ ရာဒေသအနှံ့ လွန်းတူးစက် မောင်းနှင်ခဲ့ရသဖြင့် ညိုညစ်နေ သော အသားအရေရှိသည့် ကျော်ဖြူး။

၁၂ နှစ်ကျော် ကွဲကွာနေကြသည့် ညီအစ်ကိုနှစ်ဦးသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်အားဘဲ ဝမ်းသာအားရ အော် ဟစ်ပွေ့ဖက်ကြသည်။

× × × ×

အချိန်ကာလ၏ အဆုံးအဖြတ်ကြောင့် လည်းကောင်း၊ အသက်အရွယ်နှင့်အတူ ရင့်ကျက်လာသော စိတ်ဓာတ်ကြောင့် လည်းကောင်း သူမှားခဲ့ကြောင်း ကျော်ဖြူးသိသည်။

သူ့ကို အစ်ကိုထွေးနှင့် အဖေတို့ ပင်ပန်းကြီးစွာ ရှာဖွေခဲ့ ကြောင်း သိရသောအခါ ကျော်ဖြူးသည် အစ်ကိုထွေးကို အထပ်ထပ်တောင်းပန်သည်။ ရွာသတင်း ရွာအကြောင်းကို အစ်ကိုထွေးထံမှ ကြားသိရပြီးနောက် ရွာကိုလွမ်းသောစိတ် များ ပေါ်ပေါက်လာသည်။

ကျော်ဖြူးခွင့်ယူသည်။ ရွာသို့ပြန်ခဲ့သည်။ ရောဝတီမြစ်ရေ တိုက်စားမှုဒဏ်ကြောင့် ရွာတွင် ကမ်းပါးတွေ ပြိုကျခဲ့သည်။ ရွာသည် နေရာဟောင်းတွင် မရှိတော့ပြီ။ နေရာသစ်သို့ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး ရွာသစ်တည်ထား၏။ ကျော်ဖြူးသည် မိမိအိမ် ဘယ်နားမှာဆောက်ထားကြောင်းမသိသေးသမို့ မေးမြန်းပြီး သွားရသည်။

အိမ်ရောက်သော် မိဘများမရှိကြပေ။ ဘုန်းကြီးကျောင်း သို့ သွားသည်ဆို၍ အထုပ်အပိုးများချပြီး ကျောင်းသို့လိုက် သည်။ ကျောင်းသစ်ကြီးသည် ကြီးမားကောင်းမွန်လှ၏။ အစ်ကိုလတ်သည် ကျောင်းထိုင်ဆရာတော် ဖြစ်နေပြီ။

အဖေနှင့်အမေတို့ကို စိပ်ပုတီးလည်ဆွဲလျက် တွေ့ရသည်။ အသက် ၇၀ ကျော်ဟူသော အရွယ်နှင့်အညီ အိုမင်းကျဆင်း နေသည်။ ဇရာဒုက္ခလ၏ အရေးအကြောင်းများ ပေါ်လွင် ထင်ရှားလျက်ရှိသည်။

"အဘနဲ့အမ"ဟု ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ကျော်ဖြူးအသံမှန်း သူတို့သိကြသည်။ နှစ်ကာလမည်မျှကြာ ပါစေ၊ သားအသံကိုသူတို့မှတ်မိသည်။ သားလေးမည်မျှမိုက် ပါစေ၊ သားကို သူတို့ချစ်သည်။ ဘဝတစ်ပါးသို့မကူးပြောင်း မီ သားထွေး၏မျက်နှာကို မြင်လို တွေ့လိုပါသည်ဟူသော သူတို့၏ဆုတောင်းမှာ ပြည့်လေပြီ။

အဖေနှင့်အမေတို့၏ အကြင်နာလက်များဖြင့် ထွေးပွေ့ ခြင်းခံရသည်။ အဖေအမေတို့၏ မေတ္တာမျက်ရည်တို့ဖြင့် ဆွတ်ဖျန်းခြင်းခံရသည်။

ကျော်ဖြူးပြန်လာသော သတင်းသည် တစ်ရွာလုံးသို့ တစ်မှု ဟုတ်ခြင်း ပျံ့နှံ့သွားသည်။ ရွာလုံးကျွတ်နီးပါး လာရောက် နှုတ်ဆက်ကြသည် (တချို့က လာကြည့်ခြင်းဖြစ်ပါသည်။)

အစ်ကိုကြီး ကိုကျော်ရသည် မည်း၍ဝလာသည်။ ခေါင်း ဖြူများဖြင့် တစ်ခေါင်းလုံးဖွေးနေသည်။ အစ်ကိုကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က ကျော်ဖြူးမြင်တွေ့နေရသော အဖေနှင့် တထေရာ တည်းတူ၏။ ယခုအခါ အဖေ့လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေ၏။

အစ်မများအားလုံးမှာ အိမ်ထောင်ရက်သား ကျကြပြီမို့ တစ်ကြိမ်မျှမမြင်ဖူးသေးသော တူများတူမများနှင့် တွေ့ဆုံရသည်။

ရွာမှကလေးများကို တချို့မှတ်မိ၍ တချို့မမှတ်မိတော့။ ဦးစွန်းဖုတ်နှင့်ကလေးများကို ဗိုလ်ကေနှင့်တွေ့ရ၏။ ဆံရစ်ဝိုင်းနှင့်ကောင်မလေးများကို ဘိုးဆံပတ်နှင့်တွေ့ရ၏။ ကလေးများ၏ကြီးထွားမှုကို မြင်တွေ့မှ မိမိအသက်အရွယ် ရင့်ရော်လာပြီဖြစ်ကြောင်း မသိလိုဘဲ သိရသည်။

စကားပြောလို့ အားမရသေးမီ ခွင့်ရက်စေ့၏။ ရွာမှ မန္တလေးသို့ မန္တလေးမှ ဖယောင်းတောင်သို့ပြန်သည်။ မိအိုဘအိုများက ကျော်ဖြူးကို လုံးဝမပြန်စေချင်ပေ။ ကျော်ဖြူးသည် အတန်တန် တောင်းပန်ကန်တော့ပြီး မွေးရပ်ဌာနီမှ ခွာခဲ့ရသည်။

သည့်နောက်ပိုင်းတွင် ရွာမှ စာများလာသည်။ အစ်ကို အကြောင်းရင်းမှာ အလုပ်ထွက်ပြီး ရွာပြန်လာစေဖို့ပင်။ ရွာရောက်လျှင် အရောင်းအဝယ်လုပ်ချင်လုပ်ပါ။ မလုပ်လိုလျှင် အစ်ကိုကြီးထံမှ ယာများခွဲဝေယူပြီး လုပ်ပါ။ ဘာမှ မလုပ်လိုလျှင်လည်း ထမင်းတစ်လုတ်တစ်ဆုတ် စားဖို့အရေးကို အဖေတို့က တာဝန်ယူနိုင်ပါသေးသည်....စသော အကြောင်းအရာများဖြင့် ပြန်ခေါ်သည်။

ထား.... ကျော်ဖြူး ရွာပြန်လာပါပြီတဲ့။

မိဘများတွင် ယခင်ကလို ယာခင်းများစွာ မရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အတော်များများမှာ ကမ်းပါးပြိုသည့်အထဲ ပါသွားသည်။ ကျန်သမျှလေးကို သားနှင့်သားမက်များကို ခွဲပေးပြီးပြီ။ အစ်ကိုကြီးမှာ သူ့အိမ်ထောင်ကို ကျွေးရသည်သာမက မိအို ဘအိုများကို ကျွေးရသေးသည်။ စားသောက်ဖြစ်ရုံ ပုံမှန် သည်ပတ်နေသော အစ်ကိုကြီး၏ လုပ်ငန်းများကို ယခုမှ သွား၍ ဖွဲ့ချွေယူလျှင် ကျော်ဖြူးတရားပါ့မလား။

အရောင်းအဝယ်လုပ်သည်ဆိုပါစို့။

လက်ကားဆိုင်ကြီးမှ တစ်ထုပ်တစ်ကျပ်နှုန်းဖြင့် ဝယ်လာသော ကုန်ပစ္စည်းတစ်ခုကို လက်လီစိတ်၍ တစ်ထုပ်လျှင် ငါးမတ်ရအောင်ရောင်းခြင်းဖြင့် အရောင်းအဝယ်လုပ်သည်ဟု လွယ်လွယ် ခေါ်၍ရပါသလား၊ သုံးမတ်တန် ပစ္စည်းတစ်ခု အတွက် ကျပ်တန်ပေးသူကို အကြွေတစ်မတ် ပြန်အမ်းတတ် သည်နှင့် အရောင်းအဝယ်လုပ်သည်ဟု ခေါ်ပါသလား။

အရောင်းအဝယ်သည် ထိုထက်မက ပညာပါပေလိမ့်မည်။ ကျွမ်းကျင်မှုလိုပေလိမ့်မည်။ အကွက်အကွင်း အလှည့်အပတ် တွေ့ တတ်ရပေလိမ့်မည်။ လိမ်တတ်ညာတတ်ဖို့လည်း လို လျှင်လိုပါလိမ့်မည်။

အရင်းအနှီး တော်ရုံသင့်ရုံမျှဖြင့် ထပြီး ဈေးသည်လုပ် တိုင်းမြတ်ပါသည်ဆိုလျှင် အခြားလုပ်ငန်းများတွင် လုပ်ကိုင် သူရှိတော့မည် မဟုတ်ပေ။ ဝါသနာပါဖို့လိုပါသည်။ ကျွမ်း ကျင်တတ်သိဖို့လိုပါသည်။ ကျော်ဖြူးမှာ ဝါသနာလည်းမရှိ။ ကျွမ်းကျင်တတ်သိမှုလည်းမရှိ။ အရောင်းအဝယ်လုပ်ငန်းကို မလုပ်လို။

အလုပ်ထွက်ပြီး ရွာတွင် ထိုင်စားကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိမိစွန့်ခွာခဲ့သော ရပ်ရွာမှ ငယ်ပေါင်းသူငယ်ချင်းအချို့သည် ထိုက်သင့်သောပညာများကို သင်ယူပြီး ထိုက်သင့်သောအလုပ်များ ရနေကြပြီ။ ချက်ဖောင်းသည် ဆရာအတတ်သင်သိပ္ပံကျောင်းမှ သင်တန်းဆင်းပြီး ရွာကျောင်းတွင် မူလတန်း ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းပိုင်အဖြစ် ကျော်ကြားနေသည်။ ကုလားမသည် ဝမ်းဆွဲဆရာမ လှလှမြင့် ဖြစ်နေပြီ။ သံခဲသည် ဂီတအိုင်ကျောင်းတက်၍ ဒီပလိုမာတစ်ခုရသည်။ စလေခေါတ်မြေဩဇာ စက်ရုံတွင် ဒု–လက်ထောက်အင်ဂျင်နီယာ ဦးရဲနီဖြစ်နေပြီ။

ကျောက်ပန်းတောင်းမှ သူငယ်ချင်းများသည်လည်း ထိုနည်းတူပင် ရာထူးရာခံများ၊ အလုပ်အကိုင်များ ကိုယ်စီရှိကြသည်။ ငယ်သူငယ်ချင်း မောင်မောင်မိုးအောင်သည် ရေနံချောင်းမြို့တွင် ဆရာဝန် ဦးမောင်မောင်မိုးအောင် အဖြစ်ထင်ရှားသည်။

ထိုနယ်မြေဒေသသို့ အိမ်ပြေး၊ ကျောင်းပြေး ကျော်ဖြူးသည် အလုပ်လက်မဲ့ဘဝဖြင့် ပြန်နေဖို့ကိစ္စမှာ ရှက်စရာကောင်းပါသည်။

ထို့ထက် အရေးကြီးသည်မှာ ကျော်ဖြူး၏ အလုပ်အကိုင်။

စိန်လွန်တူးလုပ်ငန်းသည် ကျွမ်းကျင်ဖို့ အလွန်လိုအပ်သော လုပ်ငန်းဖြစ်သည်။ လွန်တူးစက် မောင်းနှင်တတ်အောင် သင်ရသည်မှာ ဘာမျှမကြာ။ တတ်လွယ်သည်။ သို့သော် စက်မောင်းတတ်တိုင်း တူး၍ရသည်မဟုတ်ပေ။ လွန်တူးပိုက်များ၏ လည်ပတ်နှုန်း၊ လွန်သွားအပေါ် သက်ရောက်သော ဖိအားတို့ကို ချိန်ဆတတ်ရန် အတွေ့အကြုံကများစွာ စကားပြောသည်။ ပုံသေနည်း မရှိသောကြောင့်



စာအုပ်ဖြင့် သင်ကြား၍မရ။ လက်တွေ့လုပ်ကိုင်ပြီး ပညာယူရသည်။

အတွေ့အကြုံများသော လွန်တူးဝန်ထမ်းသည် ဘယ်အနက်တွင် ဘယ်တက်ဖြင့်လျှော်ရမည်။ ဘယ်လိုမြေသားကို ဘယ်လိုတူးရမည်ကို သိသည်။ မြေပေါ်တွင်ငုတ်တုတ်ထိုင်ပြီး မြေအောက်မှကျောက်ကို မျက်စိ၊ နား၊ အတွေ့အထိတို့ဖြင့် မှန်းဆတူးရသည့်အလုပ်မှာ များများမကြုံဖူးဘဲမလုပ်နိုင်ပေ။

မကျွမ်းကျင်ဘဲ လွန်တူးစက်ကိုမောင်းလျှင် လွန်အူစာတောင့် မရနိုင်သည်သာမက တန်ဖိုးကြီးမားသော လွန်တူးပစ္စည်းများသည် လွန်ကျင်းထဲတွင် ကျန်ရစ်နိုင်သည်။ လွန်တူးဝန်ထမ်းများကို ထိခိုက်ဒဏ်ရာရမှု ဖြစ်စေနိုင်သည်။

ကျော်ဖြူးဆိုလျှင် လုပ်သက် ၁၂ နှစ်ကျော်ပြီမို့ လွန်တူးလုပ်ငန်းနှင့် ပတ်သက်လျှင် အတွေ့အကြုံများပြီ။ ဒေသအတော်များများတွင် မြေအမျိုးမျိုးကိုတူးဖူးသည်။ ခေါင်းဆောင်ကောင်းအဖြစ် လုပ်နိုင်သလို နောက်လိုက်ကောင်းအဖြစ်လည်း လုပ်နိုင်သည်။

ထိုအတွေ့အကြုံများကို ချန်ထားရမှာ ကျော်ဖြူး နှမြောသည်။ မြေအောက်မှ သတ္တုရတနာများ မဖော်ထုတ်ဘဲ မြေပေါ်မှာ လူပုံတစ်ယောက်လိုနေလို့ ကောင်းပါ့မလား။

အမိအဘကို ကျော်ဖြူးချစ်ပါသည်။ မိအိုဘအိုတို့နှင့်အတူနေထိုင်ပြီး ပြုစုချင်ပါသည်။ သို့သော် အမိနိုင်ငံအတွက် လုပ်နိုင်သမျှ လုပ်လိုက်ချင်သေးသည်။

တတွတ်တွတ်ခေါ်နေသောအမိအဘတို့ နားလည်အောင်မည်သို့ရှင်းပြရမည်နည်း။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဖြင့် သင်ကြား၍မရ။ လက်တွေ့လုပ်ကိုင်ပြီး ပညာယူရသည်။

အတွေ့အကြုံများသော လွန်တူးဝန်ထမ်းသည် ဘယ်အကွေ့တွင် ဘယ်တက်ဖြင့်လျော့ရမည်။ ဘယ်လိုမြေသားကို ဘယ်လိုတူးရမည်ကို သိသည်။ မြေပေါ်တွင်ငုတ်တုတ်ထိုင်ပြီး မြေအောက်မှကျောက်ကို မျက်စိ၊ နား၊ အတွေ့အထိတို့ဖြင့် မှန်းဆတူးရသည့်အလုပ်မှာ များများမကြုံဖူးဘဲမလုပ်နိုင်ပေ။

မကျွမ်းကျင်ဘဲ လွန်တူးစက်ကိုမောင်းလျှင် လွန်အူစတောင့် မရနိုင်သည်သာမက တန်ဖိုးကြီးမားသော လွန်တူးပစ္စည်းများသည် လွန်ကျင်းထဲတွင် ကျန်ရစ်နိုင်သည်။ လွန်တူးဝန်ထမ်းများကို ထိခိုက်ဒဏ်ရာရမှု ဖြစ်စေနိုင်သည်။

ကျော်ဖြူးဆိုလျှင် လုပ်သက် ၁၂ နှစ်ကျော်ပြီမို့ လွန်တူးလုပ်ငန်းနှင့် ပတ်သက်လျှင် အတွေ့အကြုံများပြီ။ ဒေသအတော်များများတွင် မြေအမျိုးမျိုးကိုတူးဖူးသည်။ ခေါင်းဆောင်ကောင်းအဖြစ် လုပ်နိုင်သလို နောက်လိုက်ကောင်းအဖြစ်လည်း လုပ်နိုင်သည်။

ထိုအတွေ့အကြုံများကို ချန်ထားရမှာ ကျော်ဖြူး နှမြောသည်။ မြေအောက်မှ သတ္တုရတနာများ မဖော်ထုတ်ဘဲ မြေပေါ်မှာ လူပိုတစ်ယောက်လိုနေလို့ ကောင်းပါ့မလား။

အမိအဘကို ကျော်ဖြူးချစ်ပါသည်။ မိအိုဘအိုတို့နှင့်အတူနေထိုင်ပြီး ပြုစုချင်ပါသည်။ သို့သော် အမိနိုင်ငံအတွက် လုပ်နိုင်သမျှ လုပ်လိုက်ချင်သေးသည်။

တတွတ်တွတ်ခေါ် နေသောအမိအဘတို့ နားလည်အောင် မည်သို့ရှင်းပြရမည်နည်း။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



လွန်တူးစခန်းတွင် ဖြတ်မောင်သည် ခွေးချစ်တတ်သည်ဟု သတင်းထွက်၍ ကျော်ဖြူးသည် ကလေးချစ်တတ်သည်ဟု လူသိများ၏။

ဖြတ်မောင်သည် သူ့ခွေးများကို အစာကျွေးမပျက်သော်လည်း ကျော်ဖြူးမှာမူ ယခုတလော ကလေးများနှင့် မရောနှောဖြစ်ပေ။ သူ့အပူနှင့်သူမို့ တွေဝေငေးမောနေမိသည်။

"ဦးဦးကျော် ဘာလုပ်နေတာလဲဂျ"

တဲဘေးမှ ဖြတ်လျှောက်သွားသော မောင်အာယုသည် ကျော်ဖြူးကို လှမ်းအော်နှုတ်ဆက်သည်။ အဝတ်အစားသစ်များဝတ်ဆင်ထားပြီး မိဘများနှင့်အတူ လျှောက်လာသော မောင်အာယုသည် မြူးရွှင်နေ၏။

"ဟော့.... ဘာမှမလုပ်ပါဘူးကွ။ အောင်မယ်.... သားက သိပ်လှနေပါလား။ ဘယ်သွားမလို့လဲကွ"

"ရွာထဲမှာ အလှူရှိလို့ သွားမလို့ဦးဦးကျော်ရဲ့။ လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူးသားရယ်။ အလှူက မုန့်တွေကျွေးရင် ဦးဦးအတွက်စားခဲ့နော်"

"ဦးဦးကလဲ.... အာယုပါးစပ်နဲ့စားယင် အာယုဗိုက်ထဲဝင်သွားမှာပေါ့။ ဦးဦးပါးစပ်ပေးလိုက်လေ။ အာယုထည့်ပေးလိုက်မယ်"

"အိုကွာ.... အာယုကိုပေးလိုက်ယင် ဦးဦးမှာ ပါးစပ်ပျောက်သွားမှာပေါ့ကွ"

"ပါးစပ်ပျောက်မှာစိုးလို့ မပေးချင်ယင် ဦးဦး မစားနဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com


ကျော်ဖြူးသည်ပြောစရာစကား ရှာမရအောင်ဖြစ်သွားသည်။

"ဘယ်လိုလဲကိုကျော်ဖြူးရဲ့၊ ခင်ဗျားတူကို နိုင်အောင် မပြောနိုင်တော့ဘူး မဟုတ်လား"

အဘယု၏အဖေ ကိုစိန်ထွန်းက လှမ်းနောက်ရင်း တဟဲဟဲ ရယ်သည်။

ကျော်ဖြူးလည်း အရှက်ပြေ လိုက်ရယ်နေမိသည်။

× × × ×

ကျော်ဖြူး ရယ်နိုင်မောနိုင်သွားပြီ။

မိဘများထံရေးလိုက်သောစာ၏ နောက်ဆုံးစာပိုဒ်ကိုပြန် ဖတ်ကြည့်သည်။

"ကိုယ့်ပါးစပ်နဲ့စားတဲ့အစာသာ ကိုယ့်ဝမ်းထဲ ရောက်မှာပါ အဘ။ သူများပါးစပ်နဲ့ စားတဲ့အစာကို ကိုယ့်ဝမ်းနဲ့ခံယူလို့ မရနိုင်ဘူးမဟုတ်လား။ ဒါကြောင့် ကိုယ်စားချင်ယင် ကိုယ် တိုင်လုပ်သင့်တယ်ဆိုတာ ကလေးတွေတောင် သိပါတယ်။ သည်တော့ လူကြီးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ မှီခို သူဘဝကို ပြန်မသွားပါရစေနဲ့အဘ။ ကိုင်းအလုပ်မှာ အစ်ကို ကြီးရှိနေတာကတစ်ကြောင်း၊ကျွန်တော်မလုပ်ဖူးတာကြောင့် တစ်ကြောင်း မလုပ်လိုပါခင်ဗျာ။ အရောင်းအဝယ်ကိုလည်း ဝါသနာမပါလို့ မလုပ်လိုပါ။ ကျွန်တော့်အရွယ် ကျွန်တော့် စွမ်းအား ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်ကျွမ်းကျင် တဲ့ လွန်တူးလုပ်ငန်းကို ဆက်လက်လုပ်ပါရစေ။ အဘနဲ့အမရဲ့

www.burmeseclassic.com

www.burmeseclassic.com


အနီးမှာ ဆရာတော်၊ အစ်ကိုကြီးနှင့် မမတို့ ရှိနေတဲ့အတွက် သိပ်ပြီး ဝမ်းသာတယ်။ စိတ်ချမ်းသာတယ်။ ကျွန်တော့်ကိုတော့ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အဘနဲ့အမတို့ ကုသိုလ်ဒါနပြုဖို့ ငွေကြေး ထောက်ပံ့ခွင့်ပြုပါလို့ ပန်ကြား ပါရစေခင်ဗျား"

မာစေသာစေကြောင်း အဝေးမှ မေတ္တာပို့သလျက်

သားထွေး
"ကျော်ဖြူး"

www.burmeseclassic.com

www.burmeseclassic.com

# ၆။ များများတူးဖို့ များများချစ်စို့

ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှအတန်းဝေပြီးသော် ဦးထိပ်စံသည် ကြေးစည်ကို ညင်သာစွာထုနှက်သည်။ နှောင်ဝေဝေ ဟူသော အသံလွင်လွင်သည် တဲအနှံ့သို့ ပျံ့လွင့်သွားသည်။ အများတကာ အိပ်စက်နေချိန်မို့ ဘုရားရှိခိုးခြင်း အမှုကို တိုးတိတ်စွာပြုမူသလို ကြေးစည်သံအတိုးဆုံးထွက်လာအောင် အသာအယာတီးခတ်ခဲ့၏။ လင်းကြက်တွန်သံမှတပါး အခြား အသံဗလံများမရှိသော အရုဏ်ဦးကာလမို့ ကြေးစည်သံသည် ကျယ်သင့်သလောက် ကျယ်လောင်၏။

လွန်တူးသမား အများစုသည် ခြင်ထောင်အတွင်းမှနေ၍ ဦးထိပ်စံ၏မေတ္တာပို့သံကို နားထောင်ခြင်း၊ သာဓုခေါ်ခြင်း၊ ကြေးစည်သံ၌ သာယာနာပျော်ခြင်း ရှိသော်လည်း လူသား တစ်ဦးမှာမူ ထိုသို့မဟုတ်။ ထိုသူ၏အမည်မှာ ဇော်မှတ်။ သူတို့ အသိုင်းအဝိုင်းတွင်မူ စတိရိယိုဇော်မှတ်။

ဂိတာအတီးကောင်းသောကြောင့် အမည်နာမ၏ရှေ့တွင် "စတိရိယို"ဟု အပိုဆောင်းပေးလိုက်ခြင်းဖြစ်၏။

ဂိတာသမားဇော်မှတ်သည် ညဉ့်ဦးပိုင်းနှင့် ညဉ့်နက်ပိုင်း တွင် လက်ကုန်ဖွင့်၍ အစွမ်းပြတတ်သည်။ လူငယ်များ အကြိုက် ပူလောင်လောင်သီချင်းလည်းရသည်။ လူကြီးကြိုက် အေးငြိမ့်ငြိမ့်သီချင်းလည်း ရသည်။ ဂိတာအိုလေးဖြင့် ရစ်



www.burmeseclassic.com

www.burmeseclassic.com



သမ်ချည်း နားထောင်ကောင်းအောင်တီးတတ်သည်။ ရစ်သမ် နှင့်အောစ်တွဲ၍ ပိုပြီးခန့်ညားသွားအောင် တစ်ဦးတည်းလက်စွမ်းပြတတ်သည်။ တစ်ခါတစ်ရံ လက်ကွက်စိပ်စိပ်နှိပ်ပြီး လိုဒ်တီးနိုင်စွမ်းကိုလည်း ဖော်ထုတ်တတ်သည်။

သီချင်းသံမျိုးစုံကို သူ့မှိုမမှားမယွင်းအောင်တီးနိုင်သည်။ မှောင်ကြီးမည်းမည်းထဲတွင် သူ့မှိုမလွဲမချော်အောင် တီးခတ်နိုင်သည်။

ဇော်မှတ်တွင် ဂီတပါရမီရှိသည်။ ဝါသနာကြီးသည်။ အလေ့အကျင့်များသည်။ ထက်မြက်သောနားနှင့် သွက်လက်သောဦးနှောက်ရှိသည်။ သီချင်းတစ်ပုဒ်ကို နှစ်ခါသုံးခါကြားရုံမျှဖြင့် ပြန်လည်တီးခတ်နိုင်စွမ်းရှိသည်။

နောက်နေ့သည် အလုပ်ပိတ်ရက်မို့ ညက ဇော်မှတ်၏ တစ်ကိုယ်တော်တီးဝိုင်းသည် ညဉ့်နက်မှ ပွဲသိမ်းခဲ့သည်။ ထိုအချိန်တွင် အသက်အရွယ်ကြီးရင့်သော လွန်တူးသမားကြီးများမှာ အိပ်မောကျနေပြီ။ ခြင်ထောင်ထဲမှ နားသောတဆင်နေကြသူများလည်း နားထောင်ရင်းနှင့် အိပ်ပျော်သွားပြီ။

ဇော်မှတ် အိပ်ကောင်းနေစဉ်တွင် သူ့တို့ နိုးလာသည်။ ဦးထိပ်စံက အစောဆုံး။ အခြားလူများကဲ့သို့ ချောင်းဟန့်၊ ဆေးလိပ်သောက်၊ အပေါ့အပါးစွန့်ပြီး အိပ်ရာထဲတွင် ငြိမ်သက်စွာ ပြန်နှပ်နေသည်မဟုတ်။ ဦးထိပ်စံသည် ဘုရားရှိခိုးနေ၏။ ကြေးစည်ထုသေး၏။ အလယ်လမ်းကြား၌ ထဲဖျပ်ဖျပ်လျှောက်ရင်း ပုတီးစိတ်သေးသည်။ မီးမွေးသေးသည်။ ရေနွေးအိုးတည်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန် အလုပ်ရှုပ်သောလူကြီး။ ဆူဆူညံညံ လုပ်သော လူကြီး။

သူကြောင့် ဇော်မှတ် နိုးရသည်။

ဇော်မှတ်အဖို့ ကြေးစည်သံသည် မည်သို့ သာယာနာ ပျော်ဖွယ် ရှိနိုင်မည်နည်း။

× × × ×

မြေစိုက်တန်းလျားရှည်ကြီးတွင် လွန်တူးဝန်ထမ်း ၂၆ ဦးနှင့် အခြားဝန်ထမ်း ၄ ဦး၊ စုစုပေါင်း လူ ၃၀ နေထိုင်သည်။ တစ်ခြမ်းလျှင် လူ ၁၅ ယောက် ကြမ်းတစ်ပြေးတည်း အိပ်ရသည်။ အိပ်ရာချင်း ထိစပ်နေသည်။ ဟိုဘက်ခြမ်းနှင့် သည်ဘက်ခြမ်း ခြေချင်းဆိုင်လျက်ရှိသည်။ အလယ်တွင် လူသွားလမ်းရှိသည်။ ထို့ကြောင့် ရင်ကွဲတန်းလျားအမျိုးအစားဖြစ်သည်။အင်္ဂလိပ်လို ဘားရက်ခ်ဟုခေါ် သည်။ သို့သော် သူတို့အားလုံး တညီတညာတည်း အသံထွက်သည်မှာ "ဘားတိုက်"။

ဘားတိုက်ဆိုတော့ နောက်ဆုံးတွင် "တိုက်" ပါသဖြင့် ခမ်းနားသလို၊ ကြီးကျယ်သလို ထင်ရသည်။ သို့သော် ဘာမျှမခမ်းနားပေ။ ထရံကာ၊ သက်ကယ်မိုး၊ သစ်သားကြမ်းခင်းထားသော တဲကြီးဖြစ်သည်။ လူတွေအများကြီး နေလို့ရအောင် ဆောက်ထားသောကြောင့် ကြီးဘော့ကြီးသည်။ တစ်ဦးလျှင် အနံလေးပေနီးပါး (တစ်အိပ်ရာစာ) သာရသည်။ တဲနှင့်လူနှင့် အံကိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်းထားသောပျဉ်များမှာ အခုခုတ်ပြီး အခုခွဲထားသော သစ်သားစိုများမို့ သွေ့ခြောက်သည့်အခါ တွန့်လိမ်ကော့ပျံ လာသည်။ သံရိုက်ထားသော်လည်း ရုန်းကန်ကြွတက်သည်။ ထိုကော့ကော်ကကား ကြမ်းခင်းပေါ်တွင် တစ်စုံတစ်ဦးက နင်းလျှောက်လျှင်၊ လူးလွန့်လျှင် ထိုသူထံမှ တုန်ခါလှိုင်းများ သည် ကြမ်းတစ်လျှောက် ပျံ့နှံ့သွားသည်။ တောင်ဘက်ထိပ် မှ ပုဂ္ဂိုလ်တစ်ဦး၏ လှုပ်ရှားမှုကို ပေ ၆၀ အကွာရှိ မြောက် ဘက်ထိပ်မှ ပုဂ္ဂိုလ်က သိနိုင်သည်။

ဇော်မှတ်နှင့် ဦးထိပ်စံသည် အရှေ့ဘက်ခြမ်းတွင် နေကြ ၏။ အိပ်ရာငါးခုခြားသည်။ ဦးထိပ်စံက မည်မျှပင် သိမ်မွေ့ စွာလှုပ်ရှားပါစေ။ မည်မျှပင် တိုးတိတ်စွာ ရှုတ်ဆိုပါစေ ပျဉ် ချပ်များ၏ လှုပ်ခါမှုသည် ဇော်မှတ်၏ ခေါင်းအုံးကို လာ၍ ဆောင့်သည်။

ဇော်မှတ် နေရာပြောင်းချင်သည်။ ဦးထိပ်စံမရှိသော အနောက်ဘက်ခြမ်းသို့ ပြောင်းလို၏။ အနောက်ဘက်ခြမ်း တွင် အလင်းရောင်ရခြင်း၊ လေရခြင်း၊ အမိုးများမိုးလုံခြင်း၊ တံခါးပေါက်မှမျှော်ကြည့်လျှင် သာယာလှပသော လယ်ကွင်း စိမ်းစိမ်းနှင့် တောင်တန်း ကျွဲဝိုက်ဝိုက်တို့ကို မြင်ရခြင်း ကြောင့် လူကြိုက်များသည်။ လူငယ်လူလတ်တွေ အနေ များသည်။ အသက်ကြီးသူများက အရှေ့ကိုခေါင်းထားအိပ် လိုသောကြောင့် အရှေ့ဘက်ခြမ်းကို ရွေးသည်။

ဇော်မှတ်နှင့် အိပ်ရာချင်း လဲမည့်သူမရှိ။ လွန်တူးဝန်ထမ်း များ နေရန်အတွက် တစ်လုံးဆို ဆိုသလောက် တဲကြီးကြီး ဆောက်ထားသောကြောင့် တခြားသို့ ရွှေ့စရာလည်း မရှိ။ ခက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com


အိပ်ရေးမဝတိုင်း ဇော်မှတ်၏ ဒေါသတို့သည် ဦးထိပ်စိအပေါ်သို့ စုပုံကျသည်။

"တောက်.... မိုးမလင်းသေးဘူး၊ ဆူပြီကွာ။ အလုပ်မဆင်းရတဲ့ရက်မှာ အေးအေး ဆေးဆေး အိပ်ရတယ်ကို မရှိဘူး။ မိုးလင်းတော့လဲ သူ့ညည်းသည်တွေနဲ့ တဲထဲမှာ ရှုပ်နေတာဘဲ။ ဝဋ်ပဲကွာ၊ တကယ့်ဝဋ်ပဲ"

ဇော်မှတ်သည် တီးတိုးညည်းညူရင်း တစ်ဘက်သို့ လှည့်စောင်းပြီး ဆက်အိပ်သည်။ အိပ်မရတော့ပြီ၊ ကြက်သံ၊ ငှက်သံ၊ ခွေးသံတွေ ငြူညံလာပြီ။ ထရံပေါက်မှ နေရောင်များတိုးဝင်လာကြပြီ။

ကိုဆိတ်ဖွားက အလိုက်ကမ်းဆိုးမသိ၊ သီချင်းဆိုနေသေး၏။

"နံနက်မိုးသောက်ပါပြီ × အိပ်ရာမှထကြ × မထခဲ့သောသူသည်× ပျင်းရိသူ ဖြစ်သည်"

× × × ×

"ရာဟုဂြိုဟ်က ၅ တေးပိုင် လင်္ဂ၏ ၃ တန့် မကာရရာသီအိမ်မှာ ရပ်နေခြင်းကြောင့် အိမ်ရှင်ဂြိုဟ်ဟာ ဥပေက္ခာဂြိုဟ်ဖြစ်နေတယ်။ ဒါပေမယ့် ၃ တန့် မကာရ ရာသီအိမ်မှာ ရပ်နေတဲ့ ရာဟုဂြိုဟ်ရဲ့ နက္ခတ်ကို စီးနေခြင်းကြောင့် စနေရဲ့မူလအားရှိသရွေ့ ခင်ဗျားကို မပေးနိုင်ဘူး။ ပေးသော်လည်းတညီတညွတ် တသမတ်တည်း မပေးနိုင်ဘူး။ နိမ့်ခြင်း၊ မြင့်ခြင်း အလယ်အလတ်ရောနှောပြီး အကျိုးအာနိသင်ကိုပေးစေနိုင်တယ်။ အဲ၊ ဒါပေမယ့် ဝိသေသ ဂြိုဟ်ဖြစ်နေတဲ့အတွက် အကောင်းဘက်က မျှားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"စီးပွားရေး၊ ပညာရေးတွေ ကောင်းမကောင်းကြည့်ပါဦး ဆရာစံ"

ဦးထိပ်စံသည် ဇာတာကို ကြည့်လိုက်၊ ကျောက်သင်ပုန်းပေါ် ရေးခြစ်လိုက် လုပ်နေသည်။

"လက်သခင် ၆ ကြာဂြိုဟ်ဟာ မိမိပိုင် ပြုဗ္ဗာဘရဂုဏီနက္ခတ်ကိုစီးလျက် ၁၁ တန့် လာဘအိမ်မှ ရပ်နေခြင်းကြောင့် ဉယျာဉ်ခြံမြေ၊ အိုးအိမ်တွေ ဝင်ကိန်းရှိတယ်။ ၄ တန့် ၅ တန့် သခင် စနေက ၅ တန့်တွင် လည်းကောင်း၊ ၅ တေးဟာ လက်၌ ယှဉ်၍လည်းကောင်း၊ ၄ ဟူးက မိမိပိုင်လက်ရဲ့ ၉ တန့်မှာ လက်သခင် ဂြိုဟ်ပိုင်တဲ့ ဘရဏီ နက္ခတ်ကို စီး၍ လည်းကောင်း၊ ၁၁ တန့်သခင် ၁ နွေက လက်ရဲ့ ၁၀ တန့်မှာ ၅ တေးပိုင် ပုဏ္ဏဖုသျှ နက္ခတ်ကိုလည်းကောင်း စီးပြီးရပ်နေခြင်းတို့ကြောင့် တွေးခေါ်မှု၊ တီထွင်မှုနဲ့ ပြည့်စုံလိမ့်မယ်။ ပညာရေးမှာ ထွန်းတောက် ပေါက်မြောက်သည်ထိ သင်ယူနိုင်မှာပါ"

"တွေ့သမျှ မြင်သမျှကို အားမနာတမ်းဟောပါ ဆရာစံ"

"ဟောမယ်လေ.... ဟောမယ်။ အင်း.... ဇာတာရှင်ရဲ့ အဓိက နက္ခတ်ဟာ အရောင်တောက်လျက် ရှိနေခိုက် ဖြစ်တဲ့ အတွက် နောက်ထပ်ရှစ်လအတွင်း လာမယ့် ၁၉၇၅ ခု၊ ဒီဇင်ဘာလအတွင်းအထိ အင်အား အပြည့်နဲ့ ကောင်းကျိုး ချမ်းသာပေးစွမ်းနိုင်တဲ့ ကာလဖြစ်တယ်။ အဲသည် နောက်ပိုင်းမှာတော့ ၇ တန့်မှာ ရပ်တည်နေတဲ့ ကိတ်ဂြိုဟ် ထူလဒသာကြီးထဲ ဝင်မှာမို့ အကောင်း အဆိုးတွေ ရောထွေး နေမယ်။ မကောင်းခြင်းအတွက်အာနိသင်က မိမိကိုယ်ခန္ဓာ ပင်ပန်းစွာ စေဖနာခံရပြီး သွေးထွက်သံယို ဖြစ်ခြင်း၊ စိတ်သောကာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခြင်း၊ သူခိုးလူလိမ်တို့နဲ့ ကြုံကြိုက်တတ်တဲ့အတွက် ဂရုစိုက်ပါ။ ကောင်းတဲ့ အာနိသင်တွေကတော့ ငွေကြေးရမယ်၊ မိတ်သင်္ဂဟတွေရဲ့ အကူအညီရမယ်။ ပျောက်ဆုံးနေတဲ့ပစ္စည်းတွေ ပြန်ပေါ်လာမယ်"

"နတ်တော် လပြည့်ကျော်ယင် အိမ်ရွှေ့ချင်တယ် ဆရာ၊ အဲသည်ရက်အတွင်းမှာ ကောင်းပါ့မလား။ ကြည့်ပါဦး ဆရာစိရယ်"

"အင်း.... မိတ် နက္ခတ်ကိုစီးပြီး မိတ်ဂြိုဟ် ၁ နေ့နဲ့ အင်္ဂါရဲ့ အမြင်ခံရခြင်း၊ ၁ နေ့ဂြိုဟ်နဲ့ တတိယသမ္ဗန္ဓတို့ ဆက်သွယ်နေခြင်းကြောင့် ကောင်းပါတယ်။ ရွှေ့ပါ"

ဆက်လက်၍ အိမ်ထောင်ရေး၊ ကျန်းမာရေးနှင့် ယတြာများမေးမြန်းနေသည်။ ဦးထိပ်စံကလည်း ဇာတာကြည့်လိုက်၊ ချောက်ချက် ချောက်ချက်တွက်လိုက်၊ ဟောလိုက်။

ဇော်မှတ်သည် မကြည့်သော်လည်း မြင်နေရသည်။ နားမထောင်သော်လည်းကြားနေရသည်။ နက္ခတ်တွေ၊ ဂြိုဟ်တွေ၊ ရာဟုတွေ၊ တန့်တွေသည် ဇော်မှတ်နားကို နှိပ်စက်ကြသည်။

အလုပ်ပိတ်ရက်တွင် မိမိအထုံဝါသနာပါသော ဂီတာတီးကာ နှစ်သက်သာယာမှုကို ရှာချင်သည်။ မိမိ ဂီတာတီးနေလျှင် သူတို့ ဗေဒင်ဟောခြင်းကို အနှောင့်အယှက် ဖြစ်ဦးမည်။ လူကြီးနှင့်လူငယ်မို့ သူသာလျှင် အဆိုး ဖြစ်ရသည်။ ဆူညံဆူညံနှင့် အလိုက်မသိရန်ကောဟူသော သဘောဖြင့် စူးစူးစိုက်စိုက်ကြည့်သော မျက်လုံးဒဏ်များကို ဇော်မှတ် ခံရမည်။

တီးလိုလျှင် တဲနှင့် ဝေးဝေးသို့ သွားရ၏။ အပြင်ထွက်တီးရသည်မှာ နေ့နှင့်ည မတူပေ။ ညအခါတွင် အပြင်ထွက်

www.burmeseclassic.com

www.burmeseclassic.com



တီးရသည်မှာ ကောင်းသော်လည်း နေ့ခင်း ကြောင်တောင်ကြီးတွင် အပြင်ထွက်တီးလို့ မကောင်းပေ။

ဘယ်အချိန် ဘယ်နေရာမှာ တီးတီး ဂီတာက အသံထွက်သော်လည်း အချိန်အခါနှင့် နေရာဌာနသည် အနုပညာဈာန်ဝင်စားရေးတွင် များစွာစကားပြောသည်။ နေ့အခါတွင် သစ်ပင်အောက်၌ တီးရသည်မှာ အသက် မပါလှပါ။ ပျင်းစရာပင် ကောင်းသေးတော့၏။ တဲထဲတွင် ထရံမှီပြီး တီးချင်သည်။ သို့သော် ထိုအခွင့်အရေးကို ဇော်မှတ် လက်လွှတ်ရသည်။

ဗေဒင်လာမေးသော ရွာသားများ၏ တောင်းဆိုမှုကိုလည်း ဇော်မှတ်ခံရသေးသည်။ သူ့အနီးသို့ ဝိုင်းလာပြီး "မလွမ်းပို" တီးပြပါ။ "အလွမ်းမမ ပန်းမမ" တီးပြပါဟု ခိုင်းလျှင် ဇော်မှတ် အလွန် စိတ်ညစ်သည်။ အော်ဟစ်မောင်းထုတ်ခြင်း မပြုမိရန် စိတ်ထိန်းထားရသည်။

"ဦးလေးစံ၊ ဦးလေးစံ" ဟု နှုတ်ချိုချို ခေါ်နေရသော်လည်း အတွင်းကျိတ်၍ မကျေမနပ်ဖြစ်ရသည်။ အချို့လူများက ရွာသားများခေါ်သည်ကို သံယောင်လိုက်ကာ "ဆရာစံ" ဟု ခေါ်ကြသည်။ ရွာသားများက ဆရာ ခေါ်သည်ကို ဘာမျှမပြောလိုသော်လည်း သူတို့ လွန်တူးဝန်ထမ်း အချင်းချင်းက ဆရာခေါ်ခြင်းကို နားကလောသည်။

ဦးထိပ်စံသည် ဇော်မှတ်တို့၏ အဆိုင်းတာဝန်ခံဖြစ်သော်လည်း ဆရာခေါ်ရလောက်အောင် စာဘယ်လောက် တတ်ပါသနည်း။ ဇော်မှတ်က ဆယ်တန်းအထိ ပညာသင်ဖူးသည်။

ဦးထိပ်စံက ဘုန်းကြီးကျောင်းထွက်၊ ဆယ်နှစ်တန်းမျှမအောင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်စံသည် ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် စာပေသင်ကြား ခဲ့သည်။ မင်္ဂလသုတ်၊ ရတနသုတ်၊ ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း စသည်တို့မှ သဂြိုဟ်ကိုးပိုင်းကျွတ်သည်အထိ သင်ဖူးသည်။ ဘုန်းကြီးကျောင်းနေစဉ်မှာပင် ဗေဒင်ပညာကို တတ်မြောက်ခဲ့သည်။ ဗေဒင်ပညာကို သင်ယူ ထားသော်လည်း စားဝတ်နေရေးအတွက် လယ်ယာ လုပ်ကိုင်သည်။

ထွန်တုံးနှင့်ထွန်ခြစ်ကို ကိုင်တွယ်နေသော်ငြား ဦးထိပ်စံသည် စက်အကြောင်း၊ လျှပ်စစ်အကြောင်း မတောက်တခေါက်တတ်သည်။ ဘုန်းတော်ကြီး ကျောင်းမှ မီးစက်ကို ဦးထိပ်စံ မောင်းရသည်။ ဘုရားပွဲရှိလျှင် မီးကြိုး သွယ်တန်းပေးရသည်။ အရပ်ပွဲကလျှင် မီးအလှ ထွန်းပေးရသည်။ (ထိုကာလက ဦးထိပ်စံတို့ရွာတွင် မီးစက်တစ်လုံးမှလွဲ၍ ဘာစက်မျှ မရှိ။ ယခုအချိန်လို ကူဘိုတာရေစုပ်စက်များ ပွဲချိတ်စက်များရှိလျှင် ဦးထိပ်စံသည် ရွာတွင်ပင် စက်ပြင်ဆရာကြီးတစ်ဦး ဖြစ်နိုင်သည်)။

ဘဝအပြောင်းအလဲတစ်ခုကြောင့် ဦးထိပ်စံသည် ၁၈၅၇ ခုနှစ်လောက် အသက် ၂၀ နှစ်အရွယ်တွင် မုံရွာကြေးစင်တောင်သို့ ရောက်ရှိသွားသည်။ ကြေးနီ ရှာဖွေရေး စီမံကိန်းတွင် နေ့စားလွန်တူးသမားအဖြစ် ဝင်ရောက်တာဝန် ထမ်းဆောင်ခဲ့သည်။ လယ်လုပ်ရခြင်းထက် စက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ရခြင်းကို သဘောကျသည်။ ရွာမှာနေစဉ်က သူမောင်းခဲ့သော မီးစက်ငယ်ထက် ပိုမိုကြီးမား ရှုပ်ထွေးသောလွန်တူးစက်များနှင့် ထိတွေ့ လုပ်ကိုင်ရသည်။

တွင်းထွက်သယံဇာတ ရှာဖွေရေးသာမက စက်ရေတွင်း

www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ရေးအတွက်ပါ မြန်မာပြည် ထက်အောက်သို့ ဦးထိပ်စံ ရောက်ခဲ့သည်။ ဘယ်ဒေသ လွတ်လွတ် ဘယ်လောက် ကြာကြာ ဦးထိပ်စံ သွားသည်။ စက်နှင့်လက် ထိတွေ့နေရ လျှင် ပျော်သည်။

လက်တွေ့ပိုင်းတွင် တော်သော်လည်း စာတွေ့ပိုင်းတွင် အားနည်းသည်။ လောကီစာပေထက် လောကုတ္တရာ စာပေ ကို ခင်တွယ်သည်။

လွန်တူးပစ္စည်း အခေါ် အဝေါ်သည် အင်္ဂလိပ်လို အသုံး များသည်။ မြန်မာလို မခေါ်သလောက် နည်းပါးသည်။ နှစ်ရှည်လများ ခေါ်ဝေါ် သုံးစွဲလာသဖြင့် ဦးထိပ်စံသည် အင်္ဂလိပ်လို ပစ္စည်းအခေါ်အဝေါ်များ တတ်သည်။ အင်္ဂလိပ် စာမတတ်သော ဦးထိပ်စံသည် စာရေးလျှင် အင်္ဂလိပ်အသံ ထွက်ကို မြန်မာ စာလုံးပေါင်းဖြင့်ရေးသည်။ မိမိအထင်ဖြင့် ရေးထားသော အသံထွက်များမှာ လွဲချော် နေသည်။

ဇော်မှတ်သည် ဦးထိပ်စံ ရေးသော စက်မှတ်တမ်းကို တစ်ခါက ဖတ်ဖူးခဲ့သည်။ ရယ်မောခဲ့ရသည်။

"ဘက်ထရီခါတ်အိုး အားကုန်နေသဖြင့် ဒရီစက်နှိုးမရ။ အခြားဒရီစက်သွား၍ အားသွင်းသည်။ ဝါတားပန့်မှ အင်ဂျင် ဝိုင်ယို၍ စက်ဖြင်ခေါ်ပြုပြင်သည်။ ဘက်ထရီခါတ်အိုး အား သွင်းပြီးသော် ဒရီစက်နိုး၍ ယိုဒရီဘစ်ဖြင့် ဆယ်ပေတူး သည်။ ဆလပ်ကောက်သည်။ ကာဘာပိုက်ချသည်။ အခြား ဒရီဆိုက်မှ ကိန်ဆင်နှင့်ယော့များ ထမ်းသယ်ခဲ့သည်"

ဒရီစက်မှာ **Drill Machine** ကိုရေးခြင်းဖြစ်၏။ လွန်တူး စက်ကို ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါတားပန့်မှာ Water Pump ကို ရေးခြင်း ဖြစ်၏။ ရေစုပ်စက်ကို ခေါ်သည်။

ယိုဒရီဘစ်မှာ Rotary Bit ကို ရေးခြင်း ဖြစ်၏။ အချို့က ဘီလူးခေါင်း လွန်သွားဟု ပုံစံကိုကြည့်ပြီး အမည်ပေးကြသည်။ အောက်ခံကျောက်သားမရောက်မီ အပေါ်ယံမြေလွှာကိုတူးရာတွင် သုံး၏။

ဆလပ်မှာ Sludge ကို ရေးခြင်းဖြစ်၏။ လွန်ကျင်းထဲမှ ရေနှင့်အတူ ပြန်ထွက်လာသော မြေစာများကို ခေါ်သည်။

ကာဘာပိုက်မှာ Cover Pipe ဖြစ်၏။ အချင်း လေးလက်မရှိသော အပြင်ပိုက်ကို ခေါ်သည်။ အပေါ်ယံမြေသား၏ အထုကို လိုက်၍ ပိုက်ရှည်သည်။ ပိုက်အတွင်းသို့ လွန်တူးပစ္စည်းများ အလွယ်တကူ ဝင်နိုင်သည်။

ကိန်ဆင်မှာ Casing ဖြစ်၏။ လွန်ကျင်းထဲသို့ မှုတ်သွင်းလိုက်သော ရေများသည် အက်ကွဲကြောင်းမှ စိမ့်ထွက်ခြင်းနှင့် ကျင်းနံရံမှ ကျောက်များ ပြိုကျခြင်းကို ကာကွယ်ရန်ချရသော ပိုက်ဖြစ်သည်။

ယောဒ့်မှာ Rod ဖြစ်သည်။ လွန်တူးပိုက်ကို ခေါ်သည်။ ရေသွားရန် အခေါင်း ပါရှိသည်။ ဆွဲဆန့်ခြင်း၊ ကွေးညွတ်ခြင်း၊ ပွန်းပဲ့ခြင်းဒဏ်များ ခံနိုင်သည်။

ဒရီဆိုက်မှာ Drill Site ဖြစ်သည်။ လွန်တူးစက်များ လွန်တူးရန်ချထားသော နေရာကို ခေါ်သည်။

ရှေးရိုး လက်ရေးဖြင့် အင်္ဂလိပ် အသံထွက်ကို မြန်မာလို ရေးထားသည့် ဦးထိပ်စံ၏ စာကို ကြည့်ပြီး ဇော်မှတ်သည် အထင်မကြီးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်စံသည် လွန်တူးစက် ကိုင်တွယ်ရာ၊ ပြုပြင်ရာတွင် ကျွမ်းကျင်ကြောင်း ဇော်မှတ်သိသည်။ သို့သော် ဇော်မှတ်၏ အသက်အရွယ်မှက ဤစက်များကို မောင်းနှင်လာသော ကြောင့် ကျွမ်းကျင်ခြင်းမှို မထူးဆန်းဟု ယူဆသည်။ သည်လောက်တော့ ဇော်မှတ်တို့က သုံးလေးနှစ် လုပ်လိုက်ရုံ ဖြင့် ဦးထိပ်စံထက် တတ်သိနိုင်သည်ဟု သူ့ကိုယ်သူ ယုံကြည် ထားသည်။

ဗေဒင်ပညာကိုသာ သင်ဖူးလျှင် ဦးထိပ်စံထက် သူက သာနိုင်သည်ဟု ဇော်မှတ် ထင်နေ၏။ သူ့ဂီတာ ကော့ဒ်များ လောက် ရှုပ်ထွေးမည်မဟုတ်။ ဒိုရေမီဖာလောက်ပင် ခက်ခဲ မည် မဟုတ်ဟု တွက်ဆထားသည်။

ကြားဖူးနားဝ ရှိရုံမျှဖြင့် "အောင်၊ လံ၊ ထူ၊ စစ်၊ သူ ကြီး၊ ပွဲ"ဟူသော မဟာဘုတ်တိုင် ထူနည်းကို မှတ်မိနေ၏။ "အဓိပတိ၊ အထွန်း၊ သိုက်၊ ရာဇ၊ မရဏ၊ ဘင်္ဂ၊ ပုတိ"တို့ကို အလွတ်ရနေ၏။ "အောင်စံဖြိုး ရေချိုး"ရက်တွေ၊ "ငါ့သား ရွှေတောင်ရေကိုရှောင်"တွေ၊ "ကရင်သားမွေး ခေါင်းမဆေး ရ"တွေ၊ "မမွာသောက အင်းဝရာဇာ အိမ်ထောင်ဖက်အသက် မရှည်ရာ"တွေ အတော်များများကို အလွတ် ရနေပြီ။

တစ်ခုတော့ ရှိသည်။ ဦးထိပ်စံသည် ဗေဒင် လက္ခဏာကို အကြေးငွေမယူဘဲ ဟောခြင်းဖြစ်၏။ ရွာသားများက ငွေ ကြေးနှင့် ကန်တော့လျှင် လုံးဝ လက်မခံပေ။ သူဟောလျှင် မှန်သည်ဟု အပြော များသဖြင့် အလုပ် ပိတ်ရက်တိုင်း လာရောက်မေးမြန်းသူမနည်း။ တစ်ဦးကို ငါးကျပ်ယူလျှင်ပင် တစ်နေ့ ၁၀၀ ိ ခန့် ရနိုင်သည်။ ငှက်ပျောသီး၊ သခွားသီး

www.burmeseclassic.com

www.burmeseclassic.com



အစရှိသော အသီးအနှံ လောက်သာ လက်ခံသည်။ သူစားသည်က နည်း၍ ဝန်ထမ်းများကို ဝေငှပေးသည်က များ၏။

ငွေမရ ကြေးမရ အလကား မူးတင်း ပောနေသော ဦးထိပ်စံကို ဇော်မှတ် နားမလည်။

ဇော်မှတ် နားလည်သည်မှာ ဦးထိပ်စံကြောင့် ဂီတာအတီး ပျက်ရသည်။

× × × ×

နေဝင်မိုးချုပ်မှပင် တဲထဲတွင် လူရှင်းသွားသည်။ ဗေဒင်လာမေးသူများ ပေးသွားသည့် သစ်သီး ဝလံများမှာ စားသောက်၍ မကုန်အောင် ကျန်ခဲ့သည်။

ဇော်မှတ် အလှည့်ရောက်ပြီ။ နံရံတွင် ချိတ်ဆွဲထားသော ဂီတာကိုဖြုတ်ယူပြီး တဲအပြင်ထွက်သည်။ လဆုတ်ရက်မို့ လကို မတွေ့ရ။ ကြယ်ရောင်တလက်လက်ကိုသာ မြင်ရသည်။ ဂီတာ ကြိုးညှိနေစဉ် ကိုရှားမြှတ် ရောက်လာသည်။

တစ်နေ့လုံး မျိုသိပ်ထားသမျှကို ဖွင့်ပြောမိသည်။

"ဦးလေးစံနဲ့ တစ်တဲတည်းနေရတာ သိပ်ပြီးအိပ်ရေးပျက်တယ်ဗျာ။ အလုပ်ပိတ်ရက်မှာ နေမြင့်အောင် မအိပ်ရဘူး။ ခင်ဗျားတို့ကော အိပ်ရေး မပျက်ဘူးလား"

"မပျက်ပါဘူး ဇော်မှတ်ရယ်၊ ဦးလေးစံ ဘုရားရှိခိုးတဲ့ အချိန်မှာ ငါတို့အိပ်ရေးဝလို့ နိုးနေပြီကွ။ မင်းက ညဥ့်နက်မှ အိပ်တာကိုး၊ စောစောအိပ်ပါလား"

"အိုဗျာ.... ကျွန်တော်လဲ ကျွန်တော်ဝါသနာပါတဲ့ ဂီတာကို တီးချင်သေးတာပဲပေါ့။ ကျွန်တော်အိမ်မှာ နေစဉ်တည်းက အစဉ်တစိုက် တီးလာတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"သည်မယ် ငါ့ညီ.... ။ မင်းက အစိုးရအလုပ် လုပ်နေတဲ့ ဝန်ထမ်း ဖြစ်နေပြီ။ အိမ်က အလေ့အကျင့်တွေ အားလုံး ယူလာလို့ ဘယ်ဖြစ်ပါ့မလဲ။ ညကိုးနာရီလောက်အထိ တီးပြီး ယင် တော်ရောပေါ့ကွာ။ မင်းဟာက ဆယ့်နှစ်နာရီ တစ်ချက် အထိ တီးတော့ အိပ်ရေးပျက်ပါတယ်။ နေ့ခင်းမှာလဲ ပင်ပင် ပန်းပန်းလုပ်ရနဲ့၊ ကြာယင် ကျန်းမာရေး ထိခိုက်လိမ့်မယ်"

ကိုရှားမြတ်နှင့် စကားအပေးအယူ မတည့်သောကြောင့် ဆက်မပြော တော့ပေ။ သူ့ကို ဝန်ထမ်း အသစ်တစ်ယောက်၊ ကလေး တစ်ယောက်ဟု သဘောထား နေကြသည်။ ဆုံးမ စကားပြောဖို့ နှစ်သိမ့်စကား ဆိုဖို့သာ တတ်ကြသည်။

ကြိုးညှိပြီးသော် အဆိုတော် ခိုင်ထူး၏ "အဝေးဆုံး" သီချင်းကို အားပါးတရ အော်ဟစ် လိုက်သည်။

ခိုင်ထူး၏"အဝေးဆုံး"သည် ချစ်သူကို နာကျည်းစိတ်ဖြင့် သည်ဘဝမှာ ခွဲခွာနေရ သည်သာမက နောင်ဘဝမှာပါ မဆုံ ဆည်းချင်ပါဘူးဟု ဖွဲ့ဆိုသည်။ ဇော်မှတ်ဆိုနေသည့်"အဝေး ဆုံး"မှာ ဦးထိပ်စံနှင့်ဝေးကွာလိုခြင်းကို ရည်ရွယ်နေကြောင်း သူသာသိသည်။

သီချင်းကို ဒုတိယအကြိမ် ပြန်ကျော့နေစဉ် ညစောင့် ဦးလက်နားသည် အပြေးအလွှား ရောက်ရှိ လာသည်။ သီချင်းဆိုခြင်းကို ရပ်လိုက်ရသည်။

"ဘာဖြစ်လို့လဲ ဦးလက်နား"

"တောင်ပေါ်မှာ တောမီးတွေ တအားလောင်နေတယ် ဗျို့။ ထွန်စက်တွေဘက်ကို လေတိုက်နေလို့ စိုးရိမ်ရတယ်။ သိပ်မဝေးတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောပန်းတကြီးပြောနေသော ဦးလက်နား၏ သတင်းစကားကြောင့် တဲအတွင်းရှိ လူများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အိပ်ရာထဲရောက်နေသောလူများ ထလာကြသည်။

"သည်လိုဆိုမဖြစ်ဘူးဟေ့၊ အားလုံးလာကြ။ ဘူဒိုဇာက ပျက်နေတော့ ရွှေရယင် လူအားနဲ့ချရမှာကွ" ဟု ဦးထိပ်စံသည် ပြောပြီး ရွှေဆုံးမှပြေးထွက်သွားသည်။ ဇော်မှတ်သည် သူ့ဂီတာကို တဲထဲဝင်ထားပြီး လူအုပ်နောက်သို့ အပြေးလိုက်သည်။

လွန်စက်များသည် တောင်ပေါ်တွင်ရှိသည်။ လွန်စက်နှင့် စခန်းသည် တစ်မိုင်ခန့်ဝေးသည်။ မီးစောင်းတန်းကြီးသည် ဓတောင်ထိပ်သို့ ထောင်တက်သွားသည်။ နေ့ညဓ၏တောမီးသည် လွန်စက်ကြီးများသာမပါလျှင် ကြည့်လို့အလွန်လှပေမည်။

တောင်ပေါ်သို့ရောက်သော် တောမီး၏ဦးတည်ရာသည် လွန်စက်များဖြစ်ကြောင်း တွေ့ရသည်။ လွန်စက်သုံးလုံးသည် တစ်စက်နှင့်တစ်စက် ပေ ၂၀၀ စီသာ ကွာခြားသည်။ ရွှေလျှင် စက်သုံးလုံးကိုရွှေ့ရမည်။ ဘူဒိုဇာရှိလျှင် မြန်ဆန်သည်။ လူအားဖြင့်ရွှေ့ရလျှင် သည်လူမျှဖြင့် မီးလွှတ်ရာအောက်သို့ အချိန်မီရောက်နိုင်မည်မထင်။ ဘူမိဗေဒဝန်ထမ်းခြောက်ဦးနှင့် ပေါင်းလျှင် အားလုံးပေါင်း လူ ၃၆ ယောက်သာရှိသည်။

ကြီးမားလေးလံသော လွန်တူးစက်များကို ရွှေရာတွင် ဘူဒိုဇာခေါ် ကျွဲရိုင်းစက်ဖြင့် ဆွဲခြင်းသည် အမြန်ဆုံးဖြစ်၏။ ဒုတိယနည်းမှာ လွန်စက်တွင်ပါရှိသော ရစ်လုံးကိုအသုံးပြုပြီး ကိုယ့်စက်အားဖြင့် ကိုယ့်ကိုယ်ကို ရွှေစေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းသည် အလွန်ကြာ၏။ တောမီး၏အရှိန်အဟုန်ပြင်းစွာ ချီတက်လာခြင်းကို လွတ်အောင် ဆွဲနိုင်မည် မဟုတ်။ တတိယနည်းဖြစ်သော စက်ကိုတစ်စစီဖြုတ်ပြီး ထမ်းခြင်းသည် အကြာဆုံးနှင့် လူအပင်ပန်းဆုံးဖြစ်သည်။

"ဦးလေးစံ....ဘယ်လိုလုပ်ကြမလဲ။ မီးက လွန်စက်တွေဆီလာမှာတော့ သေချာသလောက်ပဲ"

ကိုစာညီက တောမီးတောက်များကို မျှော်ကြည့်ရင်း ပြောသည်။

"ဦးထိပ်စံရေ .... ကျွန်တော်တို့လူအင်အားနဲ့ စက်တွေအားလုံးကို နိုင်မှာမဟုတ်ဘူး။ လွန်စက်သုံးလုံး၊ ရေစုပ်စက်သုံးလုံးဆိုတော့ ပစ္စည်းအလေးအပင်ကများတယ်။ သည်တော့ဗျာ ရွာထဲသွားပြီး ရွာသားတွေနဲ့ ကျွဲတွေကိုခေါ်ယင် မကောင်းဘူးလား။ ရွာသားတွေကို ဦးထိပ်စံခေါ်ယင်ရမယ်လို့ ကျွန်တော်ထင်တယ်"

ဘူမိဗေဒအရာထမ်း ဦးချော‌မြင့်သည် အကျိုးအကြောင်းကို ရှင်းလင်းပြောပြသည်။

"ဟုတ်တယ်ဗျာ၊ရွာထဲသွားပြီး လူခေါ်ယင်ကောင်းမယ်။ စာညီရေ မင်းတို့က နိုင်သလောက်ရှင်းလင်းထားကွာ။ ငါတို့ရွာထဲသွားမယ်"

ဦးထိပ်စံသည် မှာကြားပြီးသည်နှင့် ဦးချောမြင့်ကိုခေါ်ပြီး တောင်အောက်သို့ ပြေးဆင်းသွားသည်။ သူတို့အရွယ်တွေနှင့်မလိုက်အောင် လျင်မြန်ပေသည်။

ကိုရှားမြတ်နှင့် ကိုဆင့်ပုံသည် ရေစုပ်စက်ကြီး (Main Pump) နှိုးရန် ထွက်သွားကြသည်။ ကျန်လူများသည် လွန်တူးပစ္စည်းများ စုဆောင်းသိမ်းဆည်းခြင်း၊ လွန်အူစာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင့်ထည့်သော သေတ္တာများ ရွှေပြောင်းခြင်း၊ စက်ဆွဲလမ်းများ ရှင်းလင်းခြင်းစသည်တို့ကို ဆောင်ရွက်ကြသည်။

ခဏကြာသော် ဦးထိပ်စံတို့နှင့်အတူ ရွာသားများ၊ကျွဲများ ပါလာသည်။

လူအင်အားတောင့်တင်းလာသည်။ တောမီးကလည်း အရှိန်အဟုန်ပြင်းစွာ တိုးကပ်လာသည်။ လွင့်မျောလာသော သစ်ရွက်ပြာများက သူတို့အပေါ်သို့ တဖွဲဖွဲကျသည်။ သစ်ရွက်ခြောက် မီးလောင်နံ့ကြောင့် အသက်ရှူရ ခက်ခဲသည်။ ဝါးပေါက်ကွဲသံတဒိုင်းဒိုင်းသည် စစ်ဖြစ်နေသလား အောင့်မေ့ရသည်။

ရွာသားများသည် မီးတားလမ်းလုပ်ကြသည်။ လွန်စက်ရွှေ့ရှိ ဝါးရုံပင်များကို ခုတ်ဖြတ်ကြသည်။ မီးလောင်လွယ်သော သစ်ရွက်ခြောက်နှင့် မြက်ခြောက်များကို ရှင်းကြသည်။

တချို့က လွန်တူးပိုက်များကို တောင်အောက်သို့ ထမ်းချသည်။ ပစ္စည်းသေတ္တာ (Tool Box) များကို ဝိုင်းထမ်းကြသည်။

လွန်စက်ကြီးကို ကျွဲဖြင့်ဆွဲသည်။ ကျွဲနှစ်ကောင် ရုန်းသည်။ မရွေ့။ လူများက ကုတ်ဖြင့်ကော်ပေးသော်လည်း မရ။ ကျွဲလေးကောင်ဆွဲခိုင်းသည်။ ရွေ့ရှားလာသည်။ သို့သော် ပင်ပန်းကြီးစွာ ရုန်းရသည်။ အသွားနှေးသည်။ စက်၏သံတောင်ကြီးအောက်တွင် သစ်တုံးများကို ဒလိမ့်အုံးသဖွယ် ခံပြီးဆွဲစေသည်။ လူအားဖြင့် ဝိုင်းတွန်းပေးသည်။ ပို၍မြန်ဆန်စွာ ရွေ့ရှားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်တူးစက်သုံးလုံးကို တောင်အောက်သို့ ဆွဲချပြီးသော် သုံးချောင်းထောက်စင်များကို လှဲသည်။

ရေစုပ်စက်ကြီးမှ ရေလာပြီမို့ ရေတိုင်ကီများ အပြည့်ဖြည့်သည်။ တိုးကပ်လာသောတောမီးကို ပက်ဖျန်းရန် ရေစုပ်စက်ငယ်များ (Feed Pump) ကို စက်နှိုးထားသည်။

မီးလောင်သင့်သည့်အရှိန်အဟုန်ကို လေကပင့်တင်ပေးနေပြန်သည်။ အရပ်မျက်နှာ တစ်ခုတည်းက တိုက်ခတ်နေလျှင်တော်သေး၏။ ယခုအခါ လေရူးနှင့် တွေ့နေသည်။ မီးတောက်သည် အရပ်မျက်နှာအသီးသီးသို့ ပျံ့နှံ့သွားသည်။

"ဆရာစံ .... မီးကိုငြိမ်းဖို့ မကြိုးစားယင် ကောင်းမယ်နော်။ ရေစုပ်စက်တွေကို တောင်အောက်ဆွဲချရအောင်။ မီးဝိုင်းခံရယင် မလွယ်ဘူးဗျ"

ရှာလူကြီးတစ်ဦးက မီးအခြေအနေကိုကြည့်၍ သတိပေးသည်။ ဦးထိပ်စံလည်း ဤအကြောင်းကို ဆင်ခြင်နေခြင်းဖြစ်၏။ ငြိမ်းသတ်လို့တော့ နိုင်မည့်ပုံမပေါ်။ မီးအားက အရပ်လေးမျက်နှာမှ လာနေပြီ။

"မောင်ရှားမြတ်ရေ ....၊ ဟေ .... မောင်ရှားမြတ်။ မိန်းပန့်ကို သွားရပ်ကြကွာ။ မီးများနေပြီ။ သည်လောက်ရေနဲ့ နိုင်မှာမဟုတ်တော့ဘူး"

ကိုရှားမြတ်သည် ခေါင်းညိတ်ပြပြီး ပြေးထွက်သွားသည်။ ရေစုပ်စက်သုံးလုံးကိုလည်း ကျဲများဖြင့် ဆွဲရသည်။ ပြီးသော် ရေပိုက်လိုင်းများဖြုတ်ကြသည်။ ရွာသားများ၏လုပ်အားနှင့် လွန်တူးဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို ပေါင်းစပ်လိုက်သောအခါ မီးလွတ်ရာတောင်အောက်သို့ အချိန်မီ ရွှေ့ပြောင်းပြီးစီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှန်တွင်းထဲတွင် လေးလက်မအချင်းရှိ အပြင်ပိုက်ကြီးနှင့် ကေစင်ပိုက်များ ကျန်နေသည်။ ထိုပိုက်များကို ဆွဲနှုတ်ရန် ခက်ခဲခြင်း၊ အချိန်ကြာမြင့်စွာနှုတ်ရခြင်း၊ မနုတ်လျှင်လည်း ကိစ္စမရှိခြင်းတို့ကြောင့် သည်အတိုင်းထားရသည်။ လေးလက်မပိုက်အဝတွင် ကျောက်တုံးကြီးဖြင့် ပိတ်ဆို့ထားခဲ့ပြီး တောင်အောက်သို့ ဆင်းပြေးကြသည်။ မပြေးလို့မဖြစ်တော့ပြီ၊ မီးအရှိန်ဟပ်သဖြင့် ကိုစာညီ၏ အင်္ကျီနောက်ကျောကို မီးအစွဲလောင်ခံရသည်။

တောင်အောက်သို့ အားလုံးပြန်ရောက်ကြပြီ။

တောင်ပေါ်မှ တောမီးတောက်၏ အလင်းရောင်ကြောင့် တစ်ဦးကိုတစ်ဦး ထင်ထင်ရှားရှား မြင်ရသည်။

လူအားလုံး၏မျက်နှာတွင် သောကများ လွင့်ပြယ်သွားပြီဖြစ်ကြောင်း တွေ့ရသည်။

× × × ×

"ဆရာစံ .... ကျွန်တော်တို့ပြန်ဦးမယ်နော်"

ရွာလူကြီးတစ်ဦးက လာပြောတော့မှ မီးတောက်ထဲအာရုံဝင်စားနေသော ဦးထိပ်စံသည် သက်ဝင်လှုပ်ရှားလာသည်။

"ဩော် .... ဟုတ်ကဲ့ခင်ဗျ ဟုတ်ကဲ့။ ဦးပါနောက်တို့ တစ်ရွာလုံးကို ကျေးဇူးသိပ်တင်တယ်ဗျာ။ ကျွန်တော်တို့လူအင်အားချည်းပဲဆိုယင် ပစ္စည်းတွေအားလုံးပါအောင် ရွှေ့နိုင်မှာမဟုတ်ဘူး။ အထူးသဖြင့် ကျွဲတွေရဲ့ လုပ်အားက သိပ်ပြီးအသုံးဝင်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေကို တောင်ပေါ်ပြန်တင်မယ့်အချိန်မှာ ကျွန်တော်တို့ကို ခေါ်ပါဆရာစံ"

"ကျေးဇူးပါပဲ ဦးပါနောက်ရယ်၊ အဲသည်အချိန်ဆိုယင် ဘူဒိုဇာကြီး ကောင်းသွားမှာပါ"

ရွာသားများသည် စုစုရုံးရုံးပြန်သွားကြသည်။ သူတို့ ထွက်သွားသဖြင့် လူအုပ်ကြီးမှာ သိသာစွာ အင်အားနည်း ပါးသွားသည်။

ဇော်မှတ်သည် ရွာသားများအကူအညီဖြင့် ရွှေ့ပြောင်း ထားသော ပစ္စည်းပုံကြီးကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။ လွန်ချောင်းတွေ၊ လွန်တူးပစ္စည်းတွေမှာ မနည်းမနော၊ဘူဒိုဇာ နှင့်ဆွဲလျှင်ပင် ဆယ်ခေါက်ခန့်ဆွဲရမည်။

ဇော်မှတ်သည် ပစ္စည်းများ၏ တန်ဖိုးကို စိတ်တွက်ဖြင့် ခန့်မှန်းကြည့်သည်။

လွန်တူးစက်တစ်လုံးသည် ငွေကျပ် ရှစ်သိန်းအထက်တွင် ရှိသည်။ ကိုးဘာရယ်လ် တစ်ချောင်းသည် ၂၀၀၀ ကျော် သည်။ စိန်လွန်သွားတစ်ခုသည် ၂၅၀၀ ကျပ်ခန့်ရှိသည်။ ရေစုပ်စက်များ၊ ပိုက်များ၏ တန်ဖိုးများထည့်ပေါင်းသော် ပစ္စည်းပုံကြီးသည် သိန်းပေါင်းများစွာတန်နေပြီ။

ရွာသားများ၏ အကူအညီသည် တန်ကြေးမနည်းလှပါ လား။

"စက်တွေသာ တောမီးထဲပါသွားယင် တို့တတွေ အလုပ် လုပ်ရမှာ မဟုတ်ဘူးနော်။ ဦးလေးစံနဲ့ရွာသားတွေ ချင်းနိုင်း လို့ ပေါ့ကွာ။ ဦးလေးစံလိုလူကတော့ ရှားပါတယ်"

ကိုစာညီ၏ စကားကြောင့် ဇော်မှတ်သည် ဦးထိပ်စံ၏ မျက်နှာကို လှမ်းကြည့်သည်။ ဂုဏ်ယူနေသော၊ ဝင့်ကြွား

www.burmeseclassic.com

www.burmeseclassic.com



နေသော ဟန်ပန်ကို မတွေ့ရပေ။ ရင့်ကျက်သော မျက်နှာသည် အေးငြိမ်းလျက်ရှိ၏။

ဦးထိပ်စံသည် ကိုစာညီကို စကားတစ်ခွန်း ပြန်ပြောသည်။ တိုပင်တိုသော်ငြားလည်း ဇော်မှတ်၏ နားထဲတွင် စွဲသွားသည်။

"မေတ္တာရောင်ပြန်ဟပ်တာပေါ့ မောင်စာညီရယ်"

www.burmeseclassic.com

www.burmeseclassic.com

# ၇။ မိုးတစ်ည

ကြယ်ရောင်မလင်း၊ လမင်းမသာသောည။

မိုးမှောင်ကျသောည။

သိပ်သည်းသော အမှောင်ထုသည် ဝန်းကျင်တစ်ဝိုက်ကို သိမ်းပိုက်ထားသည်။

သူတို့တဲမှလွဲ၍ အလင်းရောင်လုံးဝမမြင်ရပေ။ သူတို့တဲ တစ်တဲသာလျှင် မီးရောင်ရှိသည်။

သူတို့အားလုံး၏အာရုံသည် ဝိုင်းအလယ်သို့ စုပုံကျရောက်နေသည်။

ထိုစဉ်တွင် ကျယ်လောင်သော အသံကြီးသည် သူတို့နား မှကပ်ပြီး ပေါ်လာသည်။ သူတို့မော့ကြည့်သည်။ အကြီး အကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

ကိုစိုးမိသည် မျက်နှာပျက်သွားသည်။ မောင်ဖူးစည်က ထပြေးတော့မလို ကုန်းကွကွ ဖြစ်နေသည်။ တစ်ကျော်၊ မျိုးထိန်းနှင့် လုံးအိုင်တို့၏ မျက်နှာမှာ ဆီးရွက်ခန့်သာကျန် တော့သည်။

သူတို့တတွေ ဘာကိုမြင်၍ ဤမျှထိတ်လန့်ကြသနည်း။ ဂဃနဏ သိရအောင် ဇာတ်လမ်းကို နောက်ကြောင်းလှည့် နွှေခင်းက အဖြစ်အပျက်ကို အစပြန်ကောက်ရလျှင်....

× × × ×



www.burmeseclassic.com

www.burmeseclassic.com


မိုးဆက်တိုက်ရွာနေသည်မှာ သုံးရက်ရှိပြီ။ ရေဒီယိုအမြဲ နားထောင်သော ကိုမှတ်လေးက မုန်တိုင်းရှိသည်ဟု ပြောဖူးသည်။ သုံးရက်လောက် အားပါးတရ ရွာပြီးပြီမို့ ကိုရွှေ မုန်တိုင်းသည် ရှိတော့မည်မထင်။ သည်နေ့ အိပ်ရာမှ စောစောထဖြစ်သည်မှာ ထရံပေါက်မှ စူးရှစွာ တိုးဝင်လာသော နေရောင်ခြည်ကြောင့် ဖြစ်သည်။ ထိုနေရောင်ကိုအားကိုး၍ မောင်ဖူးစည်သည် သူ့ပစ္စည်းများကိုထုတ်ပြီး တစ်ချပ်ချင်း ရေဆေးခဲ့သည်။ အားလုံးရေဆေးပြီးမှ လှန်းမည်ကြံလိုက်သောအခါ မိုးရိပ်မိုးသားများ တက်လာသည်။ တဖွဲဖွဲရွာချသည်။ တော်ပါသေးသည်။ တစ်ခဏနှင့်ရပ်သွားသည်။

အုံ့ချည်တစ်လှည့် လင်းတစ်လှည့်ကြောင့် အလုပ်ရှုပ်ရသည်။ နေပွင့်လာလျှင် ပစ္စည်းတွေဖြန့်လှန်းပြီး မိုးအုံ့လာလျှင် ရုပ်ထားရသည်။ မာယာများသော မိုးတိမ်ကို လျှော့တွက်၍မရပေ။ တယုတယ ရေဆေးထားသောပစ္စည်းများ မိုးမိရေစိုမှာ စိုးရိမ်ရသည်။ ထို့ပြင် လူမြင်မှာကိုလည်း ပူပန်ရသည်။ လူသူလေးပါးအသွားအလာကို စောင့်ကြည့်ရသေးသည်။

ကြောက်ကြောက်ရွံ့ရွံ့ လုပ်ကိုင်နေသည့် မောင်ဖူးစည်ကို မိုးက အလိုက်မသိပေ။ တမင်တကာ လှောင်ပြောင်နေရော့သလား ထင်ရ၏။ မိုးတွေအုံ့လာလိုက်၊ တဖွဲဖွဲရွာလိုက်၊ ချက်ချင်းတိတ်ပြီး နေရောင်တွေ စူးရှပြင်းထန်စွာ ကျလာလိုက်ဖြင့် ကျီစယ်သမှုပြုသည်။

မောင်ဖူးစည်သည် စိတ်ပျက်ချင်သလိုလို ဖြစ်လာသော်လည်း စိတ်မပျက်ရဲပေ။ ဆေးလိပ်တစ်တိုကို အဖော်ပြုပြီး နေအပွင့်ကို ထိုင်စောင့်သည်။ ထင်သည့်အတိုင်း မနေပြန်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဆေးလိပ်တိုကို ဝါးလုံးခေါင်းထဲ ထိုးထည့်ပြီး သူ့ပစ္စည်းများ နေလှန်းရန် အပြင်ထွက်လာစဉ် သူတို့တဲဆီသို့ လျှောက်လာသောလွန်တူးတာဝန်ခံကို မြင်တွေ့သဖြင့် အမြန်ဝှက်လိုက်ရသည်။

"ဆရာ ဘယ်သွားမလို့လဲ"

"ဟိုဘက်တဲကို ခဏသွားမလို့ပါကွာ။ ဘယ်လိုလဲ နေကောင်းပြီလား"

"ဟုတ်ကဲ့ဆရာ၊ သက်သာသွားပါပြီ။ နောက်တစ်ရက်နှစ်ရက်ကြာယင် အလုပ်ဆင်းတော့မယ်ဆရာ"

"သက်သာယင်တော့ ဆင်းပေါ့ကွာ၊ မသက်သာသေးယင် ခွင့်ဆက်ယူပေါ့ ဟုတ်လား"

လွန်တူးတာဝန်ခံသည် ပဋိသန္ဓာရစကားပြောပြီး ဆက်လက် လျှောက်လှမ်း သွားသည်။ အပြန်တွင်လည်း ဖြတ်လျှောက်ဦးမှာမို့ မောင်ဖူးစည်သည် ပစ္စည်းများကို မထုတ်ရဲပေ။ ကံဆိုးချင်တော့ မိုးက ပြန်ရွာလာသည်။

ပို၍ဆိုးသည်မှာ လုံးဝမတိတ်တော့ပြီ။

ဖွဲဖွဲမှ သဲသဲမဲမဲရွာ၏။ မစဲတမ်း၊ မတိတ်တမ်း ဇွဲကောင်းကောင်းဖြင့်ရွာ၏။

မောင်ဖူးစည်သည် လက်မြှောက် အရှုံးပေးလိုက်သည်။ သူ့ပစ္စည်းများကို ဝမ်းနည်းစွာကြည့်သည်။

သို့သော် ဂျီကာသည် အပြုံးမပျက်။

× × × ×

ဂျီကာ၊ ဂျက်၊ ကင်း၊ ကွင်း အစရှိသော ဖဲချပ်များကို ပုဆိုးပေါ်သို့ တစ်ခုချင်းစီတန်း ချသည်။ ပုဆိုးတစ်ထည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှထပ်အုပ်သည်။ မီးသွေးရဲရဲထည့်ထားသော ကြေး မီးအိုးကြီးဖြင့် ဖိတိုက်သည်။

"တောက်....ငါ့အဝတ်ကိုတောင် မီးပူတိုက်ပြီး မဝတ်ဘူး" မှန်သည်။ မောင်ဖူးစည်တို့ အားလုံး မီးပူတိုက်သော အဝတ်ကို မဝတ်ကြပေ။ အဝတ်အထည်ကို ကိုယ်ခန္ဓာပေါ်နှင့် တန်းပေါ်တွင်သာ ထားသည်။ ခေါက်သည်၊ သိမ်းသည် ဟူ၍လည်း မရှိ။ ဝတ်ပြီးလျှင် တန်းပေါ်ပစ်တင်ကြသည်။ ဝတ်လိုမှသာ ပြန်ဆွဲယူဝတ်ကြ၏။ ရွာထဲတွင် အလှူမင်္ဂလာ ရှိလျှင်၊ မြို့တက်စရာရှိလျှင် ခေါင်းအုံးအောက်တွင် ခေါက် ထည့်ထားသောအဝတ်ကို ယူဝတ်သည်။

ခေါင်းအုံးအောက်တွင် ထားခြင်းသည် အမြင့်ဆုံးအဆင့် ဖြစ်သည်။ ပြန့်ပြူးချောမွတ်နေအောင် မီးပူတိုက်ဖို့ မည်သူမျှ စိတ်မကူးပေ။

ထို့ကြောင့် ဒေါ်ဒွေးထံ ကြေးမီးအိုး သွားငှားစဉ်က ဒေါ်ဒွေး၏ တအံ့တသြကြည့်ခြင်းကို ခံခဲ့ရသည်။ ဒေါ်ဒွေး က ဘာမျှမမေးသော်လည်း စိတ်မလုံသော မောင်ဖူးစည် သည် "အဝတ်တွေ ဖားဥစွဲမှာစိုးလို့ မီးပူထိုးရဦးမယ်"ဟု ပြောခဲ့သေးသည်။

အပူပေးလိုက်သောအခါ ဖဲချပ်များသည် ခြောက်သွေ့ ပြန့်ပြူးလာသည်။ အကိုင်အတွယ်များလွန်း၍ ညစ်ပေခဲ့ သော ဖဲချပ်များမှာ ရေဆေးထားသည့်မို့ အတော်အတန် သန့်ပြန့်နေသည်။ အစွန်းတွေ၊ အကွက်တွေ၊ ခြစ်ရာတွေ ပျောက်သွားသဖြင့် ဖဲချပ်များကို မှတ်မိဖို့ မလွယ်တော့ပေ။ ထောင့်များတွင်ကျိုးနေသော ဒိုင်းမှန်းဂျက်နှင့် ညှင်းငါးတို့

www.burmeseclassic.com



မှာမူ သိသာသေးသည်။ သို့သော် မပြုမပြင်ဘဲ ကစားနေသည်နှင့်စာလျှင် အများကြီးကောင်းသွားပါပြီ။

ဖဲချပ်များကို နှစ်ပုံခွဲ၍ လက်ထဲတွင်စုကိုင်ပြီး ကုလားဖန်ထိုးကြည့်သည်။ ဖျိုးဖျိုးဖျပ်ဖျပ်မြည်ရင်း လက်ချောင်းကြားမှခုန်ထွက်သွားသည်။ ကြွပ်ရှနေသော ဖဲချပ်များကိုကြည့်ပြီး မောင်ဖူးစည်ကျေနပ်နေသည်။

တည်တည်ခန့်ခန့်နေတတ်သော ကင်းသည်ပင် ပြုံးသယောင်ထင်ရ၏။

× × × ×

**"ဟော့....သူငယ်ချင်းရေ×× တို့နယ်ပယ်တွင် ×× မိုးသက်ကယ်ဆင်××ရှစ်ခွင်ကမည်း×× မိုးရွာမလိုလိုနဲ့ပင်×× ညီညွတ်ရေးနဲ့×× အသက်ရှည်ရှည် ခင်ခင်မင်မင်×× လက်ရည်တပြင်တည်း×× ရှေးကတော့ပို့ချစ်ကြတယ်××"**

ညအမှောင်ထဲသို့ မောင်ဖူးစည်၏ သီချင်းသံ တိုးဝင်လာသည်။

မိုးသံတဝေါဝေါကို ထွင်းဖောက်နိုင်အောင် အသံကုန်ဟစ်ရသောကြောင့် ခံတွင်းချဉ်လာသည်။ သီချင်းကိုဖြတ်ပြီး ဆေးလိပ်ကောက်ဖွာသည်။ ဤမျှလောက် အသံပေးလိုက်လျှင် တစ်ကျော်တို့၊ မျိုးထိန်းတို့၊ လုံးအိုင်တို့ ကြားသိလောက်ပြီ။ မောင်ဖူးစည်သည် တဲအတွင်းသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်သည်။ မိုးအေးအေးမို့ ဝန်ထမ်းအများစုသည် အိပ်ရာထဲရောက်နေကြပြီ။ ကိုစိုးမိ အိပ်ရာသို့ မျှော်ကြည့်သည်။ ကိုစိုးမိသည် ဂွမ်းစောင်ကြီးခြုံလျက် အိပ်ရာထဲ လှဲနေသည်။ အိပ်သေးဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



မိုးက ဖွဲလိုက်၊ သည်းလိုက်နှင့် တစ်နေ့လုံး ရွာနေသည်။ ငိုကြွေးရှည်သော ကလေးနှင့်ပင် တူသေးတော့၏။ နေမကောင်းလို့ အလုပ်မဆင်းသော မောင်ဖူးစည်မှတစ်ပါး လွန်တူးဝန်ထမ်းအားလုံး အလုပ်သွားရသည်။ မိုးတဖွဲဖွဲအောက်တွင် မိုးကာအင်္ကျီဝတ်ဆင်ပြီး လွန်တူးလုပ်ငန်း ဆောင်ရွက်ကြသည်။ မိုးသည်းသည်းရွာလျှင် မိုးကာတဲအောက်ဝင်ပြီး မိုးခိုသည်။ မိုးအနည်းငယ်စဲလျှင် အပြေးပြန်ထွက်ပြီး အလုပ်လုပ်ကြသည်။

မိုးနှင့်အပြိုင်အဆိုင် လုပ်ခဲ့သည့်ကြားမှပင် ကိုစိုးမိသည် ပေ ၅၀ ကျအောင်တူးနိုင်ခဲ့သည်။ လွန်တူးစက်ပေါင်း ရှစ်လုံးရှိသည်အနက် ကိုစိုးမိ၏စက်သည် ပေအများဆုံးရသည်။ မိုးမရွာဘဲ အလုပ်ချိန်ရှစ်နာရီအပြည့် လုပ်နိုင်ခဲ့လျှင် ပေခုနစ်ဆယ်၊ ရှစ်ဆယ်အထိ ရနိုင်သည်။

အလုပ်နှင့်ပတ်သက်လျှင် ကိုစိုးမိသည် အလျှော့ပေးရိုးထုံးစံ မရှိပေ။ သူများတွေထက် ပေပိုရအောင်တူးရမည်ဟူသော စိတ်ဓာတ်ကို အမြဲထားသည်။ တော်ရုံတန်ရုံမိုးကိုတော့ ကိုစိုးမိက ဂရုမစိုက်ချေ။ မိုးကာအင်္ကျီခြုံပြီး လွန်တူးစက် မောင်းသည်။ သူက အော်ပရေတာမို့သူသာအနစ်နာခံပြီး မိုးရွာထဲမှာ နေသည်။ လွန်တူးအကူဝန်ထမ်းသုံးဦးကို မိုးကာတဲအတွင်းနေစေသည်။ ပိုက်အဖြုတ်အတပ် အလျှော့အတင်းလုပ်မှသာ လှမ်းခေါ်သည်။

လုပ်ငန်းကျွမ်းကျင်ခြင်း၊ ခေါင်းဆောင်ကောင်းပီသခြင်းကြောင့် ကိုစိုးမိနှင့်တွဲပြီး အလုပ်လုပ်ချင်သူတွေ များသည်။ စကားကို ချိုသာစွာ ပြောပြီး လိမ္မာစွာ ခိုင်းတက်သော ကြောင့် လုပ်ပေးရသူများမှာ မောချိမောမှန်းပင် မသိရှာ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် အလုပ်လုပ်ချင်လာအောင် စည်းရုံးပြော ဆိုနိုင်စွမ်းရှိသူ ဖြစ်သည်။ အလုပ်နားချိန်များတွင် တ ဏှာပွတ္တိဉာဏ် ကောင်းကောင်းဖြင့် သူပြောသော စကားများ မှာ နားထောင်၍ အလွန်ကောင်းသည်။ ရယ်ရသည်။ ပျော်ရ သည်။ ထို့ကြောင့် ကိုစိုးမိကို လူငယ်တွေက ချစ်သည်။ လူ ကြီးတွေက ကြိုက်သည်။

သို့သော် ကိုစိုးမိတွင် ချွတ်ယွင်းချက်တစ်ခု ရှိသည်။ လောင်းကစားခြင်းတွင် ဝါသနာသုံခြင်း ဖြစ်သည်။ သူ့ အကျင့်ကို သူသိသောကြောင့် ကြိုးစား၍ ရှောင်ရှားသည်။ ဖဲဝိုင်းကို သူကလိုက်မရှာ၊ ဖဲရိုက်ဖို့ကို သူကစမခေါ်၊ လွန်တူး တာဝန်ခံက ဖဲကစားခြင်း တားမြစ်သောကြောင့် မကစား မိအောင် မိမိကိုယ်ကို ထိန်းသည်။

ကိုစိုးမိ မအိပ် သေး သော ကြောင့် မောင်ဖူးစည်သည် “ကစားဖော်တစ်ဦးရပြီ”ဟု သေချာပေါက် တွက်လိုက်သည်။

“ကိုကြီးစိုးရေ... ကု လား ကား ကြည့် ရ အောင် ဗျာ။ မိုးအေးအေးနဲ့ အပျင်းပြေပေါ့”

မောင်ဖူးစည်က စကားစသည်။

“တော်ပြီကွာ....ဒီအိုင်စီ တွေ့သွားယင် မကောင်းဘူး”

“မိုးတွေ သည်လောက်ရွာနေတာ လာမှာမဟုတ်ပါဘူး ကိုကြီးစိုး။ နှစ်ဆယ့်တစ်ပေါက် ကစားရအောင်လေဗျာ။ အပျင်းပြေ တစ်မတ်၊ ငါးမူးပေါ့”

တာ ဝန် ခံ မလာပါဘူး ဆိုသောစကား၊ အပျင်းပြေဆို သော စကားတို့သည် ကိုစိုးမိ မျိုသိပ်ထားသော ဝါသနာကို ဆွဲလှုပ်လိုက်သည်။

“လူရှိလို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်ဗျ။ လုံးအိုင်တို့၊ တစ်ကျော်တို့ကို ခေါ်ထားတယ်"

"ဒါဖြင့် လုပ်လိုက်လေ။ ခဏပဲနော်။ သိပ်ပြီးညဥ့်မနက်စေနဲ့။ ကဲ....ကဲ.... စောစောကစားရအောင်ကွာ။ ရှစ်နာရီခွဲပြီ။ မင်းကောင်တွေက မလာသေးဘူးလား"

ဖဲဆိုလျှင် နှစ်ခါအခေါ်မခံသော ကိုစိုးမိက သဘောတူလိုက်သည်။ မောင်ဖူးစည်သည် တံခါးဝတွင်ရပ်ပြီး သီချင်းကို ဒုတိယအကြိမ်ဆိုသည်။

**"ဟော့....သူငယ်ချင်းရေ ×× တို့နယ်ပယ်တွင် ×× မိုးသက်ကယ်ဆင် ×× ရှစ်ခွင်ကမည်း ×× မိုးရွာမလိုလို့နဲ့ပင် ×× ညီညွတ်ရေးနဲ့ ×× အသက်ရှည်ရှည် ခင်ခင်မင်မင်×× လက်ရည်တပြင်တည်း ××ရွေးကတော့ ပိုချစ်ကြတယ်"**

× × × ×

တစ်ကျော်၊ မျိုးထိန်းနှင့် လုံးအိုင်တို့သည် မိုးကာအင်္ကျီခြုံကာ ရွှေဆင့်နောက်ဆင့် ရောက်လာကြသည်။

"မင်းတို့ကောင်တွေ ဘာလုပ်နေတာလဲ။ ငါ့မှာ သီချင်းဆိုရလွန်းလို့ အသံဝင်တော့မယ်"

မောင်ဖူးစည်က တံခါးဝမှ ဆီးဟောက်သည်။ တစ်ကျော်ကလည်း တစ်ချက်မခံ ပြန်ဟောက်သည်။

"အပိုစကားတွေ လာပြောမနေနဲ့။ စမယ်။ ဘယ်နှယောက်ရှိသလဲ"

"တခြားလူတွေတော့ အိပ်ကြပြီ။ ကိုကြီးစိုးပါမယ်။ ငါပါမယ်။ မင်းတို့ပါမယ်။ ကဲ....ငါးအိမ်ရှိနေပြီ။ နှစ်ဆယ့်တစ်ပေါက် ကစားမယ်ကွာ။ ငါဒိုင်လုပ်မယ်။ လော်င်းကြေးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်မတ်ထက်ပိုပြီး မထိုးနဲ့နော်။ ငါ့မှာ ငွေတစ်ဆယ်ပဲရှိတာကွ”

ပွဲဖြစ်မြောက်ရန် စည်းရုံးခဲ့သူ မောင်ဖူးစည်သည် အစီအစဉ်များကို တရစပ်ပြောပြသည်။ ထို့နောက် တန်းပေါ်မှ ပုဆိုးတစ်ထည်ကို ဆွဲယူဖြန့်ခင်း၊ ဒန်ပန်းကန်ပြားထဲ ဖဲထုပ်ထည့်၊ ဝိုင်းလယ်မှာထား၊ ဒီဇယ်ဆီမီးခွက်များ ဟိုတစ်ခွက် သည်တစ်ခွက် ချခြင်းဖြင့် ဝိုင်းတော်ကြီးကို ပြင်ဆင်သမှု ပြု၏။

ကစားသမား ငါးဦးထိုင်ကြသည်။ ဖဲချပ်တွေနှံ့အောင် မွှေသည်။ ပြန်စီထပ်သည်။ ချိုးသည်။ ဝေသည်။

မောင်ဖူးစည်သည် တစ်ယောက်လျှင် ဖဲနှစ်ချပ်စီဝေပြီးသော် ဖဲထုပ်ကို ပန်းကန်ပြားထဲ ပြန်ထည့်သည်။ သူ့ဖဲနှစ်ချပ်ကို ကောက်ကြည့်သည်။ ကျေနပ်သွားဟန်ဖြင့် ပြုံး၏။ ဘယ်သူတွေ ပိုက်ဆံဘယ်လောက်ထိုးထားလဲဟု ကြည့်လိုက်သည်။ ကိုစိုးမိက ၅ ပြား၊ တစ်ကျော်က ၁၀ ပြား၊ မျိုးထိန်းနှင့် လုံးအိုင်တို့က ၁၅ ပြားစီ ထိုးထားသည်ကို တွေ့ရ၏။

စုစုပေါင်းလိုက်သော် ၄၅ ပြား။

ဒူးယားစီးကရက်တစ်လိပ်ဖိုး ရနိုင်သည်မို့ ပီတိတွေဖြာသည်။ သောက်လက်စဆေးပေါ့လိပ်တိုကို ကန်ထုတ်လို့ရပြီ။

သို့သော် ထိုးသားများ၏ဖဲက ဒိုင်ထက်ကောင်းနေသော ကြောင့် တစ်ဝိုင်းလုံးကို လျော်လိုက်ရသည်။

“ဝေး....ဟေး... ဟေး....ဟေး....”

တစ်ကျော်က အလျော်ရသော ပိုက်ဆံ ၁၀ ပြားကို ကိုင်မြှောက်ပြီး ဝမ်းသာအားရအော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်.... မင်းအဖေအမိန့်နဲ့ တရားဝင်ကျင်းပနေတဲ့ ဖဲဝိုင်းထင်နေသလား။ တိုးတိုးလုပ်ပါကွ။ ဟိုမှာ တခြားလူတွေလဲ အိပ်နေတယ်"

ကိုစိုးမိက မာန်လိုက်သောကြောင့် တစ်ကျော် ပြန်ကုပ်သွားသည်။

မောင်ဖူးစည်သည် ဆေးပေါ့လိပ်ကိုကောက်ပြီး ပါးစပ်တွင် ခဲသည်။ ဖဲချပ်များပြန်စုသည်။ ကုလားဖန်ထိုးသည်။ ဝေသည်။ စားသည့်အလှည့်စား၍ လျော်သည့်အလှည့်လျော်သည်။

အပြင်တွင် မိုးသည်တဖွဲဖွဲရွာလျက် အရွာမပျက်ရှိချေ၏။

× × × ×

အထဲတွင် ဖဲကို တဖျပ်ဖျပ်ဝေလျက်၊ အဝေမပျက်ရှိချေ၏။

ကင်းတဲမှ သံချောင်းခေါက်သံ ၁၂ ချက် ထွက်ပေါ်လာသည်။ သို့သော် သူတို့ဂရုမစိုက်မိပေ။ သူတို့၏နားထဲတွင် မိုးသံနှင့်ဖားသံ၊ သူတို့၏ မျက်စိထဲတွင် ပိုက်ဆံအကြွေနှင့် ဖဲပွင့်များကိုသာ မြင်ကြားနေသည်။

မောင်ဖူးစည်သည် တစ်ကျပ်ခွဲနိုင်ပြီမို့ စိတ်ခတ်တွေ တက်ကြွနေ၏။ ကိုစိုးမိက ငါးမူးရှုံးပြီမို့ တစ်လှည့်လျှင် ၅ ပြားထိုးနေရာမှ ၁၀ ပြားအထိ တိုးမြှင့်လာသည်။ တစ်ကျော်တို့လည်း တမတ်၊ ငါးမူးစီ အသီးသီးရှုံးကြသည်။

"ဆေးလိပ်ဖိုးတွေတော့ ကုန်ပါပြီကွာ။ သောက်နေကျသန့်ဇင်ဝင်းတောင် သောက်နိုင်ပါတော့မလား မသိဘူး"

တစ်ကျော်သည် ဖဲချပ်များကို ကြည့်ရင်း ညည်းညူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင် ညည်းမနေနဲ့ မြန်မြန်လုပ်ကွာ။ ဖဲယူဦးမှာလား"

တစ်ကျော်က ခေါင်းယမ်းပြသည်။ ကျန်ထိုးသားများလည်း မယူကြပေ။ ဖဲနှစ်ချပ်စီ အသီးသီးမှောက်ထားကြသည်။ အိမ်တိုင်းတွင် အနည်းဆုံး ဖဲပွင့် ၁၆ ပွင့်၊ အများဆုံး အပွင့် ၂၀ ရှိကြောင်းကို မောင်ဖူးစည် မှန်းဆရှုရသည်။

မောင်ဖူးစည်တွင် ဖဲနှစ်ချပ်ပေါင်း ၁၂ ပွင့်သာ ရှိသေးသောကြောင့် အခြားအိမ်များကို ဖမ်းလို့မရသေးပေ။ ထပ်မံဆွဲရဦးမည်။

"ဒိုင်နဲ့ ဖဲထုပ်ကြီးနဲ့ ထားသွားပြီ အရပ်ကတို့"ဟု မောင်ဖူးစည်ကပြောပြီး ဖဲတစ်ချပ်ဆွဲယူသည်။ ကြည့်ပြီးသားဖဲချပ်အောက်တွင် ဆွဲယူလိုက်သောဖဲ (မကြည့်ရသေးသောဖဲ) ကို ဖုံးအုပ်သည်။ ဖဲသမားများသည် ဖဲချပ်ကို ဗြုန်းစားကြီးလှန်ကြည့်ရိုးမရှိပေ။ အရသာခံပြီး ပွတ်ကြည့်လေ့ရှိသည်။

အောက်ခြေသာဘက်ထောင့်ရှိ ဂဏန်းကို လက်မဖြင့်ဖုံးဖိထားပြီး အပေါ်ဖဲကို တဖြည်းဖြည်းချင်း တွန်းတင်သည်။ ဘေးချင်းယှဉ်လျက် ဖဲပွင့်နှစ်ပွင့်ကို တစ်စွန်းတစ်စမြင်သည်နှင့် ပြန်ဖုံးလိုက်သည်။

"ခွပြီကွ"ဟု ဝမ်းသာအားရအော်သည်။ ကုလားဖဲများနှင့် ၁၊ ၂၊ ၃ တို့ မဖြစ်နိုင်တော့ပြီ။ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ ဖဲတို့မှ တစ်ခုခုဖြစ်နိုင်သည်။ မောင်ဖူးစည်တွင် ၁၂ပွင့် ရှိပြီးပြီမို့ ၉ အထိ လက်ခံနိုင်သည်။ ၉ သာရလျှင် မောင်ဖူးစည်တို့ ၂၁ ပေါက်ဖြစ်ပြီ။ တစ်ဝိုင်းလုံးကို အများဆုံးအပွင့် ၂၀ တွက်ထားသောကြောင့် မုချနိုင်ရမည်ပ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အပေါ်ဖဲကို ယာဘက်မှဝဲဘက်သို့ ဘေးတိုက် ပွတ်သည်။ အစွန်းအစလောက်သာ ပေါ်နေသော ဖဲပွင့်ကို ကြည့်သည်။ အထက်အောက်လေးခု တန်းနေသည်။

"ဘေးစိပ်တယ်ကွ"

မောင်ဖူးစည်သည် တော်တော်အားတက်သွားသည်။ သူ့ ဖဲပွင့်များမှ ၄၊ ၅၊ ၆၊ ၇ နှင့် ၈ တို့ မဟုတ်တော့ပြီ။ ၉ နှင့် ၁၀ တစ်ခုခုဖြစ်ရမည်။ သူကိုင်ထားသည်မှာ ဒိုင်းမွန်း ၉ သာ ဖြစ်ပါတော့ဟု တောင့်တသည်။

"ဒိုင်းမွန်း ၉ နဲ့ တစ်ဆယ်ပါပြီလား"

ထိုးသားများက ခေါင်းယမ်းပြသည်။

"အားလုံးကိုဖမ်းတယ်။ ဖဲတွေလှန်ကြ။ ဒိုင်းမွန်းကိုးဆို ယင် အားလုံးစားမယ်။ တစ်ဆယ်ဆိုလျော်မယ်"

မောင်ဖူးစည်သည် ပန်းကန်ပြားထဲက ဖဲထုပ်ကို ဖြန့်ပြီး ကြည့်သည်။ ဖဲတစ်မျိုးသည် တစ်ချပ်သာရှိသည်မို့ အထုပ် ထဲတွင် ဒိုင်းမွန်း ၁၀ တွေ့လျှင် သူ့လက်ထဲရှိ မမြင်ရသေး သောဖဲသည် ဒိုင်းမွန်း ၉ ဖြစ်ပြီ။

ကြယ်ရောင်မလင်းသောည၊ လမင်းမသာသောည။

မိုးမှောင်ကျသောည။

သိပ်သည်းသော အမှောင်ထုသည် ဝန်းကျင်တစ်ဝိုက်ကို သိမ်းပိုက်ထားသည်။

သူတို့တဲမှလွဲ၍ အလင်းရောင်လုံးဝ မမြင်ရပေ။ သူတို့တဲ တစ်တဲသာလျှင် မီးရောင်ရှိသည်။

သူတို့အားလုံး၏အာရုံသည် ဝိုင်းအလယ်သို့ စုပုံကျရောက် နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ်တွင် ကျယ်လောင်သောအသံကြီးသည် သူတို့နားမှ ကပ်ပြီး ပေါ်လာသည်။ သူတို့ မော့ကြည့်သည်။ အကြီး အကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

ကိုစိုးမိသည် မျက်နှာပျက်သွားသည်။ မောင်ဖူးစည်က ထပြေးတော့မလို ကုန်းကွကွ ဖြစ်နေသည်။ တစ်ကျော် မျိုးထိန်းနှင့် လုံးအိုင်တို့၏ မျက်နှာမှာ ဆီးရွက်ခန့်သာ ကျန် တော့သည်။

သူတို့တတွေ ဘာကိုမြင်၍ ဤမျှ ထိတ်လန့်ကြသနည်း။

× × × ×

"မင်းတို့ ဒါ ဘာလုပ်တာလဲဟင်။ ပေးစမ်း အဲဒီဖဲတွေ"

လွန်တူးတာဝန်ခံအရာရှိ၏ ဒေါသထွက်နေသော မျက်နှာ ကြီးကို မြင်တွေ့ချိန်တွင် သူတို့မှာ အချိန်များစွာ နောက်ကျ သွားပြီ။ ဘယ်လိုမှ လိမ်ညာ၍မရ။ လက်ပူးလက်ကြပ်မိသွား သည်။

"ကျွန်....ကျွန်တော်တို့ အပျော်ရိုက်တာပါဆရာ။ ဆရာ တွေ့တဲ့အတိုင်း ငါးပြား၊ ဆယ်ပြားကြေးပါ"

မောင်ဖူးစည်သည် အကြွေပုံကြီးကို လက်ညှိုး ထိုး၍ ကြောက်ကြောက်ရွံ့ရွံ့ တင်ပြသည်။

"နည်းတာ များတာ ငါမပြောဘူး။ အလောင်းအစား မလုပ်နဲ့လို့ ငါတားထားတယ် မဟုတ်လား။ မနက်ဖြန် မနက် မှာ မင်းတို့အားလုံး ရုံးခန်းကိုလာခဲ့"

လွန်တူးတာဝန်ခံသည် စိတ်ဆိုးဆိုးဖြင့် ထွက်သွားသည်။ သူလက်ထဲတွင် ဖဲထုပ်ပါသွားပြီ။ နေ့ခင်းက တယုတယ မိးပူ

www.burmeseclassic.com



တိုက်ထားသော ဖဲထုပ်ကို မောင်ဖူးစည်သည် နှမြောစွာ ကြည့်နေသည်။

တစ်ကျော်တို့လည်း အကြွေတွေ အိတ်ထောင်ထဲ ထည့်ပြီး ကုပ်ချောင်းချောင်း ပြန်သွားသည်။

သူတို့ ငါးယောက်သည် တထိတ်လန့်လန့်မို့ နှစ်ခြိုက်စွာ မအိပ်နိုင်ကြပေ။ အရေးယူခံရမှာလား၊ ရန်ကုန်ရုံးချုပ် ပြန်လွှတ်မှာလား၊ နှစ်တိုးတွေလျှော့မှာလား၊ ရာထူးတွေ လျှော့မှာလား စသည်ဖြင့် တောင်တောင်အီအီ တွေးကြသည်။

မိုးလင်းသော် ကိုစိုးမိတို့ငါးဦးသည် ညှိုးငယ်သော မျက်နှာလေးတွေ အောက်ချပြီး ရုံးခန်းသို့ ရောက်ရှိလာသည်။

"ဟိုကောင် ဂိလာန ဖူးစည်ကို ငါ သတ်ချင်တယ်။ နာလန့်ထခါစမှာ ဖဲထိုင်ရိုက်တာ ထပ်ဖျားပြီး သေချင်လို့လား"

လွှန်တူးဝန်ထမ်းများအပေါ် ရင်ဝယ်သားကဲ့သို့ ချစ်ခင်သော လွှန်တူးတာဝန်ခံသည် ကရုဏာဒေါသောနှင့်ပြောလျှင် ထိရောက်ပြင်းထန်သော စကားလုံးများကို သုံးတတ်သည်။

"စိုးမိ မင်းက ကလေးတွေ ဖဲရိုက်ယင်တောင် ငါ့ကိုလာပြီး ပြောရမှာ။ မင်းက ဝင်ရိုက်နေတော့ ကောင်းသေးရဲ့လားဟင်"

"ကျွန်တော်တို့ အပျင်းပြေသဘောပါဆရာ"

"တော်ပြီစိုးမိ။ ဆင်ခြေစကားတွေကို ငါမကြားချင်ဘူး။ မင်းတို့ အကြွေတွေနဲ့ကစားနေတာ ငါမြင်တယ်။ တစ်ယောက် တစ်ယောက်ရဲ့ အနိုင်အရှုံးဟာ ငါးမူး၊ တစ်ကျပ်ဆိုတာ ငါ သိတယ်။ ညက မင်းတို့တဲမှာ မီးရောင်မြင်လို့ ငါ ကြည့် တော့ ဆယ့်နှစ်နာရီ ကျော်နေပြီကွ။ ငါမလာယင် မင်းတို့

www.burmeseclassic.com



ကောင်တွေ ငါးပြား၊ ဆယ်ပြားနဲ့မိုးလင်းမှာ သေချာတယ်။ သည်တော့ မင်းတို့ စဉ်းစားကြည့်စမ်း။ ညမှာ အိပ်ရေးမဝဘူး၊ မနက်မှာ အလုပ်ဆင်းရဦးမယ်။ အိပ်ချင်မူးတူးနဲ့ လုပ်ယင် မင်းတို့ပဲ ထိခိုက်ရှနာမယ်။ စိုးမိက အော်ပရေတာ၊ စက်မောင်းနေတဲ့ကောင်က အိပ်ရေးပျက်သို့ တစ်ချက် တလေ ယောင်မှားသွားယင်၊ လူတောင် သေနိုင်တယ်ဆိုတာ မင်း သိတယ်မဟုတ်လား"

လွန်းတူးတာဝန်ခံသည် ဆေးတံအိုးထဲမှ ဆေးဟောင်းများကို စားပွဲစွန်းနှင့်ခေါက်၍ ခါချသည်။ ဆေးအသစ်များ ဖိသိပ်ထည့်ပြီး မီးညှိသည်။ တစ်ဖွာနှစ်ဖွာ ဖွာပြီးနောက် ဆေးတံကိုချ၍ ဆက်ပြောသည်။

"တစ်ကျော်နဲ့မျိုးထိန်း၊ မင်းတို့အလုပ်ကို မင်းတို့သိတယ်နော်။ မင်းတို့ ကိုင်ရတာက ခွရှင်ကြီးတွေ၊ ချိန်းကြိုးတွေ၊ သံပိုက်တွေ။ အိပ်ချင်မူးတူးနဲ့ လုပ်ယင် ခေါင်းကွဲ၊ ခြေကျိုး လက်ကျိုးဖြစ်နိုင်တယ်ဆိုတာ မစဉ်းစားမိဘူးလားဟင်"

သူတို့အားလုံးသည် တိတ်ဆိတ်စွာ နားထောင်နေကြသည်။

"ကဲကွာ၊ မင်းတို့အိပ်ရေးပျက်တာကို ထားပါဦး၊ ဖဲရိုက်နေတုန်းမှာ မင်းတို့ ခြင်မကိုက်ဘူးလား၊ ဂီလာန မင်းကို မကိုက်ဘူးလား"

မောင်ဖူးစည်သည် မဲ့မဲ့ မော့ကြည့်ရင်း ကိုက်ပါတယ် ဆရာဟု ဖြေသည်။

"ငှက်ဖျားဖြစ်မှာစိုးလို့ ငှက်ပျောသီးတို့၊ သင်္ဘောသီးတို့ မစားဘူးဆိုတဲ့ လုံးအိုင်ကော ခြင်မကိုက်ဘူးလားကွ"

လုံးအိုင်သည် ကိုက်ပါတယ်ဆရာဟု ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ မင်းတို့ဖြစ်တဲ့ ငှက်ဖျားဟာ ငှက်ပျောသီး စားတာက အဓိက မဟုတ်ဘူး။ ခြင်ကိုက်တာက အဓိကကွ။ အခု မိုးတွင်းရောက်လာပြီ၊ ခြင်တွေပေါက်လာပြီ။ ငှက်ဖျားကာကွယ်ဆေးတွေ ဘယ်လောက်သောက်သောက် မင်းတို့အနေအထိုင် မဆင်ခြင်ယင် ဖျားမှာပဲ။ မင်းတို့ကဖဲကိုမဲပြီး ရိုက်နေချိန်မှာ ခြင်တွေက မင်းတို့ကို အားပါးတရ ကိုက်နေမှာပဲ။ ခြင်ကြောင့်ဖြစ်တဲ့ ရောဂါတွေထဲမှာ ငှက်ဖျားပါမယ်ကွာ၊ ဆင်ခြေထောက် ပါမယ်ကွာ၊ သွေးလွန်တုပ်ကွေး ပါမယ်ကွာ။ ပြီးတော့ အင်း၊ ဂျပန်ဦးနှောက်ရောင် ရောဂါဖြစ်မယ်ကွာ။ ဆင်ခြေထောက်က မြို့ပေါ်မှာ တွေ့ရခဲရာဖြစ်သလို ဝင်အိပ်တဲ့လူတွေမှာဖြစ်လို့ မင်းတို့နဲ့ မဆိုင်ဘူးထား။ သွေးလွန်တုပ်ကွေးက ခြင်ကျား အကိုက်ခံရတဲ့ကလေးတွေ ဖြစ်တာမို့ မင်းတို့ ဂရုမစိုက်ဘူးထား။ ဂျပန်ဦးနှောက်ရောင်ကိုလဲ ဒဖြစ်သင်ပ်မများလို့ မမှုလောက်ဘူးဆိုလဲ ထားဦး။ ဒါပေမယ့် ငှက်ဖျားကိုတော့ မင်းတို့ဂရုစိုက်ရမယ်ကွ"

လှုန်တူးတာဝန်ခံ၏ အသံသည်လည်းကောင်း၊ ဟန်သည်လည်းကောင်း မာထန်ခြင်းမရှိတော့ပေ။ ပျော့ပျောင်းသောအသံ၊ ကရုဏာထားဟန်များ ပေါ်ထင်လာသည်။

"ကမ္ဘာ့အနှံ့မှာ ငှက်ဖျားဟာ ပြန်ပြီး ခေါင်းထောင်နေပြီ။ ဆေးပညာရှင်တွေက ဘယ်လောက်အစွမ်းထက်တဲ့ ဆေးတွေ ထုတ်လုပ်ပေးပေမယ့် ခြင်တွေရဲ့ ခံနိုင်ရည်အားကလဲ မြင့်မြင့်လာနေတယ်။ မြို့ပေါ်ကလူတွေထက် တောမှာတောင်နဲ့ထမ်းဆောင်တဲ့ တို့လို ဝန်ထမ်းတွေမှာ အဖြစ်များတာကြောင့် ဆင်ခြင်ကြပါ သားတို့ရယ်။ နောက်နောင်ကို ...

www.burmeseclassic.com



မရိုက်နဲ့တော့နော်။ ခုတစ်ကြိမ်တော့ ပထမဆုံးနဲ့နောက်ဆုံး အကြိမ်အဖြစ် နှုတ်နဲ့သတိပေးလိုက်မယ်။ ဒါပေမယ့် မင်းတို့ အပြစ်ကိုတော့ လုံးဝ ခွင့်မလွှတ်နိုင်ဘူး။ မင်းတို့နေတဲ့ တဲ တစ်ဝိုက်မှာ သန့်ရှင်းရေးလုပ်ရမယ်။ ခြင်တွေ ခိုအောင်း ပေါက်ဖွားလေ့ရှိတဲ့ ချုံတွေ၊ ရေအိုင်တွေ ရှင်းကြပါ။ ကဲ.... ကဲ.... စတိုသွားပြီး ဓားတွေ၊ ပေါက်ပြားတွေထုတ်ကြ"

သူတိုင်းဝယောက်သည် သက်ပြင်းတွေကိုယ်စီ ချလိုက်သည်။

ရုံးခန်းထဲမှ ရှင်လန်းပေါ့ပါးစွာ ထွက်လာကြသည်။

× × × ×

"တောက်.... မနေ့က ဖဲထုပ်နေလွန်းတော့ နေက မပူ တစ်ချက် ပူတစ်ချက်နဲ့ အခုတော့ ပူလိုက်တဲ့နေကွာ။ ချွေး တွေပန်းထွက်တယ်"

မောင်ဖူးစည်သည် ခုံဖုတ်များကို ခုတ်ဖြတ်ရင်း ရေရွတ် သည်။

"တော်စမ်းကွာ။ သည်ဇာတ်လမ်းကို မင်းစတာကွ။ ခုမှ ငိုပြမနေနဲ့"

ကိုစိုးမိစကားကြောင့် မောင်ဖူးစည်သည် ပြုံးဖြီးဖြီးဖြစ် သွားသည်။

"ကိုကြီးစိုးပါလို့ ကစားဖြစ်တာပါဗျာ။ ကျွန်တော်တို့ ကလေးတွေချည်းပဲဆိုယင် ဘယ်လိုလုပ်ကစားမှာလဲ"

မောင်ဖူးစည်သည် ကိုစိုးမိကို စချင်သောကြောင့် မထိ တသိ ကလိလိုက်သည်။ မျိုးထိန်းက ခုံများကို ဓားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ငွေယမ်းရှင်း "ညက မင်းကိုင်ထားတာ ဘာဖဲလဲ ဖူးစည်။ ၉ လား၊ ၁၀ လား"ဟု မေးသည်။

"ငါကိုယ်တိုင်လဲ အဲဒါ သိချင်နေတာပဲကွ"

သိချင်ယင် ဖဲထုပ် သွားတောင်းပါလား"ဟု လုံးအိုင်က အတိုအထောင် လုပ်လိုက်သည်။

"ဟေ့ကောင်တွေ တိတ်ကြစမ်း။ ဟိုမှာ မင်းတို့အဘ လာနေပြီ"

ကိုစိုးမိက သတိပေးသောကြောင့် သူတို့တတွေ နောက် လှည့်ကြည့်သည်။ လွန်တူး တာဝန်ခံသည် ဆေးတံခဲရင်း လျှောက်လာသည်။

"ဘယ်လိုလဲဟေ့....။ တော်တော် ပြီးကြပြီလား"

"သည်နားက ချုံတွေနဲ့ ရေအိုင်တွေတော့ ရှင်းသွားပြီ ဆရာ။ ဟိုဘက်မှာတော့ ကျန်သေးတယ်"

"အေး.... အေး.... ကျန်တာတွေ ထားလိုက်။ လာမယ့် တနင်္ဂနွေနေ့မှာ ဝန်ထမ်း အားလုံးကို လုပ်အားပေး ခေါ်ပြီး ချုံတွေရှင်းခိုင်းရမယ်။ နေသိပ်ပူတယ်ကွာ။ မင်းတို့ နားကြ တော့။ နောက်နောင်ကို ဖဲမရိုက် နဲ့နော်"။ မိယင်တော့ ငါ ကိုယ်တိုင် ရဲစခန်းကို သွားအပ်မယ်။ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

"ဟိုကောင် ဖူးစည်.... ရေချိုးပြီး နွေးနွေး ထွေးထွေး နေနော်၊ ကျန်းမာရေး ဂရုစိုက်"

လွန်တူး တာဝန်ခံသည် ပြောဆို ပြီးသည်နှင့် ပြန်လှည့် သွားသည်။

"သည်လို ဆိုတော့လဲ တို့ ဒီအိုင်စီ က ကြင်နာတတ်သနား စိတ် ရှိသားပဲကွ။ မဆိုးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူက မဆိုးဘူး။ ဆိုးတာက တို့ကွ"

"နောက်နောင်များတော့ မဆိုးံ့တော့ ပါဘူး ညယ်။ ညတုန်းက ငါဖြင့် အသည်းထိတ်သွားတာပဲ မျိုးထိန်းရာ"

"ကိုကြီးစိုးက လူကြီးဆိုတော့ လန့်မှာ မဟုတ်ဘူးနော်"

"ဟာ.... ငါက မင်းတို့ထက်တောင် လန့်ရတာပေါ့ကွ။ သည်မှာ ဖူးစည်....။ မင်းတို့မသိလို့နော်....ငါလေ ညက သေး တောင် ထွက်တယ်ကွာ"

သူတို့ အားလုံးသည် မပြုံးဘဲ ဝါးလုံးကွဲအောင် ရယ်ကြလေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၈။ ကျေးဇူးယှဉ်ပြိုင် မဆပ်နိုင်ခဲ့

နွေကို လက်ခံပါသည်။ ရေတွေ ခန်းခြောက်စေခြင်းကို မုန်း၏။

မိုးကိုလက်ခံပါသည်။ ရေတွေလွှမ်းမိုးစေခြင်းကို မုန်း၏။

ဆောင်းကို လက်ခံပါသည်။ ရေတွေ အေးခဲစေခြင်းကို မုန်း၏။

ရေသည် ရန်သူတလည်း ချစ်သူမည်၏။

ရှေး အတိတ်တေ ကာလကတည်းက "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"ဟု ဆိုကြရင်း ရေကို ရန်သူမျိုး ငါးပါး စာရင်းတွင် သွတ်သွင်းလိုက်သည်။

မိတ်ဆွေ သိပါသည်။ ငွေသည် ရန်သူမျိုး ငါးပါးတွင် မပါပါ။

× × × ×

ကိုမာန်ပိုသည် သူငယ်နှပ်စား ကလေးငယ် မဟုတ်။ အသက်လေးဆယ် ကျော်ခဲ့ပြီ။ ဘဝအတွေ့အကြုံ အတော်အတန်များပြီ။ လူတန်းစားပေါင်းစုံနှင့် ပေါင်းသင်းဆက်ဆံဖူးပြီ။ မြန်မာပြည် တနံတလျား ရောက်ဖူး ပြီးပြီ။

လူတွေဘာကိုကြိုက်တတ်သနည်း။ လူတွေဘာကိုမက်မောကြသနည်း။ လက်တွေ့ကြုံဖူးသည်။ မျက်တွေ့ ဆုံဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးနိုင် ပေးနိုင်လျှင် ဆွေမျိုးတွေ အသိ မိတ်ဆွေတွေ ဝိုင်းဝိုင်းလည်နေ သည်မှာ တွန်းထုတ်၍ပင် မနိုင်နိုင်အောင် ဖြစ်ရသည်။ မိမိတွင် တစ်ပြားတစ်ချပ်မျှ မရှိလျှင် ချေးငှား မည်စိုးရိမ်၍ အိမ်ကို မလာစေချင်သော ဆွေမျိုးသားချင်း၊ လက်ဖက်ရည်တိုက်ရမှာ စိုးရိမ်၍ မမြင်ဟန်ဆောင်သွားသော အပေါင်းအသင်းတွေ အနမတဂ္ဂ။ သူတို့တွေ ကူညီစောင်မ ရမည့်အလှည့်တွင် "ညာတကာနဒ္ဓ သင်္ဂဟော"ဆိုသည့် မင်္ဂလာတရားတော်များ မေ့သွားကြပြီ။ "အေးဟယ် တို့မှာလဲ မပြေလည်ဘူး။ တောင်မင်းကို မြောက်မင်း မကယ်နိုင်၊ မြောက်မင်းကို တောင်မင်းမကယ်နိုင် ဘူးပေါ့ဟာ"ဟူသော ချွေးသိပ်စကားကို ဆိုတတ်ကြသည်။

ကိုမာန်ပိုသိသမျှ အားလုံးကိုထိုင်ပြောရလျှင် တစ်ထောင့် တစ်ညနှင့်ပင် ဆုံးမည် မထင်။ ဘယ်သူသည် ငွေကို ဘယ်လို သုံးသဖြင့် ဘယ်လို စံနေရကြောင်း၊ မည်သူသည် ငွေကို မည်သို့ဖြုန်းသဖြင့် မည်သို့ ခံနေရကြောင်း သက်သေ သက္ကာရ အကုန်အစင် အမည်နာမ အစုံအလင်ဖြင့် စိတ်ဝင်စားစဖွယ် ပြောပြနိုင်သည်။

ငွေသည် အရာရာကို မဖန်တီးနိုင် သော်လည်း ငွေသည် လူချစ် ဆေးတစ်ပါး ဖြစ်၏။ ငွေကြောင့် လူပျက်စီးရသည် မဟုတ်မူဘဲ အသုံးချသောသူ အသုံး မကျသောကြောင့် လူ ပျက်စီးရသည်။ ငွေသည် တရားခံမဟုတ်ပေ။ လူ၏လောဘ သည်သာ တရားခံ ဖြစ်သည်။

အပြစ်မဲ့သော ငွေကို ကိုမာန်ပို ချစ်သည်။ ကိုမာန်ပို ချွေတာသည်။ တရိတသေ သိမ်းထုပ်သည်။ နေထိမခံ

www.burmeseclassic.com


ရအောင်၊ လေသလပ် မခံရအောင် သေတ္တာ အောက်ဆုံးရှိ ပုဆိုးခေါက်ထဲတွင် ညှပ်ထားသည်။

ကိုမာန်ပို ထံမှ ချေးငှား၍ မရ၊ တောင်းရမ်း၍ မရ၊ မြှောက်ပင့်ပြီး စား၍ မရ၊ ကပ်ရပ်ပြီးဝါး၍ မရသော အခါ "မာန်ပိုဆိုတဲ့ ကောင်ဟာ ကပ်စေးနှဲကြီးပါကွာ"ဟု မလိုသူတို့က အမနာပစကား ဆိုလာ၏။

ဆိုကြပါစေ။ ခြေမှုရုံကြောင်း ကိုမာန်ပို မသိမဟုတ်။ ဂဃနဏသိသည်။

× × × ×

လူတစ်ကိုယ်တွင် အကြောင်း တစ်မျိုးစီ ရှိသည်။ ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ်၊ ကိုယ့်အထွာနှင့်ကိုယ် ဆင်ခြင်တိုင်းတာ သုံးစွဲနေရသည်။

ဘာပဲ ပြောပြော လူတိုင်း အကောင်း ကြိုက်သည်။ အကောင်း မကြိုက်ပါဘူး ဆိုသူမှာ ညာပြောခြင်းသာလျှင် ဖြစ်ရမည်။ သို့တည်းမဟုတ် ကျန်းမာရေးကြောင့် ရှောင်ခြင်းသာလျှင် ဖြစ်ရမည်။ အခြားတစ်နည်းမှာ ငွေကုန်ကြေးကျများမည်စိုး၍ ရှောင်ဖယ်ခြင်းသာ ဖြစ်ရမည်။

လူသာလျှင် အကောင်းကြိုက်သည် မဟုတ်။

ခွေးတစ်ကောင်ကို မြေကြီးခဲနှင့် ထန်းလျက်ခဲ ချကျွေးကြည့်။ ထန်းလျက်ခဲကို ဟပ်မည်။ ထမင်းတစ်တုံးနှင့် အမဲသားတစ်တုံးကို ချကျွေးကြည့်။ အမဲတုံးကို ကိုက်ချီမည်။

စားလို့ရသော ပစ္စည်း၊ စားလို့ မရသောပစ္စည်း၊ စား၍ အရသာရှိသောပစ္စည်း၊ အရသာမရှိသောပစ္စည်း စသည်တို့ကို သတ္တဝါအတော်များများက ခွဲခြားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုမာန်ပိုသည် သတ္တဝါတွေထဲမှာ အဆင့် အမြင့်ဆုံး လူသတ္တဝါ တစ်ဦးပေပဲ။ အကောင်းကို ကြိုက်သည်။ ရေနွေးကြမ်းထက် လက်ဖက်ရည်ချိုချိုကို ကြိုက်သည်။ ထမင်းကြမ်းကြော်ထက် မုန့်ဟင်းခါးကို ပိုကြိုက်သည်။ ချဉ်ပေါင်ကြော်ထက် ငါးကြော်ကို ပိုကြိုက်သည်။ ကန်စွန်းရွက် ရေလုံပြုတ်ထက် ကြက်စွပ်ပြုတ်ကို ပိုကြိုက်သည်။

သို့သော် ကိုမာန်ပို မစား။

အာဟာရစွမ်းအင် ရရှိပုံချင်းတူလျှင် ဈေးသက်သာသောအစာကို စားသည်။ တချို့ လူများသည် ကိုမာန်ပိုစားသောက်နေလျှင် ဟင်းခွက်များလာကြည့်ပြီး ကဲ့ရဲ့စကားကို ဝမ်းသာအားရဆိုတတ်သည်။ ထိုသူများသည် ကန်စွန်းရွက်ကြော်ဖြင့် စားနေသော ကိုမာန်ပိုကို ကြက်သားတစ်ခွက်လာပေးဖူးသည်မဟုတ်။ ကန်စွန်းရွက်ကြော်ကို အပေါ်အငန်မြည်းသလို ဘာလိုလိုဖြင့် ပလုတ်ပလောင်း စားသွားကြသည်။ ထို့အပြင် တချို့က "အချိုမှုန့်လဲ မပါဘူးကွာ" ဟု ပြောသူကလည်း ရှိသေးသည်။

ကြက်သား၊ ဝက်သားတွေ ဈေးကြီးပေး မစားသောကြောင့် ကိုမာန်ပို ပိန်ချုံးနေပါသလား။ အာဟာရပြတ်ပြီးမတ်တတ်က လဲဖူးပါသလား။ ကြက်သား၊ ဝက်သား စားနေသူတွေ လက်ဖက်ရည်အချိုကို ခွက်ဆင့်သောက်နေသူများထက် သန်မာသည်။ ကျန်းမာသည်။ အန္တရာယ်ကင်း ဘေးရှင်းသည်။

အသက်ကို ဥာဏ်စောင့်ပါသည်။ အသိဥာဏ်နှင့်ယှဉ်သောရောင့်ရဲတင်းတိမ်ခြင်း ရှိဖို့လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အစားကို စိစစ်သည်မဟုတ်။ အကြည့်ကိုလည်း စိစစ်သည်။ ပွဲလမ်းသဘင်၊ ရုပ်ရှင်တို့ကို ကိုမာန်ပို အားကြီးကြိုက်သည်။ သို့သော် သူများတွေ ရုပ်ရှင်ငါးကားကြည့်လျှင် သူ တစ်ကားကြည့်သည်။ "မင်း မကြည့်တာ နာတာပဲကွာ၊ ဂျိမ်းစဘွန်းက ဘယ်လိုကွ"ဟု ရုပ်ရှင်ကြည့်ပြီး ကိုမာန်ပိုထံ လာ၍ ကလိတတ်ကြသည်။ ကိုမာန်ပိုက မထိတထိနှင့် ငါးခူ ပြုံးလေးပြုံးပြီး နားထောင်သည်။ သူတို့ ဂျိမ်းစဘွန်းကြီးကို မကြည့်လိုက်ရသောကြောင့် သူတို့နှင့်ကိုမာန်ပိုသည် အဆင့် တွေ ဘယ်လောက်ကွာခြားသွားသနည်း။ တာမျှမကွာ။ သူ တို့တွေ ဘယ်လောက်တိုးတက်မြင့်မားသွားသနည်း။ ဘာမျှ မမြင့်။ သူတို့ ဂျိမ်းစဘွန်းကြီးသည် သူတို့ အာရုံထဲတွင် နှစ်ဆယ့်လေးနာရီ ကြာအောင် မနေလိုက်ပေ။ ကြည့်ပြီး ပျောက်ပြီ။

စိတ်အစာကို စိတ်က တောင်းဆိုမှသာ ကိုမာန်ပို ကျွေးသည်။ ဖျော်ဖြေမှုကို မပျော်သောအခါတွင် ဖျော်ဖြေခိုင်းသည်။

အားတိုင်းယားတိုင်း ငွေကုန်ခံနေလို့ ဖြစ်ပါ့မလား။

× × × ×

အမာနှင့်အပျော့တို့ တိုက်မိလျှင် အပျော့က ခံရသည်။ အကြမ်းနှင့်အချောတို့ ပွတ်မိလျှင် အချောက ခံရသည်။ ဓားကို ဓားသွေးကျောက်ပေါ် တင်၍ ပွတ်တိုက်သော အခါ သူတို့ချည်းသာဆိုလျှင် ဓားခမျာမှာ ပြင်းထန်စွာ ခံချင်မှ ခံရမည်။ ရေကဝင်ရောက်ထောက်ကူသဖြင့် ဓားသွေး

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သည် မြန်မြန်ဆန်ဆန် အနိုင်ယူ ပွဲသိမ်းလိုက်ခြင်း ဖြစ်သည်။

ကိုမာန်ပိုတို့ စိန်လွန်တူးခြင်းမှာ စိန်စီထားသော လွန်သွားဖြင့် ကျောက်များကို ပွတ်တိုက်၍ စားသွားစေခြင်း ဖြစ်သည်။ ကြေးနီ၊ နီကယ်၊ ငွေ၊ တမ်စတင်ကာဘိုက်နှင့် သွပ်တို့ပါဝင်သည့် ပေါင်းစပ်သတ္တုပေါ်တွင် စိန်စီထားသော လွန်သွားသည် မာပါသည်။ အတွင်းနှင့်အပြင် မျက်နှာပြင်ကို စမ်းကြည့်လျှင် ကြမ်းတမ်းသော အတွေ့အထိကို ရပါသည်။

မာသည့်နေရာတွင် စိန်ကို ဘယ်ပစ္စည်းမျှ လိုက်မမီပါ။ စိန်ကို အမာဆုံးဘွဲ့ နှင်းအပ်ထားသည်။ "မိုး"ဟု အတိုကောက်အမည် ခေါ်၍ရသော နိုင်ငံရပ်ခြားမှပုဂ္ဂိုလ်ကြီးသည် ဘယ်ကျောက်ဘယ်လောက်မာသည်ကိုအများသိလွယ်အောင် နံပါတ် တစ် မှ တစ်ဆယ်အထိ သတ်မှတ်ပေးခဲ့သည်။ ကုံ့ကူဆန်ကို အပျော့ဆုံးနံပါတ် ၁ ပေးပြီး စိန်အမာဆုံးနံပါတ် ၁၀ ပေးထားသည်။

သို့သော်ထိုစိန်လွန်သွားကို ရေမပါဘဲ ကျောက်မာပေါ်မှာ တူးကြည့်။

မြန်မြန်ဖောက်ထွင်းနိုင်မည် မဟုတ်။ အမဲရှတ်ကို ဓားတုံးတုံးဖြင့် ကြိတ်လှီးသလို ရှိချေမည်။ ကျောက်နှင့်စိန်တို့ လည်ပတ် ပွတ်တိုက်သောအခါ အပူစွမ်းအင် ဖြစ်ပေါ်လာသည်။ ရေရောက်မလာလျှင် ထိုအပူဒဏ်ကို အမာဘွဲ့ဆောင်းသည့် စိန်သည်လည်း မခံနိုင်ပေ။ စိန်လုံးတွေပြောင်ချောခြင်း၊ ကျွတ်ထွက်ခြင်း ဖြစ်မည်မှာ သေချာသည်။ ကျောက်နမူနာ ခြောက်လက်မမျှပင် မရ... မြန်မာ ငွေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်မှ သုံးထောင်အထိ တန်ကြေးရှိသော စိန်လွန်သွား တစ်ခု ပျက်ရမည်။

သစ်သားကို လွန်ဖြင့် တိုက်ဖြတ်သောအခါ သစ်သားမှုန့် များ ထွက်သည့် နည်းတူ လှီးဖြတ်ခံရသော ကျောက်တို့မှ ကျောက်မှုန့်များထွက်သည်။ စိန်လွန်သွားထိပ်တွင် ကပ်နေ သော ထိုကျောက်မှုန့်တို့ကို ရေက တွန်းဖယ်ပေးသည်။ လွန် တွင်းထိပ်ဝရောက်ပြီး အပြင်လောကသို့ ထွက်သွားအောင် ရေက တွန်းတင်ပေးရသည်။

လွန်တူးနေစဉ် ရေလုံလောက်စွာမရရှိလျှင် ကျောက်မှုန့် များ၊ မြေစာများကို ရေကတွန်းထုတ်နိုင်ရန် ခွန်အားရှိမည် မဟုတ်။ ထိုအခါ လွန်ကျင်းထဲတွင် မြေများကျပ်ညပ်လာ မည်။ လည်ပတ်နေသော လွန်တူးပစ္စည်းများကို မလှုပ်နိုင် အောင် ဖမ်းထားမည်။ မြေပေါ်က လွန်တူးစက်ကြီးသည် တအားလှည့်၊ မြေအောက်မြေစာများသည် မလည်နိုင်အောင် ညှပ်ထားဆိုလျှင် အလယ်က လွန်တူးပိုက်များမှာ သေဖွယ်ရာ ရှိတော့သည်။

ကိုမာန်ပိုလမ်းလျှောက်သောအခါ ချိုင်းကြားထဲမှ ချိုင်း မွေး သို့မဟုတ် ချိုင်းချေးရှိနေလျှင် လက်လွဲရသည်မှာ အလွန် အဆင်ပြေသည့် နည်းတူ၊ လွန်တူးနေစဉ် လွန်တူးပိုက်နှင့် လွန်တွင်းနံရံကြားတွင် ရေရှိနေလျှင် လည်ပတ်ရာ၌ အဆင် ချောသည်။ ရေကကြားခံနေရသောကြောင့် လွန်တူးပိုက်နှင့် လွန်တွင်းကြား၌ ကွက်လပ် နည်းသွားသည်။ ထို့ကြောင့် စက်အားဖြင့် မှတ်မှတ်လည်နေသော လွန်တူးပိုက်တို့ တုန်ခါ မှု နည်းသွားသည်။ တုန်ခါလျှင် လွန်အူစာအရ နည်းတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စိန်လွန်သွားလည်း ပျက်စီးရသည်။ မြန်မြန် သည်း တူးနိုင်မည်မဟုတ်ပေ။

စိန်လွန်တူးရာတွင် ရေသည် အလွန်အရေးပါသည်။

ရေမရှိလျှင် ထိုင်နေပေရော့။

ကိုမာန်ပိုတို့ နေ့အဆိုင်းသည် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ တာဝန်ထမ်းဆောင်ရသည်။ မနက်ကတည်းက လွန်တူးစက်ကြီးနှင့် ရေစုပ်စက်ထဲတွင် ဒီဇယ်ဆီထည့်ပြီးပြီ။ အင်ဂျင်ဝိုင်ဖြည့်ပြီးပြီ။ လိုအပ်သောလွန်တူးပိုက်နှင့် ကေစင်များထမ်းထားပြီးပြီ။ လွန်တူးရန် အားလုံးအဆင်သင့် ဖြစ်နေသည်။

ရေမလာသောကြောင့် မတူးနိုင်သေး။

ရေမလာ၍ ထိုင်နေရမည့်အတူတူ ထမင်းစားကြသည်။ သူဟင်းကိုယ့်ဟင်းတွေ စုပေါင်းစားသောအခါ ချိုချဉ်စပ် အရသာပေါင်းစုံမို့ မြိန်သည်။ ထမင်းစားပြီးသည်အထိ ရေကမလာ။ ပွတ်ချွန်းကိုယ်စီဖြင့် မှိန်းကြပြန်သည်။ တစ်ပါးသူတွေ ဘာတွေးသည်ကို ကိုမာန်ပိုမသိ။ ကိုမာန်ပို၏အတွေးတွင် ခွင့်တင်ထားသည့် ကိစ္စက မင်းမူနေသည်။ ခွင့်ကျလာလျှင် အိမ်ပြန်မည်။ အိမ်မရောက်သည်မှာ တစ်နှစ်နီးပါး ရှိပြီ။

"မိန်းပန့်ကြီး ပြင်ပြီးတော့မယ်ပော့" ဟု တစ်စုံတစ်ယောက်၏ အော်သံကြောင့် ကိုမာန်ပို၏ အတွေးများ ပျက်ရသည်။ ( Main Pump ) ရေစုပ်စက်ကြီး သည် ချောင်းထဲမှ ရေများကို စုပ်ယူပြီး လွန်တူးစက်များ ရှိသော တောင်ပေါ်သို့ တွန်းပို့သည်။ လွန်စက်အသီးသီး၌ ရေတိုင်ကီ ကိုယ်စီဖြင့် ခံယူထားသည်။ လိုအပ်သလောက် ရေပမာဏ

www.burmeseclassic.com

www.burmeseclassic.com



ကို လှန်တူးစက်အနီးတွင် ထိုင်ထားသော ( Feed Pump ) ရေစုပ်စက်က တိုင်ကီထဲမှစုပ်၍ လှန်တွင်းသို့ ပို့ပေးသည်။

ကိုမာန်ပို၏ အကြည့်သည် ရေတိုင်ကီသို့ အမှတ်မထင် ရောက်သွားသည်။

ရေတိုင်ကီထဲတွင် မိကျောင်းပေါ်နေပြီ။

× × × ×

"တစ်မနက်လုံး စောင့်နေတာ အခုမှ ရောက်လာတော့ တယ်"

ကိုမာန်ပို၏ညီမ မဖြိုးနုသည် ခြံထဲမှ ဒရောသောပါး ပြေးထွက်လာရင်း ပဋိသန္ဓာရ စကားဆို၏။

"ပလိဒိစိချောက်ချက် လာပြောမနေနဲ့။ ကြိုချင်ယင် ကား ဂိတ်မှာ လာစောင့်နေပါ့လား။ အစ်ကို ပြန်လာမယ့်ရက်ကို အသေအချာ စာပေးထားတာပဲ"

"လာ ကြို ချင် တာ ပေါ့ အစ် ကို ရယ်။ အိမ်မှာ မဖြိုး တစ်ယောက်တည်းရှိတာ။ အစ်ကိုသိရဲ့သားနဲ့။ အမေတို့ကို သည်အတိုင်းထားခဲ့လို့ မဖြစ်ဘူးလေ"

"အလကား နောက်တာပါ ညီမလေးရယ်။ ညီမလေး မအားဘူးဆိုတာ အစ်ကိုသိပါတယ်။ ဒါနဲ့ ဟိုလက ပို့လိုက်တဲ့ ငွေလေးရော ရသလား"

"ရပါတယ်အစ်ကို။ ဒါပေမယ့် ရက်နှစ်ဆယ်တောင်ကြာ တယ်"

မောင်နှမ နှစ်ယောက်သည် အထုပ်အပိုးများ ဆွဲလျှက် စကားတပြောပြောနှင့် အိမ်ပေါ် တက်လာကြသည်။

"အဖေနဲ့အမေ အခန်းထဲမှာရှိတယ် အစ်ကို"

ကိုမာန်ပိုသည် ခေါင်းညိတ်ပြပြီး အခန်းထဲဝင်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးမှာ အသက် ၇၀ ရှိပြီမို့ အိပ်ရာထဲတွင် အနေများသည်။ ဖခင်ဦးလေးသည် ခုတင်ပေါ်တွင် ပက်လက်သုံ့ရင်း မှိန်းနေသည်။ မိခင်ဒေါ်ဒွန်းသည် ပုတီးစိပ်နေသည်။

"အဖေ၊ အမေ။ ကျွန်တော်ပြန်လာပြီ"

"ဟေ့....သား၊ မောင်ပို၊ ငါတို့မှာ မနက်ကတည်းက အိမ်ရှေ့ထွက်ပြီး ထိုင်စောင့်နေတာ။ ခုနတုန်းကမှ အခန်းထဲ ဝင်တယ်။ နောက်ကျလိုက်တာကွယ်"

"ဟုတ်တယ်အဖေ။ ကားက စက်မကောင်းလို့ နောက်ကျသွားတယ်"

"ဘာ.... ကားနဲ့ လာတယ်။ မင်းကို ကားမစီးပါနဲ့လို့ ပြောထားတယ်မဟုတ်လား။ ကားက ကောင်းကျိုးမပေးဘူး ဆိုတာ သိရဲ့လား"

ပျော့ပျော့ပျောင်းပျောင်း ဦးလေးသည် ချက်ချင်းပင် ခက်ထရော် ကြမ်းတမ်းလာသည်။ ဒေါသတကြီး အော်ဟစ်သည်။ ကိုမာန်ပိုသည် အမှတ်တမဲ့ ပြောလိုက်မိသော စကား အတွက် စိတ်မကောင်းဖြစ်ရသည်။

"မဟုတ်ဘူး အဖေ။ အစ်ကိုက ရထားနဲ့ လာတာပါ။ ဟောသည်မှာကြည့် အဖေ။ ရထားလက်မှတ်"

အခြေအနေကို မဖြိုးနုက ဝင်ထိန်းသည်။ ဘယ်က ကောက်လာမှန်း မသိသော စက္ကူလက်မှတ် အဟောင်းကို ပြသည်။ သည်တော့မှ ဦးလေးကျေနပ်သွားသည်။

"ခဏကြာယင် အဖေနဲ့အမေကို ထမင်းကျွေးမယ်နော်။ သည်နေ့ဟင်းကောင်းတယ်။ ဖေဖေကြိုက်တဲ့ ငါးရှဉ့်ကြော်ပါတယ်။ မေမေစားချင်တယ်ပြောလို့ သရက်ကင်းတွေ ဝယ်ထားတယ်။ စားမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မဖြိုးနုက ချော့ချော့မော့မော့ပြောသဖြင့် ဦးလေးသည် စိတ်ပြေသွားပြီး "အေး....စားမယ်"ဟု ကလေးဆိုးကြီးတစ်ယောက်နှယ် ပြန်ပြောသည်။

"အစ်ကို.... ရေချိုးမယ်မဟုတ်လား။ သွားရအောင်"

မောင်နှမ နှစ်ယောက်သည် အခန်းထဲက ပြန်ထွက်လာသည်။

ငယ်စဉ်က သူတို့တွင် မောင်နှမ ငါးယောက် ရှိခဲ့သည်။ အကြီးသုံးယောက်သည် အရွယ်ရောက်မှ ပျက်စီးသည်။ သားထွေး သမီးထွေးဖြစ်သော ကိုမာန်ပိုနှင့် မဖြိုးနုတို့သာ အဖတ်တင်ကျန်ရစ်သည်။

ကိုမာန်ပိုနှင့် မဖြိုးနုတို့ အိမ်ထောင်ပြုရမည့် အရွယ်တွင် ဦးလေးနှင့် ဒေါ်ဒွန်းသည် လူလည်းအိုပြီ။ စီးပွားလည်း ပြိုပြီ။

မောင်နှမနှစ်ဦးသည် ချစ်ကံခေကြသည်။ လက်ထပ်ရန် ရည်စူးထားသော ချစ်သူများ၏ စွန့်ပယ်ခြင်းကို ခံရသည်။ အချစ်ရေးတွင် စီးပွားရေး မျက်စိသုံး၍ ဓနမြင့်သော တစ်ဘက်လူ၏ရင်ခွင်သို့ ပြောင်းဝင်ခိုလှုံကြသဖြင့် မောင်နှမ နှစ်ဦးသည် မျက်နှာငယ်လေးတွေနှင့် ကျန်ရစ်ခဲ့ရှာသည်။

ကုန်တင်ကားကြီး လေးစီးပိုင်ဆိုင်ခဲ့သော ဦးလေးသည် မျက်လှည့်ပြသလို တစ်စီးပြီးတစ်စီး လက်လွှတ်ဆုံးရှုံးရခြင်းကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့သည်။ အမြဲလို ကျွေးခဲ့ပေးခဲ့သော ဒေါ်ဒွန်းသည် မိမိတို့၏အလှည့်တွင် တုံ့ပြန်မှုမရသော အခါ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ လဲပြန်သည်။

ထို့ကြောင့် မောင်နှမနှစ်ဦးသည် အိမ်ထောင်ဘက် မရှာတော့ဘဲ မိဘအိုဇအိုနှစ်ပါးကို သက်ဆုံးတိုင် ပြုစုသုပ်ကျွေးရန်

www.burmeseclassic.com

www.burmeseclassic.com



သန္နိဋ္ဌာန်ချကြသည်။ ကိုမာန်ပိုသည် ကျွမ်းကျင်စွာ ကား မောင်းတတ်သော်လည်း ဖခင်ကြီးက ကန့်ကွက်သဖြင့် ကား မောင်း၍ အသက်မွေး ဝမ်းကျောင်းခြင်း မပြု။ အစိုး အလုပ်အကိုင် ရှာဖွေသည်။ လွန်တူးအဖွဲ့တွင် အလုပ်ရသည်။

လောက ကြီးပွားချမ်းသာကြောင်း ညွှန်ပြသော ၃ ဖြာ မဂ်လာသုတ္တန်တွင် အမိအဖတို့ကို လုပ်ကျွေးရမည်ဟု ပါသည်။ ၂၂ ပါးသော ပရာဘဝသုတ္တန်တွင် အမိအဖတို့ကို လုပ်ကိုင် မကျွေးမွေးခြင်းသည် လောကပျက်စီးခြင်း၏ အကြောင်းတစ်ချက်ဖြစ်၏ဟု ညွှန်ပြသည်။

မိမိပြုမူ ကြိုးစားမှုများသည် လောကကြီးပွားချမ်းသာ ကြောင်းကို ရှေးရှုနေသဖြင့် ကိုမာန်ပိုကျေနပ်သည်။ အတတ် နိုင်ဆုံး ချွေတာငွေစုခြင်း၊ ရသမျှကို အိမ်ပို့ခြင်းဖြင့် မိဘ ကျေးဇူးဆပ်သည်။ တောထဲတွင် ဘယ်လောက်ဆင်းရဲဆင်းရဲ ကြည်နူးသာယာသည်။

ကိုမာန်ပိုသည် ကပ်စေးနဲ့ဟု အခေါ် မခံချင်ပါ။

ကိုမာန်ပိုသည် အကောင်းကို ကြိုက်ပါသည်။

ကိုမာန်ပိုသည် မိမိရသမျှ ချွေးနဲ့စာကို အပြည့်အဝသုံး ချင်သည်။

ကိုမာန်ပိုသည် ကျွေးမွေးပေးကမ်းခြင်းဖြင့် လူသူများ ဝိုင်းဝိုင်းလည်နေခြင်းကို နှစ်သက်သည်။

သို့သော် ကိုမာန်ပိုသည်....

× × × ×

"အစ်ကိုပြန်လာတာ မဖြိုးတော့ သိပ်ပြီးအားရှိသွားတာ ပဲ။ အဖေနဲ့အမေက သူငယ်ပြန်နေပြီလေ။ သတိတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ခမ့ကြတာလွန်ရောအစ်ကိုရေ။ ဒါကြောင့် အဖေနဲ့အမေကို မျက်ခြည်မပြတ် ဂရုစိုက်နေရတယ်။ မဖြိုးမှာ ကိုယ်ခွဲမရှိတော့ အပြင်ထွက်ပြီး ဈေးဝယ်ဖို့တောင် ခပ်ခက်ခက်ရယ်။ အပြင် သွားချင်ယင် အိမ်နားက ကလေးတွေကို မုန့်ဖိုးပေးပြီး စောင့်ခိုင်းရတယ်။ သုတ်သုတ်သွား၊ သုတ်သုတ်ပြန်ပေါ့ အစ်ကိုရယ်"

မဖြိုးနုပြောသည့်အတိုင်း ဟုတ်မှန်သည်။ မိဘနှစ်ပါး၏ အပြုအမူအပြောအဆိုတွေမှာ ကလေးငယ်များနှင့် တူသည်။

မိဘများကိုကြည့်ပြီး ကိုမာန်ပိုသည် ဘဝဆုံးလုနီးလျှင် အစသို့ပြန်သွားတတ်ပါသလား၊ ဘဝသည် စက်ဝန်းလိုလား၊ မျဉ်းဖြောင့် တစ်ကြောင်းလို မဟုတ်ဘူးလား စသည်ဖြင့် ရောက်တတ်ရာရာ တွေးမိသည်။

ကလေးငယ်တွေလိုဖြစ်နေသော မိဘနှစ်ပါးကို ပြုစုနေရ သဖြင့် မဖြိုးနုသည် တစ်နေ့လုံးလိုလို အားလပ်သည်ဟူ၍ မရှိပေ။ ထမင်းကျွေးလျှင် မဖြိုးနုကိုယ်တိုင် ထိုင်စောင့်ပြီး နယ်ပေးရသည်။ အရိုးထွင်ပေးရသည်။ အသားတွေမွှာပေး ရသည်။ ခွံကျွေးတန်ကျွေးရသည်။ ထမင်းစားပြီးလျှင်လည်း စားပြီးကြောင်း မမှတ်မိပေ။ ခဏခဏ ထပ်တောင်းတတ် သည်။ သူတို့တောင်းတိုင်း ပြင်ပေးလျှင် စားပြီးသားမို့ တို့သည်ဆိုရှိသာ တို့သည်။ ထို့ကြောင့် တောင်းတိုင်းမကျွေး ဘဲ စားပြီးပြီဖြစ်ကြောင်း မဖြိုးနုက ရှင်းပြရသည်။

"သမီးက ထမင်းမကျွေးဘူး၊ ဟင်းကောင်းလဲ ချက် မကျွေးဘူး"ဟု ကိုမာန်ပိုထံလာပြီး တိုင်တမ်းတတ်သည်။

ရေချိုးလျှင်လည်း ထိုနည်းတူ အစအဆုံး လုပ်ပေးရ သည်။ ရေညှိတွေကို တက်နင်းလျှင် ချော်လဲတတ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မသိတော့။ ရေညှိတွေနင်းတတ်သည်။ ကြေးဖလားကြီးကို လွှတ်ချတတ်သည်။ မဖြိုးနုက လိုက်ထိန်းရသည်။

အိမ်သာသွားလျှင် ထိခိုက်ကျိုးပဲ့မှာစိုးရိမ်ရသောကြောင့် ခုတင်အောက်တွင် ချေးအိုး၊ သေးအိုးများ ထားပေးသည်။ တစ်ခါတစ်ရံတွင် ဦးလေးသည် သတိမေ့ပြီး ပါချင်သည့် နေရာတွင် ပါတတ်သည်။ မဖြိုးနုသည် မရွံမရှာ သုတ်သင် ပေးရပြန်သည်။

ထို့ကြောင့် မဖြိုးနုသည် သာရေးနာရေးကိစ္စများ မသွား နိုင်၊ ရုပ်ရှင်ပွဲလမ်းမသွားနိုင်၊ အချိန်ရှိသရွေ့ အိမ်ထဲတွင်သာ လှုပ်ရှားနေရသည်။ ကိုမာန်ပို ပြန်ရောက်လာသည့်အတွက် မဖြိုးနုသည် အနည်းငယ် အသက်ရှူချောင်လာသည်။

မကြည့်ရသည်မှာ လများစွာကြာပြီဖြစ်သော ရုပ်ရှင်ကို ကြည့်ချင်သည်။ ဝိဝိဝင်းရွှေ ပါသော "ရှစ်စပ်က ဂျင်ဂျင် လည်" ဇာတ်ကား ပြနေသည်မို့ ပိုပြီးကြည့်ချင်သည်။

အိမ်နားကအမျိုးသမီးများ သွားကြမည်ဆိုသောအခါ မဖြိုးနုအဖို့ အဆင်ပြေသွားသည်။ ကိုမာန်ပိုထံ ခွင့်တောင်း သည်။

"ရုပ်ရှင် ကြည့်ချင်တယ် အစ်ကို။ ဒေါ်ဒေါ်နဲ့တို့နဲ့ သွား ကြည့်မယ်နော်"

"သွားပါ....။ ညီမလေးမှာ အိမ်အလုပ်နဲ့ အမြဲရှုပ်နေ တော့ တစ်ခါတလေ ရုပ်ရှင်လေးဘာလေး ကြည့်သင့်တာ ပေါ့။ လက်မှတ်ရအောင် စောစောသွားကြနော်။ ဘာတွေ လုပ်ရမယ်ဆိုတာ မှာထားခဲ့။ အစ်ကိုလည်း ထမင်းထွက်ပြီး လက်ဖက်ရည်သောက်လိုက်၊ အိမ်မှာကျီးခြောက်လိုက်နဲ့ ကြာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ပျင်းလာပြီ။ အိမ်ရောက်တာ တစ်ပတ်ပဲရှိသေးပေမယ့် တစ်လလောက်ထင်ရတယ်ကွာ”

မဖြိုးနုသည် ထမင်းဟင်းများချက်ပြုတ်ပြီး ခူးခပ်ထားခဲ့သည်။ မိဘများကို ကျွေးမွေးရန် မှာကြားခဲ့သည်။

မဖြိုးနုနှင့် ဝါဝါဝင်းရွှေတို့ တွေ့နေချိန်တွင် ကိုမာန်ပိုနှင့် သူ့မိဘများ တွေ့ကြ၏။

× × × ×

ကိုမာန်ပိုတစ်ယောက်မှာ မိဘနှစ်ပါးကြား ဗျာများနေသည်။ ဦးကိုနင်းလျှင် ပဲ့ထောင်၊ ပဲ့ကိုနင်းလျှင် ဦးထောင် သလို အဖေကို ထမင်းခွံ့ပေးနေလျှင် အမေက တစ်ဘက်တွင် ထင်ရာလုပ်သည်။

ဦးလေး ပန်းကန်ထဲ ထမင်းဟင်းများထည့်ပြီး နယ်ပေးနေစဉ် ဦးလေးက လက်ဆေးရည်များခပ်ပြီး လောင်းထည့်သည်။

“အိုဗျာ.... အဖေက လက်ကိုငြိမ်ငြိမ်ထားစမ်းပါ”

ကိုမာန်ပိုသည် ဦးလေး၏ ဇွန်းကိုင်ထားသော လက်ကို ဆွဲဖိထားသည်။ ထိုစဉ် ဒေါ်ဒွန်းသည် ဟင်းချိုပူပူကို မမှုတ်ဘဲ သောက်ရန်ပြင်နေသောကြောင့် ကမန်းကတန်း တားလိုက်ရသည်။ အဖေကို အလစ်ပေး၍မရသလို အမေ့ကို ပစ်ထား၍မရ။ ကိုမာန်ပိုသည် ဟိုထိန်းရ သည်ထိန်းရဖြင့် မောလာသည်။ စိတ်မရှည်ချင်တော့ပေ။

“အဖေကလဲဗျာ”၊ “အမေနဲ့တော့ခက်ပါတယ်”စသည်ဖြင့် အအော်အငေါက်တွေ ပါလာသည်။ ထမင်းကျွေးပြီးသော် လက်သုတ်ပေးနေစဉ် ဦးလေးသည် ထိုင်ရာမှမထ နောက်ဖေး

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါချသည်။ ကိုမာန်ပိုသည် ဒေါ်သကို မထိန်းနိုင်သော ကြောင့် –

"အဖေနှယ် နောက်ဖေးသွားချင်တာ ပြောပါလား။ ထစမ်းဗျာ ထထ"ဟု အော်၍ လက်မောင်းကို ဆောင့်ဆွဲလိုက်သည်။ ဦးလေးသည် သူ့အပြစ်နှင့်သူမို့ ဘာမျှပြန်မပြော။ ရေကပြင်သို့ ကုတကုတဖြင့် ထွက်သွားသည်။

ကိုမာန်ပို စိတ်ဆိုးမှန်းသိသဖြင့် ဒေါ်ဒွန်းသည် "သွားမလုပ်နဲ့၊ အမေလုပ်လိုက်မယ်"ဟုပြောကာ မစင်များကို လက်ဖြင့် ကျုံးပစ်သည်။ ကိုမာန်ပို ဆွဲသော်လည်း မမီလိုက်။ ဒေါ်ဒွန်းလက်တွေပေကုန်ပြီ။ ကိုမာန်ပို ငိုချင်စိတ်ပေါက်လာသည်။

"ခက်တယ်ဗျာ။ သွား သွား။ ခင်ဗျားလဲ ရေကပြင်လိုက်သွား"

ဒေါ်ဒွန်းသည် မျက်နှာငယ်လေးဖြင့် ဦးလေးနောက်သို့ လိုက်သွားသည်။

ရေဆေးပေးရင်းလည်း အော်ဟစ်နေရသည်။ သူတို့ အခန်းထဲဝင်သွားမှ ကိုမာန်ပိုသည် အအော်အငေါက်ရပ်ရ၏။ ထမင်းစားချင်သောက်ချင်စိတ်တွေ မရှိတော့ပြီ။ ပက်လက်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဆေးလိပ်တစ်တိုဖွာနေစဉ် ဦးလေးသည် အခန်းထဲမှ ထွက်လာသည်။

"မောင်ပို အဖေရေချိုးချင်တယ်။ ခုန ရေဆေးတာ မပြောင်ဘူးထင်တယ်"

ဦးလေးသည် အိုမင်းမစွမ်းမဖြစ်မီက အလန်းအသန့်ကြိုက်သည်။ ထိုစိတ်သည် တစ်ခါတစ်ရံ ပြန်ပေါ်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဆေးကြောစဉ်က ကုန်ပြီမို့ ရေစည်ထဲတွင် ရေမရှိတော့ပြီ။

"စင်ပါတယ်ဗျ။ ဘာမှမနံပါဘူး။ အဖေက အသန့်ကြိုက်သွန်းတာကိုး၊ သွားပြီးအိပ်နေစမ်းပါဗျာ။ ရေမရှိဘူး။ ရေဆည့်ပြီးယင် ခေါ်လိုက်မယ် သွား....သွား"

စိတ်မရှည်စွာ အော်လိုက်သောကြောင့် ဦးလေးသည် သန့်ဖျပ်ပြီး အခန်းထဲ ပြန်ဝင်သွားသည်။ ကိုမာန်ပိုသည် ကုလားထိုင်ပေါ်မှထ၍ အိမ်ရှေ့သို့ထွက်သည်။ ရေစည်လှည်းဆွဲသော မောင်ပုကို လှမ်းခေါ်သည်။

"ဟေ့....မောင်ပုရေ။ လာစမ်းပါဦးကွ။ အစ်ကိုတို့အိမ်ကို ရေစည်တစ်လှည်း ပေးပါဦး"

"အခုတော့ ရဖို့မလွယ်ဘူးအစ်ကို။ ကျွန်တော်တို့ရပ်ကွက်ထဲက ရေတွင်းမှာ ရေမလာဘူးဗျ။ ဟိုဘက်ရပ်ကွက်ကို သွားဆွဲရမှာ။ ဒါပေမယ့် အဲသည်ရပ်ကွက်မှာ ခွေးရူးရှိလို့ ဘယ်သူမှ ရေခပ်မသွားရဲဘူး။ ခွေးရူးလိုက်ကိုက်လို့ လူနှစ်ယောက်တောင် ဆေးရုံပို့လိုက်ရပြီဗျ။ ခုထိ ခွေးရူးကို မမိသေးဘူး။ အိမ်ကြိုအိမ်ကြားတွေထဲ ဝင်ပြေးနေတုန်းပဲ။ ကျွန်တော်တို့တော့ မသွားရဲဘူး"

"လုပ်ပါဦးငါ့ညီရာ။ သည်မှာ ရေတစ်စက်မှ မရှိလို့ပါ။ ငါးကျပ်ယူကွာ ဟုတ်လား"

"တစ်ဆယ်ပေးလဲ မသွားပါရစေနဲ့ အစ်ကိုရယ်....။ အစ်ကိုနဲ့ ကျွန်တော်တို့ဟာ သည်လောက်အထိ ပြောနေရမယ့်သူတွေ မဟုတ်ပါဘူး။ ဖြစ်နိုင်ယင် လုပ်ပေးပါတယ်။ ခွေးရူးကိုက်တဲ့လူကို ချက်မှာ ဆေးတွေအများကြီး ထိုးရတယ်ဗျ။ အစ်ကိုသွားရဲယင် ကျွန်တော့်ရေစည်လှည်းကို တွန်းသွားပါ"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုတော့ ကိုမာန်ပိုလည်း မသွားရဲ။ အိမ်ထဲပြန် ဝင်ပြီး ထိုင်နေလိုက်သည်။

ပက်လက်ကုလားထိုင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွား သည်။ ပခုံးကို ကိုင်လှုပ်ခံရမှ လန့်နိုးလာသည်။ သူ့ရှေ့တွင် ဦးလေးနှင့် ဒေါ်ဒွန်းတို့ ရောက်နေကြပြီ။ "အိုက်တယ် ရေ ချိုးချင်တယ်"ဟု အရေးဆိုလာသည်။

အဖေအမေဟု သဘောမထားနိုင်တော့ဘဲ ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ရေမရှိပါဘူးဆိုမှ အဖေတို့က ရေချိုးချင်ပြန်ပြီ။ ခက် တယ်ဗျာ။ ရှိယင်ချိုးပေးမှာပေါ့။ နည်းနည်းမှ အလိုက် မသိဘူး"

ကိုမာန်ပို ငေါက်လိုက်သောကြောင့် ဦးလေးနှင့်ဒေါ်ဒွန်း သည် သူတို့အခန်းထဲသို့ အလုအယက် ပြေးဝင်သွားသည်။ ရင့်မှည့်နေပြီဖြစ်သော စပါးပင်တို့သည် တံစဉ်ကိုကြောက်ရ လေပြီ။

မဖြိုးနုသည် ရုပ်ရှင်မှ ပြန်ရောက်လာသည်။ ဝါဝါဝင်းရွှေ နှင့် တွေ့ခဲ့ရသဖြင့် မျှူးရှင်နေသည်။

ကိုမာန်ပိုမှာမူ မျက်နှာကြီးပုပ်သိုးလျက်....

× × × ×

အမိအဘတို့သည် ကိုမာန်ပိုက ဆူကြောင်း၊ ငေါက် ကြောင်း၊ ရေချိုးမပေးကြောင်းများကို မဖြိုးနုထံ တိုင်တန်း ကြသည်။ တစ်ယောက်တစ်လှည့် ပြောနေသည်မှာ တကယ့် ကလေးတွေ အတိုင်းပင်။

မဖြိုးနုသည် အဝတ်အစားများ လဲလှယ်ပြီးသော် ရေ ထမ်းပုံးကို သယ်ဆောင်၍ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြိုး....ရေထမ်းသွားမလို့လား။ မသွားနဲ့လေ။ ဟိုဘက်ရပ်ကွက်မှာ ခွေးရူးရှိတယ်တဲ့"

"မဖြိုးသိပါတယ် အစ်ကိုရယ်။ အဖေတို့က ချိုးချင်တယ်ဆိုတော့ ခပ်ပေးရမှာပေါ့။ ခွေးရူးလိုက်လာယင် ဟောသည်ထမ်းပိုးနဲ့ ဟောသည်လို ရိုက်ချလိုက်မယ်"

မဖြိုးနုသည် ဟန်တွေ မာန်တွေလုပ်ပြပြီး ထွက်သွားသည်။

ကိုမာန်ပိုသည် ဟန်တွေမာန်တွေ လျော့ကျပြီး ကျန်ခဲ့သည်။

အမိအဖကို ငွေကြေးပံ့ပိုးရုံဖြင့် ကျေးဇူးဆပ်သည် မည်ပါ၏လော။

သည်းခံနိုင်စွမ်း၊ ခွင့်လွှတ်နိုင်စွမ်း မရှိသော ကြောင့် ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ ရပြီလော။

မိမိ၏ ငွေတစ်ပုံသည် မဖြိုးနု၏ ရေတစ်ထမ်းလောက်ပင် မိဘကျေးဇူးဆပ်ရာတွင် မစွမ်းတော့ပြီလော။

ကိုမာန်ပိုသည် အတွေးနယ်ထဲတွင် ချာချာလည်နေသည်။

× × × ×

မိတ်ဆွေ သိပါသည်။

ငွေသည် ရန်သူမျိုးငါးပါးထဲတွင် မပါပါ။

သို့သော် ငွေသည် ခေါင်းပေါ်တင်ပြီး ကိုးကွယ်ထားချင်စရာ ကောင်းလောက်အောင် အကျိုးပြုသည်မဟုတ်။

အလွန်မာပါသည်ဆိုသော စိန်လွန်သွားသည်ပင် ရေ၏ အကူအညီမပါလျှင် ကျောက်လွှာကို မဖောက်နိုင်ပေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၉။ စိန်လွှန်တူးသမားနှင့် စိန်နှလုံးသား ပိုင်ရှင်

ခြေဦးတည့်ရာအရပ်သို့ ရည်ရွယ်ချက်မဲ့ လျှောက်လှမ်းနေသည်။ ကျောက်တုံးကျောက်ခဲများကို ခြေမျက်စိကကြည့်၍ ရှောင်ရှားသွားသလား ထင်မှတ်ရသည်။ ကန့်လန့်ဖြတ်လဲကျနေသော သစ်ဝါးတို့ကို အလိုအလျောက် ကျော်လွှားသွားသည်။ ဝါးရုံပင်တွေကြားမှ ဖြတ်သန်းလာကြောင်း သိသည်။ ဆင်ခြေလျှောအတိုင်း ဆင်းလာကြောင်းသိသည်။ ကိုသက်ခိုင်၏သဘောဆန္ဒ လုံးဝမပါ။ ကိုသက်ခိုင်၏ဦးနှောက်ကို အသုံးချထားခြင်းမရှိ။ လေ၏သယ်ယူခြင်းခံရသော တိမ်လို ခြေ၏သယ်ယူမှုကြောင့် ရွေ့ရှားနေခြင်းဖြစ်သည်။

သက်မဲ့ပစ္စည်းတစ်ခုလို ရွေ့နေခြင်းကြောင့် ကျေးငှက်တိရစ္ဆာန်များသည်ပင် ကိုသက်ခိုင်ကို ကြောက်လန့်ရမှန်းမသိကြပေ။ တောကြက်နှစ်ကောင်သည် အခွပ်မပျက် ခွပ်မြဲခွပ်နေ၏။ မြေဝပ်ငှက်သည် ဝပ်မြဲဝပ်နေ၏။ ရှဉ့်တို့သည် အမြီးတထောင်ထောင် ပြေးမြဲပြေးနေ၏။ ချိုးငှက်တို့သည် ဝါးရုံပင်ထိပ်ဖျားမှ တကူကူ ကူမြဲကူနေ၏။

ဆင်ခြေလျှောဆုံးသော် မြေပြန့်သို့ရောက်သည်။ ဝါးရုံပင်တို့ ကျဲပါးသွားသည်။ နင်းလိုက်တိုင်း တကျိကျိမြည်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အမှတ်တမဲ့ ငုံ့ကြည့်လိုက်သောအခါ ကျောက်စရစ်ခဲများကို မြင်တွေ့ရသည်။ ဆယ်လှမ်းမျှ လျှောက်လှမ်းလိုက်သော် တသွင်သွင်စီးနေသော ချောင်းတစ်ခု၏ ကာဆီးခြင်းကို ခံရသည်။

တစ်လှည့်စီ တာဝန်ယူလှုပ်ရှားလာခဲ့သော ဘယ်ခြေနှင့် ညာခြေတို့ကို အနားပေးလိုက်သည်။ ချောင်းနံဘေးတွင် ဖင်ချထိုင်သည်။

ကြည်လင်သောရေအောက်မှ ကျောက်တုံးကျောက်ခဲများကို မြင်တွေ့ရသည်။ ကျောက်ကြိုကျောက်ကြားတွင် စိန်ပြေးတမ်းကစားနေသော ငါးငယ်တွေကို ကြည့်နေသည်။ ငါးငယ်တွေလို အပူအပင်ကင်းမဲ့စွာ ကူးခတ်ချင်သည်။ သောကမဲ့ဘဝကို ရယူပိုင်ဆိုင်ချင်သည်။

"ငါ့မှာ လူ့အဖြစ်ကိုရပေမယ့် သည်ငါးတွေလောက်တောင် အသက်ရှင်နေထိုင်ရကျိုးမနပ်ပါလား" ဟု တစ်ကိုယ်တည်းရေရွတ်သည်။

လူအားစိတ်အား ဖြစ်သည်နှင့်တစ်ပြိုင်နက် အတိတ်က အရုပ်ဆိုးအကျည်းတန်လှသော အဖြစ်အပျက်များက တိုးဝင်လာသည်။ စိတ်သောကရောက်တိုင်း အရက်သောက်မိသည်။ အရက်မူးစဉ်တစ်ခဏ၌ ပြေပျောက်သလိုရှိသည်။ အမူးပြေသော် သောကတို့သည် ခြေပေါက်၍ရောက်လာမြဲပင်။

ကိုသက်ခိုင်၏ ဝမ်းဗိုက်ထဲတွင် အစာလုံးဝမရှိ။ အရက်တွေသာရှိသည်။ မနေ့ညနေက အရက်မူးပြီး ထမင်းမစားဘဲ အိပ်ပျော်သွားသည်။ ယနေ့မနက်ထသော် ကိုသက်ခိုင်၏ ခေါင်းတစ်ခေါင်းလုံး ထုံထိုင်းနေသည်။ ထို့ကြောင့် တစ်ခွက်တစ်ဖလား ထပ်မံမော့ခဲ့သည်။ ငူငူငိုင်ငိုင် အမူအရာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြေပျောက်သွားသည်။ ရှင်လန်းပေါ့ပါးလာသည်။ အရက်ဖြင့် မျက်နှာသစ်ပြီးမှ ရေဖြင့် မျက်နှာသစ်ခဲ့သည်။

အလုပ်ပိတ်ရက်မို့ နေမြင့်သည်အထိ အိပ်လိုက်သည်။ ကိုသက်ခိုနိုးချိန်တွင် လုပ်ဖော်ကိုင်ဖက်များမှာ တဲအတွင်း၌ မရှိတော့ပြီ။ သူတို့တတွေရွာထဲသွားလိမ့်မည်။ ကောက်ညှင်းပေါင်းဝယ်စားလိမ့်မည်။ ကတ်ကြေးကိုက် ဝယ်စားလိမ့်မည်။ သူတို့နောက်သို့လိုက်ရလျှင် ကောင်းမည်လားဟု ကိုသက်ခိုတွေးခဲ့သေးသည်။ သို့သော် စားချင်သောက်ချင်စိတ် မရှိသောကြောင့် ရွာဘက်သို့မလျှောက်တော့ပေ။

ရောက်ချင်ရာရောက်ဟု သဘောထားကာ ကိုသက်ခိုလျှောက်သွားခဲ့သည်။ ယခု ချောင်းကမ်းနံဘေးသို့ ရောက်လာသည်။ သူတစ်ကြိမ်မျှမရောက်ဖူးသော နေရာ။ သူတို့လွန်တူးစခန်းသည် အနောက်ဘက်နှစ်မိုင်ခန့်တွင် ကျန်ခဲ့သည်။

သာယာဆိတ်ငြိမ်သောနေရာလေးမို့ ကိုသက်ခို နှစ်သက်သည်။ သဘာဝအလှသည် စိတ်နှလုံးကို ကြည်လင်စေ၏။ ကိုသက်ခိုသည် ချောင်းရေအေးအေးကို သောက်သုံးပြီး ခြေလက်မျက်နှာ ဆေးကြောသည်။ သဲပြင်လွလွပေါ် ကျောခင်းသည်။ မျက်စိနှစ်လုံးကို မှေးမှိတ်သည်။ တစ်ကိုယ်လုံးရှိအကြောအခြင်တို့ကို ဖြေလျှော့ထားသည်။

" ချွင် .... ချွင် .... ချွင် .... "

ကျေးငှက်တို့၏ တေးဆိုသံမဟုတ်မှန်း ကိုသက်ခိုသိသည်။ အာရုံကိုစုစည်းပြီး သေချာစွာနားစွင့်သည်။ ချွယ်ကျယ်လောင်လည်းမဟုတ်။ အဆက်မပြတ်လည်းမဟုတ် လေသင့်မှ တိုးတိုးညင်သာ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



လဲလျှောင်းနေရာမှ လက်ထောက်ပြီး အသံလာရာဆီသို့ မှန်းဆကြည့်သည်။

ချောင်းတစ်ဘက်ကမ်းရှိ တောင်ကုန်းလေးပေါ်တွင် ထုံးဖြူဖြူ စေတီတစ်ဆူကို တွေ့ရသည်။ စေတီမှ လွင့်မျောဆင်းသက်လာသော ဆည်းလည်းသံဖြစ်သည်။

သွားမည်ဆိုလျှင် မဝေးတော့သောနေရာမို့ သည်လောက်ခရီးရောက်ပြီးမှ ဆက်လက်သွားချင်သည်။ စခန်းပြန်၍ အရက်သောက်၊ မူးအိပ်သည်နှင့်နှိုင်းစာလျှင် သွားရောက်ဖူးမျှော်သည်က အကျိုးရှိဦးမည်။

ကိုသက်ခိုထသည်။ ချောင်းရေထဲ ဖြတ်လျှောက်သည်။ ရေအနက်ဆုံး နေရာသည် ဒူးဆစ်ခန့်သာ ရှိသည်။ ရေစီးညင်သာသည်။ စီးရေသည် အေးမြသည်။

တစ်ဘက်ကမ်းရောက်သော် သဲပြင်ကြမ်းကြမ်းပေါ် နင်းဖြတ်ပြီး တောအုပ်ထဲတိုးဝင်သည်။ ဤတောတွင် ဟိုဘက်တောလို ဝါးရုံပင်မရှိ။ ပင်မြင့်ကြီးများ အုပ်စိုး၏။

မြက်ပင်များကြားတွင် ခြေသွားလမ်းမှေးမှိန်မှိန်ကို တွေ့သဖြင့် ထိုလမ်းငယ်အတိုင်း လိုက်နင်းသည်။ "အမြင်နီး ခရီးဝေးသည့်တောင်" ဆိုသည့်စကား တကယ်ဟုတ်၏။ တောင်ခြေသို့ရောက်ရန် အတော်သွားရသည်။ မြိုင်ယံအတွင်းမှာမို့ စေတီဖြူဖွေးကို မမြင်ရသေးသော်လည်း ဆည်းလည်းသံကို ပိုမိုပီသစွာ ကြားရသည်။

တောင်ခြေမှ တောင်ထိပ်အထိ မြေသားကိုထွင်း၍ လှေကားထစ်များ ပြုလုပ်ထားသည်။ ထိုမြေလှေကားထစ်များအတိုင်းတက်သည်။ ကြာသည်နှင့်အမျှ အသက်ရှူသံပြင်းလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သွေးလည်ပတ်နှုန်းမြန်လာသည်။ မြင့်တက်လာလေ နားအကြားတို့ လေးလံလာလေ ဖြစ်ရသည်။ ခြေအနုတ် အသိမ်းတိုင်း အင်အားကို ဗိုး၍စိုက်ထုတ်ရသည်။ ချွေးသီး ရွဲရွဲတို့ ပိုးပိုးပေါက်ပေါက်ကျလာသည်။

အစာမရှိသဖြင့် ကိုယ်ခံအားနည်းပါးနေသည်။ မောပန်း လှယ်သည်။ ဒူးတွေတဆတ်ဆတ်တုန်ခါလာသည်။ ရောက်လု နီးလေ အထစ်များကို လှမ်းတက်ရန် ခြေတို့ကို အမရ ခက်လေပင်။ သိပ်မလိုတော့ပြီ။ နောက်ထပ် လေးထစ်ခန့်တက် လိုက်လျှင် ရောက်ပြီ။ ယခုပင် စေတီတော်၏ ဖောင်းရစ် အထက်ပိုင်းကို ဖူးတွေ့နေရသည်။

တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်။

မောလွန်းသဖြင့် ကိုသက်ခိုင်၏နှလုံးသားသည် ခုန်ပေါက်နေ၏။ ရင်သည် မုန်တိုင်းမိသောပင်လယ်မျက်နှာပြင်လို နိမ့်မြင့် လှုပ်ရှားသည်။ အသက်ရှူသံ တရှူးရှူးသည် ကျောက်မီး သွေးရထားအိုကြီး ခုတ်မောင်းလာသလား ထင်မှတ်ရသည်။

ဆည်းလည်းသံများက အော်ဟစ်အားပေးသည်။ စေတီ တော်သည် ကရုဏာတရားကြီးမားစွာ ငုံ့ကြည့်သည်။

တစ်ထစ်သာ ကျန်တော့သည်။

လေအေးအေးကိုရှူသွင်းပြီး လှမ်းတက်ရန် အားယူလိုက် စဉ် ကိုသက်ခိုင်၏မျက်စိများ ပြာဝေသွားသည်။ အစက် အပြောက်များ၊ အချောင်းအမျှင်များသည် မျက်လုံးအိမ်ထဲ ရောပြွမ်းသွားသည်။ စက္ကန့်၏ တိုင်းတာမရနိုင်သော အစိတ် အပိုင်းအတွင်း နက္ခတ်ကြယ်တာရာအပေါင်း စုံးစီလင်းလက် သွားသလား ထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အို ....လူသားတစ်ယောက် သတိကင်းလွတ်၍ အရှုပ်ကြီး ဖြတ်လဲပြီကော။

× × × ×

ဘယ်လောက်ကြာကြာ မေ့သွားသည်မသိ။ သူ သတိ ရလာသောအခါ သူ့အိပ်ရာမဟုတ်မှန်း သိသည်။ အနံ့သည် သူရှူရှိုက်လေ့ရှိသော အနံ့မဟုတ်။ သူ့အိပ်ရာသည် အရက်နံ့ တို့ဖြင့် အမြဲတစေပြီးနေသည်။ ယခုရှူရှိုက်ရသော ရနံ့သည် ဆန့်ကျင်ဘက်အနံ့။

ရဟန်း၊ သံဃာတော်တို့ထံမှလာသော သက်န်းနံ့။

လေးလံသောမျက်ခွံကို အားယူ၍ဖွင့်သည်။ ထိုစဉ်တွင် နူးညံ့သော ကရုဏာသံစဉ်ကို ကြားနာရသည်။

"တကာလေး သတိရပြီလား"

"တင်ပါ့ဘုရား"

ကိုသက်ခိုသည် လူးလဲထသည်။ ချက်ချင်းပင် မူးမိုက်၍ ပြန်လဲကျသည်။

"မထနဲ့ တကာလေး။ လှဲနေပါ။ တကာလေးဟာ သိပ်ပြီး အားနည်းနေတယ်။ ပြီးတော့ သေရည်သေရက်တွေ သောက် လာတယ် ထင်တယ်။ စူးရှတဲ့အနံ့ကိုရတယ်"

"တပည့်တော်ကို ခွင့်လွှတ်ပါဘုရား။ တပည့်တော် နည်း နည်းသောက်မိပါတယ်"

"အေး .... အေး .... နောက်နောင်ကို မသောက်နဲ့ တကာ လေး။ တကာလေး လဲကျသံကြားလို့ ဘုန်းကြီး အပြေး အလွှားထွက်လာပြီး ကျောင်းထဲကို သယ်လာရတယ်။ လူသူ မရှိတဲ့နေရာမှာ လဲကျသွားယင် တကာလေးအသက်ကို ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်။ ရခဲလှတဲ့ လူ့ဘဝကို ငယ်ငယ်ရွယ်ရွယ်နဲ့ စွန့်လွှတ်ရလိမ့်မယ်ကွယ့်။ လူ့ဘဝမှာနေရတဲ့ အခိုက်အတန့်အတွင်း ကုသိုလ် ဒါနရအောင် ကျင့်ကြံနေထိုင်မှပေါ့ကွယ်။ ကဲ.... ကဲ.... ရော့ အားရှိသွားအောင် ယာဂု သောက်လိုက်”

ဘုန်းကြီးချပေးသွားသော ယာဂုပန်းကန်ကိုယူ၍ ခပ်သောက်သည်။ အစာမရှိသော ဝမ်းအတွက် ပါးစပ်သည် သွက်လက်စွာအလုပ်လုပ်သည်။ သားငါးမျှားမပါသော်လည်း ကိုသက်နိုး၏လျှာသည် အလွန်အမင်း သဘောတွေ့နေသည်။ ယာဂုတစ်ပန်းကန်သည် ဖြုတ်ခနဲ ကုန်သွားသည်။ နောက်ထပ် နှစ်ပန်းကန်သည်လည်း ဂရုတံလျှောက်မှ လောင်းချသလို လျှောဆိုဝင်သွား၏။

ယာဂု သောက်ပြီးသော် သင်္ဘောသီးများ ရောက်လာသည်။ မက်မောစွာ စားသောက်ပြန်သည်။ အစာပြည့်သော် လူမှာ ရွှင်လန်းမြူးကြွလာသည်။

“ကျေးဇူး အထူးတင်ပါတယ် ဘုန်းဘုရား။ တပည့်တော်က ဘာမှ မလှူမတန်းဘဲ ဘုန်းဘုရားရဲ့အစာ အာဟာရတွေ စားသောက်ရတာ အားနာပါတယ်ဘုရား”

“ဘုန်းကြီးတို့ အလှူခံပုဂ္ဂိုလ်တွေလည်း အလှူအတန်း ပြုရင်း ကုသိုလ်ရတာပါပဲ။ အခုလို ဒကာလေးကို ကျွေးမွေးရတာ ဆေးကုတာလဲ မည်ပါတယ်။ အာဟာရတိုက်ကျွေးတာလဲ မည်ပါတယ်။ ကုသိုလ်ရတဲ့ အလုပ်မို့ အားမနာပါနဲ့။ ဒကာလေးက ဘယ်ခရီးက လာတာလဲ။ ရွက်ကြီးပင်ရွာက တော့ မဟုတ်ဘူးထင်တယ်”

ရွက်ကြီးပင်ရွာသည် ဤတောင်ခြေရှိ ရွာငယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား။ ရွက်ကြီးပင်ရွာက မဟုတ်ပါဘူး။ ဟိုဘက် တောင်တစ်လုံးကျော်မှာရှိတဲ့ ငါးမျှားရွာကပါ ဘုရား"

"တကာလေးရဲ့ လေယူလေသိမ်းနဲ့ ရုပ်ရည်ဟာ သည်နား တစ်ဝိုက်က ရွာသားတွေနဲ့မတူဘူး။ တကာလေးက ညွှဲ့သည် လား"

"တပည့်တော်ဟာ အစိုးရဝန်ထမ်းပါဘုရား။ ငါးမျှားရွာ မှာ ဓာတ်သတ္တုရှာဖွေတူးဖော်ဖို့ ရောက်လာတဲ့ စိန်လွန်တူး သမားပါဘုရား။ သက်ခိုလို့ခေါ်ပါတယ်"

"ဩော် .... နိုင်ငံဝန်ထမ်း သားကောင်းတစ်ယောက်ပါ လား။ မောင်သက်ခိုကို ဘုန်းကြီးပြောမယ်။ မောင်သက်ခို တို့ အရွယ်လေးတွေဟာ နိုင်ငံတာဝန်ကို အားကြိုးမာန် တက် ထမ်းဆောင်ဖို့ အကောင်းဆုံးချိန်အခါမို့ မိမိကိုယ်ကို မပျက်စီးစေနဲ့။ ပျက်စီးခြင်းတရားခြောက်ပါးထဲမှာ သေရည် သောက်ကြူးခြင်းလဲ ပါဝင်တယ် တကာလေး"

ကိုသက်ခိုသည် ပြန်လည် လျှောက်ထားခြင်းမပြုဘဲ မြေလွှာကို စူးစိုက်ကြည့်ရင်း ဆိတ်ဆိတ်နေ၏။ သာသနာ့ နယ်မြေသို့လာပြီး မူးလဲနေမိသည့် မိမိအဖြစ်အတွက် ရှက် ကြောက်မိသည်။

အပြစ်ရှိသူတစ်ဦးမို့ ဆရာတော်၏ရှေ့မှောက်တွင် ကြာ ကြာမနေဝံ့။

"တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား။ တပည့်တော်ဟာ အိပ်ရာက နိုးနိုးချင်း တစ်ကိုယ်တည်း ထွက်လာခဲ့တာမို့ သူငယ်ချင်းတွေ မသိပါဘူးဘုရား။ တပည့်တော်ပျောက်လို့ စိုးရိမ်ပူပန်နေပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကော ပြန်နိုင်ရဲ့လား။ သက်သောင့် သက်သာ လဲ လျောင်းနေပါဦးလား"

"ရပါတယ်ဘုရား။ ဆရာတော်စွန့်ကြဲတဲ့ အစာအာဟာရ များကြောင့် တပည့်တော် သွားနိုင်ပါပြီဘုရား"

ဆရာတော်ကို ဦးသုံးကြိမ်ချ၍ ပြန်ခဲ့သည်။

ဆရာတော်နှင့် ကိုသက်ခို ဆုံဆည်းရခြင်းကြောင့် သူတို့ ဘဝလမ်းကြောင်းတွင် ထူးခြားသောဖြစ်ရပ်ကြီး ပေါ်ပေါက် လာမည်ဟု နှစ်ဦးစလုံး လုံးဝမထင်ကြပေ။

မြို့သို့ ဈေးဝယ်သွားသူကို ဆေးပုလင်း၊ ဟောလစ်၊ လက် ဖက်ခြောက်၊ ထန်းလျက်စသည့် လှူဖွယ်ပစ္စည်းများ မှာလိုက် သည်။

အလုပ်ပိတ်ရက်ရောက်သော် စောစီးစွာထ၍ မျက်နှာ သစ်၊ ကိုယ်လက်သန့်စင်သည်။ လေတွေ ပျို့အန်နေသော ကြောင့် အရက်တစ်ခွက်သောက်သည်။

ဆရာတော်ဘုရားထံ သွားမည်မို့ အရက်သေစာကို မသောက်သုံးလိုပေ။ သို့သော် အရက်က လူကို ချုပ်ကိုင် သော အဆင့်သို့ ရောက်နေသောကြောင့် မသောက်ရလျှင် ခြေလှမ်းများ တည့်မတ်မည်မဟုတ်။

အရက်ကို တောင့်တနေသော အသွေးအသားများ ငြိမ် သက်သော် ရွာထဲသွား၍ ကတ်ကြေးကိုက်တစ်ပွဲ စားသည်။ ဆရာတော်ထံသွားသည်။ ဟိုယခင် တစ်ပတ်ကလို ဝါးတော ခရောင်းတောထဲ ထင်သလို ရှာရှာနေရ မလိုတော့ပြီ။ ရွာသားများကို မေးမြန်းပြီး လမ်းမှန်အတိုင်း လျှောက်လှမ်း သည်။

ယခင်လမ်းသည် တောလမ်း ခရီးကြမ်း။

www.burmeseclassic.com

www.burmeseclassic.com



ယခုလမ်းသည် စိမ်းလဲ့လဲ့ မျက်ခင်းကြားက ဖြောင့်ဖြူး သော လမ်း။

ယခင်အခေါက်သည် အသိစိတ်ကင်းမဲ့စွာ ဦးတည်ရာမရှိ သွားခဲ့ခြင်း။

ယခုအခေါက်သည် အသိစိတ် ထက်မြက်စွာ ဦးတည်ရာ သတ်မှတ်ပြီး လာခဲ့ခြင်း။

စမ်းချောင်းငယ်သို့ ရောက်လာသည်။ ဝါးတံတားကို တွေ့သည်။ ကြည်လင်သော စမ်းရေရယ်၊ ဝါတာတာ ဝါး တံတားရယ်၊ စိမ်းနုနု ဝါးတောရယ်၊ စိမ်းရင့်ရင့် သစ်တော ကြီး ရယ်၊ ပြာလွင်လွင် ကောင်းကင်ရယ် ပေါင်းဆုံလိုက် သော် အလှဆုံးနှင့် တန်ဖိုးအရှိဆုံး ပန်းချီကားတစ်ချပ်ကို ရရှိသည်။ တောင်ကုန်းပေါ်က ထုံးဖွေးဖွေး စေတီနှင့် ကျောင်းသခ်မ်းအိုတို့ကို ဖြည့်စွက်လိုက်သော် သံသရာတွင် အကောင်းဆုံး ပန်းချီတစ်ချပ် ဖြစ်လာသည်။

လှူဖွယ်ပစ္စည်းများကိုဆွဲမလျက် မြေအထစ်များအတိုင်း နင်းတက်သည်။ မောတော့မောသည်။ မူးမိုက်သွားလောက် အောင် မဖြစ်။ အရက်၏ကျေးကျွန် မဖြစ်မီက ဆိုလျှင် ကိုသက်ခိုအဖို့ ဤမျှ အတက်ခရီးသည် စာဖွဲ့လောက်စရာ မရှိ။ ပေတစ်ထောင်နီးပါး တောင်ကို အပြေးအလွှား တက် နိုင်ခဲ့သည်။ ပစ္စက္ခအခြေအနေတွင်မူ အအိပ်၊ အနေအစား မမှန်သောကြောင့် လူလည်းပျော့၏။ စိတ်လည်းပျော့၏။

ဆရာတော် ရှေ့မှောက်ရောက်သော် လှူဖွယ်ပစ္စည်းများ၊ ဆေးဝါးများကို ပေးလှူကန်တော့သည်။

"မောင်သက်ခို .... သေရည်သေရက်တွေ သောက်လာ မြန်ပြီ မဟုတ်လား။ မကောင်းတဲ့အနံ့အသက်ကို ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ အလှူဒါနပြုတဲ့အတွက် ဘုန်းကြီးက ဆုပေးချင်ပါတယ် တကာလေး။ ဒါပေမယ့် သေရည်သောက်ကြူးသူအဖို့ အသက် မရှည်နိုင်ဘူး။ အနာရောဂါ မကင်းနိုင်ဘူး။ ဘုန်းတန်ခိုး မကြီးနိုင်ဘူး။ ဘုန်းကြီးဆုပေးသော်လဲ ရမှာမဟုတ်ဘူး တကာလေး"

ဆရာတော်က စိတ်လက်မချမ်းသာစွာ ပြောသည်။ ကိုသက်ခိုသည် မျက်နှာအထားရ ခက်လောက်အောင် ရှက်အားနာနေသည်။

"တပည့်တော် အမိုက်အမဲကို ခွင့်လွှတ်ပါဘုရား။ နောက်နောင် ဘုန်းဘုရားထံလာလျှင် တပည့်တော် သောက်မလာတော့ပါဘူး။ ကတိပေးပါတယ်ဘုရား"

"ဘုန်းကြီးဆီလာမှ မသောက်ဘဲနေမှာလားတကာလေး။ အမြဲမသောက်ဘဲ နေပါတော့လား"

"အရက်သေစာ မကောင်းကြောင်းများကို တပည့်တော် ဖတ်ဖူး ကြားနာဖူးပါတယ် ဘုရား။ မစွန့်နိုင်သေးတဲ့အတွက် တပည့်တော်ထိုက်နဲ့ တပည့်တော်ကံ ရှိပါစေတော့။ ဆရာတော်ရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးဖို့ တပည့်တော် လာပါတယ် ဘုရား။ သင်းပိုင်အဟောင်းများ ဖွပ်လျှော်ပေးပါရစေ"

ကိုသက်ခိုသည် အရက်အကြောင်းသို့ ပြန်ရောက်မည်စိုးရိမ်သောကြောင့် မြန်မြန်ဝတ်ချပြီး ထသည်။ ကျောင်းသခမ်းထဲဝင်သည်။ သင်္ကန်းအဟောင်းများ ရှာဖွေယူပြီး ချောင်းထဲတွင် ဖွပ်လျှော်သည်။ တောင်ပေါ်သို့ ပြန်အတက်တွင် ရေတစ်အိုး ထမ်းလာသည်။ လမ်းတွင် အကြိမ်ကြိမ်နားရသည်။ တောင်ပေါ်ရောက်သော် မောဟဲမြည်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"တကာလေးက ရေလည်း ခပ်လာပေးသကိုး"

"ရေတစ်အိုးရဖို့ မလွယ်ပါလား ဘုရား။ သောက်သုံးရေအတွက် ဘုန်းဘုရားကိုယ်တိုင် ခပ်ပါသလား"

"အိမ်း .... ဘုန်းကြီးကိုယ်တိုင် ခပ်ရတာပေါ့။ ဒါပေမယ့် မောင်သက်ခိုလို အိုးကြီးနဲ့ ဘယ်ထမ်းနိုင်ပါ့မလဲ။ ဟိုက ဘူးတောင်းလေးနဲ့ အလီလီ ခပ်ရတာကွယ့်"

"အခေါက်ခေါက်အခါခါ တက်ရတော့ မမောဘူးလား ဘုရား"

"အလေ့အကျင့်ရနေသူအတွက် မမောမပန်းတော့ပါဘူး"

သက်တော် ၆၀ ခန့် ရှိမည်ဖြစ်သော်လည်း အရွယ်နှင့် မလိုက်အောင် လှုပ်ရှားနိုင်သော ဆရာတော်ကို တအံ့တဩ ကြည့်သည်။ သီလတန်ခိုး၊ တရားအကျိုးကြောင့် ထင်၏။ သန်မာပေစွ။ နုပျိုပေစွ။

သူ့မှာတော့ အရွယ်နှင့်မလိုက်အောင် အင်အားချည့်နဲ့ နေပြီကော။

× × × ×

အလုပ်ပိတ်ရက်တိုင်း တစ်နေကုန် သောက်စား မူးယစ်ခြင်းဖြင့် အချိန်ဖြုန်းတီးခဲ့သော ကိုသက်ခိုသည် လွန်တူးစက်ရပ်နားအလုပ်အားသည်နှင့် ဆရာတော်ထံ သွားလိုစိတ်များပေါ်ပေါက်လာသည်။ ဆရာတော်ကို မော်ဖူးရလျှင် ကြည်ညိုစိတ်၊ သဒ္ဓါစိတ်တို့ ဖြစ်ထွန်းသည်။ ဆရာတော်၏ ဝေယျာဝစ္စများ ဆောင်ရွက် ပေးနေလျှင် သောကတို့ မေ့ပျောက်၍ စိတ်အေးချမ်းသာဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေ့သောက်နေခင် ဘုန်းဘုန်းဘုရားထံ လာလျှင် တပည့်တော် သောက်မလာ တော့ပါဘူး"ဟု ကတိကဝတ် ပြုထားသော ကြောင့် သောက်သွားလို့ မဖြစ်။ သည်လိုဆို မသောက်ဘဲ သွားနိုင်ပါ့မလား။ မလွယ်ပါ။ အတိုင်းအဆမရှိ အလွန်အကျွံ သောက်လာခဲ့သော အရက်တို့သည် သူ့ဦးနှောက်ကို စိုးမိုး နေပြီ။

သောက်သင့်၊ မသောက်သင့်ကို သူ စဉ်းစားသည်။ စိတ်သည် ဒွိဟဖြစ်ရ၏။ ဘယ်လိုလို ညာလိုလို တွေဝေနေစဉ် နံနက်နေခြည်နုသည် ပူရှိန် ပြင်းလာသည်။

"မသောက်ဘူးကွာ....မသောက်ဘူး။ ဆရာတော်ဆီ သွား မယ်။ လမ်းမှာလဲလို့ သေသေ"

မာန်တင်းသည်။ တဲထဲမှ ထွက်သည်။ ကတုန်ကယင် လျှောက်လာသည်။ ထိန်းထိန်း သိမ်းသိမ်း လှမ်းလာသည်။ လွတ်လုလုသတိကို ကိုယ်နှင့် မြဲအောင် ထိန်းချုပ်သည်။

ဆရာတော်၏ ရှေ့မှောက်သို့ရောက်သော် ဣန္ဒြေပျက်လုနီး ပါး ဖြစ်နေ၏။ တဆတ်ဆတ် တုန်နေသော လက်အစုံကို ကြာပဒုံနှယ် ဖူးအုပ်လျက် ရှိခိုးကန်တော့သည်။

"မောင်သက်ခို.... သေရည်ကို သောက်မလာတဲ့ အတွက် ဘုန်းကြီးဆုပေးမယ်။ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာ မျိုးကိုးဆယ့်ခြောက်ပါး ကင်းဝေးပါစေကွယ်။ အခုအခေါက် မှာ လှူဖွယ်ပစ္စည်း မပါပေမယ့် ဟိုတစ်ခေါက်ထက် ကုသိုလ် ရပါတယ်။ ကဲ.... ကဲ.... ထ။ ဘုန်းကြီး ခုတင်ပေါ်မှာ လဲလျောင်းပြီး အမောအပန်းဖြေပါ။ မောင်သက်ခို့ ကိုယ် စိတ်နှစ်ပါးလုံး သိပ်ပင်ပန်းနေပြီ"

ကိုသက်ခိုသည် လုံးဝဟန်မဆောင်နိုင် တော့ပေ။ ဒူးတုပ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ အားယူ ထသည်။ ဒယီးဒယိုင် လှမ်းလျှောက်သည်။ ဆရာတော်သည် ဒုက္ခကြီးစွာ ခံစား နေရသော ကိုသက်ခိုင်၏ ကျောပြင်ကိုကြည့်၍ သက်ပြင်းအခါခါချသည်။

ခုတင်ပေါ် လက်ထောက်မိသော် မိမိကိုယ်ခန္ဓာကို ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ ဝုန်းခနဲ ပစ်လှဲလိုက်သည်။ သူသည် တုန်ခါနေသော လက်တို့ကို မတုန်လှုပ်အောင် ခုတင်ကြမ်းနှင့် ဖိထားသည်။ မရ။ လက်ချောင်းတွေ တဆတ်ဆတ် ခုန်သည်။ ပထမဆုံးအကြိမ် အဖြစ် မိမိ လက်တို့ကို မုန်းတီးရွံရှာမိသည်။

ဆရာတော်သည် ကိုသက်ခိုင်၏ ဒုက္ခတို့ကို မရှုရက်တော့ပေ။ သောက်ရေအိုးထဲမှ ရေတစ်ခွက် ခပ်ယူသည်။ ဘုရားဆင်းတုတော်ရှေ့တွင် ဝတ်ပြုရှိခိုးသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

"ဣတိပိသောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊လောကဝိဒူ၊အနုတ္တရောပုရိသဓမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ရှင်တော်မြတ်ဘုရား.... ဤတကာတော် မောင်သက်ခိုသည် သေရည်သောက်စားခြင်း မပြုဘဲ တပည့်တော်ထံ လာလိုသော ဆန္ဒ ပြင်းပြခဲ့သည်။ တပည့်တော် ကလည်း တကာလေးကို သေရည် သေရက် မသောက်သုံးဘဲ ရှောက်လာစေလိုသော စေတနာမှန်ဖြစ်ပေါ်ခဲ့သည်။ ဤမှန်သော သစ္စာစကားကြောင့် ဤတကာလေးသည် ဤသောက်ရေကို သောက်သုံးပြီးသကာလ ခံစားရသောဒုက္ခဝေဒနာတို့မှ ကင်းလွတ်ပါစေသတည်း"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ကိုသက်ခိုထံ သွား၍ သစ္စာရေ တိုက်သည်။ ကိုသက်ခိုသည် အငမ်းမရ သောက်၏။ ခဏနေသော် ဆောက်တည်ရာမရ တုန်ခါသော သွေးသားတို့ ငြိမ်ဝပ်သွားသည်။

ဝေဒနာ ကင်းရှင်းပြီမို့ ကိုသက်ခိုသည် အိပ်ပျော်ခြင်းသို့ ရောက်၏။

× × × ×

အိပ်ရာမှနိုးသော် နေမွန်းတည့်ပြီ။ ကိုသက်ခို၏ စိတ်နှလုံးတို့ ကြည်လင် ရွှင်ပျနေသည်။ ဆရာတော် ကျွေးမွေးသော စားဖွယ်ရာများကို စားသုံးသည်။ ဆရာတော်သည် ပြုံးရွှင်သော မျက်နှာတော်ဖြင့် ကြည့်ရှုနေသည်။

"ဘယ်လိုနေသေးလဲ မောင်သက်ခို။ နေသာထိုင်သာ ရှိရဲ့လား"

"တင်ပါ့ဘုရား။ နေထိုင်ကောင်း၊ စားသောက်ကောင်းပါတယ် ဘုရား"

"သေရည်သေရက်သောက်သုံးခြင်းရဲ့ ဒုက္ခကိုသိရဲ့ မဟုတ်လား"

"သိပါတယ် ဘုရား"

"တပ်မက်ခြင်း ဖြစ်ဦးမှာလား။ လုံးဝ စွန့်လွှတ်လိုက်ပါလား"

"ဆရာတော်ရဲ့ စေတနာ၊ မေတ္တာကို တပည့်တော် အသိအမှတ် ပြုပါတယ်ဘုရား။ အရက်သောက်ခြင်းရဲ့ မကောင်းကျိုးတွေကို လောကီစာပေ၊ လောကုတ္တရာစာပေ စသည်တို့မှာ ဖတ်ဖူးပါတယ်။ တရားတော်များလဲ နာကြား ဖူးပါတယ်။ ဆရာဝန်တွေရဲ့ တားမြစ်မှုကိုလဲ ခံဖူးပါတယ်။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၏ စကားကိုလဲ လက်ခံ လိုက်နာလိုပါတယ်။ ဒါပေမယ့် တပည့်တော် အရက်ကို မစွန့်ပါရစေနဲ့ဘုရား။ အရက်သောက် သုံးပြီး လူ့ဘဝကို စောစီးစွာ နိဂုံးချုပ်ပါရစေ”

ကိုသက်ခိုသည် ညှိုးလျှလျှ မျက်နှာနှင့် လျှောက်ထား သည်။ ဆရာတော်သည် ကြင်နာမှုကဲသော မျက်နက်ဝန်း အစုံဖြင့်ကြည့်သည်။

“မနုဿတ္တဘာဝေါ ဒုလ္လဘောတဲ့။ လူ့ဘဝ ဆိုတာ ရခဲလှ ပါတယ် တကာလေး။ အရက်သေစာသောက်စားပြီး စောစီး စွာ ခန္ဓာဝန်ငြိမ်းလို့ ဘာကုသိုလ်ရမှာလဲ။ ကာမဂုဏ် အာရုံ နောက် ကို လိုက် ရင်း တ မ လွန် ကို ကူး ပြောင်း တဲ့ အ ခါ ကောင်းရာသုဂတိကို တကာလေးရောက်ပါ့မလား။ မလုပ်လို့ မရ၊ မရလို့ မလုပ်ဆိုတဲ့ စက်ဝန်းထဲမှာ တဲလည်လည်ဖြစ်နေ မှာပေါ့။ ပျက်အစဉ်ပြင်ခဏဆိုတဲ့ စကားကို ကြားဖူးမှာပါ။ ပြင်လိုက်ပါ မောင်သက်ခို”

“တပည့်တော်ကို ချွတ်လို့ မကျွတ်တဲ့ သတ္တဝါ အဖြစ် သဘောထားပါ ဘုရား။ တပည့်တော် သေရည် ခွက်ထဲမှာ နစ်မြုပ်ပြီး စိတ်သောကများကို ဖြေဖျောက် ကုစားပါရစေ ဘုရား”

“တကာလေးမှာ ဘယ်လိုသောကတွေနဲ့ တွေ့ကြုံရလို့သဲ”

“စိတ်ဒုက္ခပေါင်းစုံ တပည့်တော်မှာ ရှိပါတယ် ဘုရား။ တပည့်တော်ဘာလုပ်လုပ် အဖြစ်ထက် အပျက်တွေက များပါ တယ်။ အောင်မြင်မှုထက် ရှုံးနိမ့်မှုတွေကများပါတယ်။ ချစ် သောသူများနဲ့ ကွေကွင်း ရပါတယ်။ လောကမှာ ကံအဆိုး ဆုံးလူသားဟာ တပည့်တော်ပါ ဘုရား”

“ကံကို တကာလေး ဘယ်လို နားလည် ထားလို့သဲ။

www.burmeseclassic.com



ကံဟာ တန်ခိုးရှင် တစ်ပါးပါးက ကြိုးကိုင်ပြီး ဖန်တီးတာ မဟုတ်ဘူးတကာ။ ကံဆိုတာ မိမိကိုယ်တိုင် ပြုလုပ်ခြင်းသာ ဖြစ်တယ်။ အတိတ်ဘဝက ပြုခဲ့တဲ့ ကံပြုမှု ချက်ကြောင့် ပစ္စုပ္ပန်ဘဝမှာ ခံစားစံစားရတယ်။ ပစ္စုပ္ပန် ဘဝမှာ ပြုတဲ့ ကံကြောင့် နောင်ဘဝမှာ အကျိုးပေးခြင်း ရှိသလို ယခု မျက်မှောက်ဘဝမှာ အကျိုးကျေးဇူး ခံစားရခြင်းလဲ ရှိတယ် တကာလေး။ ကံကိုယုံပြီး ဆူးပုံနင်းကြည့်ပါလား။ ယခုနင်း တယ်ဆိုတဲ့ ကံပြုမှုခြင်းကြောင့် ယခုချက်ချင်း စူးရှတဲ့အကျိုး ကို ခံစားရမယ်မဟုတ်လား။ ဆူးပုံနဲ့ အလားတူသော မကောင်းမှုဒုစရိုက်ကိုမောင်သက်ခိုနင်းကြည့်ပါ။ မျက်မှောက် ဘဝမှာ မခံစားရယင် မျက်ကွယ်ဘဝမှာ ခံစားရမှာကေန်ပဲ။ ဒါကြောင့် မိမိကံကို ကောင်းအောင်ဆိုးအောင် ဖန်တီးခြင်း မှာ မိမိရဲ့အလုပ်တွေသာ ဖြစ်ပါတယ်တကာ။ ဘယ်တန်ခိုးရှင် မှ ဖန်တီးတာမဟုတ်ဘူး။ ကံကိုချည်းပဲ လွဲချပြီး ထိုင်နေယင် ဒုက္ခသံသရာထဲက ထွက်လို့ ရပါတော့မလား။ ကောင်းသော အလုပ်မလုပ်လို့ ကံမကောင်း။ ကံမကောင်းလို့ ကောင်းသော အလုပ် မလုပ်နဲ့ ကရွတ်ပေါ် ကင်းလျှောက်သလို ဖြစ်နေမယ်။ တကာလေးမှာ စိတ်ညစ်ရလောက်အောင် ဘယ်လိုဘေးဒုက္ခ ဆိုးတွေ တွေ့ခဲ့လို့လဲ"

ကိုသက်ခိုသည် ပြောသင့်မပြောသင့် စဉ်းစားနေသည်။ ရင်ဖွင့်လျှောက်ထားလိုက်လျှင် သက်သာလိမ့်မည်ထင်၏။

"တင်ပါဘုရား။ ဆရာတော်ကို ကြည်ညိုလွန်းလို့ တပည့် တော်ရဲ့ဘဝဖြစ်စဉ်ကို ပြောပါမယ်။ တပည့်တော်ရဲ့အမိနဲ့ အဖဟာ ကုန်သည်များဖြစ်ပါတယ်။ ပွဲရုံကြီးတစ်ရုံ ပိုင်ဆိုင် ပါတယ်။ ကြက်သွန်၊ မြေပဲ၊ နှမ်းတွေရောင်းဝယ်ခြင်း ပြုပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဘုရား။ စီးပွားရေးအလွန်ဖြစ်ထွန်းလို့ ပွဲရုံလုပ်ငန်းသာမက ဆီစက်နဲ့ ဆန်စက်ကိုလည်း တည်ထောင်လိုက်ပါတယ်။ ဒါတွေအားလုံးကို အဖေတစ်ဦးတည်း ဦးစီးတာမို့ ကူးသန်းပြေးလွှားပြီး အုပ်ချုပ်ရပါတယ်။ အဖေမှာ အလုပ်တွေနဲ့ လုံးထွေးနေခိုက် အမေဟာ ပွဲရုံကအလုပ်သမား တစ်ယောက်နဲ့ ငြိစွန်းပြီး ထွက်ပြေးပါတယ်။ အဲသည်အချိန်က တပည့်တော်ဟာ ငါးနှစ်သား၊ တပည့်တော်ညီမလေးက နှစ်နှစ်သမီးသာရှိပါသေးတယ်။ တပည့်တော်တို့ မောင်နှမကို ပွေ့ဖက်ပြီး အဖေဟာ နေ့စဉ်ငိုယိုခဲ့တာ မှတ်မိပါတယ်ဘုရား။ နောက်ပိုင်းမှာ အလုပ်ကိုကောင်းကောင်းမလုပ်တော့ဘူး။ ဆီစက်နဲ့ ဆန်စက်ကို ပြန်ရောင်းပစ်တယ်။ ပွဲရုံနဲ့ ငွေတွေကို အဖေ့ညီ တပည့်တော်ဦးလေးကို ပေးလိုက်ပါတယ်။ တပည့်တော်တို့ မောင်နှမကို အုပ်ထိန်းဖို့မှာပြီး အဖေဟာ မြို့ကပျောက်သွားပါတယ်ဘုရား။ အဖေ့ကို သည်နေ့အထိ တပည့်တော်ချစ်တယ်။ အဖေမသေသေးဘူးလို့လဲ ယုံကြည်တယ်။ အမေ့ရဲ့ဖောက်ပြန်မှုကြောင့်သာ တပည့်တော်တို့ မိသားစုပြိုကွဲရတာပါဘုရား"

ကိုသက်ခိုသည် စကားဆိုရင်း မျက်ရည်ကြည်တို့ ရစ်ဝိုင်းလာသည်။ ဆရာတော်သည် စိတ်ဝင်စားစွာ နားထောင်နေ၏။

"သည်လိုနဲ့ ဦးလေးရဲ့အုပ်ထိန်းမှုအောက်မှာ တပည့်တော်တို့မောင်နှမနေရပါတယ်။ ဦးလေးလက်ထက်မှာ ပွဲရုံလုပ်ငန်းဟာ တဖြည်းဖြည်း ဆုတ်ယုတ်လာပါတယ်ဘုရား။ ပြီးတော့ ဦးလေးက အိမ်ထောင်ပြုလိုက်တဲ့အတွက် အဒေါ်တစ်ယောက်ရလာပါတယ်။ အဒေါ်က မိန်းမလည်တစ်ဦးပါ။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆိုးပါတယ်။ တပည့်တော် နှစ်ရှည်လများ ခေါင်းငုံ့ခံပြီးနေခဲ့ပါတယ်။ မခံနိုင်တဲ့အဆုံးမှာ အိမ်ကထွက်ပြေးတယ်။ အဲသည်တော့ တပည့်တော် အသက် ဆယ့်ရှစ်နှစ်ရှိပါပြီ။ ဆယ်တန်းရောက်နေပါပြီ။ ရောက်ရာဒေသမှာ ကြုံရာအလုပ်မျိုးစုံလုပ်တယ်။ အဖေ့ကိုလဲကြိုးစားရှာဖွေတယ်။ ဒါပေမယ့် အဖေ့ရုပ်ကို သိပ်ပြီး မမှတ်မိတော့ပါဘူးဘုရား”

ဆရာတော်သည် ပြောသမျှကို စိတ်ဝင်တစားနားထောင်သည်။

“လေးငါးနှစ်လောက် အိမ်ပြေးဘဝနဲ့ သွားလာနေခဲ့ပြီးနောက်ဆုံးမှာ အတိဒုက္ခရောက်စွာနဲ့ တပည့်တော်တို့မြို့ကို ပြန်လာပါတယ်။ ဦးလေးဆီမှာပဲ ပြန်နေပါတယ်။ အဒေါ်ကတော့ မကျေနပ်ဘူးပေါ့။ အိမ်ပြန်ရောက်တာနဲ့ ညီမလေးဟာ အိမ်ထောင်ကျနေပြီဆိုတာ တွေ့ရပါတယ်။ တစ်ပတ်လောက်ကြာတော့ အဆင်မပြေတဲ့ ညီမလေးအိမ်ထောင်ရေးအကြောင်း စုံစမ်းကြည့်တဲ့အခါ အဒေါ်ဟာ သူတို့ဝမ်းကွဲနဲ့ဇွတ်ပေးစားထားကြောင်း သိလာရတယ်။ အဒေါ်တူဟာလူပေလူတေပါ။ ဦးလေးက အဒေါ်စီစဉ်တိုင်း လိုက်နာရတဲ့အရုပ်ပါဘုရား။ တပည့်တော်လဲ ဒေါသထွက်ထွက်နဲ့ ညအချိန်မှာ အိမ်ကိုမီးရှို့လိုက်တယ်”

“အို.... မလုပ်ထိုက်တာတွေကွယ်။ ဒေါသရှေ့ထားယင်မှားမှာပေါ့”

“အိမ်နဲ့ပွဲရုံ လောင်သွားပါတယ်။ လူနိုင်နိုင်နင်းနင်းငြိမ်းသတ်ခဲ့လို့ တခြားအိမ်တွေမကူးပါဘူး။တပည့်တော်လဲ အဲသည်အမှုနဲ့ထောင်ကျတယ်။ ထောင်ကထွက်တော့ အဖေ့ဘက်ကအမျိုးတွေအိမ်မှာ သွားနေတယ်။ ရန်ငြိုးတွေဖျောက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး နေတော့မယ်။ ဆယ်တန်းစာမေးပွဲဖြေတော့မယ်ဆိုပြီး ညကျောင်း တက်ပါသေးတယ်။ ဖြစ်ချင်တော့ စာမေးပွဲဖြေဖို့ နှစ်လလောက်အလိုမှာ တပည့်တော် ညီမလေးကို ယောကျ်ားကရိုက်နှက်ပြီး နှင်ချလိုက်တယ်။ တပည့်တော်လဲ ဓားဆွဲပြီး ယောက်ဖကိုတက်ခုတ်ပါတယ်"

"အို....ကွယ်။ ကျွတ်....ကျွတ်....ကျွတ်"

"သူလည်း မသေရုံတမယ် ခံလိုက်ရတယ်။ တပည့်တော်လည်း ဒုတိယအကြိမ် ထောင်ကျတယ်။ တပည့်တော် ထောင်ကမထွက်ခင်မှာပဲ ညီမလေးဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ သေသွားရှာတယ်။ ထောင်ကလွတ်တော့ မြို့ကိုမပြန်တော့ဘူး။ သွားရင်းလာရင်း ကြုံရာ လုပ်ကိုင်စားသောက်ရင်းနဲ့ မန္တစင်နဲ့တွေ့ပါတယ်။ တပည့်တော်ကို မန္တစင်က ချစ်လဲချစ်တယ်။ အကူအညီများလဲ ပေးခဲ့ပါတယ်ဘုရား။ အခုသည်အလုပ်ကို မန္တစင်ပြောလို့ မန္တစင်ရဲ့ဦးလေးက သွင်းပေးတာပါ။ ကျဖမ်းလုပ်နေရာက အစိုးရအလုပ်ရပြီး တည်ဘည်တန့်တန့်ဖြစ်သွားတော့မှ မန္တစင်နဲ့ လက်ထပ်ပါတယ်။ မန္တစင်ဟာ ဇနီးကောင်းတစ်ယောက်ပါဘုရား။ သည်တစ်ခါတော့ တပည့်တော်ဘဝဟာ တည်ငြိမ်အေးချမ်းပြီလို့ တွက်လိုက်ပါတယ်။ တပည့်တော်က ကြိုးစားရှာတယ်။ မန္တစင်က စုဆောင်းတယ်။ သည်လိုနဲ့ အိမ်လေးတစ်လုံးကို ဝယ်နိုင်လာပါတယ်ဘုရား။

"ဒါပေမယ့် သားသမီးရတနာ မရသေးလို့ သိမ်ပြီး တောင့်တခဲ့ရပါတယ်။ အိမ်ထောင်သက် သုံးနှစ်ရှိတော့ မန္တစင်မှာ ကိုယ်ဝန်ရှိလာပါတယ်။ တပည့်တော်တို့ ပျော်လိုက်တာ ပြောစရာမရှိအောင်ပါပဲ။ ကံဆိုးချင်တော့ မန္တစင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်အရင့်အမာနဲ့ ချော်လဲရာက မိခင်ရောကလေးပါ သေဆုံးပါတယ်ဘုရား။ မန္တစင်သေတော့ တပည့်တော်က ရွှေညောင်မှာ ရောက်နေပါတယ်။ ကြေးနန်းရရချင်း ပြန်လာပေမယ့် ရက်လည်ဆွမ်းကျွေးတာတောင် မမီတော့ပါဘူး။ အဲသည်ကတည်းက အရက်တွေကို အစဉ်တစိုက်သောက်လာခဲ့ပါတယ်။ အရက်မူးမှ သောကတွေ မေ့လို့ရပါတယ်ဘုရား။ တပည့်တော် အရက်ကြောင့် သေချင်သေပါစေ။ တွယ်တာစရာမရှိတော့တဲ့ လောကကြီးမှာ ဆက်လက်အသက်ရှင်နေလို့ ဘာထူးမှာလဲ။ ဒါပေမယ့် တပည့်တော်မသေမီမှာ အဖေ ရှိသေးတယ်ဆိုယင်ပေါ့လေ အဖေ့ကိုတော့ တွေ့ချင်သေးတယ်။ တစ်လောကလုံးမှာ တပည့်တော် မျှော်လင့်စရာဆိုလို့ အဖေပဲ ရှိပါတော့တယ်ဘုရား"

"အင်း... ကြားရတော့လဲ တကာလေးရဲ့ အဖြစ်က စိတ်မချမ်းသာစရာပါလားကွယ်။ တကာလေးရဲ့အသက်အရွယ်က ငယ်သေးတော့ ပြုပြင်ပြီး ရှေ့ခရီးဆက်ယင် ရပါသေးတယ်။ အရက်သေစာကို လုံးဝ မဖြတ်နိုင်သေးယင် လျှော့ပေါ့ပြီး သောက်ပါ။ အချိန်ရှိတိုင်း သောက်သုံးနေယင် အလုပ်ကို ထိခိုက်လာမယ်မဟုတ်လား"

"တင်ပါ့ဘုရား။ တပည့်တော် လျှော့ပါမယ်။ အချိန်အတော်လင့်ပြီမို့ တပည့်တော်ပြန်ပါဦးမယ်ဘုရား"

× × × ×

ထိုနေ့မှစ၍ ကိုသက်ခိုင်သည် အသောက်လျှော့လာသည်။ အစားအစာကို ဂရုစိုက်ပြီး ကြိုးစားစားသည်။ အချိန်မှန်မှန်အိပ်ထခြင်း ပြုသည်။ ပြောင်းလဲလာသော ကိုသက်ခိုင်၏

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူများကြောင့် လုပ်ဖော်ကိုင်ဖက်များသည်ပင် ချီးကျူးစကား ပြောလာ၏။ လုပ်ငန်း ကိုင်ငန်း၌ တော်သော ကိုသက်ခိုတစ်ယောက် အရက်၏ ကျေးကျွန်ဖြစ်နေသည်ကို မည်သူမျှမကြည့်ရက်ကြပေ။ သူ့ကိုအရက်မကောင်းကြောင်း ပြောလို့မရ။ သူသည် ဘုန်းကြီးတစ္ဆေလိုလူမျိုးမို့ သူကပင် အရက်မကောင်းကြောင်း တရားကို ပြန်ဟောတတ်သည်။ "မကောင်းမှန်းသိလို့ တမင်သောက်တာကွ" ဆိုတော့ မခက်ပါလား။

ပြောဆိုမရသောကြောင့် လက်ပိုက်ပြီးကြည့်နေခဲ့ရသည်။ သူ့ဘာသာ ပြောင်းလဲလာသောအခါ လွှန်တူးစခန်းရှိ ဝန်ထမ်းအားလုံး ဝမ်းသာကြသည်။

အလုပ်နားသောရက်တွင် ကိုသက်ခိုသည် ဆရာတော်ဘုရားထံသွားသည်။ လှူဖွယ်ပစ္စည်းများဆက်ကပ်သည်။

"မောင်သက်ခိုကို ဘုန်းကြီးမျှော်နေတာကွယ့်။ ဘယ်လိုလဲ သောက်လာသေးလား"

"တပည့်တော် အသောက်လျှော့ပါပြီဘုရား"

"လုံးဝဖြတ်ဖို့ စိတ်မကူးဘူးလား"

"ဒါတော့ခွင့်လွှတ်ပါဘုရား။ ဆရာတော်ဘုရားလဲ တပည့်တော်ရဲ့ ဘဝဟောင်းကို သိပြီးပြီမို့ အထူးပြောစရာ မလိုပါဘူးဘုရား"

"မောင်သက်ခို့ရဲ့အဖေက အဖြတ်ခိုင်းယင် ဖြတ်မှာလား"

"အဖေနဲ့တွေ့ယင်တော့ ဖြတ်မှာပေါ့ဘုရား။ ဒါမှ ရှေ့လောကမှာ အဖေနဲ့ကြာကြာနေရမှာပါ။ အရက်သာဆက်သောက်နေယင် သက်တမ်းတိုမယ်ဆိုတာ တပည့်တော်သိပါတယ်ဘုရား"

www.burmeseclassic.com



"မောင်သက်ခိုက အဖေကို သိပ်ချစ်ပါလားကွယ်။ ဘုန်းကြီးမေးမယ် စိတ်မဆိုးနဲ့။ မောင်သက်ခိုရဲ့အဖေကို စိတ်မနာဘူးလား။ သားသမီးတွေကိုထားပြီးထွက်သွားလို့လေ"

"အဖေ့ကို စိတ်မနာပါဘူးဘုရား။ အဖေ့ကို သနားတောင်သနားပါတယ်။ အဖေက ငွေကြေးအပြည့်အစုံထားခဲ့လို့ တာဝန်ကျေသင့်သလောက်ကျေပါတယ်။ ဦးလေးလိမ္မာယင် အဖေထားခဲ့တဲ့ငွေတွေဟာ တပည့်တော်တို့တစ်သက်စားမကုန်ဘူးလို့ ထင်ပါတယ်"

"သည်လိုဆိုယင် မောင်သက်ခိုအဖေက မောင်သက်ခိုနဲ့တွေ့ချင်တယ်ဆိုယင် တွေ့နိုင်ပါ့မလား"

ကိုသက်ခို၏ မျက်လုံးများ တောက်ပြောင်လာသည်။ အသည်းနှလုံးမှဖြစ်ထွန်းလာသော စကားတို့သည် နှုတ်ဖျားမှ လုယက်တိုးဝှေထွက်ကြသည်။

"သိပ်တွေ့ချင်ပါတယ်ဘုရား။ ဘယ်လောက်ဝေးဝေး သွားတွေ့ပါ့မယ်။ တပည့်တော်အမျှော်လင့်ဆုံးဟာ အဖေနဲ့တွေ့ဖို့ပါပဲ။ အဖေ့ကို အရှင်ဘုရားသိပါသလား ဘုရား"

"ဝေးဝေးလံလံ သွားစရာမလိုတော့ပါဘူး မောင်ဖေခင်"

ကိုသက်ခိုသည် ဘုန်းနားကို မယုံနိုင်အောင်ဖြစ်သွားသည်။ နားကြားလွဲခြင်း မဟုတ်တန်ရာ။ ဆရာတော်၏နှုတ်မှ ထွက်လာသောအမည်သည် သူငယ်နာမည်၊ အိမ်နာမည်၊ အဖေပေးထားသောအမည်။ ကျောင်းနေမှ မောင်သက်ခိုဟု ပြောင်းလဲခြင်းဖြစ်သည်။

"အိုး .... တပည့်တော်ကို ဖေခင်လို့ခေါ်တာ ဟုတ်လား။ ဒါဆို ဘုန်းဘုရားဟာ တပည့်တော်အဖေပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ခိုး၏ ကိုယ်ခန္ဓာသည် ဆရာတော်ဘုရား အနီးသို့ လျှင်မြန်စွာပူးကပ်သွားသည်။

"ဟုတ်ပါတယ်သား ....။ ဆရာတော်ရဲ့ဘွဲ့က ဦးစန္ဒိမာ။ လူအမည်က ဦးသက်ထင်ပါ"

ဆရာတော်၏နှုတ်မှ "သား" ဆိုပါလား။ ဆရာတော်၏လူအမည် ဦးသက်ထင်ဆိုပါလား။ ဆရာတော်သည် အဖေ။ အဖေသည် ဆရာတော်။

ငါးနှစ်သားကတည်းက ကွဲကွာသွားသောအဖေ။

နှစ်ပေါင်းသုံးဆယ်ကြာမှ ပြန်တွေ့ရသောအဖေ။

ရှာဖွေစဉ်ကမတွေ့။ မရှာဖွေပါမှ အမှတ်မထင်တွေ့ရသောအဖေ။

ကိုသက်ခိုးအတွက် ဦးသက်ထင်ဟူသောအမည်မှာ ယခင်က နာမည်တူရှိနေလျှင် အဖေနာမည်ကြည့်၍ ခွဲခြားရန်အတွက်သာ အသုံးဝင်ခဲ့သည်။ ယခုအခါ ဦးသက်ထင်ဟူသော အမည်သည် များစွာ အဓိပ္ပာယ်ရှိလာသည်။

ကိုသက်ခိုးသည် ဆရာတော်ကို သိမ်းဖက်သည်။ နှစ်ရှည်လများခေါ်ချင်နေသော "ဖေဖေ"ကို အငမ်းမရခေါ်သည်။

"ဖေဖေရယ်၊ သားတို့ကိုပစ်ပြီး တောကြီးမျက်မည်းထဲမှာ ဘာလို့လာနေတာလဲဟင်"

အသက် ၃၀ ကျော် အရွယ် ကိုသက်ခိုးသည် ကလေးငယ်တစ်ယောက်က ချွဲနွဲ့သလိုမေးသည်။

"သားတို့နဲ့ မခွဲမခွာ နေချင်ပါတယ်ကွယ်။ ဒါပေမယ့် သားတို့အမေ မချိုပြေက ပစ်ခွာထွက်သွားတဲ့နောက်မှာ လောကီ ရှုပ်ထွေးတွေကို ကြောက်လာတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာနဲ့ တဏှာတွေပေးကွာတဲ့ သာသနာ့ဘောင်ကို ဝင်လိုက်တာပါ"

"ဝမ်းသာလိုက်တာ ဖေဖေ။ ဖေဖေဟာ လူ့လောကမှာ ရှိသေးတာရယ်၊ သံဃာတော်အဖြစ်နဲ့ ပြန်တွေ့ရတာရယ်ကြောင့် ပိုလို့တောင် ဝမ်းသာတယ်။ ဟိုတစ်နေ့ကတည်းက ဖွင့်ပြောလိုက်ရောပေါ့ ဖေဖေရယ်"

ဘုန်းဘုရားတွေ၊ တပည့်တော်တွေ၊တကာလေးတွေ ကွယ်ပျောက်ပြီး ဖေဖေတွေ၊ သားတွေ ဖြစ်နေကြသည်။ ထိုအဖြစ်ကို ဆရာတော်သည် သတိထားလိုက်မိ၏။ ထို့ကြောင့် စကားကို ပြန်ထိန်းပြီး ပြောသည်။

"ဘုန်းကြီး ပြောသင့်မပြောသင့်ကို စဉ်းစားနေတာပါ တကာလေး။ သံယောဇဉ်ကြိုးကိုပြတ်လက်စနဲ့ ပြတ်လိုက်ချင်တယ်။ အခုတောင် တကာလေးက အဖေနဲ့တွေ့ချင်တဲ့ ဆန္ဒတွေ ပြင်းပြလွန်းလို့သာ ဖွင့်ပြောရတာပါ"

"သွေးကစကားပြောတယ် ထင်ပါတယ်ဘုရား။ ဖေဖေ့ကို အဲလေ .... ဆရာတော်ကိုမြင်မြင်ချင်း တပည့်တော်မှာ အားကိုးလိုစိတ်၊ ကြည်ညိုစိတ်တွေ ပေါ်လာပါတယ်။ ပြီးတော့ အလုပ်ပိတ်တိုင်း ဖေဖေ .... အဲ .... ဆရာတော်ထံ လာချင်နေပါတယ်ဘုရား"

"ကဲ .... အဖေနဲ့တွေ့ပြီ။ တကာလေးရဲ့ ကံကြမ္မာကို တကာလေးပြင်သင့်ပြီနော်။ ပြီးခဲ့သမျှအဖြစ်တွေကို ဥပေက္ခာပြုလိုက်ပါ။ ဘဝသက်တမ်းအပြည့် နေထိုင်နိုင်ဖို့ အသရည်သေရက်ကို ရှောင်ပါ"

"တင်ပါဘုရား၊ တပည့်တော် အရက်ဖြတ်ပါတော့မယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သာဓု၊ သာဓု၊ သာဓု။ တပ်မက်ခြင်းတဏှာ ရှိနေသမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခရှိနေမှာဘဲ။ တဏှာကိုပယ်နိုင်ယင် အကောင်းဆုံးပေါ့ တကာလေး"

"တင်ပါဘုရား"

"အရက်သေစာကို ဖြတ်ခါစမှာတော့ တကာလေးဟာ ဒုက္ခကို ရင်ဆိုင်ရမှာပဲ။ သောက်သုံးမှီဝဲလေ့ရှိတဲ့ သေရည်ကို မမှီဝဲရတဲ့အခါ ဖောက်ပြန်နေပြီဖြစ်တဲ့ အကြောတွေ အသွေးအသားတွေရဲ့ တုံ့ပြန်တောင်းဆိုမှုကြောင့် ဝေဒနာဖြစ်ပေါ်မယ်။ အရက်ဖြတ်ယင် ဘာပေါ်လာမလဲ"

"ဝေဒနာပေါ်ပါမယ်ဘုရား"

"အေး .... ဝေဒနာ။ ဝေဒနာရဲ့နှိပ်စက်မှုကြောင့် ဒုက္ခတရားကို ခံစားရမယ်။ ဒါပေမယ့် မကြောက်နဲ့၊ နောက်ဆုတ်မသွားနဲ့။ ဖြစ်ပေါ်လာသမျှတရားတိုင်းဟာ အမြဲတည်မနေဘူး။ ဘယ်လိုလာလာ၊ ဘယ်လောက်လာလာ ပျက်ရမှာချည်းပဲ တကာလေး။ အဖြစ်နဲ့အပျက်ကလွဲယင် ဘာမှမရှိဘူး။ ဒါကြောင့် သေရည်ကိုဖြတ်လို့ ဝေဒနာခံစားရစဉ်မှာ တကာလေးဟာ ဖြစ်ပျက်၊ ဖြစ်ပျက်လို့ ရှုမှတ်နေရမယ်။ ဘာရှုမှတ်ရမလဲ"

"ဖြစ် ပျက် ရှုမှတ်ရပါမယ်ဘုရား"

"အေး .... သည်လိုရှုမှတ်ခြင်းကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဘာဝနာလို့ ခေါ်တယ်။ မပြတ်ရှုမှတ်နေယင် အတွင်းစိတ်သန္တာန်မှာ သမာဓိအဆင့်ဆင့် ရင့်သန်လာလိမ့်မယ်။ သမာဓိရင့်တာနဲ့အမျှ ဩော် .... ငါခံစားနေရတဲ့ ဝေဒနာတွေဟာ အမြဲခံနေရမှာ မဟုတ်ပါလား။ တစ်ခဏသာခံစားရခြင်း ဖြစ်တယ်။ သည်ဝေဒနာပျောက်တာနဲ့ သုခချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ကို ရတော့မယ်ဆိုတဲ့အသိတွေ ပေါ်ပေါက်လာမယ်။ ဒါဟာ ဉာဏ်အမြင်ရလို့ပေါ့။ ဉာဏ်အမြင်ရယင် ဝေဒနာချုပ်သွားပြီ။ ဝေဒနာ ချုပ်ပြီးတဲ့နောက် တဏှာလဲသေပြီ။ တပ်မက်မှုတွေကုန်ဆုံးပြီ။ ကြည့်စမ်း .... ဖြစ်ပျက်ရှုမှတ်ပြီး ဝေဒနာကို တောင့်ခံထားတဲ့အတွက် နောက်ပိုင်းမှာ အကျိုးကျေးဇူးတွေ ဆင့်ကဲခံစားရတာ တကာလေးတွေ့တယ်မဟုတ်လား။ တပ်မက်မှုကုန်ဆုံးတဲ့နောက်ပိုင်းမှာ တကာလေးဟာ သေရည်သေရက်ရဲ့ ကျေးကျွန်အဖြစ်က လွတ်ပြီ"

"တပည့်တော် မှတ်သားထားပါတယ်ဘုရား၊ လိုက်နာကျင့်သုံးပါ့မယ်"

"သာဓု၊ သာဓု၊ သာဓု"

× × × ×

လွတ်ပြီကွ။ ကျွတ်ပြီကွ။

နှစ်ပတ်ခန့် ဒုက္ခခံလိုက်ရသည်။ ရူးသွပ်သွားမတတ်ခံစားရသည်။ ဖြစ်ပျက်ကိုရှုမှတ်သည်။ အဖေ့စကားကို မြေဝယ်မကျ နားထောင်သည်။

ဝေဒနာနှင့် ခံနိုင်ရည်သည် သူနိုင်ငါနိုင် လွန်ဆွဲသည်။ အပြင်းအထန်ခံစားနေရစဉ်၊ ဆောက်တည်ရာမရ လူးလှိမ့်ရှားနေစဉ်တွင် ဝေဒနာကိုအရှုံးပေးပြီး သေရည်ဘက်သို့ လက်လှမ်းမည်ပြုသောအခါ အဖေ့အသံသည် မိုးပေါ်ကလိုလို၊ နံဘေးကလိုလို ပေါ်ထွက်လာသည်။ အဖေရှိလျှင် သူအားရှိသည်။ အဖေ့အသံကြားရလျှင် သူအားတက်သည်။ချတော့မည့်လက်နက်ကို ပြန်လည်ကောက်ကိုင်သည်။ စိတ်ဓာတ်မာင်းတင်သည်။ ဝေဒနာကို ပစ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာသည် အရှုံးပေးသွားသည်။ တဏှာသည် ထွက်ပြေးသွားသည်။

လွတ်ပြီကွ၊ ကျွတ်ပြီကွ။

အဖေကြားသိလျှင် ဝမ်းသာမည်မှာ မလွဲ။ အဖေက သူ့ထက်ပင် ဝမ်းသာချင် ဝမ်းသာနေဦးမည်။

အမြန်ပြေးပြောမှ။ အမြန်ဆုံးကိုပြေးမှ။

အို .... စမ်းချောင်းက အနီးလေးပါလား။

အို .... ငါးလေးတွေက ငါ့လောက်မလွတ်လပ်ပါလား။

အို .... တောင်ကုန်းလေးက အနိမ့်လေးပါလား။

ဆရာတော်၏ ရွှေမျောက်ရောက်သည်နှင့် ကိုယ်ရှိန်သတ်လိုက်သည်။ မျက်နှာပိုးသတ်လိုက်သည်။

"တပည့်တော် အရက်သေစာသောက်စားခြင်းမှ လုံးဝကင်းလွတ်ပါပြီဘုရား"

"ဝါဂွမ်းလေးလို ပေါ့ပါးနေတဲ့ တကာလေးရဲ့ လှုပ်ရှားပုံကို ကြည့်ပြီးကတည်းက ဘုန်းကြီးသိလိုက်ပါပြီကွယ်။ အနှောင်အဖွဲ့တွေ၊ တပ်မက်မှုတွေမရှိတော့လို့ တကာလေးရဲ့ ကိုယ်စိတ်နှစ်ပါးလုံး အေးချမ်းသာယာနေပြီ မဟုတ်လား"

"တင်ပါဘုရား။ သုခရဲ့အကျိုးကို တပည့်တော်စံစားရပါတယ်"

"အေးကွယ် .... .... ဝမ်းသာပျော်ရွှင်ချိန်မှာ ဝမ်းနည်းစကားကို ဘုန်းကြီးမပြောချင်ဘဲ ပြောရတော့မယ်"

"ဘာများမိန့်ကြားမှာမို့လဲဘုရား"

"ဘုန်းကြီး သည်တောင်ပေါ်က အဝေးတစ်နေရာကို ကြွတော့မယ်"

"အို သည်မှာပဲ သီတင်းသုံးတော်မူပါဘုရား။ အဖေ့ကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးပြုစုပါရစေ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးပစ္စည်းဝတ္ထုတို့ကို တပည့်တော်တာဝန်ယူပါရစေ"

"သားရှဲ့စေတနာနဲ့ အလှူဒါနကို ဘုန်းကြီးမကန့်ကွက်လိုဘူး။ ဒါပေမယ့် သည်နေ့ရာမှာ နောင်တစ်နေ့ဆိုယင် တကာလေးတို့ရှာနေတဲ့ သတ္တုသိုက်ကြီးတူးဖော်ထုတ်လုပ်ကြလို့ လူသူစည်ကားတော့မယ်။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်လမ်းကို ရောက်ကြောင်းကျင့်ကြံရာမှာ လူသူစည်ကားဝိုင်းရံခြင်းဟာ အနှောင့်အယှက်ဖြစ်စေတတ်တယ် တကာလေး"

"တပည့်တော် တစ်သက်လုံး တောင့်တခဲ့ရတဲ့ အဖေကို မြင်လိုကြည့်လို့ အားမရသေးပါဘူး။ တစ်ဝါလောက်နေပါဦး ဘုရား"

"တော်ပါတော့ တကာလေး ....။ သံယောဇဉ်ကြိုးကို မချည်နှောင်ချင်ပါနဲ့။ တစ်ရက်နေယင် သံယောဇဉ်ကြိုး တစ်ပတ်ရစ်တာပဲ။ အထပ်ထပ်ရစ်ပတ်ခံရပြီးမှ ထွက်သွားရယင် သွားသူအတွက်ရော ကျန်သူအတွက်ပါ မကောင်းဘူး။ တကာလေးအလာကို ဘုန်းကြီးစောင့်နေတာပါ။အခုပဲ ဘုန်းကြီးကြွတော့မယ်။ ဆုံးဖြတ်ပြီးသားမို့ မတားပါနဲ့တော့ တကာလေး"

"ဘာသာ သာသနာရေးမို့ မတားတော့ပါဘူး ဘုရား။ အဖေဆုံးမလို့ တပည့်တော် လိမ္မာလာပါပြီ။ တပည့်တော်ကို ဆက်လက်မဆုံးမတော့ဘူးလား ဘုရား"

"ဘုန်းကြီးပြောသမျှဟာ ဘုန်းကြီးရဲ့ စကားမဟုတ်ပါဘူး။ ဗုဒ္ဓဘုရားရှင်ရဲ့ စကားတွေပါ။ ဒါကြောင့် ဘုန်းကြီး မရှိတဲ့နောက်ပိုင်းမှာ ဗုဒ္ဓရဲ့တရားဒေသနာတော်များကို ရှာဖွေကြားနာပါ။ ဗုဒ္ဓရဲ့အဆုံးအမကို နာယူပါတကာ"

ဆရာတော်သည် လှမ်းထွက်အံ့ပြင်သည်။ တကယ်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့မည် ဆိုသောအခါ မသွားစေချင်။ ပျောက်သောသူကို ပြန်တွေ့ပြီးမှ လက်လွှတ်မခံချင်။ ကိုသက်ခိုင်၏ လက်နှစ်စုံသည် ဆရာတော်၏ ခြေတို့ကိုပွေ့ဖက်ထားသည်။ ဆရာတော်မှာ မလှုပ်သာ မလွန့်သာ။

"ချစ်သား .... စိတ်ကိုထိန်းပါ။ တကာလေးဟာ စိန်လွန်တူးသမား မဟုတ်လား။ စိန်ကျောက်တို့လို ထက်မြက်ခိုင်မာစမ်းပါ။ လာဘ်သမ္မ လောကဓံတရားတွေကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်စမ်းပါ။ အယသောတရားကြောင့် ညှိုးငယ်တုန်လှုပ်ခြင်း မဖြစ်ပါနဲ့။ လွှတ်ပါတကာလေး"

ကိုသက်ခိုင်သည် လက်တို့ကို ဖြေလွှတ်လိုက်သည်။ ဆရာတော်ကို ဦးသုံးကြိမ်ချသည်။

"ဆရာတော် ဘယ်ဒေသကို ကြွမယ်ဆိုတာ သိပါရစေဘုရား။ တပည့်တော်ကို လိုက်ပို့ခွင့်ပြုပါ"

"သည်းခံတကာလေး။ ဘုန်းကြီးဟာ တောတောင်တွေထဲ လှည့်ပတ်သွားလာမှာမို့ နေရာဒေသ အတိအကျပြောလို့ မရပေဘူး"

ဆရာတော်သည် အသင့် ထုပ်ပိုးထားသော သင်္ကန်းပရိက္ခရာကို ဆွဲ၍ပြီး ထွက်သွားသည်။ ကိုသက်ခိုင်သည် မယုံကြည်နိုင်သလို ငေးကြောင်၍ကြည့်နေမိသည်။ အိပ်မက်လေလား။ အိပ်မက်ဖြစ်ပါစေ။ အို .... ဒါဟာ အိပ်မက်မဟုတ်ဘူး။ တကယ်သွားပြီ။

ဆရာတော်သည် မြေအထစ်များအတိုင်း နင်းလျှောက်၍ ဆင်းသွားသည်။

ကိုသက်ခိုင်သည် မြေပေါ်တွင် ပုဆစ်တုပ်ထိုင်နေရာမှထ၍ ပြေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေ ဖေ"

ကိုသက်ခိုအသံသည်တုန်ရီအက်ကွဲစွာပေါ် ထွက်လာသည်။ ဆရာတော်က သမင်လည်ပြန် ကြည့်သည်။

"နေခဲ့ပါသား။ မလိုက်ခဲ့ပါနဲ့။ အဖေမရှိတဲ့ ကာလမှာ အဖေတို့ရဲ့ ဆရာသခင် ကျေးဇူးရှင် ဗုဒ္ဓရှိတယ်။ ဗုဒ္ဓကို ကိုးကွယ်ပြီးနေခဲ့ပါသား"

ဆရာတော်သည် နောက်ဆုံးစကားကိုပြောပြီး တောင်အောက်သို့ ဆက်ဆင်းသွားသည်။ ကိုသက်ခို၏ ပြေးလွှားနေသော ခြေတို့ရပ်တန့်သည်။ မြေလှေကားထစ်ပေါ် တွင် ထိုင်ချသည်။ သေးကွေး မှုန်ဝါးသွားသော ဆရာတော်ကို မျက်စိတဆုံးကြည့်သည်။

ကိုသက်ခိုထိုင်နေသောနေရာသည် ကိုသက်ခိုလဲကျခဲ့သော နေရာဖြစ်သည်။

× × × ×

## နောက်ဆက်တွဲ

ကျွန်တော်သည် ၁၉၈၃ ခုနှစ် ဇန်နဝါရီလအတွင်းက တနင်္သာရီတိုင်း၊ တနင်္သာရီ မြို့နယ် အတွင်းသို့ သွားခဲ့သည်။ မြိတ်မြို့နယ်မှတစ်ဆင့် စက်လှေဖြင့် တနင်္သာရီ မြစ်ကြောင်းအတိုင်း တက်ရသည်။ တနင်္သာရီမြို့မရောက်မီ လယ်သစ်ချောင်းထဲသို့ စက်လှေကိုကွေ့ဝင်သည်။ ချောင်းကမ်းနံဘေး တစ်လျှောက် ဓနိပင်များ ပြည့်နေသည်။

လယ်သစ်ရွာတွင် ခေတ္တ စခန်းချကြသည်။ ဘုန်းကြီးကျောင်းတွင် တည်းခိုရသည်။ ကျွန်တော်တို့ လုပ်ဆောင်ရမည့် ဓာတ်သတ္တုရှာဖွေရေးခရီးစဉ်တွင် ရှေ့ဆိုရေးလိုအပ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပဝရွာမှ ပြည်သူ့တပ်မတော်သားများ အလာကို စောင့်ကြသည်။ သူတို့ရောက်လာသော် လယ်သစ်ရွာမှ ပြည်သူ့စစ်၏ အင်အားကို ထပ်မံဖြည့်ပြီး ခရီးဆက်ကြသည်။

ရိုးမပေါ်ရောက်သော်ကျောက်နမ္မူနာများကောက်ယူခြင်း၊ တိုင်းတာခြင်းများ လုပ်ဆောင်ရသည်။ ထိုသို့ လှည့်လည်သွားလာကြစဉ် ဦးပေါင်းကူးဆိုသူ၏ တဲလေးသို့ ရောက်ခဲ့သည်။

လူသူလေးပါးနှင့် ဝေးကွာသောဒေသတွင် တစ်ဦးတည်းနေသော အဘိုးအိုဖြစ်သည်။ အနီးဆုံးရွာဖြစ်သော မောင်းဒီရွာနှင့် ငါးမိုင်ခန့်ဝေးသေးသည်။ တဲ ပတ်ပတ်လည်တွင် စားပင် သောက်ပင်များ၊ ခရုပင်(သီဟိုဠ်သရက်ပင်) များ စိုက်ပျိုးထားသည်။ အရိပ်အာဝါသ ကောင်းမွန်သည်။ နီညိုရောင်မြေတလင်းသည် ချောပြောင်လျက်ရှိသည်။

ဦးပေါင်းကူး၏ ခြံထဲဝင်လိုက်သည်နှင့် မောသမျှ ပန်းသမျှ ပြေသည်။ ရဲဘော်များသည် မြေပြောင်ပြောင်ပေါ် ခြေပစ်လက်ပစ် ထိုင်ကြသည်။ ဦးပေါင်းကူးသည် ကျွန်တော်တို့အဖွဲ့ကို ပိန္နဲသီးများ၊ နာနတ်သီးများ အလျှံပယ် ချကျွေးသည်။ အဘိုးအိုသည် အိုမင်းရင့်ရော်ပြီဖြစ်သော်လည်း မျက်စိမမှုန်၊ သွားမကျိုး၊ ခါးမကိုင်း၊ နားမထိုင်းသေးပေ။လှုပ်ရှားဟန်က သွက်လက်သည်။ စကားပြောသံက ချိုသာသည်။ အဘ ဦးပေါင်းကူး၏ အသံသည် မြိတ်လိုမဲ၊ တနင်္သာရီလို မဝဲ။ အထက်သားများပြောဆိုသော လေယူလေသိမ်းဖြစ်သည်။

"မောင်တို့က သတ္တုရှာဖွေရေးကဆိုတော့ အဘ တစ်ခု လောက်မေးချင်တယ်။ မောင်သက်ခိုဆိုတာ သိသလား"

ကျွန်တော်စဉ်းစားကြည့်သည်။ ကျွန်တော်တို့ ဘူမိဗေဒ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းထဲတွင် ဤအမည်မရှိသည်မှာ သေချာသည်။ သို့သော် ယခင်နှစ်က စံပြလုပ်သားရသူများတွင် လွန်တူးအဖွဲ့မှ ကိုသက်ခိုပါကြောင်းမှတ်မိသည်။

"လွန်တူးထဲမှာတော့ ကိုသက်ခိုဆိုတာရှိတယ်။ မနှစ်က စံပြလုပ်သားရတယ်"

"အေး....အေး....ဟုတ်တယ်။ စိန်လွန်တူးတဲ့ မောင်သက်ခို ဟုတ်တယ်။ ဩော် .... သူက စံပြလုပ်သား ရသွားပြီလား။ ကြားရတာ အဘဝမ်းသာတယ်ကွာ။ ရဟန်းဘဝကို စွန့်ပြီး ကယ်တင်ရကျိုးနပ်ပြီပေါ့" ဟု အစချီကာ ကိုသက်ခိုနှင့်တွေ့ဆုံခဲ့ပုံများကို အဘ ဦးပေါင်းကူးသည် အားတက်သရော ပြောပြသည်။

"သည်လိုဆိုယင် အဘဟာ ကိုသက်ခိုရဲ့အဖေ ဦးသက်ထင် ပေါ့နော်"

"မဟုတ်ပါဘူး။ အဘက ဦးပေါင်းကူးပါ။ ဦးသက်ထင်ကို အဘ မသိလဲမသိဘူး၊ မြင်လည်းမမြင်ဖူးဘူး"

"မျက်စိတွေတောင် လည်သွားပြီအဘရယ်"

"သည်လိုကွယ့် မောင်ရဲ့။ မောင်သက်ခိုဟာ အဘရဲ့ ကျောင်းသခ်မ်းကို ရောက်လာတိုင်း အရက်သေစာ သောက်စားထားပေမယ့် စကားအပြောအဆိုအနေအထိုင်ဟာ အလွန် ယဉ်ကျေး သိမ်မွေ့တယ်။ စိတ်ကောင်း နှလုံးကောင်းရှိသူမှန်း ကြည့်ရုံနဲ့ သိတယ်။ အရက်ဖြတ်ဖို့ အတန်တန်ပြောပေမယ့် သူမဖြတ်ဘူး။သူ့ဘဝ ဖြစ်စဉ်ကို ပြောပြတော့ ကရုဏာ သက်မိတယ်ကွယ့်။ နောက်တစ်နေ့မှာ ငါးမျှားရွာက ဆွမ်းလောင်း တစ်ခုမှာ အဘကိုပင့်လို့ အဘသွားခဲ့တယ်။အကြံတစ်ခုရတာနဲ့ သူတို့လွန်တူး အဖွဲ့က အုပ်ချုပ်သူ လူကြီးဆီသွားပြီး မောင်

www.burmeseclassic.com

www.burmeseclassic.com



သက်ခိုရဲ့ကိုယ်ရေးရာဇဝင်ကို တောင်းပြီးဖတ်ခဲ့တယ်။ အဲသည်က သိခဲ့ရတဲ့ နာမည်တွေကိုသုံးပြီး မောင်သက်ခိုရဲ့အဖေအဖြစ် ဟန်ဆောင်ခဲ့တာပါ။ သူ့အရက်ဖြတ်ဖို့ သည်တစ်နည်းပဲရှိလို့ လုပ်လိုက်ရပေမယ့် အဘစိတ်မကောင်းဘူး။ မောင်သက်ခိုဆီက ထွက်လာပြီး လူဝတ်လဲတယ်။ နောက်ဆုံး သည်ဒေသ ရောက်လာပြီး အခြေ ချတာပဲ"

"ဘာလို့ လူဝတ်လဲတာလဲ အဘ"

"အဘဟာ မောင်သက်ခိုရဲ့ ကိုယ်ရေးရာဇဝင်ကို တောင်းကြည့်ခဲ့တယ်မဟုတ်လား။ ကာယကံရှင်မသိအောင် လုပ်တာမို့ အဒိန္နာဒါန ံကို ကျူးလွန်မိပြီ။ မောင်သက်ခိုကို လိမ်လည်ပြောတဲ့အတွက် မုသာဝါဒကံ ကျူးလွန်မိပြီ။အဘဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်နှစ်မျိုးလုံးကို ပြုခဲ့ပြီဆိုတော့ ရဟန်းမဝတ်ထိုက်တော့ဘူး။အဲသည်အချိန်က အဘအသက်ခြောက်ဆယ်။ မောင်သက်ခိုက သုံးဆယ်ကျော်ပြီပေါ့။ မောင်သက်ခိုဟာ အရက်ကို အလွန်အကျွံ သောက်သုံးပြီး မြန်မြန်သေချင်တယ် မဟုတ်လား။ မောင်သက်ခိုရဲ့ လူ့ဘဝ ပဲ ရခဲ့တယ်။ အဘရဲ့ ရဟန်းဘဝလဲ ရခဲ့တယ်။ အဘက အသက်ကြီးပါပြီကွယ်။ မောင်သက်ခိုကို များစွာကျန်သေးတဲ့ ဘဝအစိတ်အပိုင်းတွေမှာ လူကောင်းသူကောင်း ဖြစ်စေချင်တယ်လေ၊ မေတ္တာဝါဒကို ရှေ့တန်းတင်ပြီး အဘရဲ့ ရခဲ့လှတဲ့ ရဟန်းဘဝကို စွန့်ခဲ့တာပါပဲ မောင်"

"အာပတ်ဖြေပြီး ဆက်ဝတ်နေပါလား အဘရယ်"

"ဘယ်သူမှ မသိပေမယ့် ကိုယ့်စိတ်ကို မလုံဘူးမောင်ရဲ့။ ဘုရားက ခွင့်လွှတ်ပေမယ့် အဘအနေနဲ့ မခံယူချင်တော့ဘူး။ အခုလူဝတ်လဲထားပေမယ့် အဘဟာ နေ့လွဲညစာမစားဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင် မှုတ်ဆိတ်မထားဘူး။ လူဝတ်နဲ့သင်္ကန်းဝတ်တွေ လဲလှယ်ဝတ်ဆင်တာပဲကွာပါတယ်။ လူသူကင်းဝေးရာမှာ နေထိုင်ပြီး သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းတွေ အမြဲလုပ်နေတာပဲ။ မောင်နဲ့ကြုံကြိုက်တုန်းမှာ အဘ တစ်ခုလောက်မှာချင်တယ်"

"ဘာများလဲ အဘရယ်"

"အဘအနေနဲ့ မောင်သက်ခိုအပေါ် တစ်သက်လုံး လိမ်ညာမထားချင်ဘူးကွယ်။ ဒါကြောင့် မောင်သက်ခိုနဲ့ တွေ့တဲ့အခါ အဖြစ်မှန်တွေ ပြောပြလိုက်ပါနော်"

"ဟုတ်ကဲ့အဘ" ဟု ပြောကာ ကျွန်တော်သည် အလွယ်တကူ ခေါင်းညိတ်မိခဲ့သည်။

လက်တွေ့တွင် ပြောဖို့မလွယ်ပေ။

ကျွန်တော်ပြောသည်ကို ကိုသက်ခိုမယုံကြည်လျှင် ကိစ္စမရှိပါ။ ပြောခိုင်းသည့်စကားကို ပြောပြီးလျှင် ကျွန်တော့်တာဝန်ကျေသည်။

ကိုသက်ခို ယုံကြည်သွားလျှင် သူ့အတွက် နောက်ထပ်ပူဆွေးဝမ်းနည်းရသည်မှတစ်ပါး အခြားမရှိပြီ။ ကြည်လင်နေသော ဘဝရေအိုင်တွင် အနယ်အမှုန်တို့ ပြန်ထမလာဟု အာမမခံနိုင်ပါ။

မပြောပြန်လျှင်လည်း ကတိတစ်လုံး အကြွေးတင်ဦးမည်။ ထို့ကြောင့် ကျွန်တော်သည် စာဖြင့် ရေးဖွဲ့လိုက်ပါသည်။ ကိုသက်ခိုနှင့်အဘ ဦးပေါင်းကူး ဖတ်မိပါစေ။

သို့မဟုတ်

စိန်လွန်တူးသမားနှင့် စိန်နှလုံးသားပိုင်ရှင်တို့ ဖတ်ဖြစ်ပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀။ မနောကြည်ကြည်တင့်

ကိုဆင့်ပုံနှင့် အောင်တေးတို့ကြားမှာ ဘာပြဿနာတွေ ပေါ်နေပြီမသိ။

ပထမဆုံး လာပြောသူက အောင်တေး။

"ကျွန်တော့်ကို စက်ပြောင်းပေးပါဦးလေးစော။ ကိုဆင့်ပုံ စက်မှာ ကျွန်တော်မလုပ်ရဲဘူး"

မရှေးမနှောင်းမှာပင် ကိုဆင့်ပုံရောက်လာပြန်သည်။

"ကျွန်တော့်စက်ထဲမှာ အောင်တေးကို ထည့်မပေးပါနဲ့။ တခြားလူ လဲပေးပါ ဦးလေးစော။ အောင်တေးကလွဲယင် ဘယ်သူဖြစ်ဖြစ် လက်ခံတယ်"

အလုပ်သိမ်းချိန်မို့ ရုံးခန်းထဲတွင် လူရှုပ်သည်။ လာအပ် သမျှပစ္စည်းများကိုလက်ခံနေရသဖြင့် ဦးဒိုင်စောလည်း အလုပ် ရှုပ်နေသည်။ မိုးလင်းမှ ပြဿနာဖြေရှင်းပေးရန် တေးမှတ် ထားလိုက်သည်။

ဦးဒိုင်စောသည် လွန်တူးအဆိုင်းတာဝန်ခံ။ ညအဆိုင်းကို တာဝန် ယူရသည်။ သူတာဝန်ယူရသော အဆိုင်းအတွင်း၌ ဖြစ်ပျက်သမျှ လွန်တူး လုပ်ငန်းဆိုင်ရာ အခက် အခဲများ၊ ဝန်ထမ်းပြဿနာများအားလုံးကိုဖြေရှင်းပေးရသည်။ အတွေ့ အကြုံ များနေပြီဖြစ်သော လူကြီးများကို အဆိုင်းတာဝန်ခံ အဖြစ် သတ်မှတ်အုပ်ချုပ်စေသည်။ အဆိုင်းတာဝန်ခံများ၏ အထက်တွင် လွန်တူးတာဝန်ခံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


လုပ်ငန်းများ တွင်ကျယ်စေရန် လုပ်သားများသင့်မြတ်ဖို့သည် အလွန်အရေးကြီးသည်။ သူတို့နှစ်ဦး ပြဿနာကို သေချာစွာ မေးမြန်းပြီး ရှင်းရမည်။

× × × ×

"မအေးရေ.... မအေး၊ ရေနွေးအိုးနဲ့ အကြမ်းပန်းကန်လုံး ယူခဲ့ပါကွာ။ သည်မှာ ဦးလေးစော ရောက်နေတယ်"

ဦးဒိုင်စောသည် ထိုင်မိသည်နှင့်တစ်ပြိုင်နက်တည်း လိုရင်းစကားကို တဲ့တိုးမေးသည်။

"ကဲ....ပြောစမ်း ဆင့်ပုံ။ မနေ့ညက မင်းနဲ့ အောင်တေး ဘာဖြစ်တာလဲ"

"ဟာ .... သည်လိုကောင်ကို ကျွန်တော်မတွေ့ဖူးပါဘူး ဦးလေးစောရယ်။ ကျွန်တော့် မနေ့ကို ဦးလေးစောအသိပဲလေ။ ဘယ်သူ့အပေါ် စိတ်ဆိုး စိတ်ကောက် ဖူးလို့လဲ။ အောင်တေးကိုတော့ စိတ်ဆိုးတယ်ဗျာ။ သည်ကောင်လေးက လူကတ်ဗျ။ ကဲ .... ဦးလေးစော ရေနွေးသောက်ပါဦး။ မအေးရေ ကြောင်အိမ်ထဲက ငါးခြောက်ပန်းကန်ယူခဲ့ပါဦး"

ကိုဆင့်ပုံသည် ဦးဒိုင်စော၏ ပန်းကန်လုံးထဲသို့ ရေနွေးငှဲ့ထည့်သည်။

"လုပ်တာကိုင်တာတော့ မဆိုးပါဘူး ဦးလေးစောရယ်။ သွက်သွက်လက်လက်ရှိပါတယ်။ ဒါပေမယ့် အောင်တေးက စက်နားမှာမနေဘူးဗျ။ ခိုင်းစရာပြုစရာရှိယင် ကိုယ့်ကော် လေးကို ပင့်နေရတာက တစ်ဒုက္ခ။ ကျွန်တော်က စက်နားမှာ ပဲနေဖို့ ကောင်းကောင်းမွန်မွန် ပြောပါတယ်။ ဘာဝင်ပြော သလဲသိလား။ စက်နားမှာမနေချင်ဘူးတဲ့။ ကြိုင်ကြီးလဲကျ

www.burmeseclassic.com

www.burmeseclassic.com



ယင် ပိမှာစိုးလို့တဲ့ဗျ။ကျွန်တော့်စက်နားက ကြို့ပင်ကို ဦးလေးစောတွေ့ဖူးမှာပါ။ ဘူဒိုဇာနဲ့ ထိုးထားလို့ အမြစ်တွေပေါ်နေတဲ့ အပင်ကြီးပေါ့။ အဲသည်အပင်ကို ကြောက်တယ်တဲ့။ အံ့ရော့ဗျာ။ မအေးရေ ....ဟော့.... မအေး၊ မင့်ရေနွေးက ရေခဲရေဖြစ်နေပြီကွ။ ဓာတ်ဘူးယူခဲ့စမ်းပါ"

မီးဖိုထဲမှ မအေးမြ၏ ပြန်ဖြေသံ ထွက်ပေါ်လာသည်။

"ခဏစောင့်ဦး ကိုဆင့်။ ဓာတ်ဘူးထဲမှာ ရေနွေးကုန်လို့ ထပ်တည်နေတယ်"

"အောင်တေးဟာ ကြောင်တောင်တောင်ပါ ဦးလေးစောရယ်။ အမြစ်တွေပေါ်တာကပေါ်တာပေါ့။ လဲမကျနိုင်ပါဘူး။ လဲလို့ပိယင် အားလုံးပေါ်ပိမှာပါ။ သူက တစ်ကိုယ်ကောင်းသမား။ အဝေးကြီးမှာ သွားထိုင်နေတယ်။ မနေ့ကတော့ ကျွန်တော် စိတ်အဆိုးဆုံးပဲ ဦးလေးစောရေ။ အဆင်မပြေလိုက်တာလဲ လွန်ရော။ မအေးရေ.... ညှော်လိုက်တာကွာ ဘာတွေလုပ်နေတာလဲ"

"အမဲခြောက်ဖုတ်နေတာ ကိုဆင့်"

"လွန်စက်ကြီးနှိုးတော့ ဘက်ထရီက အားမရှိဘူးဗျာ။ တောင်အောက်ဆင်းပြီး ဘက်ထရီထမ်းရသေးတယ်။ လွန်စက်နှိုးတော့ ရေစုပ်စက်က နှိုးလို့မရပြန်ဘူး။ စက်ပြင်တွေခေါ်ပြီးပြရတယ်။ ညနေခြောက်နာရီကျော်မှ ကောင်းသွားတယ်။ ဒါနဲ့ ပထမတစ်ပြန်တူးဖို့ လွန်တူး ပိုက်တွေချတော့ ကျင်းအောက်ခြေထိမကျဘူးဗျ။ ကျင်းနံရံတွေပြိုလို့ မြေစာက နှစ်ပေလောက် ပွိုနေတယ်။ ဒါကြောင့် လွန်ဘူးပိုက်ကိုခွရှင်နဲ့လှည့်ချခိုင်းရတယ်။ အောင်တေးက အလုပ်ရှိ်ုင်း စက်နားပြေးလာလိုက် ပြီးတာနဲ့သစ်ပင်ကြီးနဲ့ဝေးရာကို ပြေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မျက်စိကို နောက်နေတာပဲ။ မအေးရေ.... ဟေ့.... မအေး၊ မင့် အမဲခြောက်ဖုတ်က မရသေးဘူးလား"

အမဲခြောက်ဖုတ် ပန်းကန်ကိုင်လျက် မအေးမြ ရောက်လာသည်။

"အတင်းတွေ နောက်မှပြော။ အမဲခြောက်ဖုတ်နဲ့ မြည်းပါဦး။ ရေနွေးအိုးပေးလေ ကိုဆင့်။ အပူထပ်ဖြည့်ရအောင်"

"ဟာ .... ဒါက အတင်းမဟုတ်ဘူး မအေး။ သတင်းကွ သတင်း။ မဟုတ်မမှန်တာကို လုပ်ကြံပြောမှ အတင်းလို့ ခေါ်တယ်။ စကားတောင် ဘယ်ရောက်သွားပါလိမ့်။ ကျင်းဆေးပြီး ပထမအပြန်ကို စတူးတယ်။ တူးနေတုန်းမှာ ရေစုပ်စက်ရဲ့အသံ မမှန်တော့ဘူးဆိုတာ သိလိုက်တယ်။ ရေကို ပံ့မှန်တွန်းရာက အတင်းအားစိုက်တွန်းထုတ်တဲ့အသံဗျ။ လွန်သွားရဲ့ ထိပ်က ရေထွက်ပေါက်တွေပိတ်နေပြီဆိုတာသိလိုက်လို့ နှစ်ပေလောက်နဲ့ အတူးရပ်ရတယ်။ ပါလာတာက ရွှံ့ကျောက်တွေဗျ။ အတွင်းပိုက်ထဲက တော်တော်နဲ့ ထုတ်လို့မရဘူး။ အတွင်းပိုက်ကို ဆောင့်ချလဲမကျ၊ ရိုက်ချလဲမကျ။ စိတ် ညစ်စရာကောင်းလိုက်တာ ဦးလေးစောရယ်။ နောက်ဆုံးမှာ သစ်ကိုင်းခြောက်တွေစု၊ မီးဖိုပြီးအပူပေးရတယ်။ လွန်အူစာ နှစ်ပေရဖို့ ခက်ခဲလိုက်တာဗျာ။ ရှစ်နာရီထိုးမှ ပိုက်ထဲက ရွှံ့တွေထွက်လာတယ်။ ကဲ....သောက်ပါဦးလေးစော။ အမဲခြောက်ဖုတ်လဲ စားစမ်းပါ။ မအေးရေ.... ဟေ့ .... မအေး။ မင့်ရေနွေးအိုးက သည်တစ်လအတွင်း ရောက်ပါ့မလား"

"ငါ့သွားနဲ့ အမဲခြောက်ဖုတ်နဲ့ မကိုက်ဘူးကွ။ ငယ်ငယ်က တော့ စားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကပြောပေါ့ ဦးလေးစောရယ်။ ကိုယ့်တူကိုယ့်သားတွေကို အားနာစရာမလိုပါဘူး။ မအေးရေ....ကြောင်အိမ်ထဲက ငါးခြောက်ပန်းကန်ယူခဲ့ကွာ။ ဒါနဲ့ပဲ ဦးလေးစောရယ် ဒုတိယအပြန်ကို တူးကြတယ်။ တွင်းထဲက ပြန်ထွက်လာတဲ့ရေဟာ ရွှံ့ရေတွေမဟုတ်တော့ဘူး။ အဖြူရောင်ရေတွေဗျ။ ကျောက်ကိုတူးနေပြီလို့ မှန်းဆပြီး ဖိအားပိုပေးတယ်။ နှစ်ပေခွဲလောက်တော့ ရှောရှောရှူရှူ ဆင်းသွားတာပဲ။ နောက်ပိုင်းမှာ ဘယ်လောက်ဖိဖိ လွန်သွားက မဆင်းတော့ဘူး။ ဒါကြောင့် သုံးပေတူးနဲ့ ရပ်လိုက်ရတယ်။ လွန်သွားကိုကြည့်ချင်လို့ လွန်တူးပိုက်တွေနဲ့ ကိုးဘာရယ်လ်တွေ အားလုံးဆွဲထုတ်တယ်။ ထင်တဲ့အတိုင်းပဲဦးလေးစောရေ။ လွန်သွားမှာ စိန်တွေကုန်နေပြီ။ ဒါကြောင့် လွန်သွားအသစ်လဲတပ်တယ်။ သည်တစ်ခါတော့ ကျောက်တွေမှို လွယ်လွယ်ကူကူထုတ်လို့ရပါတယ်။ ဒါပေမယ့် ကျောက်တွေက တအားကြေတယ်ဗျာ။ သုံးပေတူးတာ ခုနစ်လက်မပဲ လွန်အူစာရတယ်။ အပျောက်သိပ်များတယ်"

မအေးမြသည် ရေနွေးအိုးနှင့် ငါးခြောက်ပန်းကန်လာချသည်။ ငါးရံ့ခြောက်ဖုတ်ကို ဆီရွှဲရွှဲဆမ်းထားသဖြင့် စားချင်စရာကောင်းသည်။ ဦးဒိုင်စောသည် ငါးခြောက်တစ်ဖဲ့ကိုကောက်ဝါးသည်။

"တတိယအပြန်တူးတဲ့အခါမှာ ဒုက္ခအကြီးအကျယ်ရောက်တော့တာပဲဗျာ။ လွန်တူးပိုက်တွေ ပြန်ချတော့ ပေသုံးရာခြောက်ဆယ်အထိပဲ ကျတော့တယ်။ တူးထားတာက သုံးရာခြောက်ဆယ့် လေးပေဗျ။ ဒါကြောင့် ခွန့်နဲ့ လှည့်ချကြတယ်။ မကျလို့ စက်နဲ့လှည့်ချတယ်။ မြေစာတွေကုန်အောင်ဆေးပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



တူးတယ်။ သုံးပေလောက်အထိ မှန်မှန်ဆင်းတယ်။ သုံးပေခွဲအရောက်မှာ လွန်စက်သံမမှန်တော့လို့ရပ်လိုက်တယ်။ လွန်တူးပိုက်ကို ပေနှစ်ဆယ်ဆွဲမတော့ မလို့မရတော့ဘူးဗျာ။ မအေးရေ....မီးဖိုထဲက မီးခြစ်ယူခဲ့ပါဦးကွာ”

ကိုဆင့်ပုံသည် ဆေးပေါ့လိပ်ကို ကိုင်လျက် မီးခြစ် စောင့်သည်။

“ဘယ်လိုပဲ မမ တက်မလာဘူး။ ရေပေးတော့လဲ တွင်းထဲဝင်သွားတဲ့ရေတွေ ပြန်ထွက်လာတာပဲ။ ပြိုကျတဲ့ကျောက်တွေကြားမှာ ကိုးဘာရယ်လ် ညပ်နေပြီ ထင်တာပဲ။ ဝင့်ချ် (Winch) နဲ့ဆွဲလို့ မပါတော့ ဟိုက်ဒရောလစ် (**Hydraulic**) အားကိုထည့်ဆွဲတယ်။ နှစ်ခုပေါင်းဆွဲတာလဲမပါဘူး။လွန်စက်ကြီးက အပေါ်ကို ကြွကြွ တက်လာပေမယ့် လွန်တူးပိုက်က တစ်လက်မတောင် တက်မလာဘူး။ ရေစုပ်စက်နှိုးပြီး တွင်းအပေါ်ကနေ ရေပေးသေးတယ်။ ကျွန်တော်လဲ တတ်သမျှမှတ်သမျှ လုပ်တာပဲဗျာ။ ဦးလေးစောရဲ့ အကြံဉာဏ်ယူဖို့ မောင်နီချိုးကို အခေါ်ခိုင်းလိုက်သေးတယ်”

“အင်း .... အဲသည်တုန်းက ငါလဲ ခေတ်ကျော်တို့စက်က ကောင်လေးတစ်ယောက် မျက်ခုံးကွဲလို့ ဆေးခန်းကို လိုက်ပို့နေရတယ်”

“ဟုတ်တယ်ဗျာ။ ဦးလေးစောမရှိတော့ ဘာဆက်လုပ်လို့လုပ်ရမှန်း မသိတော့ဘူး။ ကျွန်တော်က လွန်ပိုက်တွေ မထွက်နိုင်လို့ ဒုက္ခဖြစ်နေတဲ့အချိန်မှာ အောင်တေးက ခပ်လှမ်းလှမ်းမှာထိုင်ပြီး ကြည့်နေတယ်။ သူများတွေလို စက်နားမှာမနေဘူး။ ကိုယ့်ကို မကူနိုင်ပေမယ့် ကိုယ့်အနားမှာ လူရှိနေယင်

www.burmeseclassic.com

www.burmeseclassic.com



အားတက်တာပေါ့ ဦးလေးစောရယ်။ မအေးရေ .... ဟော .... မအေး၊ မီးခြစ်ယူခိုင်းတာ မေ့နေပြီလားကွာ"

"မမေ့ပါဘူးတော် ထမင်းရည်ငှဲ့နေလို့ပါ။ လာပါပြီ"

မအေးမြသည် သုတ်သီးသုတ်ပျာ ထွက်လာသည်။ မီးခြစ်ပေးပြီး သုတ်သီးသုတ်ပျာ ပြန်ဝင်သွားသည်။

ကိုဆင့်ပုံသည် ဆေးလိပ်မီးညှိသည်။ တစ်ဖွာနှစ်ဖွာ ရှိုက်သွင်းသည်။ ဆေးပေါ့လိပ်ကို ပြန်ချသည်။

"အောင်တေးစက်နားမှာ မနေတာကို မကျေနပ်တာကြာပြီ။ သည်းခံပြီးမပြောဘဲ နေခဲ့တာပါ။ ကျုပ်တော် စိတ်တိုနေချိန်မှာ သည်ကောင်ထိုင်နေတာတွေ့တော့ ဒေါသထွက်လာတယ်ဗျ။ ဒါနဲ့ ဟော့ကောင် အောင်တေးလာစမ်းလို့ ခေါ်လိုက်တယ်။ အောင်တေးရောက်လာတော့ သည်နားမှာပဲ မင်းနေလို့ ပြောတယ်။ အောင်တေးက စက်နားမှာ သူမနေချင်ဘူးတဲ့။ ဒေါသထွက်လာတာနဲ့ ဆွဲထိုးမလို့ အောင်တေးအင်္ကျီကို ဖမ်းဆုပ်လိုက်တယ်။ အောင်တေးက အစ်ကိုထိုးချင်ထိုးပါတဲ့။ စက်နားမှာ ကျုပ်တော် မထိုင်ပါရစေနဲ့တဲ့။ သုံးချောင်းထောက်စင် ကြီး ပို့ကျမှာ ကြောက်လို့ပါတဲ့။ သည်ကောင့်မျက်နှာဟာ တကယ်ကြောက်နေတဲ့ပုံပဲ ဦးလေးစောရဲ့။ မျက်နှာမှာသွေးမရှိတော့ဘူး။သည်ကောင် ကြောက်မယ်ဆိုလဲ ကြောက်စရာပါပဲ။ ကျပ်ညပ်နေတဲ့ လွန်တူးပိုက်ကို အတင်းဆွဲထုတ်ရတော့ သုံးချောင်းထောက်စင်ရဲ့ သံတိုင်တွေက ယမ်းခါသွားတယ်။ လွန်စက်ကြီးလဲ တစ်ပေလောက် အထက်ကို မြောက်ပါသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



မီးသေနေသော ဆေးလိပ်ကို ကောက်ပြီး ထပ်ညှိသည်။ ငါးခြောက် ပန်းကန်ကို ဦးဒိုင်စောရှေ့ တိုးပေးသည်။ အမဲခြောက်ဖုတ်ပန်းကန်ကို သူဘက်ဆွဲယူသည်။

"ကျွန်တော့်မနေ့ကို ဦးလေးစောသိပါတယ်။ ထိုးဖို့ရှယ်ပေမယ့် မထိုးဖြစ်ပါဘူးဗျာ။ သွားကွာ မင်းပြန်တော့ ငါ့စက်မှာမနေနဲ့လို့ မောင်းထုတ်မိတယ်။ သူဟာက လွန်တူးသမားလုပ်နေပြီး သစ်ပင်လဲမှာ ကြောက်ရတာနဲ့၊ သုံးချောင်းထောက်စင် ကျိုးကျမှာကြောက်ရတာနဲ့ မခက်ဘူးလား ဦးလေးစောရယ်။ ည ဆယ့် တစ် နာ ရီ ထိုးခါနီးပြီဆိုတော့ ကျွန်တော်လဲဆက်မလုပ်တော့ဘူး။ ပစ္စည်းတွေသိမ်းပြီး ပြန်လာခဲ့တယ်။ ဦးလေးစောနဲ့တွေ့တော့ အောင်တေးကို မလိုချင်ကြောင်း ပြောလိုက်တယ်။ ဒါပါပဲ ဦးလေးစောရယ်။ မအေးရေ....ဟော....မအေး၊ ဟင်းအိုးနွှေးပါကွ၊ ဦးလေးစောကို ထမင်းကျွေးရအောင်"

"မလုပ်နဲ့ ဆင့်ပုံ၊ ငါမစားဘူး။ ကဲ....မင်းပြောပြီးတော့ ငါ့အလှည့်ပေါ့ကွာ။ မင်းကအောင်တေးနဲ့ အခုမှ တွဲဖူးလို့ပါ။ ငါက သည်ကောင်လေးနဲ့ ဟိုအရင်ကတည်းက တွဲဖူးတယ်။ သူ့အကြောင်းကို ကောင်းကောင်းသိတယ်။ ကြောက်တတ်တာကလွဲလို့ အားလုံးကောင်းတဲ့ ကောင်လေးပါကွာ။ ငါတို့သရက်မှာ လွန်တူးကြတုန်းက သုံးချောင်းထောက်စင် ကျိုးကျဖူးတယ်။ အောင်တေးအပေါ် ပိတာပေါ့ကွာ။ ဒါပေမယ့် စက်သီးချိတ်ထားတဲ့ တိုင်ထိပ်နဲ့မထိဘဲ တိုင်ခြေမှာပိနေလို့ သက်သာတာပေါ့။ အောင်တေးတော့သတိတွေဘာတွေလစ်သွားတယ်ကွ။ အဲသည်ကတည်းက သည်ကောင် ကြောက်သွားတယ်။ လေကြီးမိုးကြီးရွာယင်လဲ အောင်တေးက သိပ်

www.burmeseclassic.com



ကြောက်တတ်ဘယ်။ သူငယ်ငယ်က အကြောင်းကို ပြောပြဖူးတယ်။ အောင်တေးခြောက်နှစ်သားမှာပေါ့ကွာ ....”

× × × ×

အောင်တေးသည် ရွှံနွားရုပ်များ ခြောက် မခြောက် ကြည့်သည်။ ဘို့နေရာ၊ ချိုနေရာ စသည့် အထက်ပိုင်းသည် သွေ့ခြောက်သော်လည်း ဝမ်းဗိုက်နှင့် ခြေထောက်များတွင် စိုထိုင်းထိုင်း ဖြစ်နေသေးသည်။ ထို့ကြောင့် နွားရုပ်ကို နေရောင်ဘက်လှည့်ပြီး တုံးလုံးလှဲသည်။

ဖျော့တော့တော့ ကျနေကို တိမ်တိုက်များက ဖုံးကွယ်လိုက်သောကြောင့် ချက်ချင်းပင် နေရောင် ပျောက်သွားသည်။ အောင်တေးသည် မိုးကောင်းကင်ကို မကျေမနပ်မော့ကြည့်သည်။ ကွက်တိ ကွက်ကျား တိမ်တိုက် ကြားမှ ထိုးထွက်နေသော အလင်းရောင်တန်းသည် မြေပေါ်သို့ ခြေချပြီး မတ်တတ်ရပ်နေသလား ထင်ရ၏။

“အောင်တေး.... နင့်အဖေ မလာသေးဘူးလား ကြည့်လိုက်စမ်း။ ကိုဖိုးခွေး တို့များ အလွန်လောဘကြီးတယ်။ လေနဲ့မိုးနဲ့ စောစောပြန်လာတာ မဟုတ်ဘူး”

ဒေါ်မှုံသည် ပဲစုန်းပြူးများ ရွေးရင်း တဖျစ်တောက်တောက်ပြောသည်။

အောင်တေးသည် သူ့အဖေလာမည့်လမ်းသို့ မျှော်ကြည့်သည်။ ရေတဖွေးဖွေး လယ်ကွင်းပြင်များကို မျက်စိတဆုံးမြင်ရသည်။

“မတွေ့သေးဘူး အမေ၊ ကျုပ်လိုက်သွားရမလား”

www.burmeseclassic.com

www.burmeseclassic.com



ဖေါ်မှုံထံမှ သဘောတူညီချက် မရသေးမီ အောင်တေး သည် လှစ်ခနဲပြေးထွက်သည်။ နွားရုပ်နှစ်ရုပ်သည် အဖော် ကင်းမဲ့စွာ တုံးလုံးပက်လက် ကျန်ရစ်သည်။

မည်းမည်ညာ ကန်သင်းရိုး ပေါ်တွင် ဖိနပ်မပါဘဲ ပြေးလွှား ရသည်မှာ အလွန် အရသာရှိသည်။ လေပြေ လေညင်းက တွန်းပို့သဖြင့် အောင်တေး၏ ဟန်ပန်မှာ မြင်းရိုင်းငယ် တစ်ကောင် ပြေးနေသလား ထင်မှတ်ရသည်။

"ဟဲ့....ကောင်ငယ်လေး။ ဖြည်းဖြည်း ပြေးပါဟ။ ဟိုမှာ မင့်အဖေ လာနေပါပြီ"

လယ်ထဲမှ ပြန်လာသော ဘကြီးလုံ့သည် ဟိုမှာဟု ပြော သော်လည်း သူ့အဖေကို သူမမြင်သေးပေ။

"ဘယ်မှာလဲ ဘကြီးလုံ့ရဲ့ မမြင်ပါဘူး"

"ကောင်ငယ်လေးက ငါ့ထက်တောင် မျက်စိ မွဲပါသေး လား။ မင်း မမြင်ဘူးလား။ ဟို.... ပေပင်အောက်မှာ"

ဘကြီးလုံ့ လက်ညှိုးထိုးပြပါမှ ပေပင်အောက်သို့ သတိ ထားကြည့်သော အခါ သူ့အဖေ၏ သဏ္ဌာန်ကို မြင်ရသည်။ ကျယ်ပြန့်သော မြေလွှာနှင့် နှိုင်းဆမရသော ကောင်းကင် ကြားတွင် သူ့အဖေသည် သေးမွှားလွန်းသည်။

ဦးဖိုးခွေးထံရောက်သောအခါ အောင်တေး မောနေပြီ။ နဖူးပြင်ထက်၌ ချွေးပေါက်တို့ တွဲခိုလျက် ရှိသည်။

"ဘာလို့လိုက်လာတာလဲကွာ၊ ဝေးကဝေးသနဲ့၊ မမော ဘူးလား"

"မောပါဘူးဗျ။ ကျုပ်ကိုကြိုးတွေပေး အဖေ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ လက်ထဲက နွားကန် ကြိုးများကို တောင်းယူလိုက်သည်။ ဗဒ္ဓဆင့်နှင့် နွားပြာကြီးကို အောင်တေး ကိုယ်တိုင် မောင်းလာသည်။

"ရာဟုထောင့်မှာ နီရဲနေတာပဲဟေ့။ လေကျတော့မယ် ထင်တယ်။ မြန်မြန်သွားရအောင်"

"အဖေသာ မြန်မြန်လိုက်ခဲ့ပါ။ ကျုပ်က မြန်ပါတယ်ဗျ။ ဟောကြည့်...."

အောင်တေးသည် နွားများကို ဒုန်းမောင်းသည်။ သူမောတော့ နွားကန်ကြိုးကို ဆောင့်ဆွဲသည်။ ကုက္ကိုပင်အောက် တွင်ရပ်၍ သူ့အဖေကိုစောင့်သည်။ "ဘယ့်နှယ်လဲအဖေ ကျုပ် သွားတာ မြန်တယ်မဟုတ်လား" ဟူသော မျက်နှာပေးဖြင့် သူ့အဖေကို ကြည့်သည်။

"ဘာလို့ ရပ်နေတာလဲ၊ သွားလေ။ ဟိုမှာ လေတွေလာနေပြီ"

သူ့အဖေပြသောဘက်သို့ ကြည့်လိုက်သောအခါ ဖုန်လုံးကြီးလိပ်တက်လာသည်ကို တွေ့ရသည်။ ဖုန်မှုန့်တွေ၏ ဖုံးအုပ်မှုကြောင့် သစ်ပင်များ၊ တဲများ၊ လယ်ကွက်များကို မမြင်ရတော့ပေ။

"တဲမှာ မင့်အမေတစ်ယောက်တည်း မဟုတ်လား။ လာ.... လာ ပြေးကြရအောင်"

ဦးဖိုးခွေးသည် အောင်တေးလက်ထဲမှ နွားကန်ကြိုးကို လက်ပြောင်းယူသည်။ သားအဖနှစ်ဦးသည် နွားနှစ်ကောင် ကို ရှေ့ထားပြေးကြသည်။ လေကိုဆန်ရသည်။ ဖုန်နှင့်သဲမှုန့်တို့ကြောင့် မျက်စိကို မှေးစင်းထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တဲအနီးသို့ ရောက်သော် လေရောမိုးပါ ပြင်းထန်လာသည်။ တဗွီးဝှီးသံများ၊ တဝေါဝေါသံများ ဆူညံနေသည်။ သစ်ပင်ထိပ်ဖျားတို့သည် မြေနှင့် ထိလုနီးပါး ကွေးညွှတ်ကျသည်။ အချို့သော ကိုင်းဖျားကိုင်းနား တို့သည် ကျိုးပဲ့လွင့်စဉ်သည်။

တဲဝတွင် ရပ်နေသော သူ့အမေကို တွေ့ရသည်။ သူ့အမေသည် အောင်တေးကို တစ်စုံတစ်ရာ အော်ပြောသည်။ ပါးစပ်လှုပ်သည်ကိုသာ မြင်ရ၍ အသံကိုမူ မကြားရပေ။

အရှိန်ပြင်းစွာ တိုးဝင်လာသော မိုးရေစက် တို့သည် အဝတ်အကာလွတ်နေသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အပ်ချောင်းများနှင့် ထိုးဆွသည်နှယ် နာကျင်စေသည်။

"တဲထဲရောက်အောင် မြန်မြန်ဝင်"

အနီးကပ်၍ ပြောနေသော သူ့အဖေသံကို သူသည် သဲ့သဲ့မျှကြားရသည်။ တဲထဲသို့ အောင်တေး ပြေးဝင်သည်။ သူ့အမေက သူ့ကို ဆီးပွေ့သည်။

ဗေဆင့်နှင့် နွားပြာကြီး တို့သည် ကြောက်လန့် သဖြင့် တောင်ဘက်သို့ တစ်ကောင်၊ မြောက်ဘက်သို့ တစ်ကောင် ရုန်းသည်။ ဦးဖိုးခွေးသည် ကြိုးကို ဆောင့်ဆွဲ ထားသည်။ နှာမှုတ်သံ တရှူးရှူးထွက်နေသော နွားနှစ်ကောင်ကို မထိန်းနိုင်သောကြောင့် ဗေဆင့်ကိုလွှတ်ပြီး နွားပြာကြီးတစ်ကောင်တည်းကိုဆွဲသည်။ မြေကိုခြေစုံကန်ထားသော်လည်း ဦးဖိုးခွေးသည် နွားပြာကြီးဆွဲရာသို့ တရွတ်တိုက် ပါနေသည်။

"ကိုဖိုးခွေး.... နွားကိုလွှတ်လိုက်....၊ လေတွေ ထော်ပြီ"

ဒေါ်မှုံက စိုးရိမ်တကြီး အော်ဟစ်သည်။ ဒေါ်မှုံအော်သံသည် လေအော်သံကို မဖောက်ထွင်းနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အောင်တေး ကြည့်နေစဉ်မှာပင် မြေသို့ထိလုနီးပါး ကွေးနေသော သစ်ပင်သည် အမြစ်မှ ကျွတ်ထွက်ပြီး လေထဲ မြောက်ပါသွားသည်ကို တွေ့လိုက်ရသည်။ ပြေးလွှားနေသော ဗွေဆင့်ကြီးသည် မိုးပေါ်က ဆွဲခေါ်သလို အထက်တက် သွားပြန်သည်။ မြေပေါ်ရှိ သက်ရှိသက်မဲ့အားလုံးတို့ စုပ်ယူ ခံနေရပုံကို မယုံနိုင်အောင် မြင်ရသည်။

"အဖေ.... တဲထဲ မြန်မြန်လာ"

သူ့အဖေကို အော်ခေါ်သည်။ သူ့ အဖေ နှင့် နွား ပြာ ကြီးသည် ခွန်အားချင်း ယှဉ်ပြိုင် နေသည်။ သူ့အဖေကို ကူရန် အောင်တေးသည် တဲထဲမှ ပြေးထွက်သည်။ ဒေါ်မှုံက အောင်တေးကို ဖမ်းဆွဲလိုက်သော်လည်း မမီတော့ပေ။

သူ့အဖေထံသို့ မရောက်မီ အောင်တေး၏ ခြေအစုံသည် မြေကြီးနှင့် ကင်းလွတ်သွားသည်။ သူ့အမေ၏ စူးစူးဝါးဝါး အော်သံ၊ သူ့အဖေ၏ တအံ့တဩ ကြည့်နေဟန် တို့ကို အောင်တေးသည် နောက်ဆုံး မြင်တွေ့လိုက်ရသည်။

အင်အားကြီးတစ်ခု ဆွဲခေါ်ရာသို့ အောင်တေးသည် သတိမေ့မြောလျက် လိုက်ပါ သွားရသည်။

× × × ×

"လေဆင်နှာမောင်းထဲမှာ အောင်တေး ပါသွားတယ်ကွ။ နွားနှစ်ကောင်ရော အောင်တေးအဖေရောပေါ့ကွာ။ အောင် တေးက အင်းတစ်ခုထဲ ကျသွားလို့ အသက်မသေဘူး။ မြေ မာပေါ် ကျတဲ့ အောင်တေးအဖေနဲ့ နွားနှစ်ကောင် သေသွား ရှာတယ်။ အဲသည်ကတည်းက မိုးသံလေသံ ကြားမှင် အောင်တေးဟာ ကြောက်တတ်တယ်ကွ"

"သည်လိုဆို အောင်တေးတို့သားအမိပဲ ကျန်မှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့....။ အောင်တေးဟာ မိခင် မုဆိုးမကြီးကို လုပ်ကျွေး နေရတယ်။ ကျေးဇူးသိတတ်တဲ့ ကောင်လေးပါကွာ။ ရိုးရိုးအအလေးပါ။သူ့ခမျာ သိပ်ကို ကြောက်လွန်းလို့သာ စက်နားကို မလာတာ ဖြစ်မှာပါ။ တမင်တကာတော့ သည်ကောင် မလုပ်ဘူး။ စိတ်ချ။ အောင်တေး အကြောင်းကို ငါအသိဆုံးပါ"

"အဲသည်လိုဆိုယင် ထွန်းဆန်းတို့စက်ကို ပို့လိုက်ပါလား။ ကျွန်တော့်စက်မှာ မထားချင်လို့ ပြောတာ မဟုတ်ဘူးနော် ဦးလေးစော။ အခုလို သိရတော့ သူ့ကို သနားလဲ သနားတယ်။ ညီလေးတစ်ယောက်လိုလဲ သဘောထားပါတယ်ဗျာ။ ကျွန်တော့်စက်မှာဆိုယင် ကွိုပင်ကြီးကြည့်ပြီး ကြောက်နေမှာ စိုးလို့ပါ။ ထွန်းဆန်းတို့ စက်နားမှာ အပင် ကြီးကြီးမားမား မရှိဘူးလေ"

"ဟော.... ဟိုမှာ လျှောက်နေတာ အောင်တေးမဟုတ်လား။ ငါ ခေါ်လိုက်မယ်နော်"

"ခေါ်ပါ ဦးလေးစောရဲ့။ ကျွန်တော့် သဘောမနေ့ာကို သိရှိသွားနဲ့ဗျာ"

ကိုဆင့်ပုံက လက်ခုပ် တီးသည်။ လက်ခုပ်သံကြောင့် အောင်တေးလှည့်ကြည့်သည်။ "အောင်တေး၊ အောင်တေး" ဟု ဦးဒိုင်စောက အော်သောအခါ အိမ်ဘက်သို့ လျှောက်လာသည်။

"လာကွာ အောင်တေး၊ ထိုင်စမ်းပါဦး"

"ဦးလေးစောနဲ့ ကိုဆင့်ပုံပါလား။ ကျွန်တော်က ဘယ်သူတွေလဲလို့ နေပူထဲကကြည့်ရတာဆိုတော့ အိမ်ထဲကလူတွေကို မမြင်ရဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက နေပူထဲမှာ အဆောင်းမပါဘာမပါနဲ့ ဘယ်သွားမလို့လဲ"

"ဟိုလေ.... ဟိုကိစ္စပြောဖို့ ဦးလေးစောကို လာရှာတာ"

စကားပြောင်းပေးဖို့ ကိစ္စကို ပြောနေကြောင်း ဦးဒိုင်စောနှင့် ကိုဆင့်ပုံတို့ သိသည်။ ဦးဒိုင်စောသည် မသိဟန်ဆောင်ပြီး....

"ဘာကိစ္စလဲကွ။ မင်းဟာက ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

အောင်တေးသည် ကိုဆင့်ပုံထံသို့ အားနာသောအကြည့်ဖြင့် ကြည့်သည်။

"ဟိုကိစ္စလေဗျာ၊ ဦးလေးစောကလဲ မေ့တတ်လိုက်တာ"

စိတ်ပျက် လက်ပျက် ဖြစ်စေသော အောင်တေးကို ကြည့်ပြီး သူတို့နှစ်ယောက်သည် ရယ်ချင် နေကြသည်။

"ကဲ.... စိတ်ပျက်မနေပါနဲ့ကွာ။ ငါ့စကားက ပြောင်းချင်တဲ့ အကြောင်း ပြောမလို့ မဟုတ်လား"

"မဟုတ်ပါဘူး.... အင်း.... အဲ.... ဟုတ်ပါတယ်"

အောင်တေး စကားကြောင့် သူတို့နှစ်ယောက် ရယ်ကြသည်။

"သည်အကြောင်းကို ငါနဲ့ဆင့်ပုံနဲ့ အခုပဲပြောနေတာကွ။ ထွေဆန်းတို့ စက်မှာ လုပ်ချင်သလား။ ရုံးမှာ လုပ်ချင်သလား။ မင်းလုပ်ချင်တဲ့ နေရာကို လွန်တူး တာဝန်ခံ ပြောပြီး ပြောင်းပေးမယ်"

"မအေးရေ.... ရေနွေးကြမ်း ပန်းကန်တစ်လုံး ယူခဲ့ပါဦးဟေ့...."

ကိုဆင့်ပုံသည် နောက်ဖေးသို့လှည့်၍ မှာကြားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဆင့်ပုံ စက်မှာ မလုပ်ချင်လို့ မဟုတ်ဘူးနော်။ ကျွန်တော်က သစ်ပင်တွေဘာတွေ ကြောက်တတ်လို့ပါ"

"ရပါတယ်ကွာ။ မင့်အကြောင်း တွေကို ဦးလေးစော ပြောပြလို့ သိပြီးပါပြီ။ မနေ့က ဖြစ်ပျက်ခဲ့သမျှကို မေ့လိုက်ပါကွာ။ ကဲ.... ညီလေးရော ဦးလေးစောရော ထမင်းစား သွားကြနော်။ မအေးရေ.... ဟေ့.... မအေး၊ သုံးယောက်စာ ထမင်းပြင်ပါကွာ"

ဦးအိုင်စောနှင့် အောင်တေးသည် ပျာပျာသလဲ ငြင်းဆိုကြသည်။

"မလုပ်နဲ့ ဆင့်ပုံ။ ငါ မဆာဘူး"

"ဟုတ်ပါတယ် ကိုဆင့်ပုံရယ်။ ကျွန်တော်လဲ လက်ဖက် ရည်ဆိုင်က အခုပဲ ထလာတာ"

"မဆာလဲစား၊ ဆာလဲစားဗျာ။ ကြုံတုန်းကြုံခိုက်ကျွေးရ တာပါ။ ညီလေး စားသွားနော်။ မစားချင်ယင်တော့ မနေ့ က မင့်ကို လက်သီးနဲ့ ထိုးဖို့ရွယ်ခဲ့တဲ့ အတွက် မင်းက ငါ့ကို အခုပြန်ထိုးကွာ"

"ဟေ့....ဟေ့.... တော်ပါတော့ ဆင့်ပုံရယ်။ ထိုးလား ကြိတ်လားတော့ မလုပ်ကြပါနဲ့၊ ငါတို့စားပါ့မယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွာ။ မင်းမိန်းမ နာမည်ကို ခဏခဏ မခေါ်နဲ့။ ငါရောက်တာ တစ်နာရီမပြည့်သေးဘူး။ ခေါ်လိုက် တဲ့ မအေးက အခွန်းတစ်ထောင်လောက် ရှိတယ်"

"မအေးရေ.... ဟေ မအေး။ ဦးလေးစော ပြောတာ ကြားတယ်နော်။ ငါ့အနားမှာ မင်းလာနေကွာ။ ဒါမှ မခေါ် ဖြစ်မှာ။ မအေးရေ.... ကြားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ အပိတ်တံခါး

"ကျွတ်.... ကျွတ်.... ကျွတ်.... ဘုရား။ ဖြည်းဖြည်းနှိပ်ပါ ကျေးနုရယ်"

ဒေါ်ကျေးနု လက်ချောင်းပိန်သေးသေးထဲမှ ထွက်လာသောအင်အားသည် ပြောပလောက်အောင် ပြင်းထန်ခြင်း မရှိပေ။

"ဖြည်းဖြည်းနှိပ်တာပါပဲတော်"

"မင့် ဖြည်းဖြည်းက နာလိုက်တာကွာ"

"ကိုဘိုအုပ်ရယ်.... ရှင့်ကို နာစေချင်လို့ မဟုတ်ပါဘူး။ ဖွဖွရွရွလေး နှိပ်နေတာပါ။ ရှင့် ဝေဒနာကို မကြည့်ရက်နိုင်လွန်းလို့ပါတော်"

"အေးလေ.... ငါမိုက်ခဲ့လို့ ငါခံရတာ။ ကျွတ်....ကျွတ်.... ကျွတ် .... တော်ပါပြီ ကျေးနု။ မင်း လုပ်စရာရှိတာ သွားလုပ်တော့"

ဒေါ်ကျေးနုသည် ခုတင်ပေါ်မှ အသာအယာဆင်းသည်။ ဂွမ်းစောင်ကို ဦးဘိုအုပ်၏ ပခုံးပေါ်အထိ ဆွဲတင်သည်။

"ကိုဘိုအုပ် ခေါင်းအုံးနားမှာ ပရုတ်ဆီဘူး ထားခဲ့တယ်နော်"

ဦးဘိုးအုပ်သည် ညိတ်သည် ဆိုရုံမျှ ခေါင်းညိတ်ပြသည်။ မျက်လုံးကိုမှေးမှိတ်သည်။ ဒေါ်ကျေးနု၏ ဖိနပ်သံ တရှပ်ရှပ်



www.burmeseclassic.com

www.burmeseclassic.com



သည် နားထဲသို့ တိုးဝင်လာသည်။ ဤမျှအသံကိုပင် ဦးဘိုအုပ်သည် နားမခံသာချင်။ စိတ်လိုက်မာန်ပါအော်ရန် ပါးစပ်ကို ဟ လိုက်စဉ် ရင်ပတ်က အောင့်လာသောကြောင့် ပြန်ငြိမ်သွားသည်။

စိတ်သွားတိုင်း ကိုယ်မပါတော့ပြီ။ သန်မာစဉ်က စိတ်မျိုးဖြင့် ဒုန်းဒုန်းဒိုင်းဒိုင်း လုပ်လို့မရ။ လမ်းလျှောက်ဖို့ နေနေသာသာ ထထိုင်ဖို့အတွက်ပင် ဒေါ်ကျေးနုက ထူမပေးရသည်။ ထမင်းစား၊ ပုဆိုးဝတ်၊ အပေါ့အလေးသွား၊ မျက်နှာသစ် အစရှိသော ဝေယျာဝစ္စအားလုံးကို ကိုယ်တိုင်မလုပ်နိုင်တော့ပေ။ ဒေါ်ကျေးနုကို အားကိုးနေရသည်။

အကြမ်းပတမ်း နေလာခဲ့သော ဦးဘိုအုပ်သည် ပန်းတစ်ပွင့်နွမ်း နုနယ်လေပြီ။ လူတိုင်းအပေါ် စကားဖြင့်တစ်မျိုး၊ လက်ဖြင့်တစ်ဖုံ၊ အမျိုးမျိုးအနိုင်ယူခဲ့သူသည် ခုတင်ပေါ်တွင် မလှုပ်မရှား ပက်လက်လန်နေသည်။

မျက်မှောက်အခြေအနေက ဦးဘိုးအုပ်သည် အတိတ်က ဦးဘိုအုပ်ကို ပြန်လည်မြင်ယောင် ကြားယောင်သည်။

× × × ×

"ဘိုအုပ်ကွ....။ အင်ဂျင်နီယာတပ်က ဘိုအုပ်ကွ။ ချ.... ချ...."

"ဟုတ်ပြီဟေ့။ ထိုးစမ်း....ထိုး။ ဘိုအုပ်....ဘိုအုပ်...."

လက်ခွေ့ရုံကြီး ပွင့်ထွက်လုနီးပါး အော်ဟစ်ကြသည်။ ပရိသတ်က ဘိုအုပ်ကို အားပေးသည်။ ပွဲတိုင်းနိုင်လာခဲ့သော ဘိုအုပ်သည် ယခုပွဲတွင်လည်း ကေနိုင်ရမည်ဟု တွက်ထားသည်။ ဘိုအုပ်သည် သူ့ပြိုင်ဘက်ထက် ခွန်အားသာသည်။ အရပ်အမောင်းသာသည်။ ထို့ကြောင့် အပေါ်စီးမှ ဖိထိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ပြိုင်ဘက်သည် သူ့လောက် မရှည်သော်လည်း လျှင်မြန်သွက်လက်သူဖြစ်ကြောင်း တွေ့ရသည်။

ဘိုအုပ်အားထားသော ထောက်လက်သီးများကို ပြိုင်ဘက်က လွတ်ရုံမျှ တိမ်းရှောင်သွားသည်။ ပြင်းထန်သော ညာဝိုက်လက်သီးများသည်လည်း လေထဲတွင် တရှီးရှီးမြည်နေသည်။ တစ်ချက်လောက် ထိုးမိလျှင် ပြိုင်ဘက်သည် ကြိုးဝိုင်းအပြင်သို့ လွင့်ထွက်နိုင်သည်။ သို့သော် ပွတ်ကာသီကာ လွဲချော်နေသည်။ တစ်လုံးတလေမျှ မထိ။

ပြိုင်ဘက်သည် ရှောင်ရင်းတိမ်းရင်း တစ်လုံးစ နှစ်လုံးစ ထိုးသည်။ ဘိုအုပ်၏လက်မောင်းကိုထိလိုက်၊ ဝမ်းဗိုက်ကို ထိလိုက်နှင့် ဆင်ကို ဆိတ်က ကျီစားသလို အရာမရောက်ပေ။ ဘိုအုပ်၏ဒေါသအိုးကို ထိုးဆွသလိုသာ ရှိချေသည်။

မထိလေ၊ ဒေါသကြီးလေ၊ လိုက်ထိုးလေ၊ ပြိုင်ဘက်က ကျွေ့ပတ်ပြေးလေမို့ ပရိသတ်သည် တဝါးဝါး တဟားဟား သဘောကျနေသည်။

သဲကြီးမဲကြီးလိုက်ထိုးစဉ် ပြိုင်ဘက်ကို ကြိုးဝိုင်းထောင့်တွင် ပိတ်မိသည်။ ပြေးစရာမရှိတော့သောခွေးကို ချောင်ပိတ်ရိုက်သလို ဝိုက်လက်သီးတစ်လုံး ပစ်လွှတ်သည်။ ပြိုင်ဘက်က ငုံ့ရှောင်သဖြင့် ပွတ်ထွက်သွားသည်။

ဒေါသဖြစ်ဖြစ်နှင့် ခြေတစ်လှမ်း အတက်တွင် မျက်နှာကို အကာအရံပြုမထားမိ။ အကွက်ကောင်းကို ချောင်းနေသော ပြိုင်ဘက်၏ ထောက်လက်သီးသည် ဘိုအုပ်၏ မျက်နှာသို့ ဝါးလုံးထိုးဝင်လာသည်။ ရှောင်ရန် လှုပ်ရှားချိန်တွင် ဒုန်းခနဲ အသံကြီးနှင့်အတူ မျက်နှာနှင့် လက်အိတ်တို့ ဓိတ်ဖွဲ့မိသည်။ ဘိုအုပ်၏ဇက်သည် နောက်သို့လန်သွားသည်။ ဟန်

www.burmeseclassic.com

www.burmeseclassic.com



ချက်ပျက်ကာ ယိမ်းယိုင်သည်။ ပြိုင်ဘက်သည် ရရှိလာသော ဒုတိယ အခွင့်အရေးကို အပြည့်အဝအသုံးချသည်။ အကာ အကွယ်မဲ့နေသော ဘိုအုပ်၏မေးရိုးပေါ်သို့ ဘယ်ဝိုက်လက် သီး တစ်လုံးကို လျှပ် တစ် ပြက် အ တွင်း ပို့လွှတ်ပြန်သည်။ တစ်ကိုယ်လုံးရှိ ခွန်အားတွေကို စုပုံထည့်လိုက်သောကြောင့် ထိသည်နှင့်တစ်ပြိုင်နက် ပြိုင်ဘက်၏ လက်တစ်လျှောက် ထိုး ကျဉ်သွားသည်။ ဘိုအုပ်၏ မျက်နှာသည် သမင်လည်ပြန် လှည့်သလို လည်သွားသည်။ ပါးစပ်ထဲမှ ရာဘာတုံးသည် ဖွတ် ခနဲ စဉ်ထွက်သည်။ ဘိုင်းဆို ဖင်ထိုင်လျက် လဲကျသည်။

ပရိသတ်ကြီးသည် ဟာ၊ ဟင် ဖြစ်ကုန်တော့၏။

ဘိုအုပ်သည် ဒိုင်လူကြီး၏ တစ်၊ နှစ်၊ သုံး၊ လေး ရေရွတ် သံကြားသည်။ ခေါင်းထောင်သည်။ လူထသည်။ မကြွ။ ဇွတ်ထသည်။ ထမရ။ တစ်ဆယ်ဟူသော အသံနှင့် အတူ မျှော်လင့်ချက်များ ကုန်ဆုံးရသည်။

မှုံးရွှင်နေသော ပြိုင် ဘက် ၏ မျက် နှာ ကို မီးဝင်းဝင်း တောက်နေသောမျက်စိဖြင့် ကြည့်သည်။

× × × ×

"သည်ပွဲမှာ မင်းနိုင်ရမှာကွ။ ခေါင်းအေးအေးထားထိုး ယင် နှစ်ချီတည်းနဲ့ ပြတ်တယ်။ အခုတော့ မင်းက ဒေါသ တကြီး တအားထိုးလိုက်တော့ အလွဲလွဲအချော်ချော်ဖြစ်ကုန် တာပေါ့။ ဒေါသကို ရှေ့မထားပါနဲ့ အတန်တန်မှာရက်နဲ့ကွာ"

နည်းပြဆရာက ဘိုအုပ်၏ မှားကွက်ကို ထောက်ပြသည်။ ဘိုအုပ်သည် လက်မခံ။ ခေါင်းကိုခါယမ်းသည်။

"မဆိုင်ပါဘူးဗျာ။ သည်ကောင်က ကြောက်စရာကြီး စန်ကန် သွားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူကြောက်အောင် မင်းက ဒေါသကြီးပြတယ် မဟုတ်လား။ ဘယ်လိုပဲဖြစ်ဖြစ် အခု မင်း ရှုံးရပြီ။ ကဲ....ဘာပြောချင်သလဲ"

"ဘာမှလဲ မပြောချင်ဘူး။ ဘာမှလဲ လာပြောမနေနဲ့။ ကျုပ်ထိုးလို့ကျုပ်ရှုံးတာ၊ ဆရာ့အပူ တစ်ပြားသားမှ မပါဘူး"

ဒေါသူပုန်ထသော ဘိုအုပ်သည် နည်းပြဆရာကို အော်ဟစ်ပြီး အဝတ်လဲခန်းထဲမှ ထွက်လာခဲ့သည်။

× × × ×

ဘိုအုပ်နှင့် သင့်မြတ်သူဟူ၍ ခပ်ရှားရှား။

အမြဲလိုလို သူက အနိုင်ယူချင်သည်။ သူ့ကို လာပြီး အတိုက်အခံ မလုပ်နှင့်။ အသံတိအပုတ်တွေ ပါလာသည်။ လက်ဝှေ့သမားအဖို့ လက်သီးကို အလွန်အားကိုးသည်။ ထို့ကြောင့် လက်မောင်းပေါ်က ရာထူးအဆင့်ကိုပြသော အရစ်သည် ပြုတ်ကျသွားလိုက်၊ ပြန်ရောက်လာလိုက်။

ရန်လိုသော ဘိုအုပ်သည် သူမိန်းမ အပေါ်တွင်လည်း ညှာတာမှုကင်းမဲ့သည်။

လင်ဆိုးမယား တဖားဖားကို ကြည့်လိုလျှင် မကျေးနုကို ကြည့်နိုင်သည်။

အတွဲမညီသော လင်မယားကို ကြည့်လိုလျှင် သူတို့ လင်မယားကို ကြည့်နိုင်သည်။

ဘိုအုပ်သည် အရပ်ခြောက်ပေနီးပါး လုံးထွားကြီး။ မကျေးနုသည် အရပ်ငါးပေမပြည့်တပြည့် လုံးယဉ်ကျေး။

ဘိုအုပ်သည် တုံးတိုက်တိုက် ကျားကိုက်ကိုက် အကြင်နာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့သူ။ မကျေးနုသည် လင်ကိုဘုရား သားကိုသခင် သဘော ထားသော မေတ္တာရှင်။

မကျေးနု၏ ရုပ်ရည်၊ မကျေးနု၏ စိတ်နေသဘောထား သည် ဘိုအုပ်နှင့် လုံးဝမတန်။ ဘိုအုပ်ကို လက်ထပ်ခဲ့ခြင်း သည် တစ်သက်လုံးဝဋ်ခံဖို့ နတ်ဆိုးနှင့် ပေါင်းသင်းမိခြင်းဖြစ် သည်။ ဘိုအုပ်သည် မယားကို ကျဲရိုက်နွားရိုက် ရိုက်သည်။ ပျော့ပြောင်းသော အသားအရေများနှင့် မတည်ဆောက်ဘဲ မာဆတ်သောအသားအရေများဖြစ်ပါမူ မကျေးနုသည် မြေ အိုးတစ်လုံးနှယ် ကျိုးပဲ့ပျက်စီးနိုင်သည်။ အရိုက်ကြမ်းသော ကြောင့် ဘိုအုပ်ကို ပတ်ဝန်းကျင်က မျက်မုန်းကျိုးသည်။ တပ်ရင်းမှူးက အကြိမ်ကြိမ် ခေါ်ယူသတိပေးသည်။

မကျေးနု အရိုက်အနှက်လွတ်သောကာလသည် ရှေ့တန်းသို့ ဘိုအုပ်ထွက်သွားသော အချိန်အခါဖြစ်သည်။

× × × ×

ဘိုအုပ်သည် ၁၉၇၂ ခုနှစ်တွင် မုံရွာ၊ လက်ပတောင်း တောင်၌ လွန်တူးသင်တန်း တက်ရသည်။ သင်တန်းပြီးဆုံး သော် တပ်ကြပ်ဘဝဖြင့် စစ်ဘက်တွင် အမှုထမ်းရာမှ အရပ် ဘက်သို့ ကူးပြောင်းသည်။ လွန်တူး (၄) ရာထူးကို ရရှိသည်။

မိန်းမကို ရိုက်ရာတွင် လက်သံ ပြောင်လို့လား၊ သို့တည်း မဟုတ် ဝိန်လွန်တူးသမားဖြစ်လာလို့လားမသိ။ "ဝိန်ဘိုအုပ်" ဟု ထင်ရှားလူသိများလာသည်။

ဒေါသ ကြီးသောကြောင့် အားကစားသမားကောင်း တစ်ဦးဖြစ်မလာသော ဘိုအုပ်သည် သူ့လက်သီးကို အားကိုးမြဲ ပင်။ ကြမ်းမြဲရမ်းမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်သည်လည်း မငယ်တော့ပြီ။ စစ်သက်တမ်းချည်းပင် ၂၂ နှစ်ရှိခဲ့သည်။ အရပ်ဘက်သို့ ကူးပြောင်းလာသောအခါ အသက် ၄၀ ကျော်ပြီ။ သို့သော် အသောက်အစားလျှော့သည်မရှိ။ လူငယ်များနှင့် ယှဉ်တွဲပြီး သောက်တုန်းမူးတုန်း။

× × × ×

သား ကြီး၊ သ မီး ကြီး တွေ ရနေ ပြီ ဖြစ် သော် လည်း ဒေါ်ကျေးနုသည် ဦးဘိုအုပ်၏အရိုက်အနှက်ခံရခြင်းမှ မလွတ်သေးပေ။

ငယ်စဉ်က မျက်လုံးမျက်ဖန်လှသော၊ ဆံပင်တွေ တထွေးတပွေ့ကြီးရှိသော၊ အသားအရေ စိုပြည်သော ကျေးနုဟု ပြော၍ယုံနိုင်စရာမရှိတော့ပါပြီ။ လင့်အရက်ဖိုးနှင့် သားသမီးများ စားဖို့၊ ဝတ်ဖို့၊ ပညာသင်ဖို့ ရှာကြံရလွန်း၊ ချွေတာရလွန်းသောကြောင့် အရိုးပြိုင်းပြိုင်း ထလျက်ရှိသည်။ ဈေးတောင်း ခေါင်းရွက်၍ ရှာဖွေရသောဒဏ်၊ လင်ဆောင့်ဆွဲသော ဒဏ်တို့ကြောင့် ဆံပင်သည်လည်း ပါးပါးကျဲကျဲသာ ကျန်တော့သည်။

ဦးဘိုအုပ်၏လုပ်စာကို မျှော်ကိုးစားရလျှင် ဤအသက်အရွယ်ရောက်အောင် အသက်ရှင်နိုင်ဖွယ်မရှိ။ ဦးဘိုအုပ်၏လစာသည် ဒေါ်ကျေးနု၏လက်ထဲသို့ ရောက်ချင်မှရောက်သော်လည်း ဟင်းမကောင်းလျှင် အကန်အကြောက် ခံရသည်။

လင်လည်း အမြည်းကောင်းကောင်းနှင့် အရက်သောက်ရစေ၊ သားသမီးများလည်း ဟင်းကောင်းကောင်းနှင့် စားရ

www.burmeseclassic.com

www.burmeseclassic.com



စေဟု ရည်ရွယ်ကာ ဒေါ်ကျေးနုသည် ထမင်းရောင်းသည်။ ဈေးတောင်းထဲတွင် ထမင်းအိုး၊ ဟင်းအိုးနှင့် ပန်းကန်ခွက် ယောက်များ ထည့်ပြီး မနက် ၁၀ နာရီနှင့်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီနှင့်တွင် တစ်ကြိမ် လှည့်လည်ရောင်းချသည်။ တကယ့်နေပူချိန်တွင် သွားလာ အော်ဟစ် ရသောကြောင့် ပင်ပန်းရှာသည်။

ဒေါ်ကျေးနု၏ လျှာရင်းမြက်စေသော လက်ရာကြောင့် ရောင်းကောင်းသည်။ အိမ်သူအိမ်သားများ စားပြီးသောက် ပြီး ဆယ့်ငါးကျပ်၊ နှစ်ဆယ်ကျန်သည်။

ဒေါ်ကျေးနု၏ဝင်ငွေဖြင့် သားသမီးများကို ပညာသင်ရ သည်။ မျက်နှာမငယ်စေရန် ထားရသည်။

သမီးကြီးသည် အချိန်တန်အရွယ်ရောက် အပျိုပေါက် ဖြစ်လာသောအခါ သူများနည်းတူဝတ်ချင်သည်။ ပြင်ဆင် ချင်သည်။ ဒေါ်ကျေးနုသည် သမီးလေးအတွက် သူများတွေ ဖော့ရှန်ဆိုလျှင် ဖော့ရှန်၊ သူများတွေ ပါတိတ်ဆိုလျှင် ပါတိတ် ဝယ်ပေးသည်။ အရက်သမားသမီးမို့ မဝတ်နိုင်ဘူး၊ မပြင်နိုင် ဘူးဟု ကဲ့ရဲ့စကားကို ဒေါ်ကျေးနု မကြားချင်။

သမီးက ဒေါ်ကျေးနုလို အရုပ်မဆိုး၊ သူ့အဖေလို ရှည်သည်။ ကိုယ်နေလှသည်။ မျက်ခုံးမျက်လုံးသည် ဒေါ်ကျေးနုနှင့်တူ သောကြောင့် ချောသည်။ ဒေါ်ကျေးနုသည် သမီးချောကို ကြည့်၍မဝ၊ ရှုမဆုံး ရှိနေချိန်မှာပင် သမီးက ယောကျ်ား နောက် လိုက်ပြေးသွားသည်။

သမီးကို အုပ်ထိန်းဖော်မရ၊ ကျွေးမွေးဖော်မရသော်လည်း သမီး ထွက်ပြေးတော့ ဦးဘိုအုပ်သည် ယမ်းပုံမီးကျ၏။ ဒေါ်ကျေးနုအပေါ်သို့ အပြစ်တွေပုံချသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုးစံအတိုင်း ဒေါ်ကျေးနုသည် ဦးဘိုအုပ်၏ အရိုက်အနှက်ကို ခံလိုက်ရသည်။

× × × ×

သားကြီးနီတူးနှင့် သားငယ်နီချိုးကို စိန်လွန်တူးသင်တန်းသို့ ပို့သည်။

နီတူးသည် အပတ်စဉ် (၂)၊ မုံရွာ ကြေးနီ ရှာဖွေရေးစီမံကိန်း၊ လက်ပတောင်းစခန်းတွင် ၁၉၈၂ ခုနှစ်က တက်ခဲ့သည်။ နီချိုးသည် အပတ်စဉ် (၃) ရန်ကုန်မြို့ မြောက်ဥက္ကလာပ စခန်းတွင် ၁၉၈၃ ခုနှစ်က တက်ခဲ့သည်။

သားသမီးများအားလုံးသည် မိဘနှင့်ဝေးရာသို့ ရောက်သွားသဖြင့် ဦးဘိုအုပ်နှင့် ဒေါ်ကျေးနုတို့ နှစ်ဦးသာကျန်သည်။

လွန်တူးစက်ပြင် ဦးဘိုအုပ်သည် ရာထူးအဆင့်ဆင့် တက်လာသည်။ လွန်တူး(၄)မှ လက်ထောက်လွန်တူးအင်ဂျင်နီယာ (၁)၊ ထိုမှတစ်ဆင့် လက်ထောက်လွန်တူး အင်ဂျင်နီယာ(၂)။ ထို့ကြောင့် လစာငွေ ၄၀၀ ကျပ်စကေး ရရှိလာသည်။ သို့သော်လည်း သူ့အရက်ဖိုးကြောင့် လင်မယားနှစ်ယောက်သည် ဝမ်းဝရုံသာ စားနိုင်၏။

ဒေါ်ကျေးနုသည် ကူဖော်လောင်ဖက် သားသမီးများမရှိခြင်း၊ ပညာသင်ပေးစရာ၊ ကျွေးမွေးစရာ မလိုတော့ခြင်းတို့ကြောင့် ထမင်းမရောင်းတော့ပေ။ အရွယ်ကောင်းစဉ်ကလို နေပူမရှောင်၊ မိုးရွာမရှောင် ဈေးတောင်းခေါင်းရွက် သွားလာနိုင်ခြင်းမရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုအုပ်မှာမူ မထူးခြား။ မပြောင်းလဲ။ အသက်သာ ကြီးလာသည်။ အသောက်မပျက်။ နေပူမရှောင်၊ မိုးရွာ မရှောင်သောက်သည်။

ဆောင်းတစ်ညတွင် ဦးဘိုအုပ်သည် အရက်များအလွန် အကျွံမူးလျက် ညဥ့်နက်မှ အိမ်ပြန်ရောက်လာသည်။ ဦးဘိုအုပ် ကို စောင့်ရင်းနှင့် ဒေါ်ကျေးနုသည်လည်း အိပ်ပျော်နေသည်။ ခြေလက်မသယ်နိုင်သော ဦးဘိုအုပ်သည် အိမ်ရှေ့ ကွပ်ပျစ်ပေါ် သို့ လဲကျသည်။ ခေါင်းမထူနိုင်သောကြောင့် ထိုနေရာမှာပင် အိပ်လိုက်သည်။

ဒေါ်ကျေးနုသည် ဖျတ်ခနဲ လန့်နိုးသည်။ အိပ်ရာနံဘေး ကို စမ်းကြည့်သောအခါ ဦးဘိုအုပ်မရောက်သေးကြောင်း သိ ရသည်။

တိတ်ဆိတ်သော ညဥ့်ကာလတွင် "ခလော....ခလော...." ဟူသော ဟောက်သံကို ကြားသည်။ စေ့ထားသော အိမ်ရှေ့ တံခါးကိုတွန်း၍ အိမ်ပြင်ဘက်သို့ကြည့်သည်။ နှင်းတဖွဲဖွဲကျ နေသော ကွပ်ပျစ်ပေါ်၌ ဦးဘိုအုပ်သည် အိပ်မောကျလျက် ရှိသည်။ ဒေါ်ကျေးနုသည် အနွေးအင်္ကျီကိုဆွဲစေ့ပြီး အိမ်ရှေ့သို့ ကမန်းကတန်းပြေးထွက်သည်။ ဦးဘိုအုပ်ကို လှုပ်နှိုးသည်။

"ကိုဘိုအုပ်....ကိုဘိုအုပ် ...."

ဦးဘိုအုပ်နိုးလာသည်။ မျက်စိဖွင့်ပြီး ဟိုကြည့်သည်ကြည့် ကြည့်၏။

"ထစမ်းပါ။ အိမ်ထဲဝင်အိပ်။ အပြင်မှာ သိပ်အေးတယ်"

ဦးဘိုအုပ်သည် လူးလဲထသည်။ သို့သော် ခြေနှင့်လက်တို့ ကို လှုပ်ရှားလို့မရ။ သူထလို့မရကြောင်းကို ပြောသည်။

"ဝါ....ဝါ့....ဝိုဝယ်ဝဝူး"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအသံပါလိမ့်။ ဦးဘိုအုပ်သည် သူ့အသံကို သူမမှတ်မိအောင်ဖြစ်နေ၏။ လက်ခါပြရန် လက်ကိုမြှောက်သော်လည်း မြှောက်၍မရ။

ဦးဘိုအုပ်၏ အနေအထားကိုကြည့်၍ ဒေါ်ကျေးနုသည် ချက်ချင်းသိလိုက်သည်။

"အမယ်လေး .... ကိုဘိုအုပ်ရဲ့ သည်တစ်ခါဖြင့် ကိုယ်ကျိုးနည်းပါပေါ့"

× × × ×

မျက်မှောက်အခြေအနေက ဦးဘိုအုပ်သည် အတိတ်က ဦးဘိုအုပ်ကိုတွေးတောရင်း မျက်ရည်တွေဝေ့ဝဲလာသည်။

အကြမ်းပတမ်းနေလာခဲ့သော ဦးဘိုအုပ်သည် ပန်းတစ်ပွင့်နှယ် နုနယ်လေပြီ။ လူတိုင်းအပေါ် စကားဖြင့်တစ်မျိုး၊ လက်ဖြင့်တစ်ဖုံ အမျိုးမျိုးအနိုင်ယူခဲ့သူသည် ခုတင်ပေါ်တွင် မလှုပ်မရှား ပက်လက်လန်နေသည်။

ညာဘက် ကိုယ်တစ်ခြမ်း လေဖြတ်သော ဦးဘိုအုပ်ကို ဆေးရုံတင်ခဲ့သည်။ ဆရာဝန်ကြီးများ၏ ပြုစုကုသမှုကြောင့် မပီမသ ဝူးဝူးဝါးဝါးပြောသော အဆင့်မှ ပီပီသသ ပြောနိုင်လာသည်။ ညာဘက်ခြေနှင့်လက်တို့ ပြန်လည်လှုပ်ရှားနိုင်စေရန် အလေ့အကျင့်ပြုရဦးမည်မို့ ဆေးရုံမှဆင်းခဲ့သည်။

သားသမီး သုံးယောက်သည် အဝေးသို့ ပြန်ကြပြီမို့ ဒေါ်ကျေးနုတစ်ဦးတည်း ပြုစုရသည်။

ယခင်က ဝဝဖြိုးဖြိုး ဦးဘိုအုပ်သည် မီးဖုတ်ထားသော ခရမ်းသီးလို ရှုံ့တွလာသည်။ မားမားမတ်မတ်အရပ်အမောင်းသည် ကိုင်းညွတ်လာသည်။ ဖောသွပ်သွပ် ပွစိပွါးနှစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



တွင် အညိုအမည်းတို့ ပေါ်လာသည်။ မေးရိုးကားကားသည် ပိုကားလာသယောင် ထင်ရ၏။ ဦးဘိုအုပ်၏ ရုပ်ဆင်းသည် ဆွဲချသလို နေ့ချင်းညချင်း ကျဆင်းသည်။

ဆင်ပိန်သော်လည်း ကျွဲလောက်ကျန်သေးသည်။ ခြောက် ပေနီးပါးရှိသော ဦးဘိုအုပ်၏ အရပ်အမောင်းကြောင့် အရိုး အဆစ်၏အလေးချိန်သည်ပင် နည်းနည်းနောနော မဟုတ်။ အရပ်ငါးပေမပြည့်တပြည့် ပိန်သေးသေး ဒေါ်ကျေးနုသည် မနိုင်တနိုင်တွဲထူရသည်။ ဖေးမ ရသည်။

နုပျိုစဉ်က ထိုးခဲ့ကြိတ်ခဲ့ တေခဲ့ပေခဲ့သောဒဏ်များသည် ယခုအခါ စုပေါင်းပေါ်သည်။ ဟိုနေရာကနာ သည်နေရာက နာနှင့် တစ်ကိုယ်လုံးလိုလို နာကျင်သည်။ ဒေါ်ကျေးနုက တယုတယဖေးမသော်လည်း နာသည်။ နာတော့ ဒေါသထွက် သည်။ ဒေါ်ကျေးနုကိုရိုက်ရန် လက်မြှောက်သည်။ မြှောက် လို့မရ။

ဦးဘိုအုပ်ကိုကြည့်၍ ဒေါ်ကျေးနု မျက်ရည်ကျသည်။ သူ့အရိုက်ခံရမည်ကို ဝမ်းမနည်း။ ဦးဘိုအုပ်မရိုက်နိုင်သည်ကို ဝမ်းနည်းသည်။

ဒုက္ခရောက်မှ ဘုရားတသူသည် ဦးဘိုအုပ်ဖြစ်သည်။

"ဘုရား" ဟု ယောင်လို့ပင် မဆိုခဲ့သူသည် နာကျင်သော အခါ၊ လှုပ်ရှား၍မရသောအခါ "ကျွတ်....ကျွတ် .... ကျွတ် .... ဘုရား" ဟု တမ်းတသည်။

ဦးဘိုအုပ်ပါးစပ်ထဲမှ ဘုရားသံထွက်လာပြီး၊ ပါးစပ်ထဲသို့ အရက်မဝင်သောအခါ ဒေါ်ကျေးနုသည် အမိုးထဲက ရွှေ ကောက်ရသလို ဝမ်းသာသည်။ အဆိုးထဲမှ ထွက်လာသော အမြတ်ဟု လက်ခံသဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆေးရုံမှပေးသော ဆေးဝါးများသာမက သူတတ်သမျှ မှတ်သမျှနှင့် ပြုစုကုသရှာသည်။ ဦးဘိုအုပ်၏အိပ်ရာအောက်တွင် သက်ရင်းကြီးရွက်များ ဖြန့်ခင်းပေးသည်။ ဦးဘိုအုပ်ကို ကြိတ်မှုန့်ရွက်တွေ အုံပေးသည်။ ကရမက်တွေ သွေးလိမ်းပေးသည်။ နှိပ်နယ်ပေးသည်။ အကွေးအဆန့်လုပ်ပေးသည်။ ဒုက္ခိတ ယောကျ်ား၏ အနီးတွင် အချိန်ပြည့် ပြုစုသည်။

ဒေါ်ကျေးနု၏အာရုံတွင် ဦးဘိုအုပ် ပြန်လည်လှုပ်ရှားနိုင်ရေးတစ်ခုတည်းသာ ရှိသည်။

× × × ×

ကျွန်တော်လည်း သင်တန်းမှာ တော်တော် အခြေကျနေပြီ။ ခုထိတော့ စာပဲ အေးအေး ဆေးဆေးသင်နေရတယ်။ အမိက ဘာသာက တွင်ခုံပေါ့။ သင်တန်းက တစ်ချိန်မှမနားရဘူး။ စာသင်လိုက်၊ အလုပ်လုပ်လိုက်၊ စာကြည့်ခန်းဝင်လိုက်နဲ့ ကိုးနာရီခွဲဆို အိပ်ရရော။ နားချိန်ကိုမရဘူး။ ပေးသမျှပညာတွေကို အရှူးလွယ်အိတ်လို အားလုံးထည့်ရမှာပဲ။ လိုမှထုတ်သုံးပေါ့။ သင်တန်းက ကိုးလပြည့် တစ်လနားရမှာ။ သည်တော့မှ အဖေ့ဆီကို ပြေးလာခဲ့မယ်။ အဖေ့အခြေအနေကောင်းတယ် မဟုတ်လား။ အမေလည်း သတိထားနော်။ အဖေ့ကိုပြုစုရင်း အမေလဲနေမယ်။ တော်သေးပြီ။

မောင်နီတူး
အဆောင် (၁)
အခြေခံလုပ်ငန်းခွင် သင်တန်း
နမ္မတူမြို့
ရှမ်းပြည်မြောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျေးနုဖတ်ပြသောစာကို ဦးဘိုအုပ်သည် ဖက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း နားထောင်သည်။ နီတူးစာကို ဘေးချထားပြီး နောက်ထပ်တစ်ဆောင်ယူသည်။

"ဒါက သားလေး နီချိုးဆီကစာ"

ဒေါ်ကျေးနုသည် စာခေါက်ကိုဖြန့်၍ ဖတ်ပြသည်။

ဖေဖေ့ အခြေအနေ တိုးတက်လာပြီကြားလို့ ကျွန်တော်ဝမ်းသာပါသည်။ ဖေဖေအတွက် ဆင်တုံးမန္တယ်မြစ် ရှာထားပါသည်။ ပျားရည်စစ်စစ်များရသောကြောင့် ဝယ်ထားပါသည်။ လုပ်သက်ခွင့်ရလျှင် အိမ်ကိုပြန်လာပါမည်။ လိုသောပစ္စည်းများ မှာကြားနိုင်ပါသည်။ ကျွန်တော်လည်း ကျန်းမာရေးကို ဂရုစိုက်နေပါသည်။ မကျန်းမာလျှင် ငွေအလွန်ကုန်ပါသည်။ ကျွန်တော် ငွေကုန်သည်ထက် ဖေဖေနှင့်မေမေထံ မပို့နိုင်မည်ကို မတရားစိုးရိမ်ပါသည်။ ကျွန်တော် လိမ်လိမ်မာမာနေပါသည်။

သားငယ်နီချိုး
လွန်တူး(၁)
အထူးသတ္တု (၂) ရှာဖွေရေးစီမံကိန်း
ဘန့်ဘွေးကုန်းဒေသ
ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်း

သားများ၏စာကို ကြားနာပြီးသော် ဦးဘိုအုပ်သည် သက်ပြင်းတစ်ချက်ကို လေးတွဲစွာချသည်။ ဤသားများသည် အမေကိုချစ်သောသားများ၊ အဖေကိုရွံမုန်းသောသားများ ဖြစ်သည်။ သူတို့အမေကိုရိုက်လျှင် လုံးဝမကြိုက်။ အဖေမို့ ပြန်မပြောသော်လည်း သူတို့၏ အကြည့်များသည် သူကိုရွံရှာကြောင်း ဦးဘိုအုပ်သိသည်။ ယခုမူ ဒုက္ခိတ

www.burmeseclassic.com

www.burmeseclassic.com



ဘဝရောက်ချိန်တွင် သားများထံမှ အကြင်နာစကားကိုကြား သောအခါ ဝမ်းနည်းဆို့နင့်ရသည်။

"သမီးကြီးဆီက စာမလာဘူးလား ကျေးနု"

"သူမှာလဲ သူ့လင်သူ့သားနဲ့ စာရေးဖို့အားချင်မှအားမှာ ပေါ့ ကိုဘိုအုပ်ရဲ့"

"သားသမီးတွေရှိယင် မင်းသက်သာတာပေါ့ ကျေးနု ရယ်။ ငါနဲ့ပေါင်းရသင်းရတာ မင်းကံဆိုးလွန်းပါတယ်ကွာ"

"အို....ကိုဘိုအုပ်ရယ်၊ ဒါတွေကိုကျုပ်အမှတ်မထားပါဘူး။ ပြီးခဲ့တာတွေ ပြန်တွေးမနေပါနဲ့တော်။ ရှင့်ကျန်းမာရေးကို ရှင်ဂရုစိုက်ပါ"

"အင်း....မင်းက သည်လိုကောင်းလွန်းလေ၊ ငါဆိုးခဲ့တာ တွေကိုသတိရလေပါပဲကွာ။ အေးလေ.... မတွေးတော့ပါဘူး။ နှစ်ယောက်လုံး စိတ်ဆင်းရဲလိမ့်မယ်"

"ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲပေါ့တော်။ ကဲ ....ကဲ....လမ်းလျှောက် လေ့ကျင့်လိုက်ရအောင်"

ဒေါ်ကျေးနုသည် ဦးဘိုအုပ်ကို တွဲထူသည်။ လက်ထဲသို့ တောင်ဝှေးထည့်ပေးလိုက်သည်။ ဦးဘိုအုပ်သည် ညာလက် ဖြင့် ဒေါ်ကျေးနုကို အားပြု၍ လည်းကောင်း၊ ဘယ်လက် ဖြင့် တောင်ဝှေးကိုထောက်၍ လည်းကောင်း တဖြည်းဖြည်း လျှောက်သည်။

ဦးဘိုအုပ်၏ အခြေအနေ တိုးတက်လာသည်။ မပီမသ ပြောရာမှ ပီပီသသပြောနိုင်လာသည်။ ပါးစပ်ရွဲ့ရာမှ ပြန် တည့်လာသည်။ တွဲထူရာမှ ဆွဲယူပြီးထနိုင်လာသည်။ ပွေ့မ ပြီး မတ်တပ်ရပ်ရာမှ တောင်ဝှေးကိုအားပြု၍ ရပ်နိုင်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တစ်နေ့နေ့တွင် ဦးဘိုအုပ်၏ ညာခြေနှင့် ညာလက်တို့သည် ပြန်လည် လှုပ်ရှားနိုင်မည်ဟု ဒေါ်ကျေးနု ယုံကြည်သည်။

× × × ×

"ဟုတ်ပြီ .... ဟုတ်ပြီ .... ပါးစပ်နားကို ရောက်တော့မယ်။ ဟောတော့....ပြုတ်ကျသွားပြီ"

ဦးဘိုအုပ်သည် ညာလက်ဖြင့် ဇွန်းကိုကိုင်၍ပါးစပ်ထဲခွံ့စဉ် ရောက်လုနီးခါမှ လွတ်ကျသည်။ ဒေါ်ကျေးနုသည် ရယ်မောရင်း ပြန့်ကျဲနေသော ထမင်းလုံးများကို လိုက်ကောက်သည်။

"ကျုပ်ခွံ့ကျွေးရမလား"

"နေပါစေကွာ.... ငါရအောင်စားမယ်"

ဦးဘိုအုပ်လက်ထဲသို့ ဇွန်းကိုထည့်ပေးသည်။ ဦးဘိုအုပ်သည် ခပ်သည်။ မသည်။ ပြန်လွတ်ကျပြန်သည်။ ဦးဘိုအုပ်နှင့် ဒေါ်ကျေးနုသည် ဟက်ဟက်ပက်ပက်ရယ်ကြသည်။

"ထမင်းစားတာကို မကျင့်ပါနဲ့ဦး။ လက်အတင်အချကို ကြိုးစားစမ်းပါ။ ကျုပ်ခွံ့ကျွေးမယ်။ တော့်ဘာသာစားနေယင် ထမင်းက ပါးစပ်ထဲရောက်မှာ မဟုတ်ဘူး"

ဒေါ်ကျေးနုသည် ပန်းကန်ဆွဲယူသည်။ ထမင်းလုတ်ကို မသည်။ ဦးဘိုအုပ်ပါးစပ်ထဲသို့ လက်မနှင့်တွန်း၍ ခွံ့သည်။

"စားလို့ကောင်းသလား"

"အဘွားကြီးကိုယ်တိုင် ခွံ့တာဆိုတော့ စားလို့ကောင်းတာပေါ့"

"အောင်မယ် .... လူကိုအဘွားကြီး မခေါ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....မင့်အသက်က ငါးဆယ့်နှစ်နှစ်။ ငါက ငါးဆယ့်ငါးနှစ်၊ သည်အရွယ်မှာ အဘိုးကြီး၊ အဘွားကြီးမခေါ်လို့ ဘယ်အရွယ်ခေါ်မှာလဲ ကျေးနုရယ်။ မဟုတ်ဘူးလား.... ဟား .... ဟား....ဟား...."

" ဩော်....ကိုဘိုအုပ်ရယ် အခုတော့ရှင့်အသံတွေဟာ ညသိပ်ရေလို အေးမြပါလား။ ဒေါသကင်းတဲ့ ရှင့်မျက်နှာဟာ ဟိုယခင်နုပျိုစဉ်ကလို ပြည့်တင်းမနေပေမယ့် ကြည့်လို့ကျက်သရေရှိပါလား။ မျက်နှာချင်းဆိုင်မိယင် ဆူဖို့ အော်ဖို့ ရိုက်ဖို့သာ သတိရတဲ့ရှင်ဟာ အခုတော့ ကျုပ်နဲ့ ရယ်ရယ်မောမော စကားတွေပြောလို့ပါလား။ ဒါကြောင့်ဖြစ်နိုင်ယင်လေ ကျုပ်အသက် ငါးဆယ့်နှစ်နှစ်ကနေ နှစ်ဆယ့်ငါးနှစ် ပြန်ဖြစ်ချင်ပါသေးတယ်ရှင်။

အတွေး ကြားတွင် နစ်မျောမိသဖြင့် ဒေါ်ကျေးနု၏ လက်သည် ရပ်တန့်နေသည်။

"ဟောကြည့်.... သူ့ကိုအဘွားကြီးခေါ်လို့ စိတ်ဆိုးသွားပြီ။ ကဲပါဗျာ....လုံမလေးရေ.... မောင်ကြီးကို ထမင်းခူပါဦး"

ဒေါ်ကျေးနု၏ မျက်စောင်းလှလှသည် ဦးဘိုအုပ်အပေါ် ဒိုင်းခနဲကျလာသည်။

× × × ×

"ကျေးနု.... သည်မှာကြည့်စမ်း"

ဦးဘိုအုပ်က သူ့ပုဆိုးကိုလက်ညှိုးထိုးပြသည်။ ဒေါ်ကျေးနုက အသေအချာငုံ့ကြည့်သည်။

"ဘာလဲတော့။ ဘာတွေပေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မပေပါဘူးကွ။ ငါ့ဘာသာငါ ပုဆိုး ဝတ်ထားတာကို ပြတာပါ"

"ဟယ်....တကယ်လား"

"တကယ်ပေါ့ကွ။ ခါးပတ်ပတ်စရာ မလိုတော့ဘူး။ ငါ ပြန်ဝတ်ပြမယ်"

ဦးဘိုအုပ်သည် ခါးပုံစကို ဖြုတ်သည်။ ပုဆိုးကိုဖြန့်ပြီး ပြန်ခေါက်အသွင်းတွင် ညာလက်ထဲမှ ပုဆိုးစသည် လွတ်ကျ၏။ ပုဆိုးသည် ခြေရင်းသို့ လျှောခနဲ ရောက်သွား၏။

"အိုး...."

ဒေါ်ကျေးနုသည် မျက်နှာကိုတစ်ဘက်သို့ ဖြတ်ခနဲလှည့်သည်။

"ဟဲ့....ကျေးနုရဲ့ ....။ ဘောင်းဘီပါပါတယ်ကွ"

ဦးဘိုအုပ်သည် ပုဆိုးကို ကုန်းကောက်သည်။ ပြန်ဝတ်သည်။ အောင်မြင်သည်။

"အဘွားကြီး မြင်တယ်မဟုတ်လား"

"ဘာမြင်တာလဲ"

"ဩော်....ပုဆိုးဝတ်တာကို မြင်သလားလို့ မေးတာပါကွာ"

"မြင်ပါတယ်တော်။ သည်လောက် အနီးလေးကို မမြင်ရအောင် ကျုပ်မကန်းသေးပါဘူး"

ဒေါ်ကျေးနုသည် အမူပို၍ ဆောင့်ကြီးအောင့်ကြီးပြောမိသည်။ ဦးဘိုအုပ်သည်သူ့ကိုငေါက်သည်ထင်ကာ ဝမ်းနည်းလာသည်။ မျက်ရည်တွေဝေ့ဝဲလျက် မချိတင်ကဲပြောသည်။

"မင်းနိုင်တဲ့ အလှည့်ရောက်ပြီဆိုတော့ အော်ပါကွာ.... အော်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘိုအုပ်ရယ် .... ရှင့်ကိုအနိုင်ယူပြီး အောင်တာမဟုတ်ပါဘူး။ အနိုင်အရှုံးတွေ၊ အတုံ့အလှည့်တွေကို ကျုပ်မလုပ်တတ်ပါဘူး။ ကျုပ်ဟာလက်ဖဝါးလို မှောက်လိုက်လှန်လိုက် လုပ်တတ်တဲ့ မိန်းမစားမဟုတ်ဘူးဆိုတာရှင့်သိပါတယ်။ ကျုပ်ဟာ ခြေဖဝါးလို တသမတ်တည်း နေခဲ့တဲ့ မိန်းမပါ။ အခုတလောမှာ ရှင်ဟာလေ သိပ်ပြီး ဝမ်းနည်းတတ်နေပါလား။ ကိုယ့်စိတ်ကိုတင်းပါဦးရှင်၊ အားမလျှော့စမ်းပါနဲ့"

"အေးကွာ .... ငါဟာ ဟိုတုန်းကလို မဟုတ်တော့ဘူး။ ဝမ်းနည်းတဲ့စိတ်တွေ ဘယ်လိုကနေ ဘယ်လိုပေါ်နေတယ်မသိဘူး။ ဘာကိုမြင်မြင် ဘာကိုတွေးတွေး ငိုချင်လာတယ်"

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ် ကိုဘိုအုပ်ရယ်။ အားမငယ်စမ်းပါနဲ့။ ရော့....ရော့....ကျုပ်ပုတီးယူပြီး စိပ်နေ။ စိတ်တည်ငြိမ်တယ်"

ဒေါ်ကျေးနှုသည် ဦးဘိုအုပ်လက်ထဲသို့ စိပ်ပုတီးထည့်ပေးသည်။ ဦးဘိုအုပ်သည် ပုတီးများကို တစ်လုံးချင်းကိုင်တွယ်ကြည့်သည်။ ချက်ချင်းပင် မျက်နှာညိုးငယ်လာသည်။ ဒေါ်ကျေးနှုကို အားတုံ့အားနာကြည့်၍ စကားတစ်ခွန်းပြောသည်။

"ပုတီးစိပ်တော့ ဘယ်လိုဆိုပြီးစိပ်သလဲ"

× × × ×

ဦးဘိုအုပ်သည် တောင်ဝှေးကို ထောက်ကာထောက်ကာ သွားရင်း မီးဖိုထဲရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီးနေဉ် .... လမ်းလေးနည်းနည်း လျှောက်နိုင်တာနဲ့ ဟိုသွားသည်သွားမလုပ်နဲ့။ ငြိမ်ငြိမ်ထိုင်နေစမ်းပါ။ ကြမ်းပေါက်ကျုံကျလို့ ကျိုးပဲ့နေဦးမယ်"

"အိုကွာ....ကျိုးတော့ ကျေးနုရှိသားပဲ"

"ဟွန်း.... အခုမှကျေးနုကို တမ်းတရမှန်းသိနေ"

"မင်းကိုမေးစရာရှိလို့ ဝင်လာတာပါကျေးနုရယ်။ မင်းယောက်မကြီးကို ချတားစမ်းပါဦး။ ဟိုကွာ .... ပါဏာတိပါတာပြီးတော့ ဘာဆက်ဆိုသလဲ"

"ရှင့်နှယ်နေဉ်....။ ညက သင်ပေးတာ အခုမေ့ပြီလားကဲ....လိုက်ဆို။ ပါဏာတိပါတာ၊ ဝေရာမဏိ သိက္ခာပဒံ၊ သမာဒိယာမိ"

"ပါဏာတိပါတာ၊ ဝေရာမဏိ သိက္ခာပဒံ၊ သမာဒိယာမိ"

"အဒိန္နာဒါနာ၊ ဝေရာမဏိ သိက္ခာပဒံ၊ သမာဒိယာမိ"

"အဒိန္နာဒါနာ၊ ဝေရာမဏိ သိက္ခာပဒံ၊ သမာဒိယာမိ"

ဦးဘိုးအုပ်သည် ဒေါ်ကျေးနုထံမှ ပုတီးစိပ်နည်းများ၊ ဘုရားရှိခိုးများသင်ယူသည်။ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးမှ အသိတရားရသော ဦးဘိုးအုပ်အတွက် ဝမ်းအသာဆုံးသည် ဒေါ်ကျေးနုဟု အထူးပြောစရာမလိုတော့ပေ။

တစ်နေ့သောနံနက်ခင်းတွင် ဦးဘိုးအုပ်သည်။ ထူးခြားသောစကားကိုဆို၏။ ထိုစကားကြောင့် ဒေါ်ကျေးနုသည် ဝမ်းသာလို့မဖြစ်၊ ဝမ်းနည်းလို့မဖြစ်။ လိုက်လျှောရအခက်၊ ကန့်ကွက်ရအခက်။

"ကျေးနု...."

"ဘာလဲတော့...."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တစ်သက်လုံးမှာ ကောင်းတာဆိုလို့ ဘာမှမလုပ်ဘူးနော်"

"ဒါတွေ မတွေးပါနဲ့လို့ ခဏခဏ ပြောနေရတယ်"

"တွေးပါရစေ ကျေးနူရယ်။ မင်းကိုနှိပ်စက်ရပေါင်းများပြီဆိုတော့ မင်းလဲငါ့ဝဋ်က ကျွတ်သင့်ပါပြီ။ ငါ့မှာ ကုသိုလ်နဲ့ အကုသိုလ် ယှဉ်ကြည့်ယင် အကုသိုလ်က နှိုင်းမရအောင် များပါတယ်ကွာ။ ငါသေယင် အပါယ်ကိုလားရမှာ သေချာတယ်။ သေခါနီးမှာ ငါကြောက်တယ်ကွာ။ အပါယ်တံခါးကို ပိတ်သွားချင်တယ်။ ဒါကြောင့် ငါ့ခြေလက်တွေ သန်စွမ်းလာအောင် ကြိုးစားမယ်။ ငါပင်စင်ယူမယ်။ မင်းကြိုက်သလောက်ငွေယူပြီး ကျန်တာကိုလှူမယ်ကွာ။ ငါ့ကိုတစ်ခုပဲ ဝယ်ပေးပါ ကျေးနူ"

"တော် ဘာလိုချင်လို့လဲ"

"သင်္ကန်း"

www.burmeseclassic.com